- ပြည်ထောင်စုအဆင့်တွင် စာမတတ်သူများ ပါဝင်သည့် အိမ်ထောင်စုမှာ ၂၀% ရှိပါသည်။ သို့သော်လည်း မြို့ပြဒေသတွင် ၁၁.၆% သာ ရှိပြီး ကျေးလက်တွင် ၂၃.၄% ရှိသည်ကို တွေ့ရှိရပါသည်။
- အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင် ပြည်ထောင်စုအဆင့် စာတတ်မြောက်မှုနှုန်းမှာ ၈၉.၆ ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

- စာတတ်မြောက်မှုနှုန်းသည် အမျိုးသားများထက် အမျိုးသမီးများသည် လည်းကောင်း၊ မြို့ပြဒေသများထက် ကျေးလက်ဒေသများ သည်လည်းကောင်း နိမ့်ကျသည်ကို တွေ့ရှိရပါသည်။
- ပြည်ထောင်စု အဆင့်တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက် အပိုင်းအခြားရှိသူများ၏ ၆.၅% သည် အထက်တန်းအဆင့် ပြီးမြောက် ထားသူများ ဖြစ်ကြောင်းတွေ့ရှိရပြီး မြို့ပြဒေသတွင် ၁၁.၁% နှင့် ကျေးလက်ဒေသ တွင် ၄.၄% သာရှိကြောင်း တွေ့ရှိ ရပါသည်။
- အထက်တန်းအဆင့် ပြီးမြောက်သူ ရာခိုင်နှုန်းတွင် အမျိုးသားများ၏ ရာခိုင်နှုန်းသည် အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါ က အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ၏ ၅.၈% သည် ဘွဲ့ရနှင့် အထက်ရရှိထားသူများဖြစ်ပြီး မြို့ပြဒေသတွင် ၁၃% နှင့် ကျေးလက် ဒေသတွင် ၂.၆% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကျောင်းပြင်ပ သင်တန်းတက်ရောက်မှုအခြေအနေ**

- လွန်ခဲ့သော တစ်နှစ်အတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်း တက်ရောက်မှုတွင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ၀.၇% တက်ရောက် နေသည်ကို တွေ့ရှိရပါသည်။
- တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက လူတစ်ဦး၏ ဘဝသက်တမ်း တစ်လျှောက် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ သင်တန်းတက်ရောက်ခဲ့မှုသည် ၂% ဖြစ်သည်ကို တွေ့ရှိရပါသည်။

**လုပ်သားအင်အားပါဝင်မှုအခြေအနေ**

- ၂၀၁၅ ခုနှစ်တွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ စုစုပေါင်း ၃၃.၉ သန်း ရှိသည့်အနက် ၅၄% သည် အမျိုးသမီးများဖြစ်ကြပြီး ၄၆% သည် အမျိုးသားများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- မြို့ပြနှင့် ကျေးလက်တွင် နှိုင်းယှဉ်ဖော်ပြမည် ဆိုပါက ၇၁% သည် ကျေးလက်တွင် ပါဝင်ပြီး ကျန် ၂၉% သည် မြို့ပြတွင် ပါဝင်ကြောင်းတွေ့ရှိရပါသည်။

- လုပ်သားအင်အား ပါဝင်မှုရာခိုင်နှုန်းသည် ၆၄.၇ ရာခိုင်နှုန်းဖြစ်သော်လည်း အမျိုးသားများ၏နှုန်းသည် ၈၀ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးများ၏ နှုန်းမှာ ၅၂ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါသည်။
- မြို့ပြ၊ ကျေးလက်အကြားတွင် ကျေးလက်ဒေသများ၏ လုပ်သားအင်အား ပါဝင်မှုနှုန်းသည် ၆၇ ရာခိုင်နှုန်းဖြစ်ပြီး မြို့ပြဒေသများတွင် ၆၀ ရာခိုင်နှုန်းကျော် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အလုပ်အကိုင်အခြေအနေ**

- အလုပ်လက်ရှိအရေအတွက် စုစုပေါင်း ၂၁.၈ သန်းတွင် အမျိုးသမီး ၄၃.၁ ရာခိုင်နှုန်းသာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။
- စုစုပေါင်းအလုပ်လုပ်ကိုင်နေသူများ၏ ၃၈.၅ ရာခိုင်နှုန်းသည် အလုပ်သမား များဖြစ်ပြီး၊ ၃.၈ ရာခိုင်နှုန်းမှာ အလုပ်ရှင်၊ ၄၅.၉ ရာခိုင်နှုန်းမှာ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်သူများနှင့် ၁၁.၈ ရာခိုင်နှုန်းမှာ အခကြေးငွေမရ မိသားစုလုပ်သားများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်နေသူများအနေဖြင့် လယ်ယာကဏ္ဍတွင် ၅၁.၇%၊ စက်မှုကဏ္ဍတွင် ၁၆.၈% နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၃၁.၅% လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် အဓိက အလုပ်အကိုင်များမှာ ကျွမ်းကျင် လယ်ယာ၊ သစ်တောနှင့် ရေလုပ်သားများ (၄၄.၈ ရာခိုင်နှုန်း)၊ အထွေထွေလုပ်သားများ (၁၅.၈ ရာခိုင်နှုန်း)၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ (၁၅.၃ ရာခိုင်နှုန်း)၊ လက်မှုနှင့် ဆက်စပ် ကုန်သွယ်ရေးလုပ်သားများ (၁၁.၂ ရာခိုင်နှုန်း) တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**အလုပ်လက်မဲ့နှင့် လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုအခြေအနေ**

- စုစုပေါင်း အလုပ်လက်မဲ့ရာခိုင်နှုန်းမှာ ၀.၈ ရာခိုင်နှုန်းဖြစ်ပြီး ကျား-၀.၇ ရာခိုင်နှုန်းနှင့် မ-၀.၉ ရာခိုင်နှုန်းဖြစ်ကြောင်း တွေ့ရှိရပါသည်။
- အလုပ်လက်မဲ့၊ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့် ဖြစ်နိုင်ခြေရှိသော လုပ်သား အင်အားတို့ ပါဝင်သော စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှု ရာခိုင်နှုန်းမှာ ၆.၉ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီးများ၏ ရာခိုင်နှုန်းသည် အမျိုးသားများ၏ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။
- လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုဆိုသည်မှာ လူဦးရေတွင် အလုပ် အကိုင်လိုအပ်ချက်၏ မကိုက်ညီမှုကိုဖြစ်စေသော လုပ်သားဖြည့်ဆည်းပေးနိုင်မှုနှင့်

လုပ်သားလိုအပ်ချက်အကြား မကိုက်ညီမှုကို ဆိုလိုပါသည်။ နိုင်ငံတွင် အလုပ်လက်မဲ့ အကျိုးခံစားခွင့်မရှိခြင်းနှင့် အသက်ရှင်နေထိုင်နိုင်ရေး အလုပ်အကိုင်ရွေးချယ်ခွင့်မရှိခြင်းတို့ကြောင့် နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းကို နိုင်ငံ၏ မူဝါဒများချမှတ်ရန်အတွက် အသုံးပြုနိုင်မည်ဖြစ်ပါသည်။

## လုပ်သားအင်အားပြင်ပ

- မြို့ပြနှင့်ကျေးလက်တွင်ရှိသော လုပ်သားအင်အားတွင် မပါဝင်သောသူများ၏ လူဦးရေ တစ်ဝက်ခန့်သည် အိမ်မှုကိစ္စ (သို့) မိသားစုတာဝန်များအား ပါဝင်ဆောင်ရွက်နေသူများဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။
- မြို့ပြနှင့် နှိုင်းယှဉ်ပါက ကျေးလက်တွင် နေထိုင်သူများမှာ အိမ်မှုကိစ္စ (သို့မဟုတ်) မိသားစုတာဝန်များကို လုပ်ကိုင်သူများ၏ ရာခိုင်နှုန်းသည် အနည်းငယ် ပိုများကြောင်းတွေ့ရပါသည်။
- လုပ်သားအင်အားတွင် မပါဝင်ရသော အခြားအကြောင်းအရင်းမှာ အငြိမ်းစား (သို့မဟုတ်) အလုပ်လုပ်ရန် အသက်အရွယ်ကြီးလွန်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသော လူဦးရေ၏ ငါးပုံတစ်ပုံခန့်သည် အသက်အရွယ်ကြီးသူများ ဖြစ်ပါသည်။
- အိမ်မှုကိစ္စ(သို့) မိသားစုတာဝန်များ ဆောင်ရွက်ခြင်းတွင် အမျိုးသမီး ၆၄% ခန့်ရှိသော်လည်း အမျိုးသား ၁၄% သာရှိသည်ကို တွေ့ရှိရပါသည်။

## ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်အကိုင်

- နိုင်ငံခြားသားပိုင်ဆိုင်သည့် လုပ်ငန်းများအပါအဝင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော လူဦးရေမှာ ၉၁.၆% ၊ အစိုးရ (သို့မဟုတ်) ဖက်စပ်လုပ်ငန်းများတွင် ၇.၃% ရှိသည်ကို တွေ့ရှိရပါသည်။
- ပုဂ္ဂလိကအိမ်ထောင်စုများ တွင် အိမ်အကူ/အိမ်ဖော်အဖြစ် လုပ်ကိုင်နေသူ ၀.၃% သာလုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်လျက်ရှိသူများ ၏ ၆၁ ရာခိုင်နှုန်းကျော်သည် အလုပ်သမား ၅ ဦးအောက်ရှိသော လုပ်ငန်း/အလုပ်ဌာနများတွင် လုပ်ကိုင်လျက် ရှိသည်ကို တွေ့ရှိရပါသည်။

**တစ်ပတ်အလုပ်ချိန်နာရီ**

- အလုပ်လုပ်သူတစ်ဦးသည် တစ်ပတ်လျှင် ပျမ်းမျှ ၅၁.၆ နာရီလုပ်ကိုင်လျက်ရှိပါသည်။ အမျိုးသားအလုပ်လုပ်သူများအနေဖြင့် တစ်ပတ်ပျမ်းမျှ အလုပ်ချိန်ထက် အနည်းငယ်ပိုသော ၅၂.၇ နာရီခန့် လုပ်ကိုင်နေသည်ကိုတွေ့ရှိရပြီး အမျိုးသမီးများအနေဖြင့် ပျမ်းမျှ ၅၀ နာရီ လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများတွင်မူ ပျမ်းမျှအလုပ်ချိန်နာရီသည် အနည်းနှင့်အများ တူညီသည်ကို တွေ့ရှိရပါသည်။

- အလုပ်အကိုင်အမျိုးအစားအလိုက် ကြည့်မည်ဆိုပါက စစ်မှုထမ်းအလုပ်အကိုင်များ (စစ်မှုထမ်းအလုပ်အကိုင်များ၏ နမူနာလူဦးရေမှာ ၅၉ ဦးသာ ဖြစ်ပါသည်။) တွင် လုပ်ကိုင်နေသူများ၏ တစ်ပတ်ပျမ်းမျှအလုပ်ချိန်သည် ၅၆.၁၆ နာရီဖြင့် အမြင့်မားဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။

- ဒုတိယ တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ အများဆုံးသည် ဝန်ဆောင်မှုနှင့်ရောင်းဝယ်ရေးဖြစ်ပြီး နာရီအားဖြင့် ၅၄.၀၆ နာရီ ဖြစ်ပါသည်။ တစ်ပတ်ပျမ်းမျှ အလုပ်ချိန် နာရီအနည်းဆုံးမှာ ၃၉.၄၉ နာရီဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များဖြစ်ကြပါသည်။ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ ၄၀ ထက်လျော့နည်းလုပ်ကိုင်နေသည့် အလုပ်သမားသည် ၁၉% ခန့်ဖြင့် အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

**ပျမ်းမျှ တစ်ရက်လုပ်ခနှင့် တစ်လလုပ်ခ**

- လုပ်ခလစာရ အလုပ်သမားအားလုံးကို ကြည့်မည်ဆိုပါက ပျမ်းမျှတစ်ရက်လုပ်ခနှုန်းမှာ ၄,၇၆၀ ကျပ်ဖြစ်ကြောင်းတွေ့ရှိရပြီး နေ့စားအလုပ်သမားများကိုသာကြည့်မည်ဆိုပါက ၄,၂၈၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ လုပ်ခနှုန်းမှာ မြို့ပြဒေသသည် ကျေးလက်ဒေသထက် မြင့်မားသည်ကို တွေ့ရှိရသကဲ့သို့ အမျိုးသားများ၏ လုပ်ခနှုန်းထားသည် အမျိုးသမီးများထက် မြင့်မားကြောင်း တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအရ ကြည့်မည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍသည် လုပ်ခနှုန်းအမြင့်မားဆုံး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

- နိုင်ငံအဆင့်တွင် လစာအလုပ်သမားများ၏ ပျမ်းမျှလစဉ်ဝင်ငွေမှာ ၁၂၄,၁၀၀ ကျပ်ဖြစ်ပြီး အဆိုပါဝင်ငွေ အနက် ၁၀၉,၇၀၀ ကျပ်မှာ အခြေခံလစာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုံသေ ရှားပါးစရိတ် ၆,၆၀၀ ကျပ်၊ ဆုကြေးနှင့် အချိန်ပိုကြေး ၅,၂၀၀ ကျပ်နှင့် ၄,၁၀၀ ကျပ်တို့ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

- အလုပ်ရှင်မှ ထောက်ပံ့ပေးမှုတွင် အစားအသောက်ထောက်ပံ့ခြင်း၊ နေရာထိုင်ခင်း ထောက်ပံ့ခြင်း၊ အဝတ်အစားနှင့် ပို့ဆောင်ရေးဆိုင်ရာ ထောက်ပံ့ခြင်းများတွင် အစားအသောက် ထောက်ပံ့ပေးခြင်းသည် အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါသည်။
- အလုပ်ရှင်မှ စုစုပေါင်း ထောက်ပံ့ပေးမှု၏ ပျမ်းမျှတန်ဖိုးမှာ ၃၆,၁၂၀[၁] ကျပ် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ တစ်လဝင်ငွေ

- ကိုယ်ပိုင်လုပ်ငန်းများ/ အလုပ်ရှင်များ/ သမဝါယမအဖွဲ့ဝင်များ၏ ၂၀% သည် လစဉ် ဝင်ငွေ ၁၇၈,၀၀၀ ကျပ်ရှိကြောင်း တွေ့ရှိရပါသည်။ စီးပွားရေးလုပ်ငန်း လည်ပတ်သည့် လအရေအတွက်မှာ ၁၀.၁ ဖြစ်ကြောင်း တွေ့ရှိရပြီး အမျိုးသမီး များသည် အမျိုးသားများထက် မြင့်မားသည်ကိုတွေ့ရှိရပါသည်။

## သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ

- အလုပ်လုပ်ကိုင်နေသူများသည် သမရိုးကျ လုပ်ငန်းကဏ္ဍများတွင် ၂၄.၁%၊ သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် ၇၅.၆% နှင့် ပုဂ္ဂလိကအိမ်ထောင်စုများ တွင် ၀.၃% လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။
- အလုပ်လုပ်ကိုင်နေသူများ၏ အလုပ်အကိုင်အခြေအနေမှာ သမရိုးကျအလုပ် အကိုင် လုပ်ကိုင်နေသူ ၁၅.၁% နှင့် သမရိုးကျမဟုတ်သော အလုပ်အကိုင် လုပ်ကိုင်နေသူ ၈၄.၉% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ပြည်တွင်းရွှေ့ပြောင်းသွားလာမှုအခြေအနေ

- လူဦးရေ၏ ၂၀% ခန့်သာလျှင် ၎င်းတို့သည် လက်ရှိ နေထိုင်ရာ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်တွင် မွေးဖွားခြင်း မဟုတ်ကြောင်း၊ ၅.၇% သည် မြို့နယ် တစ်ခုအတွင်းရှိ အခြား ရပ်ကွက်/ကျေးရွာတွင် မွေးဖွားခဲ့ကြောင်းနှင့် ၁၄.၄% သည် အခြားမြို့နယ်တွင် မွေးဖွားခဲ့ကြောင်းတွေ့ရှိရပါသည်။
- ကျေးလက်ဒေသရှိ လူဦးရေ၏ ၈၉% သည် လက်ရှိကျေးရွာအုပ်စုတွင်သာ နေထိုင်လုပ်ကိုင် နေကြကြောင်းတွေ့ရပြီး မြို့ပြဒေသတွင်မှ လူဦးရေ၏ ၅၉% သာလက်ရှိဒေသမှ လူဦးရေဖြစ်ကြောင်းတွေ့ရှိရပါသည်။

---

[၁] မည်သည့်ထောက်ပံ့ပေးမှုကိုမဆိုရရှိသော အလုပ်သမားများအတွက် ပျမ်းမျှတွက်ချက်ထားခြင်း ဖြစ်ပါသည်။ အလုပ်သမားအားလုံးကို မယူဆပါ။

- ရွှေ့ပြောင်း သွားလာနေထိုင်ကြသူများ၏ ၂၅% သည် အလုပ်အကိုင်အတွက် ပြောင်းရွှေ့ နေထိုင်ခြင်းဖြစ် ကြောင်းတွေ့ရှိရပါသည်။ ရွှေ့ပြောင်းနေထိုင်သူများ၏ ၅၃% သည် ၎င်းတို့၏ မိသားစုရွှေ့ပြောင်းသည့်အတွက် လိုက်ပါရွှေ့ပြောင်း နေထိုင်ကြသူများ ဖြစ်ကြောင်းတွေ့ရှိရပါသည်။

**နိုင်ငံရပ်ခြားတွင် နေထိုင်နေသူများ**

- ၂၀၁၅ ခုနှစ်တွင် အိမ်ထောင်စု မိသားစုဝင်များမှ နိုင်ငံခြားသို့ ရောက်ရှိနေသူ ၁.၁၂ သန်းခန့် ရှိမည်ဟု ခန့်မှန်းတွေ့ရှိရပြီး အမျိုးသား ၆၀% နှင့် အမျိုးသမီး ၄၀% ဖြစ်ကြောင်း တွေ့ရှိရပါသည်။
- နိုင်ငံရပ်ခြားတွင်နေထိုင်သူများ၏ ပျမ်းမျှအသက် ၂၆ နှစ်ရှိပြီး ၎င်းတို့သည် ကျေးလက်ထက် မြို့ပြတွင်ပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။ နိုင်ငံခြားတွင် နေထိုင်သူအားလုံးနီးပါးသည် အလုပ်အကိုင်အတွက် နေထိုင်သူများ ဖြစ်ကြပါသည်။
- နိုင်ငံခြားတွင် နေထိုင်သူအများစု၏ ၈၅% သည် ငွေ (သို့မဟုတ်) ကုန်ပစ္စည်းများကို အိမ်ထောင်စုဝင်များသို့ လွှဲပို့ကြောင်းတွေ့ရှိရပါသည်။
- ထိုင်းနိုင်ငံတွင် ၇၄.၃%၊ မလေးရှားနိုင်ငံတွင် ၁၄.၅%၊ စင်္ကာပူနိုင်ငံတွင် ၂.၄% ဖြင့် အများဆုံးပြောင်းရွှေ့နေထိုင်သည်ကို တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံတွင် ပြောင်းရွှေ့နေထိုင်သည့် လူများတွင် အမျိုးသမီးဦးရေများပြားပြီး မလေးရှားနိုင်ငံတွင် အမျိုးသားဦးရေများပြားသည်ကို တွေ့ရှိရပါသည်။
- ကျေးလက်၊ မြို့ပြ နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ဒေသရှိလူများသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ပိုမိုသွားရောက်သည်ကို တွေ့ရှိရပြီး အခြားနိုင်ငံများသို့ မြို့ပြမှ လူဦးရေသည် ပိုမိုသွားရောက်ကြသည်ကို တွေ့ရှိရပါသည်။

# အခန်း ၁

# နိဒါန်း

## ၁.၁ နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ၆၇၈,၅၀၀ စတုရန်းကီလိုမီတာကျော် ကျယ်ဝန်းပြီး လူဦးရေသိပ်သည်းမှုမှာ ၁ စတုရန်းကီလိုမီတာတွင် ၇၆ ဦး နေထိုင်လျက်ရှိပါသည်။ မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ်မှ ၂၈ ဒီဂရီ ၃၁ မိနစ်အထိနှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်မှ ၁၀၁ ဒီဂရီ ၁၀ မိနစ် အထိကျယ်ဝန်းသည်။ အိမ်နီးချင်းနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လာအိုပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားပင်လယ်အော်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် ကမ်းရိုးတန်းအရှည် ၁၉၃၀ ကီလိုမီတာရှိပြီး နိုင်ငံ၏ဧရိယာထက်ဝက်ခန့်သည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ပြည်နယ် ၇ ခု ဖြစ်သော ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ တိုင်းဒေသကြီး ၇ ခုဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ ၁ ခု ဖြစ်သော နေပြည်တော်တို့ဖြင့်ပါဝင် ဖွဲ့စည်းထားပါသည်။

မြန်မာနိုင်ငံသည် မတူညီကွဲပြားသော တိုင်းရင်းသားမျိုးနွယ်စုများ၊ ရိုးရာဝတ်စုံများ၊ အစားအသောက်များ၊ ပထဝီဝင်အနေအထားများဖြင့် တည်ရှိနေပါသည်။ မြန်မာနိုင်ငံတွင် အဓိက အားဖြင့် ဒေသ (၃) ခုဖြင့် ပိုင်းခြားထားပြီး အနောက်ဘက်တောင်တန်းဒေသ၊ အလယ်ပိုင်း ချိုင့်ဝှမ်းဒေသနှင့် အရှေ့ဘက်တောင်တန်းဒေသတို့ ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ သန်းခန့် ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် အိမ်ထောင်စုသာမက အဖွဲ့အစည်းများ၏ လူဦးရေစာရင်းကို ကောက်ယူခဲ့ ပါသည်။

မြန်မာနိုင်ငံသည် များသောအားဖြင့် ဥတ္တရယဉ်စွန်းတန်းနှင့် အီကွေတာအကြားတွင် ကျရောက်တည်ရှိသည်။ မြန်မာနိုင်ငံသည် အာရှဒေသ၏ မုတ်သုံရပ်ဝန်းဒေသတွင် ကျရောက်ပြီး ၎င်း၏ကမ်းရိုးတန်းဒေသများတွင် ရရှိသော မိုးရေချိန်မှာ နှစ်စဉ် ၅,၀၀၀ မမ(၁၉၇ လက်မ) ရှိသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် နှစ်စဉ်မိုးရေချိန်မှာ ၂,၅၀၀ မမ (၉၉လက်မ) ဖြစ်ပြီး၊

မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိသော မိုးနည်းရပ်ဝန်းဒေသတွင် နှစ်စဉ်မိုးရေချိန် ၁,၀၀၀ မမ (၃၉ လက်မ) ထက် နည်းလေသည်။ မြောက်ဘက်ဒေသများသည် အအေးဆုံးဖြစ်ပြီး ပျမ်းမျှ အပူချိန် ၂၁ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ရှိလေသည်။ ကမ်းရိုးတန်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ ၃၂ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီ ဖာရင်ဟိုက်) ရှိလေသည်။

## ၁.၂ နောက်ခံသမိုင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် လုပ်သားအင်အားစစ်တမ်းကို အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ကုလသမဂ္ဂလူဦးရေဆိုင်ရာ ရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်တို့၏ အကူအညီဖြင့် ၁၉၉၀ ခုနှစ်တွင် နောက်ဆုံးအကြိမ် ကောက်ယူခဲ့ပါ သည်။ ၎င်းစစ်တမ်းတွင် ပါဝင်ကောက်ယူခဲ့သူများသည် ယခုစစ်တမ်းတွင်ပါဝင်ခြင်း မရှိတော့ပါ။

ပြည့်စုံသောလုပ်သားဈေးကွက် စာရင်းအင်းအချက်အလက်များ မရှိခြင်းသည် အလုပ် အကိုင်ဆိုင်ရာမူဝါဒ၊ လုပ်သားဈေးကွက်ဆိုင်ရာမူဝါဒနှင့် လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူဝါဒများ ရေးဆွဲနိုင်ရန်အတွက် အဓိကအဟန့်အတားဖြစ်ပါသည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ဗဟိုစာရင်းအင်းအဖွဲ့နှင့်ပူးပေါင်း၍ ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီဖြင့် ကောက်ယူခဲ့ပါသည်။ ဤစစ်တမ်းတွင် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ စာရင်းကောက်ကွက်ပေါင်း (EAs) ၁,၅၀၀ မှ အိမ်ထောင်စုပေါင်း ၂၄,၀၀၀ ကို နမူနာအိမ်ထောင်စုများအဖြစ် စာရင်းကောက်ယူ ခဲ့ခြင်း ဖြစ်ပါသည်။

လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူး အပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို အလုပ်လက်ရှိ၊ အလုပ်လက်မဲ့ အရေအတွက်များနှင့် ၎င်းတို့ ၏ သွင်ပြင်လက္ခဏာများ၊ အိမ်ထောင်စုကို အထောက်အကူပြုမှုများနှင့် နေထိုင်မှုအခြေအနေ များအပါအဝင် လုပ်သားဈေးကွက်တွင် ပါဝင်သူများ၏ အသေးစိတ် စာရင်းအင်းအချက်အလက် များအား ကောက်ယူရန်ရည်ရွယ်ပါခဲ့သည်။ အလုပ်လုပ်နေသော ကလေးများနှင့် လူငယ်များ၏

ကျောင်းအပြီးလုပ်ငန်းခွင်ကူးပြောင်းသည့် လူငယ်များ၏ အချက်အလက်များလည်း စစ်တမ်းတွင်ပါဝင်ပါသည်။

## ၁.၃ စစ်တမ်း၏ရည်ရွယ်ချက်များ

"မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်း"၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံရှိ အသက် ၅ နှစ်နှင့်အထက် လူဦးရေနှင့် ပတ်သက်၍ အသက်အုပ်စုအလိုက်လည်းကောင်း၊ ကျား၊ မ အလိုက်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်လည်းကောင်း၊ လုပ်ငန်းကဏ္ဍအလိုက်နှင့် စီးပွားရေးကဏ္ဍနှင့် လူမှုရေးအခြေအနေ အတန်းအစားအလိုက်လည်းကောင်း၊ အသေးစိတ် သတင်းအချက်အလက်များအား ကောက်ယူရန်ဖြစ်ပါသည်။ ဤစစ်တမ်းမှ လုပ်သားဈေးကွက်ဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို အကောင်အထည်ဖော်ရန်၊ စီမံခန့်ခွဲရန်နှင့် အကဲဖြတ်နိုင်ရန်အတွက် လိုအပ်သော နိုင်ငံတော်၏ လုပ်သားဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စစ်တမ်းမှ ကလေးလုပ်သားများ၏အခြေအနေ၊မိသားစုသုံးစွဲရန်အတွက် ထုတ်လုပ်သည့်ပစ္စည်းများ၏ အခြေအနေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု အခြေအနေနှင့် လူငယ်များ၏ကျောင်းအပြီးလုပ်ငန်းခွင်သို့ ကူးပြောင်းမှုနည်းလမ်းများနှင့် သဘောသဘာဝဆိုင်ရာ အခြေအနေ သတင်းအချက်အလက်များကို အသေးစိတ်ပေးနိုင်မည်ဖြစ်ပါသည်။

အဆိုပါစစ်တမ်းသည် လုပ်သားဈေးကွက်တွင် အဓိကအားဖြင့် အမျိုးသား/အမျိုးသမီးအလိုက် ခွဲခြားစိစစ်လေ့လာမှုတွင် အထောက်အပံ့ဖြစ်စေရန်နှင့် သမရိုးကျမဟုတ်သော အလုပ်အကိုင်များအပါအဝင် အလုပ်အကိုင်ဆိုင်ရာ စာရင်းအင်းများ၊ အလုပ်အကိုင် ဝင်ငွေဆိုင်ရာ စာရင်းအင်းအပြင် အလုပ်လက်မဲ့ဆိုင်ရာ စာရင်းအင်းများကို နိုင်ငံအဆင့်နှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အလိုက်ပြုစုရန် ရည်ရွယ်ပါသည်။ ဤစာရင်းအင်းအချက်အလက်များသည် မြန်မာနိုင်ငံ၏ အလုပ်အကိုင်ဖန်တီးပေးမှုနယ်ပယ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ထင်ဟပ်စေနိုင်သည့် စာရင်းအင်းအချက်အလက်များဖြစ်ရာ နိုင်ငံတော်အတွက် အထောက်အကူပြုစေမည် ဖြစ်ပါသည်။ ဤစစ်တမ်းမှ ရရှိလာသည့် သတင်းအချက်အလက်များဖြင့် စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများမှ အများပြည်သူများအတွက် ပိုမိုကောင်းမွန်သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့်အစီအစဉ်များကို ချမှတ်နိုင်မည် ဖြစ်ပါသည်။

## ၁.၄ စစ်တမ်း၏လုပ်ငန်းနယ်ပယ်

ဤစစ်တမ်းမှ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆိုင်ရာ အချက်အလက်များကို ရရှိခဲ့ပါသည်။ အိမ်ထောင်စုများတွင် လက်ရှိနေထိုင်နေသည့် လူဦးရေကို ဦးတည်ပြီးကောက်ယူခဲ့ပါသည်။ လုပ်သားအင်အားအတွက် အသက် ၁၃ နှစ်နှင့် အထက် အိမ်ထောင်စုဝင်များ၊ ကလေးလုပ်သားအတွက် အသက် ၅ နှစ်မှ ၁၇ နှစ်အကြား အိမ်ထောင်စုဝင်များ၊ ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှုဆိုင်ရာကို အသက် ၁၅ နှစ် မှ ၂၉ နှစ် အတွင်းရှိ အိမ်ထောင်စုဝင်များ၏ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ စစ်တမ်း၏ ရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တစ်ဘက်ပါ စာရင်းအင်းအချက်အလက်များကိုကောက်ယူခဲ့ပါသည်-

- မသန်စွမ်းမှု၊ ပြည်တွင်းနှင့် နိုင်ငံရပ်ခြားသို့ ပြောင်းရွှေ့နေထိုင်ခြင်းတို့အပါအဝင် အိမ်ထောင်စုဖွဲ့စည်းမှုနှင့် အခြေခံသွင်ပြင်လက္ခဏာများ၊
- ပညာရေးနှင့် လွန်ခဲ့သောနှစ်အတွင်းသင်တန်းတက်ရောက်မှုများ၊
- အလုပ်သမားနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအပါအဝင် လက်ရှိအလုပ်အကိုင်၊ အဓိကအလုပ်အကိုင်နှင့် ဒုတိယအလုပ်အကိုင်(သို့မဟုတ်)လုပ်ငန်း၏ သွင်ပြင်လက္ခဏာများ၊
- အလုပ်အကိုင်ရှာဖွေခြင်းနှင့် အလုပ်လုပ်ရန်အဆင်သင့်ရှိမှုများ၊
- လွန်ခဲ့သောနှစ်အတွင်းအလုပ်အကိုင်အခြေအနေ၊
- လွန်ခဲ့သောနှစ်အတွင်းလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုများနှင့်ဘေးအန္တရာယ်များ၊
- အိမ်ထောင်စုစားသုံးရန် (သို့မဟုတ်) သုံးစွဲရန်အတွက် အစားအစာနှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်မှုများ၊
- ကလေးများမှ အိမ်မှုကိစ္စ လုပ်ဆောင်နေမှုများ၊
- လူငယ်များ၏လုပ်ငန်းဆောင်ရွက်ချက်များ၊

လူဦးရေဆိုင်ရာ အချက်အလက်အချို့နှင့် ပြည်တွင်းနှင့် ပြည်ပပြောင်းရွှေ့မှုဆိုင်ရာ အသေးစိတ် အချက်အလက်များကိုသာ အိမ်ထောင်စုအားလုံးပေါ်တွင် အသက်ကန့်သတ်ချက်မရှိဘဲကောက်ယူခဲ့ပါသည်။ အသေးစိတ်အချက်အလက်များကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။

## ၁.၅ စစ်တမ်း၏ လွှမ်းခြုံမှုနယ်ပယ်

စစ်တမ်းသည် မြန်မာတစ်နိုင်ငံလုံးကိုလွှမ်းခြုံ၍ ကောက်ယူခဲ့ပါသည်။ သို့ရာတွင် နယ်မြေငြိမ်းချမ်းမှု မရှိခဲ့သော ရှမ်းပြည်နယ်၏ ဝမ့်ဟုန်း၊ မိုင်းမော၊ ဝိန်ကောင်း၊ မိုင်းပေါက်၊ ပန်ဆမ်းခရိုင်များမှ အချို့သောမြို့နယ်ခွဲများနှင့် ကျောက်မဲမြို့နယ်မှ မွန်းလောင်းမြို့နယ်ခွဲများကို စစ်တမ်းကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။ ကချင်၊ ကရင်နှင့် ချင်းပြည်နယ်များမှ အချို့သော နမူနာစာရင်းကောက်ကွက်များကိုလည်း နယ်မြေလုံခြုံမှုအရ သွားရောက်ကောက်ယူနိုင်ခဲ့ခြင်း မရှိပါ။

## ၁.၆ စစ်တမ်းကောက်ယူသည့် ရည်ညွှန်းကာလ

စစ်တမ်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ ကောက်ယူခဲ့ပါသည်။ သို့သော် ရခိုင်ပြည်နယ်တွင် သွားလာရခက်ခဲခြင်းနှင့် နယ်မြေငြိမ်းချမ်းမှု မရှိခြင်းတို့ကြောင့် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ စစ်တမ်းကောက်ယူခဲ့ရပါသည်။

## ၁.၇ နမူနာဒီဇိုင်း

ယခုစစ်တမ်းတွင် မြို့ပြနှင့်ကျေးလက်ဒေသများအတွက် နမူနာယူနစ်များ ရွေးချယ်ရာတွင် နှစ်ဆင့်အလွှာခွဲ နမူနာကောက်နည်းကို အသုံးပြုခဲ့ပါသည်။ ပထမအဆင့် နမူနာယူနစ်များမှာ စာရင်းကောက်ကွက်ဧရိယာများ (Enumeration Area-EAs) ဖြစ်ပြီး ဒုတိယအဆင့်နမူနာယူနစ်များမှာ အိမ်ထောင်စုများ (Households) ဖြစ်ပါသည်။ ပထမအဆင့်နမူနာအဖြစ် စာရင်းကောက်ကွက်ပေါင်း ၁,၅၀၀ ကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ စာရင်းကောက်ကွက်များမှ ရွေးချယ်ခဲ့သည်။ စာရင်းကောက်ကွက်ပေါင်း ၁,၅၀၀ တွင် မြို့ပြကောက်ကွက် ၅၂၂ ကွက်နှင့် ကျေးလက်ကောက်ကွက် ၉၇၈ ကွက်ကို နမူနာရွေးချယ်ခဲ့ပြီး ၎င်းစာရင်း ကောက်ကွက်များမှ မြို့ပြတွင် စာရင်းကောက်ကွက်ပေါင်း ၅၁၉ နှင့် ကျေးလက်တွင် စာရင်း ကောက်ကွက်ပေါင်း ၉၄၉ ကွက် စုစုပေါင်း စာရင်းကောက်ကွက် ၁,၄၆၈ ကိုသာ စစ်တမ်းကောက်ယူ နိုင်ခဲ့ပါသည်။ အသေးစိတ်နမူနာဒီဇိုင်းကို အခန်း ၄ တွင် ဖော်ပြထားပါသည်။

## ၁.၈ အစီရင်ခံတွင် ပါဝင်သော အခန်းများ

ဤအစီရင်ခံစာတွင်

- အခန်း (၁) နိဒါန်း၊
- အခန်း (၂) စစ်တမ်း ကောက်ယူခြင်းဆိုင်ရာ နည်းလမ်း၊
- အခန်း (၃) အယူအဆများနှင့် အဓိပ္ပါယ်သတ်မှတ်ချက်များ၊
- အခန်း (၄) မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ၂၀၁၅ ခုနှစ် နမူနာဒီဇိုင်း၊
- အခန်း (၅) အချက်အလက်အရည်အသွေး ဆိုင်ရာအကဲဖြတ်ခြင်း၊
- အခန်း (၆) အိမ်ထောင်စုနှင့် လူဦးရေ၊
- အခန်း (၇) ပညာရေးနှင့်သင်တန်း၊
- အခန်း (၈) လုပ်သားအင်အား၊
- အခန်း (၉) အလုပ်အကိုင်၊
- အခန်း (၁၀) သမရိုးကျမဟုတ်သော စီးပွားရေးကဏ္ဍ/လုပ်ငန်းနယ်ပယ်နှင့် အလုပ်အကိုင်ရရှိမှုများ၊
- အခန်း (၁၁) လုပ်သားအင်အားကို အပြည့်အဝ အသုံးမချနိုင်ခြင်း၊
- အခန်း (၁၂) အလုပ်အကိုင်အရည်အသွေးနှင့် အလုပ်တည်မြဲခြင်း၊
- အခန်း (၁၃) ရွှေ့ပြောင်းသွားလာခြင်း
- အခန်း (၁၄) ကိုယ်ပိုင်သုံးစွဲရန် ထုတ်လုပ်ခြင်း
- နောက်ဆက်တွဲ (၁) အသေးစိတ်ဇယား
- နောက်ဆက်တွဲ (၂) စာရင်းစဉ်မေးခွန်းလွှာ
- နောက်ဆက်တွဲ (၃) စစ်တမ်းမေးခွန်းလွှာ

အသေးစိတ်စာရင်းဇယားများတွင် ဖော်ပြထားသော ဇယားကွက် တစ်ကွက်ချင်းစီရှိ အချက်အလက်များ စုစုပေါင်းခြင်းသည် "စုစုပေါင်း" တိုင် (သို့မဟုတ် တန်း) တွင်ဖော်ပြထားသည့် အချက်အလက်များနှင့် တူညီမည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် (၁) အနီးစပ်ဆုံး ကိန်းဂဏန်းကိုယူထားခြင်း သို့မဟုတ် (၂) ဖြေဆိုထားခြင်းမရှိသော အချက်များရှိနေခြင်း တို့ကြောင့် ဖြစ်ပါသည်။

# အခန်း ၂

# စစ်တမ်းကောက်ယူခြင်းဆိုင်ရာ နည်းလမ်း

## ၂.၁ နိဒါန်း

"မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း"သည် ပထမဆုံးကောက်ယူခဲ့သည့် စစ်တမ်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော လုပ်သားအင်အားစစ်တမ်းကို ၁၉၉၀ ခုနှစ်က ကောက်ယူခဲ့ပါသည်။ လက်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ယခုကဲ့သို့ကျယ်ပြန့်သော စစ်တမ်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အတွေ့အကြုံနည်းပါးကြသဖြင့် နည်းပညာနှင့် လိုအပ်သောပြင်ဆင်မှုများကို စစ်တမ်းကောက်ယူခြင်းမတိုင်မီ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ပါသည်။

## ၂.၂ မေးခွန်းလွှာပြုစုခြင်း၊ လက်စွဲစာအုပ်ပုံစံနှင့် သင်တန်းများအတွက်ပြင်ဆင်ခြင်း

ILOသည် အခြားသော အာရှနိုင်ငံများ၏ လုပ်သားအင်အားစစ်တမ်းမေးခွန်းလွှာများကို အခြေခံ၍ စစ်တမ်း၏ ရည်ရွယ်ချက်များနှင့်အညီ မေးခွန်းလွှာမူကြမ်းကို ရေးဆွဲခဲ့ပါသည်။ စစ်တမ်းမေးခွန်းလွှာနှင့် စပ်လျဉ်း၍ အလုပ်ရှင်အဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ ILO မှ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာနိုင်ငံတွင်ရှိသော ILO စီမံကိန်းတွင် ပါဝင်သူများနှင့် နည်းပညာဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး အကြံပြုချက်များနှင့်အညီ အတည်ပြု ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းကောက်ယူရာတွင် အသုံးပြုခဲ့သော အိမ်ထောင်စုစာရင်းစဉ် မေးခွန်းလွှာကို နောက်ဆက်တွဲ (၂) တွင်လည်းကောင်း၊ စာရင်းကောက်မေးခွန်းလွှာကို နောက်ဆက်တွဲ (၃) တွင်လည်းကောင်း ဖော်ပြထားပါသည်။

အိမ်ထောင်စုစစ်တမ်း မေးခွန်းလွှာအား ရှေ့ပြေးစစ်တမ်း ကောက်ယူမှုအပေါ် အခြေခံ၍ အတည်ပြုခဲ့ပါသည်။ အခြားစစ်တမ်း ကောက်ယူခြင်းဆိုင်ရာ လိုအပ်ချက်များဖြစ်သော အိမ်ထောင်စုစာရင်းစဉ် မေးခွန်းလွှာ၊ စာရင်းကောက်လက်စွဲ၊ စာရင်းကောက်ကြီးကြပ်သူများ၏ စောင့်ကြည့်စစ်ဆေးအကဲဖြတ်လွှာ၊ မေးခွန်းလွှာစိစစ်ရန်အတွက် အစီအစဉ်များကို ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

## ၂.၃ ရှေ့ပြေးစမ်းသပ်ကောက်ယူခြင်း

"မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း"ဆိုင်ရာ ရှေ့ပြေးစစ်တမ်းကောက်ယူမှု လုပ်ငန်းတွင် သင်တန်းပေးခြင်းနှင့် ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ ကနဦးသင်တန်းကို ရှေ့ပြေးစစ်တမ်း စမ်းသပ်ကောက်ယူခြင်းအတွက် နေပြည်တော်တွင် ၂ ရက်ကြာ သင်တန်းပို့ချခဲ့ပြီး သင်တန်းတွင် မေးခွန်းလွှာနှင့်ပတ်သက်၍ နားလည်သဘောပေါက်စေရန် လက်တွေ့စစ်တမ်းမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။

စစ်တမ်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များကို လွှမ်းခြုံနိုင်စေရန်အတွက် မြန်မာနိုင်ငံအတွင်း အသွင်မတူညီကွဲပြားသည့် နယ်မြေ ၆ ခု ဖြစ်သော နေပြည်တော်၊ မန္တလေးမြို့၊ လားရှိုးမြို့၊ ဟားခါးမြို့၊ ပုသိမ်မြို့နှင့် ရန်ကုန်မြို့တို့တွင် နမူနာစစ်တမ်းများ ကောက်ယူခဲ့ပါသည်။ စစ်တမ်းကောက်ယူသည့်မြို့တိုင်းတွင် မြို့ပြနှင့် ကျေးလက်ဒေသခွဲ၍ ကောက်ယူခဲ့ပါသည်။ ရှေ့ပြေးစစ်တမ်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်သူ့အင်အားဦးစီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးစီမံကိန်းဦးစီးဌာနတို့မှ ဝန်ထမ်း ၆၂ ဦးတို့ဖြင့် ကောက်ယူခဲ့ပါသည်။

ကွင်းဆင်းမေးမြန်းမှုတွင် အမှားနည်းစေရန်အတွက် မေးခွန်းလွှာအနေအထား (Layout) ကို ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

## ၂.၄ စစ်တမ်းကောက်ယူမည့် သူများအား သင်တန်းပေးခြင်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ယခုကဲ့သို့ ကြီးမားကျယ်ပြန့်သည့် လုပ်သားအင်အားစစ်တမ်း (သို့မဟုတ်) အခြားကြီးမားသည့် စစ်တမ်းမျိုးကောက်ယူခဲ့ဖူးသည့် ကျွမ်းကျင်ဝန်ထမ်းများ မရှိသဖြင့် ILO မှ စစ်တမ်းကောက်ယူခြင်းတွင် ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန် ပြည်တွင်းနှင့် ပြည်ပသင်တန်းများကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းသင်တန်းတွင် စာရင်းကောက်သူ ၂၀၈ ဦးနှင့် ကြီးကြပ်သူ ၃၅ ဦးနှင့် အခြားအရာရှိများအား အုပ်စုနှစ်စုခွဲပြီး သင်တန်းပေးခြင်းများ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ သင်တန်းတွင် စာရင်းကောက်များ၊ ကြီးကြပ်သူများအား မေးခွန်းလွှာကို ပိုမိုကျွမ်းကျင်မှုရှိလာစေရန် ရေးဖြေစာမေးပွဲ၊ သရုပ်ပြမေးမြန်းခြင်းနှင့် ဗွီဒီယိုပြသခြင်းများ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကြီးကြပ်သူများအတွက် မေးခွန်းလွှာများကို ပိုမိုကျွမ်းကျင်မှုရှိလာစေရန် အထူးသင်တန်းပေးခြင်းများလည်း ဆောင်ရွက်ခဲ့ပါသည်။

## ၂.၅ အိမ်ထောင်စုစာရင်းစဉ်ပြုစုခြင်း

နမူနာ စာရင်းကောက်ကွက်အားလုံးအတွက် သန်းခေါင်စာရင်းမှ အိမ်ထောင်စုစာရင်းစဉ်၊ ရပ်ကွက်မြေပုံနှင့် စာရင်းကောက်ကွက်မြေပုံတို့ကို ပြည်သူ့အင်အားဦးစီးဌာနမှ ရရှိပါသည်။ အိမ်ထောင်စုစာရင်းစဉ်အား စာရင်းကောက်ယူမည့် နေ့ရက်တွင် အချိန်နှင့် တပြေးညီ မှန်မှန်ကန်ကန်ဖြစ်စေရန်အတွက် အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာကို ပြုစုခဲ့ပါသည်။ အိမ်ထောင်စုစာရင်းစဉ် ကောက်ယူခြင်းကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စာရင်းကောက်နှင့် ကြီးကြပ်သူများက စတင်ကောက်ယူခဲ့ပြီးနောက် နမူနာအိမ်ထောင်စုရွေးချယ်ရန်အတွက် ရုံးချုပ်တွင် ရုံးထိုင်ပြီး ဆောင်ရွက်နေသော လုပ်သားအင်အားစစ်တမ်း အထောက်အကူပြုအဖွဲ့သို့ အိမ်ထောင်စုစာရင်းစဉ်များ ပေးပို့ခဲ့ပါသည်။

## ၂.၆ လုပ်သားအင်အားစစ်တမ်းအထောက်အကူပြုအဖွဲ့

လုပ်သားအင်အားစစ်တမ်း အထောက်အကူပြုအဖွဲ့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့တို့မှ ဝန်ထမ်း (၁၃) ဦး ဖြင့် ဖွဲ့စည်းထားပြီး နမူနာ အိမ်ထောင်စုစာရင်းစဉ် ရွေးချယ်ခြင်း၊ ကွင်းဆင်းဝန်ထမ်းများအား လမ်းညွှန်ပေးခြင်း၊ ကောက်ယူထားသော အိမ်ထောင်စုမေးခွန်းလွှာများအား ဗဟိုစာရင်းအင်းအဖွဲ့သို့ မေးခွန်းလွှာများ စာရင်းသွင်းရန် မလွဲပြောင်းမီ စစ်ဆေးခြင်းစသည့် စစ်တမ်းနှင့်ပတ်သက်သော နည်းပညာ ပိုင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ကွင်းဆင်းစစ်တမ်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ကြီးကြပ်ခြင်းကိုလည်း တာဝန်ယူဆောင်ရွက်ပါသည်။

## ၂.၇ အချက်အလက်စုဆောင်းခြင်းနှင့် ကွင်းဆင်းလုပ်ငန်းစဉ်များအား ကြီးကြပ်ခြင်း

စာရင်းကောက်ယူရန်အတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးနှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများအား စာရင်းကောက်များနှင့် ကြီးကြပ်သူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ကြီးကြပ်သူများသည် ဦးစီးအရာရှိ (သို့) ဒုတိယဦးစီးမှူးများဖြစ်ကြပြီး စီစဉ်သူများသည် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများဖြစ်ကြပါသည်။ ILO မှ နည်းပညာအကြံပေးချုပ် (CTA)၊ National Program Officer နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အရာရှိများသည် တစ်နိုင်ငံလုံးတွင် စစ်တမ်းကောက်ယူရေး လုပ်ငန်းစဉ်များအား လှည့်လည်စစ်ဆေးခဲ့ပါသည်။ စစ်တမ်းကောက်ယူရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၏ ဖွဲ့စည်းပုံကို ပုံ - ၁ တွင် ဖော်ပြထားပါသည်။

**ပုံ(၁) - စစ်တမ်းကောက်ယူရေးအဖွဲ့၏ ဖွဲ့စည်းပုံ**




ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများသည် ကွင်းဆင်းကောက်ယူရာတွင် အဓိကကူညီပံ့ပိုးသော ရုံးများဖြစ်ပါသည်။ စစ်တမ်းကောက်ယူရာတွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများမှ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများသည် စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များတွင် များစွာအထောက်အကူပြု ပေးခဲ့ပါသည်။

## ၂.၈ အချက်အလက်ဆိုင်ရာလုပ်ငန်းစဉ်

စစ်တမ်းကောက်ယူခြင်း အစီအစဉ်အရ စစ်တမ်းဆိုင်ရာ အချက်အလက်သွင်းခြင်း လုပ်ငန်းစဉ်များကို ဗဟိုစာရင်းအင်းအဖွဲ့မှတာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့အနေဖြင့် Access (2007) ပရိုဂရမ်ကို အသုံးပြု၍ စာရင်းသွင်းခြင်းနှင့် ကနဦးစာရင်းဇယားများ

စိစစ်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ ဆက်လက်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများသည် Statistical Package for Social Science-SPSS ပရိုဂရမ်ကို အသုံးပြု၍ နောက်ထပ် လိုအပ်သောစာရင်းဇယား စိစစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ILO အနေဖြင့် အချက်အလက်များ၏ အရည်အသွေးကို အကဲဖြတ်ရန်နှင့် အပိုဒ်ခွဲရန် အသေးစိတ်အချက်အလက်များနှင့် အလေး (Weight) တို့ကို အပြီးသတ်အကဲဖြတ်ရန် ကျွမ်းကျင်ပညာရှင်တစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

## ၂.၉ ကန့်သတ်ချက်များ

စစ်တမ်းတွင် အောက်ဖော်ပြပါ ကန့်သတ်ချက်များရှိပါသည် -

(က) ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ စုစုပေါင်းခန့်မှန်းလူဦးရေထက် လျော့နည်းနေပြီး အိမ်ထောင်စုဝင်များ၏ အသက်ကိုရေးသွင်းရာတွင် နှစ်သက်ရာ အသက်အုပ်စုအတွင်းသို့ ထည့်သွင်းခဲ့ခြင်းများရှိနိုင်ခြင်းကြောင့် အသက်အုပ်စုများ၏ စုစုပေါင်းလူဦးရေများလည်း ကွာခြားခဲ့ပါသည်။ မေးခွန်းလွှာတွင် မတူညီသော အသက်အပိုင်းအခြားအတွက် မတူညီသော မေးခွန်း/အခန်းများ ပါရှိပါသည်။ ဤအချက်သည်လည်း အသက်နှင့်ပတ်သက်၍ မှတ်တမ်းတင်ရာတွင် အမှားအချို့ဖြစ်စေပါသည်။ ထို့ကြောင့် အသက် ၁၅ နှစ်မှ ၂၉ နှစ်ကြား လူငယ်ဦးရေကို လျော့နည်း ခန့်မှန်းမှုများဖြစ်ပေါ်ခဲ့ပါသည်။ သို့သော်လည်း လူဦးရေအရေအတွက်ကို သန်းခေါင်စာရင်းပါ လူဦးရေတည်ဆောက်ပုံ၊ အရွယ်အစားတို့နှင့် ကိုက်ညီစေရန် ညှိယူခဲ့ပါသည်။

(ခ) မေးခွန်းလွှာရှည်လျားခြင်းသည် အကြောင်းအရာများစွာမှ အချက်အလက်များကောက်ယူရန် ရည်ရွယ်ခြင်းကြောင့် ဖြစ်ပါသည်။ လုပ်သားအင်အားဆိုင်ရာ အဓိကမေးခွန်းများမှာ မေးခွန်းလွှာ၏ အလယ်ပိုင်း (သို့) နောက်ပိုင်းတွင်ရောက်ရှိနေသောကြောင့် စာရင်းအင်းအချက်အလက်များ၏ အရည်အသွေးများကို အားနည်းစေသည့် ရလဒ်များအဖြစ် အကျိုးသက်ရောက်စေပါသည်။

(ဂ) ယခုစစ်တမ်းကောက်ယူနေစဉ်အတောအတွင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အခြားသော စစ်တမ်းကြီး တစ်ခုဖြစ်သည့် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ်များ အခြေအနေ ကောက်ယူမှု

စစ်တမ်းကို တစ်နိုင်ငံလုံးတွင် ကောက်ယူခဲ့သည့်အတွက် ကြီးကြပ်သူဦးရေ အကန့်အသတ်ဖြစ်စေခဲ့ပါသည်။

(ဃ) စစ်တမ်းကောက်ယူသည့် အချိန်ကာလသည် ရာသီချိန်ပြင်ပဖြစ်ခြင်း၊ အဆိုပါ အချိန်ကာလ တစ်ခုတည်းကိုသာ ကောက်ယူခဲ့ပါသည်။ ထို့ကြောင့် အလုပ်အကိုင် အခြေအနေကို မေးမြန်းရာတွင် ရည်ညွှန်းကာလမှာ ကာလတို (ရက်သတ္တပတ်) အလုပ်အကိုင်ဆိုင်ရာ ဝိသေသလက္ခဏာများနှင့် ဆက်စပ်သည့် ရလဒ်များကို အကန့်အသတ် ဖြစ်စေပါသည်။

(င) အချက်အလက်များ ကွန်ပျူတာတွင် စာရင်းရေးသွင်းရာတွင် အိမ်ထောင်စုဝင် များအားလုံး၏ အချက်အလက်များကို တစ်ဦးချင်းအလိုက် ရေးသွင်းသည့် မေးခွန်းလွှာပုံစံကို အသုံးပြုသဖြင့် စာရင်းအရည်အသွေးနှင့် ပတ်သက်ပြီး အခက်အခဲကြုံတွေ့ခဲ့ပါသည်။

## ၂.၁၀ ဒီဇိုင်းရေးဆွဲပြီးနောက်ပိုင်း သတ်မှတ်သည့် အလေး (Weights) များ

ခန့်မှန်းလူဦးရေစာရင်းသည် ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းထက် ၆.၄၇% လျော့နည်းနေခဲ့ပါသည်။ ကျွမ်းကျင်ပညာရှင်မှ အချက်အလက်များအားလုံးကို ပြန်လည် စစ်ဆေးပြီး သန်းခေါင်စာရင်းတွင် ဖော်ပြခဲ့သောလူဦးရေအရွယ်အစားနှင့် လူဦးရေဖွဲ့စည်းပုံတို့ နှင့် ကိုက်ညီစေရန် အခြေခံအဖြစ်ထားရှိသော အလေး (base weight) ကို ပြင်ဆင် တည်းဖြတ် ခဲ့ပါသည်။

## အခန်း ၃

## အယူအဆများနှင့် အဓိပ္ပါယ်သတ်မှတ်ချက်များ

### ၃.၁ နိဒါန်း

ဤအခန်းတွင် လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်း စစ်တမ်းမေးခွန်းလွှာတွင် အဓိကသုံးနှုန်းထားသော အယူအဆများနှင့် အစီရင်ခံစာပါ ပညာရပ်ဆိုင်ရာဝေါဟာရများအတွက် ရည်ညွှန်းချက်များကို ဖော်ပြထားပါသည်။

### ၃.၂ အဓိပ္ပာယ်သတ်မှတ်ချက်များ

**အိမ်ထောင်စု**- အိမ်ထောင်စုတစ်စုကို လူတစ်ဦး (သို့မဟုတ်) လူတစ်စုသည် အိမ်တစ်အိမ်တည်း (သို့မဟုတ်) ခြံဝင်းတစ်ခုတည်းတွင် အတူတကွနေထိုင်ကြပြီး၊ အိမ်မှုကိစ္စများကို အတူတကွ စီမံခန့်ခွဲ၍ တစ်အိုးတည်းစားသောက်သူများကို ဆိုလိုသည်။ အိမ်ထောင်စုဝင်များသည် တစ်ဦးနှင့် တစ်ဦးသွေးသားတော်စပ်ခြင်း (သို့) လက်ထပ်ခြင်းစသည့် ဆက်သွယ်ချက်ရှိရန် မလိုအပ်ပါ။ အပြန်အလှန်အားဖြင့် အိမ်တစ်အိမ်တည်း (သို့) ခြံဝင်းတစ်ခုတည်းတွင် အတူတကွ နေထိုင်ကြသော သွေးသားတော်စပ်မှု (သို့) လက်ထပ်ခြင်းကြောင့် ဆက်နွယ်မှုရှိသော မိသားစုဝင်များအနေဖြင့် တူညီသော အိမ်ထောင်စုတစ်စုတွင် ပါဝင်ရန် မလိုအပ်ပါ။ အိမ်ထောင်စုဝင်တစ်ယောက်ဟု သတ်မှတ်နိုင်ရန်အတွက် လူတစ်ဦးသည် အခြားအိမ်ထောင်စုဝင်များနှင့်အတူ ၆ လထက်ပို၍ အဆောက်အအုံအတွင်း အတူနေထိုင်ရန် လိုအပ်သည့်အပြင် အခြားအိမ်ထောင်စုတစ်စု၏ အိမ်ထောင်စုဝင်မဖြစ်ရန် လိုအပ်ပါသည်။

သို့သော်လည်း အောက်ဖော်ပြပါ အချို့သောခြွင်းချက်များ ရှိပါသည်-

(က) မွေးဖွားခြင်း (သို့) လက်ထပ်ခြင်းကြောင့် လွန်ခဲ့သော ၆ လအတွင်း ရောက်ရှိလာသူများကို အိမ်ထောင်စုဝင်များအဖြစ် သတ်မှတ်ရန်၊

(ခ) အခြားအိမ်ထောင်စုတွင် နေထိုင်ခြင်းမရှိသော (သို့) အခြားအိမ်ထောင်စုဝင်မဟုတ်သော ကျောင်းသားနှင့် ရာသီချိန်ကာလ လုပ်သားများကို အိမ်ထောင်စုဝင်အဖြစ် ထည့်သွင်းရန်နှင့်

(ဂ) လွန်ခဲ့သော ၆ လထက်လျော့နည်းပြီး နေထိုင်ခဲ့သော်လည်း ရေရှည်တွင် အမြဲတမ်း (သို့) ကာလရှည်နေထိုင်ရန် ရည်မှန်းထားသောသူတို့ကို အိမ်ထောင်စုဝင်အဖြစ် သတ်မှတ်ရန်

**အိမ်ထောင်ဦးစီး**- အိမ်ထောင်စု၏ စားဝတ်နေရေးအတွက် တာဝန်ယူရသော အိမ်ထောင်စုဝင်တစ်ဦးသည် အိမ်ထောင်ဦးစီးဖြစ်ပါသည်။ စစ်တမ်း၏ အဓိပ္ပါယ်သတ်မှတ်ချက်အရ အိမ်ထောင်စုမှ ၆ လထက်ပိုပြီး အဝေးတွင် နေထိုင်သောသူကို အိမ်ထောင်စုဝင်အဖြစ် မသတ်မှတ်သည့်အတွက် ထိုသူအား အိမ်ထောင်ဦးစီးအဖြစ် မသတ်မှတ်ရပါ။ အကယ်၍ အိမ်ထောင်ဦးစီး

အဖြစ် သတ်မှတ်ထားသူသည် အိမ်၏အဝေးတွင် ရောက်ရှိနေပါက အများအားဖြင့် အိမ်၏ တာဝန်များကို တာဝန်ယူသည့် လူပုဂ္ဂိုလ်ကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်မည် ဖြစ်သည်။

**မြို့ပြ/ကျေးလက်ဒေသ**- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးရွာအုပ်စုများအား ကျေးလက်ဒေသများအဖြစ်လည်းကောင်း၊ ရပ်ကွက်များအား မြို့ပြဒေသများအဖြစ် ခွဲခြား သတ်မှတ်ခြင်း ဖြစ်သည်။ ယေဘုယျအားဖြင့် ကျေးလက်ဒေသများသည် လူဦးရေသိပ်သည်းမှု နည်းပါးပြီး မြေယာအသုံးချမှုတွင် လယ်ယာစိုက်ပျိုးရေးအတွက် အဓိကထား အသုံးပြု ကြသည်။ မြို့ပြဒေသများသည် ပုံမှန်အားဖြင့် အဆောက်အဦ၊ လူဦးရေသိပ်သည်းမှု မြင့်မားပြီး ပိုမိုပြည့်စုံကောင်းမွန်သော အခြေခံအဆောက်အဦများ (ဥပမာ လမ်းများ၊ လျှပ်စစ်မီး ရရှိမှုနှင့် သောက်သုံးရေရရှိမှုစသည်) များရှိသည်။

**မှီခိုမှုအချိုး**- မှီခိုမှုအချိုးကို ကုန်ထုတ်လုပ်နိုင်စွမ်းရှိသော လူဦးရေပေါ်တွင် တိုင်းတာခြင်း ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်များအရ ကုန်ထုတ်လုပ်နိုင်စွမ်းရှိသော လူဦးရေကို အသက် ၁၅ နှစ်မှ အသက် ၆၄ နှစ်အတွင်း သတ်မှတ်ပါသည်။ လူဦးရေ၏မှီခိုမှု အပိုင်းသည် အသက် ၁၅ နှစ်အောက် ကလေးများ (သို့မဟုတ်) အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများတွင် ဖြစ်ပါသည်။ တနည်းအားဖြင့် မှီခိုမှုအချိုးတွင် အပိုင်း (၂) ပိုင်းပါဝင်ပြီး ကလေးမှီခိုမှုအချိုးနှင့် သက်ကြီးမှီခိုမှုအချိုးဟူ၍ အောက်ပါအတိုင်း သတ်မှတ်ပါသည်-

ကလေးမှီခိုမှုအချိုး = ၁၀၀.၀ x အသက် ၀-၁၄ နှစ်အတွင်းရှိ ကလေးဦးရေ/အသက် ၁၅-၆၄ နှစ်အတွင်းရှိ လူဦးရေစုစုပေါင်း

သက်ကြီးမှီခိုမှုအချိုး= ၁၀၀.၀ x အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဦးရေ/အသက် ၁၅-၆၄ နှစ်အတွင်းရှိ လူဦးရေစုစုပေါင်း

မှီခိုမှုအချိုး = ကလေးမှီခိုမှုအချိုး+သက်ကြီးမှီခိုမှုအချိုး

**ကျား/မအချိုး**- လူဦးရေတွင် အမျိုးသမီးဦးရေ ၁၀၀ လျှင် ရှိမည့် အမျိုးသားဦးရေ ပါဝင်မှု အချိုးကို ဆိုလိုခြင်း ဖြစ်ပါသည်။

**အလုပ်လက်ရှိ**- လူတစ်ဦးသည် ရည်ညွှန်းကာလ ၇ ရက်အတွင်း လုပ်ခ(သို့) အမြတ် အစွန်းတစ်စုံတစ်ရာဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန် မည်သည့်အလုပ်ကိုမဆို လုပ်ဆောင်နေသူများကို အလုပ်လက်ရှိဟု သတ်မှတ်ပါသည်။ အလုပ်လက်ရှိတွင် တစ်ဘက်ပါ အချက်များပါဝင်ပါသည်-

- "လုပ်ငန်းခွင်အတွင်း" အလုပ်လက်ရှိဆိုလိုသည်မှာ အနည်းဆုံး ၁ နာရီခန့် အလုပ်မှာ အလုပ်လုပ်ခဲ့ခြင်း၊
- "လုပ်ငန်းခွင်အတွင်းမရှိသော" အလုပ်လက်ရှိ ဆိုလိုသည်မှာ အလုပ်မှ ယာယီ ပျက်ကွက်နေသူ(သို့) အလုပ်လုပ်သည့် အချိန်ကိုစီစဉ်ထားသဖြင့် (အဆိုင်းဖြင့် အလုပ်လုပ်ချိန်၊ စုစုပေါင်းအလုပ်ချိန်ကိုမထိခိုက်စေဘဲ လွှဲပြောင်းထားသော

အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းကြောင့် အစားထိုးရရှိသည့် ခွင့်ကာလ ခံစားချိန်၊ အလုပ်မှ ပျက်ကွက်နေသူ။)

**လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း (Labour Underutilization)** - လုပ်အားအင်အားကို အပြည့်အဝ အသုံးမချနိုင်ခြင်းဆိုသည်မှာ လုပ်သားဖြည့်ဆည်းမှု (Labour Supply) နှင့် လုပ်သားလိုအပ်ချက် (Labour Demand) များအကြား ညီမျှမှုမရှိခြင်း တနည်းအားဖြင့် လူဦးရေအတွက် အလုပ်အကိုင် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းကို ဆိုလိုပါသည်။ Labour Underutilization ကို တိုင်းတာသည့်အချက်များတွင် အောက်ပါတို့ ပါဝင်ပါသည်-

(က) **အလုပ်ချိန်ဆိုင်ရာတစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ (Time - Related Underunemployment)** - လူတစ်ယောက်၏ တစ်ပတ်အလုပ်ချိန်သည် ၄၄ နာရီထက် လျော့နည်းနေသည့်အတွက် အခြားအလုပ်တစ်ခုကို လုပ်ကိုင်လိုစိတ်ရှိပြီး အလုပ်လုပ်ရန် အဆင်သင့် ဖြစ်နေသူကိုဆိုသည်။

(ခ) **အလုပ်လက်မဲ့**- အလုပ်အကိုင်မရှိသူတစ်ဦးသည် လတ်တလောအချိန်အတွင်း အလုပ်အကိုင်ကို ရှာဖွေလျက်ရှိပြီး အဆိုပါ အလုပ်လုပ်ကိုင်ရန်အတွက် အဆင်သင့်ရှိနေသူကို ရည်ညွှန်းပါသည်။

(ဂ) **ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား**- အလုပ်အကိုင်မရှိသူတစ်ဦးသည် အလုပ်လုပ်ရန် ဆန္ဒရှိသော်လည်း ၎င်းအနေဖြင့် အလုပ်ရှာဖွေရန် အခြေအနေကန့်သတ်ချက် ရှိနေခြင်းနှင့်/သို့မဟုတ် အဆင်သင့်ရှိနေသူကို ရည်ညွှန်းပါသည်။

**အလုပ်လက်မဲ့**- အလုပ်လက်မဲ့ဟု သတ်မှတ်နိုင်ရန်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အလုပ်မရှိသောသူများသည် သတ်မှတ်သည့် အချိန်ကာလအတွင်း အလုပ်ရရှိရန် ရှာဖွေနေခြင်းနှင့် အလုပ်အကိုင်ရရှိပါက စတင်လုပ်ကိုင်ရန် အဆင်သင့် ဖြစ်နေသူများကိုဆိုလိုပါသည်။ ယင်းတွင်-

(က) "အလုပ်မရှိသောသူများ" ၏အလုပ်လုပ်ကိုင်ခြင်းကို တိုင်းတာရာတွင် ရည်ညွှန်းကာလတိုဖြစ်သော ၇ ရက်နှင့် အကဲဖြတ်ပါသည်။

(ခ) "အလုပ်ရရန် ရှာဖွေခြင်း" ဆိုသည်မှာ လွန်ခဲ့သော တစ်လအတွင်း အလုပ်တစ်ခု တွေ့ရှိရန် (သို့) လုပ်ငန်း (သို့) လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ စတင် တည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ရည်ညွှန်းပါသည်။ ဤတွင် နိုင်ငံတွင်းနှင့် ပြည်ပရှိ အချိန်ပိုင်းအလုပ်၊ သမရိုးကျ မဟုတ်သောအလုပ်၊ ယာယီအလုပ်၊ ရာသီချိန်အလုပ် (သို့) ကျပန်းအလုပ်အကိုင်များ ပါဝင်ပါသည်။ ၎င်းလုပ်ဆောင်ချက်များ၏ ဥပမာများ မှာ -

- ငွေကြေးအရင်းအနှီးများစီစဉ်ခြင်း၊ လုပ်ငန်းလိုင်စင် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊
- မြေ၊ အဆောက်အဦ၊ စက်ယန္တရား၊ အထောက်အပံ့ရှာဖွေခြင်း လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ၊
- မိတ်ဆွေများ၊ ဆွေမျိုးများ၏အကူအညီ (သို့မဟုတ်) အခြားသောကြားခံဆက်သွယ်ပေးမှုများဖြင့် ရှာဖွေခြင်း၊
- အစိုးရ (သို့မဟုတ်) ပုဂ္ဂလိက အလုပ်အကိုင်ဌာနများနှင့် ဆက်သွယ်ခြင်း (သို့မဟုတ်) မှတ်ပုံတင်ခြင်း၊
- အလုပ်ရှင်များထံ တိုက်ရိုက်လျှောက်ထားခြင်း၊ အလုပ်နေရာ၊ စိုက်ခင်း၊ စက်ရုံဂိတ်ဝ၊ ဈေး (သို့မဟုတ်) အခြားစုဝေးရာနေရာများတွင် စုံစမ်းလေ့လာခြင်း၊
- သတင်းစာ (သို့မဟုတ်) Online အလုပ်ကြော်ငြာများထည့်ခြင်း (သို့မဟုတ်) လျှောက်ထားခြင်း၊
- နည်းပညာဆိုင်ရာ (သို့မဟုတ်) လူမှုကွန်ယက်များတွင် Online ဖြင့် ကိုယ်ရေးအကျဉ်းများထည့်ခြင်း (သို့မဟုတ်) update ပြုလုပ်ခြင်း၊

(ဂ) လုပ်ငန်းတစ်ခုစတင်ချိန်တွင် လုပ်ငန်းကိုရှာဖွေသည့် လုပ်ဆောင်မှုနှင့် လုပ်ငန်းလုပ်ကိုင်မှုတို့ကို ခွဲခြားရန်အချက်ကို အသုံးပြုသင့်ပါသည်။ လုပ်ငန်းဆောင်ရွက်နေခြင်း၏ သိသာထင်ရှားစွာဖော်ပြချက်များမှာလုပ်ငန်းလုပ်ရန်မှတ်ပုံတင်ခြင်း၊ ငွေကြေးအရင်းအနှီးများ ရရှိလာခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံများ (သို့) ပစ္စည်းများအဆင်သင့်ရှိခြင်း (သို့) ပထမဆုံးဖောက်သည် (သို့) အမှာစာရောက်ရှိခြင်းစသည့် ဆက်စပ်စဉ်းစားရမည့် အခြေအနေပေါ်တွင် တည်မှီပါသည်။

(ဃ) "လောလောဆယ်တွင် စတင်လုပ်ကိုင်နိုင်ခြင်း" သည် လက်ရှိတွင် အလုပ်တစ်ခုစတင်နိုင်ရန်အတွက် အဆင့်သင့်ရှိမှုကို စမ်းသပ်ချက်အဖြစ် ဆောင်ရွက်ခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်းကို တိုင်းတာရာတွင် ပါဝင်သည့်ကာလကို ရည်ညွှန်းကာလတို (၂) ပတ်ဖြင့် အကဲဖြတ်ရန် ဖြစ်သည်။

**လုပ်သားအင်အား-** အထက်တွင်အဓိပ္ပာယ်ဖော်ပြထားသော အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့များသည် လုပ်သားအင်အားတွင် ပါဝင်ပါသည်။ အလုပ်လက်ရှိဦးရေနှင့် အလုပ်လက်မဲ့ဦးရေကို ပေါင်းခြင်းသည် လုပ်သားအင်အားဖြစ်ပါသည်။

**လုပ်သားအင်အားပြင်ပတွင်ရှိသူ-** အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ ရည်ညွှန်းကာလတိုအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တွင် မပါဝင်သူများကို လုပ်သားအင်အားပြင်ပတွင်ရှိသူဟု သတ်မှတ်ပါသည်။

**အဓိကအလုပ်**- လူတစ်ဦးသည် လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်မှ ပျက်ကွက်ခဲ့သော်လည်း အလုပ်ချိန်နာရီအများဆုံးအလုပ်လုပ်သော လက်ရှိအလုပ်(သို့) လုပ်ငန်းကို ဆိုလိုသည်။

**ဒုတိယအလုပ်**- ဒုတိယအလုပ်ဆိုသည်မှာ လွန်ခဲ့သော ၇ ရက်အတွင်း လူတစ်ယောက်သည် ယေဘုယျအားဖြင့် သူ/သူမ၏ ဒုတိယအများဆုံးအလုပ်လုပ်ချိန်ဖြင့် ဆောင်ရွက်ခဲ့သော အလုပ်ကို ဆိုလိုခြင်း ဖြစ်ပါသည်။

**ပုံမှန်အလုပ်အကိုင်/အလုပ်**- အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူများ၏ လွန်ခဲ့သောနှစ်အတွင်း လုပ်ခဲ့သော အဓိကအလုပ် (သို့) လုပ်ငန်းကို ဆိုလိုခြင်း ဖြစ်ပါသည်။ ပုံမှန်အလုပ်အကိုင်/ အလုပ်သည် အချိန်ကာလကြာရှည်စွာ လုပ်ကိုင်နေသော သူများ၏ထူးခြားသော အလုပ်အကိုင်ဆောင်ရွက်မှု အခြေအနေဖြစ်ပါသည်။

**အလုပ်သမား**- လူတစ်ယောက်သည် ငွေ (သို့) ပစ္စည်းကို ပုံမှန်လုပ်ခအဖြစ်ရယူပြီး အခြားသူတစ်ဦးတစ်ယောက်အတွက် အလုပ်လုပ်ခြင်း ဖြစ်ပါသည်။ ဤအုပ်စုတွင် ပါဝင်သူများမှာ လစာ/လုပ်ခ ရရှိသူများ၊ လစာရအလုပ်သင်များ၊ ကျပန်းလုပ်သားများနှင့် ပုတ်ပြတ်နှုန်းဖြင့် လုပ်ကိုင်သူများ ဖြစ်ပါသည်။

**အလုပ်ရှင် (သူ/သူမ၏ ကိုယ်ပိုင်လုပ်ငန်းတွင် ပုံမှန်အလုပ်သမားနှင့်လုပ်ကိုင်သူ)**- လူများသည် လုပ်ငန်းကို တစ်ဦးတစ်ယောက်ထဲဖြစ်စေ (သို့) တစ်ဦး (သို့) တစ်ဦးထက်ပိုသော လုပ်ဖော်ကိုင်ဖက်များဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပါအဝင် ပုံမှန်လုပ်ခ/လစာဖြင့် အလုပ်သမားများ ငှားရမ်းဆောင်ရွက်နေသူများကို အလုပ်ရှင်အဖြစ် သတ်မှတ်ပါသည်။

**ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ (သူ/သူမ၏ ကိုယ်ပိုင်အလုပ်/ ပုံမှန်အလုပ်သမားမရှိ)**- ကိုယ်ပိုင်လုပ်ငန်းကို ပုံမှန်အလုပ်သမားငှားရမ်းခြင်းမရှိဘဲ လုပ်ကိုင်သူကိုဆိုလိုခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူသည် မိမိတစ်ဦးတည်း(သို့) တစ်ဦးထက်ပိုသော လုပ်ဖော်ကိုင်ဖက်များနှင့်ဖြစ်စေ အခကြေးငွေမပေးရသည့် မိသားစုအကူလုပ်သားများနှင့်ဖြစ်စေ၊ လုပ်ငန်း (သို့မဟုတ်) စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စသည်များကို ဆောင်ရွက်ကြပါသည်။ ပွဲခဖြင့် လုပ်ကိုင်လျက်ရှိသော ပွဲစားများကိုလည်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဟု သတ်မှတ်ရမည်။ အိမ်ထောင်စုဝင်တစ်ဦးထက်မကသောသူများသည် ထိုစီးပွားရေးလုပ်ငန်း (သို့) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတစ်ခုတည်းတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီ လုပ်ဆောင်ပေးကြပြီး ပုံမှန်အားဖြင့် လစာပေးငှားရမ်းရသော အလုပ်သမားမရှိပါက ထိုလုပ်ငန်းတွင် ပါဝင်သူတိုင်းအား ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဟု သတ်မှတ်ရမည်။ စစ်တမ်းအစီရင်ခံစာတွင် ထိုသူများအား ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူအဖြစ် အမျိုးအစားသတ်မှတ်ပါသည်။

**အိမ်ထောင်စု/မိသားစုလုပ်ငန်းတွင် လုပ်ခမရဘဲ ကူညီလုပ်ကိုင်သူများ**- ဆွေမျိုးတော်သောသူတစ်ဦးတစ်ယောက်မှ (ပုံမှန်အားဖြင့် တူညီသော အိမ်ထောင်စုတွင် နေထိုင်သည့်

လူတစ်ဦး) ဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်သည့် လုပ်ငန်း/စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် လုပ်ခ (သို့) လစာရရှိခြင်းမရှိဘဲ အလုပ်လုပ်သည့် သူများကို ဆိုလိုပါသည်။ အဆိုပါသူများအား လုပ်ငန်းပူးတွဲလုပ်ဆောင်သူအဖြစ် မသတ်မှတ်နိုင်ပါ။

**သမဝါယမအမှုဆောင်**- လူတစ်ယောက်သည် သမဝါယမအသင်းတွင် အမှုဆောင်အဖြစ် လုပ်ကိုင်လျက်ရှိပြီး သူ/သူမသည် လုပ်ခ/လစာအနေဖြင့် ရရှိခြင်းမရှိပါ။ သို့သော် သူ/သူမသည် အမြတ်ဝေစုတစ်ခုကို ရရှိပါက သူ/သူမကို သမဝါယမအသင်း၏ အမှုဆောင်အဖြစ် သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ သို့သော် သူ/သူမသည် သမဝါယမအမှုဆောင် တစ်ယောက်ဖြစ်ပြီး အမြတ်ဝေစုအပြင် လုပ်ခ/ လစာပါ ရရှိပါက သူ/သူမကို အလုပ်သမားအဖြစ် သတ်မှတ်ရမည် ဖြစ်သည်။

**ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်သူ**- လုပ်ခ/လစာဖြင့် လုပ်ကိုင်မှုမှလွဲ၍ အလုပ်ရှင်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ၊ အိမ်ထောင်စု/မိသားစုလုပ်ငန်းတွင် လုပ်ခမရဘဲကူညီ လုပ်ကိုင်သူနှင့် သမဝါယမအမှုဆောင်များ စသည်တို့ကို ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်သူဟု သတ်မှတ်ပါသည်။

**သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသူ**- သမရိုးကျမရှိသော လုပ်ငန်းကဏ္ဍတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လဲလှယ်ရောင်းချရန်အတွက် ကိုယ်ပိုင်ပုဂ္ဂလိကလုပ်ငန်းငယ်များတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ ဆောင်ရွက်နေသော လုပ်ငန်းများကို ဆိုလိုပါသည်။ အဆိုပါလုပ်ငန်းများသည် လုပ်အားနှင့်ရင်းနှီးငွေကို ခွဲခြားထားခြင်းမရှိဘဲ လုပ်ငန်းငယ်များဖြင့် ဆောင်ရွက်လျက်ရှိကြပါသည်။

**သမရိုးကျမဟုတ်သော အလုပ်အကိုင်**- ၁၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လုပ်သားအင်အားနှင့် သက်ဆိုင်သည့် စာရင်းအင်းပညာရှင်များညီလာခံ (International Conference of Statistician - ICLS) မှ ချမှတ်ထားသော သမရိုးကျမဟုတ်သော အလုပ်အကိုင်ရရှိမှုနှင့် ပတ်သက်သည့် အယူအဆများအား ပုံ-၂ တွင် တွေ့ရှိနိုင်ပါသည်။ သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသော အလုပ်သမားများသည် အိမ်ထောင်စုတစ်စုတွင် သမရိုးကျလုပ်ငန်းကဏ္ဍ (သို့) သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင်ဖြစ်စေ (သို့) အိမ်ထောင်စုတစ်စုတွင် အခကြေးငွေဖြင့် အိမ်အကူလုပ်ကိုင်သူများသည် အကယ်၍ ၎င်းတို့၏ အလုပ်ခန့်ထားမှုဆက်သွယ်ချက်မှာ နိုင်ငံ၏အလုပ်သမား ဥပဒေများ၊ လက်တွေ့ဆောင်ရွက်နေမှုများ၊ ဝင်ငွေခွန်၊ လူမှုကာကွယ်စောင့်ရှောက်ပေးမှုများ (သို့) အလုပ်သမား အကျိုးခံစားခွင့်များ (ကြိုတင်အသိမပေးဘဲ အလုပ်မှထုတ်ခြင်း၊ နှစ်စဉ်ခွင့်နှင့် နာမကျန်းခွင့်အတွက် လစာမှဖြတ်တောက်ခြင်း) များကို ဥပဒေနှင့်အညီ မလုပ်ဆောင်ပါက သမရိုးကျမဟုတ်သော အလုပ်အကိုင် လုပ်ကိုင်နေရသူဟု သတ်မှတ်ပါသည်။

### ပုံ-၂ သမရိုးကျမဟုတ်သော အလုပ်အကိုင်ဆိုင်ရာ အယူအဆ

| အမျိုးအစားအလိုက် ထုတ်လုပ်မှုပုံစံများ | အလုပ်အကိုင်အခြေအနေအလိုက် အလုပ်များ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ | | အလုပ်ရှင်များ | | မိသားစုလုပ်ငန်းများတွင်ကူညီလုပ်ကိုင်သူများ | အလုပ်သမားများ | | သမဝါယမ အမှုဆောင် | |
| | သမရိုးကျမဟုတ် | သမရိုးကျ | သမရိုးကျမဟုတ် | သမရိုးကျ | သမရိုးကျမဟုတ် | သမရိုးကျမဟုတ် | သမရိုးကျ | သမရိုးကျမဟုတ် | သမရိုးကျ |
| သမရိုးကျလုပ်ငန်းကဏ္ဍများရှိ စီးပွားရေးလုပ်ငန်းများ | | | | | ၁ | ၂ | | | |
| သမရိုးကျမဟုတ် သောလုပ်ငန်းကဏ္ဍများရှိ စီးပွားရေးလုပ်ငန်းများ (ခ) | ၃ | | ၄ | | ၅ | ၆ | ၇ | ၈ | |
| အိမ်ထောင်စုများ (ဂ) | ၉ | | | | | ၁၀ | | | |

*မှတ်ချက်။ (က) မီးခိုးရောင်အရင့်ချယ်ထားသော အကွက်များသည် မေးခွန်းတွင် အဓိပ္ပါယ်သတ်မှတ်ချက်အရ ထုတ်လုပ်မှုပုံစံများ မရှိသည့် အလုပ်များကို ရည်ညွှန်းပါသည်။ မီးခိုးရောင်အဖျော့ချယ်ထားသော အကွက်များသည် သမရိုးကျ အလုပ်များ ဖြစ်ပါသည်။ အရောင်မချယ်ထားသော အကွက်များမှာ အမျိုးမျိုးသော သမရိုးကျမဟုတ်သော အလုပ်များကို ကိုယ်စားပြုပါသည်။*

*(ခ) ၁၅ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ လုပ်သားအင်အားနှင့် သက်ဆိုင်သည့် စာရင်းအင်းပညာရှင်များ ညီလာခံ-ICLS ဆုံးဖြတ်ချက် (အိမ်ထောင်စုများတွင် လုပ်ခ/လစာဖြင့် လုပ်ကိုင်နေသည့် အိမ်အကူလုပ်သားများ မပါဝင်ပါ)*

*(ဂ) အိမ်ထောင်စုများတွင် ကိုယ်ပိုင်သုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်မှုများနှင့် အိမ်ထောင်စုများတွင် လုပ်ကိုင်နေသည့် အိမ်အကူလုပ်သားများ မပါဝင်ပါ။*

*သမရိုးကျ မဟုတ်သော အလုပ်အကိုင် အကွက်ငယ်များ- ၁ မှ ၆ နှင့် ၈ မှ ၁၀ အထိ*

*သမရိုးကျ မဟုတ်သောကဏ္ဍရှိ အလုပ်အကိုင် အကွက်ငယ်များ- ၃ မှ ၈ အထိ*

*သမရိုးကျမဟုတ်သော ကဏ္ဍပြင်ပတွင်ရှိသော သမရိုးကျမဟုတ်သောအလုပ်အကိုင် အကွက်ငယ်များ- ၁၊၂၊ ၉ နှင့် ၁၀*

**ကိုယ်ပိုင်သုံးရန် ပစ္စည်းထုတ်လုပ်သူ (Own use Producers of goods)** - ရည်ညွှန်းကာလအတွင်း သူတို့၏ အိမ်ထောင်စု (သို့) အခြားအိမ်ထောင်စုများတွင် နေထိုင်သော မိသားစုဝင်များမှ ကိုယ်ပိုင်သုံးစွဲရန်ရည်ရွယ်ပြီး ကုန်ပစ္စည်းထုတ်လုပ်ရန် လုပ်ဆောင်ခဲ့သော "မည်သည့်လုပ်ရှားမှု" ကိုမဆို လုပ်ဆောင်သည့်သူအားလုံးကို ရည်ညွှန်းပါသည်။ "မည်သည့်လှုပ်ရှားမှု"

ဆိုသည်မှာ အောက်တွင်ဖော်ပြထားသော လုပ်ဆောင်မှုများကို လုပ်ဆောင်ခြင်းဖြစ်ပြီး အလုပ်လုပ်ချိန်ပေါင်း အနည်းဆုံးတစ်နာရီရှိခြင်းကို ဆိုလိုပါသည် -

**ကုန်ပစ္စည်းများထုတ်လုပ်ခြင်း**

- ○ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းနှင့် ကောက်ယူထားသော ပစ္စည်းများမှ ထုတ်လုပ်ခြင်းနှင့်/ သို့မဟုတ် သိမ်းဆည်းနိုင်ရန် ထုတ်လုပ်စီမံ ပြုပြင်ခြင်း၊
- ○ ထင်းနှင့်အခြားလောင်စာအပါအဝင် သတ္တုနှင့်သစ်တောထွက်ပစ္စည်းများကို စုဆောင်းခြင်းနှင့် / သို့မဟုတ် သိမ်းဆည်းခြင်း၊
- ○ သဘာဝနှင့် အခြားအရင်းအမြစ်များမှ ရေသယ်ယူခြင်း၊
- ○ အိမ်ထောင်စုသုံးကုန်ပစ္စည်းများထုတ်လုပ်ခြင်း (ပရိဘောဂ၊ ချည်မျှင်၊ အဝတ်အထည်၊ ဖိနပ်၊ အိုးလုပ်ခြင်း၊ လှေနှင့် ကနူးလှေကဲ့သို့သော)
- ○ နေထိုင်သည့် အဆောက်အဦ၊ အသုံးပြုလျက်ရှိသော လယ်တဲအစရှိသော အဆောက်အဦပြုပြင်ခြင်း (သို့) ဆောက်လုပ်ခြင်း၊

**အလုပ် (Job)** - အလုပ်ဆိုသည်မှာ စီးပွားရေးလုပ်ငန်းယူနစ်တစ်ခုအတွက် လူတစ်ယောက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ဆိုလိုခြင်းဖြစ်ပါသည်။ လူတစ်ယောက်တွင် ရည်ညွှန်းကာလတိုအတွင်း လုပ်ငန်းတစ်ခု (သို့) တစ်ခုထက်ပို၍ ရှိနိုင်ပါသည်။

**အလုပ်အကိုင် (Occupation)** - လူတစ်ဦးသည် ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်နေသူဖြစ်စေ (သို့) လုပ်ခလစာဖြင့် လုပ်ကိုင်နေသူဖြစ်စေ အတိအကျသတ်မှတ်ထားသော လုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေရသော အလုပ်အမျိုးအစားကို ရည်ညွှန်းပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်အမျိုးအစားခွဲခြားခြင်း (International Standard Classification of Occupation-ISCO) ကို တူညီသော အလုပ်အကိုင်များအလိုက် ကြီးစဉ်ငယ်လိုက်အုပ်စုဖြင့် စုစည်းထားပါသည်။ ISCO 2008 အား ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ICLS မှ ချမှတ်ခဲ့ပြီး အဆိုပါသတ်မှတ်ချက်များအတိုင်း ဤလုပ်သားအင်အားစစ်တမ်းတွင် အသုံးပြုထားပါသည်။

**လုပ်ငန်းအမျိုးအစား (Industry)** - လူတစ်ဦး အလုပ်လုပ်သည့် ကိုယ်ပိုင်လုပ်ငန်းအပါအဝင် အလုပ်ဌာန၊ စီးပွားရေးလုပ်ငန်း (သို့မဟုတ်) အဖွဲ့အစည်းမှ ဆောင်ရွက်နေသော စီးပွားရေးလုပ်ဆောင်မှုပုံစံ (economic activity) ကို ရည်ညွှန်းပါသည်။ စီးပွားရေးလုပ်ဆောင်မှုပုံစံကို အခြားယူနစ်များ (သို့) လူများအတွက် အဓိကကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးခြင်းအရ သတ်မှတ်ပါသည်။ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအမျိုးအစား ခွဲခြားခြင်း (International Standard Industrial Classification of Economic Activities-ISIC) အဖြစ်လူသိများပြီး နောက်ဆုံး version ဖြစ်သော အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း (ISIC-4) အား ယခုစစ်တမ်းတွင် အသုံးပြုထားပါသည်။ လုပ်ငန်းတစ်ခုသည် (ISIC) ၏ code လုပ်ဆောင်ချက်တစ်ခုထဲမှ မဟုတ်ဘဲ ကုန်စည်

ဆောင်ရွက်မှုများကို ထုတ်လုပ်ခြင်း(သို့)ပေးအပ်ခြင်းပြုလုပ်နိုင်ပါသည်။ ဤသို့သော အခြေအနေတွင် အများဆုံးတန်ဖိုးထုတ်လုပ်သည့် လုပ်ဆောင်ချက်ကိုသာ လုပ်ငန်း/ လုပ်ငန်းအမျိုးအစား ခွဲခြားရန် ယူဆသတ်မှတ်ရမည်ဖြစ်သည်။

**လုပ်ငန်းခွင်မတော်တဆဖြစ်မှု** - အကြမ်းဖက်မှု လုပ်ရပ်များအပါအဝင် အလုပ်နှင့် ဆက်နွယ်၍ (သို့) အကြောင်းပြု၍ ဖြစ်ပေါ်သော မျှော်လင့်မထားသော၊ စီမံမထားသော ဖြစ်ရပ်ဖြစ်ပြီး ရလဒ်အနေဖြင့် တစ်ယောက် (သို့) ထိုထက်ပိုသော အလုပ်သမားများ ကိုယ်တိုင် အနာတရဖြစ်ခြင်း၊ အနာရောဂါဖြစ်ပွားခြင်း (သို့) သေဆုံးခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ လုပ်ငန်းခွင်မတော်တဆဖြစ်ခြင်းတွင် အလုပ်သမားများသည် စီးပွားရေးလုပ်ဆောင်မှုပုံစံ (Economic Activity) တွင်ပါဝင် လုပ်ကိုင်ဆောင်ရွက်ရန် ခရီးသွားလာစဉ် (သို့) လုပ်ငန်းခွင် (သို့) လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် အလုပ်သမားများကို ထိခိုက်ဒဏ်ရာရရှိစေသည့် မတော်တဆမှုများ ပါဝင်သည်။

**လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု** - အလုပ်ကြောင့်ထိခိုက်ဒဏ်ရာရရှိခြင်းတွင် သာမန်ထိခိုက်ဒဏ်ရာရရှိခြင်းများဖြစ်သည့် အမာရွတ်ဖြစ်ခြင်း၊ ပွန်းပဲ့ခြင်း (သို့) ပြတ်ရှခြင်းများမှစ၍ ပိုမိုပြင်းထန်သော အနာတရဖြစ်ခြင်းများဖြစ်သည့် ထိတ်လန့်ခြင်း၊ သတိမေ့မြောခြင်း၊ ခြေလက်အင်္ဂါ (သို့) မျက်စိဆုံးရှုံးခြင်း၊ အရိုးကျိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ ဓာတ်ရောင်ခြည် ထိတွေ့မှုကြောင့် ကင်ဆာရောဂါ ဖြစ်ခြင်းကဲ့သို့သော အဆိပ်သင့်ခြင်းတို့စသည့် မည်သည့်ထိခိုက်မှုမျိုးမဆို ပါဝင်ပါသည်။

# အခန်း ၄

# မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း ၂၀၁၅ ခုနှစ် နမူနာဒီဇိုင်း

## ၄.၁ နိဒါန်း

၂၀၁၅ ခုနှစ်၊ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက် သတင်းအချက်အလက်စနစ် တိုးတက်လာစေရန် ဖြစ်ပါသည်။ ဤစစ်တမ်း တွင် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် ပြည်ထောင်စုနယ်မြေတို့အား လွှမ်းခြုံပါသည်။ ဤစစ်တမ်းသည် လုပ်သားအင်အားဆိုင်ရာ ယုံကြည်စိတ်ချရသော အချက် အလက်များကို မြန်မာနိုင်ငံ၏ နိုင်ငံအဆင့်၊ ကျေးလက်နှင့် မြို့ပြအဆင့်များအပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များအထိ ရရှိနိုင်မည် ဖြစ်ပါသည်။ ဤစစ်တမ်းမှ ကလေး လုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်းဆိုင်ရာ အချက်အလက်များ လည်း ရရှိနိုင်မည်ဖြစ်ပါသည်။

## ၄.၂ နမူနာဒီဇိုင်း

မြန်မာနိုင်ငံ၏ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့ပါသည်။ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ဤစစ်တမ်း၏ နမူနာစာရင်းစဉ် (sampling frame) အဖြစ် အသုံးပြုထားပါသည်။ သန်းခေါင်စာရင်း ကောက်ယူရာတွင် အိမ်ထောင်စု ၁၂၅-၁၅၀ ကို လွှမ်းခြုံနိုင်သောစာရင်းကောက်ကွက် ဧရိယာများ ကို ဖွဲ့စည်းခဲ့ပါသည်။ သို့သော် သွားလာရန်ခက်ခဲသောဒေသများ၊ ပြန့်ကျဲနေသောဒေသများ၊ ဆီးနှင်းထူထပ်သောဒေသများ၊ နယ်မြေမအေးချမ်းသည့်ဒေသများစသည့်အခက်အခဲများကြောင့် 'စံ'သတ်မှတ်ချက်ကို တစ်ဝက်လျော့ချခဲ့ပါသည်။ အိမ်ထောင်စု ၁၀၀ (သို့) လူဦးရေ ၅၀၀ ရှိသောရွာငယ်များအား စာရင်းကောက်ကွက် တစ်ကွက်အဖြစ်သတ်မှတ်ခဲ့ပါသည်။ စစ်တမ်းတွင် စာရင်းကောက်ကွက်စုစုပေါင်းမှာ ၈၁,၇၄၄ ဖြစ်ပါသည်။ သို့သော် စာရင်းကောက်ကွက် ၈၀,၅၇၇ ကွက်သာစာရင်းကောက်ယူနိုင်ခဲ့ပါသည်။ ကျန်ရှိသည့် စာရင်းကောက်ကွက်များကို နယ်မြေ မအေးချမ်းခြင်း (သို့) တိုင်းရင်းသားမျိုးနွယ်စုများနှင့် အခြားအကြောင်းအရင်းများကြောင့် မကောက်ယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ သန်းခေါင်စာရင်းအရ တစ်နိုင်ငံလုံးရှိလူဦးရေ စုစုပေါင်းမှာ ၅၁,၄၈၆,၄၂၀ ဦး ဖြစ်သော်လည်း လူဦးရေ ၅၀,၂၁၃,၀၆၇ ဦးကို ရေတွက်ထားခြင်းဖြစ်ပြီး ကျန် လူဦးရေမှာ ခန့်မှန်းထားခြင်း ဖြစ်ပါသည်။ မြို့ပြ-ကျေးလက်များကို ရေတွက်ထားသော လူဦးရေ

ဖြင့်သာ ရရှိနိုင်သောကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များကိုမူ ရေတွက်ထားသော လူဦးရေ အချိုးထဲမှ မရေတွက်ထားသောလူဦးရေကို ကိုက်ညှိထားပါသည်။ ဤစစ်တမ်းအတွက် စာရင်းကောက်ကွက်များကို ပထမအဆင့်ယူနစ် (First Stage Units-FSUs) (သို့) မူလနမူနာယူနစ် (PSUs) အဖြစ် သတ်မှတ်ပြီး အိမ်ထောင်စုများအား ဒုတိယအဆင့်ယူနစ် (Second Stage Units-SSUs) (သို့) နောက်ဆုံးနမူနာယူနစ် အဖြစ် သတ်မှတ်ပါသည်။

## ၄.၃ အလွှာခွဲခြင်း

နမူနာဒီဇိုင်းသည် နှစ်ဆင့်အလွှာခွဲနမူနာကောက်နည်း (Two Stage Stratification Sampling Method) ဖြစ်ပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီ၏ ကျေးလက် (သို့) မြို့ပြကို အခြေခံအလွှာ (stratum) အဖြစ် သတ်မှတ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး (၇) ခု၊ ပြည်နယ် (၇) ခု၊ ပြည်ထောင်စုနယ်မြေ (၁) ခု ရှိသည့်အတွက် စုစုပေါင်း အခြေခံအလွှာ (၇+၇+၁)*၂=၃၀ ရှိပါသည်။

## ၄.၄ နမူနာအရွယ်

ကုန်ကျစရိတ်၊ အချိန်နှင့် လူအင်အားအရင်းအမြစ်များကို ချိန်ဆ၍ စာရင်းကောက်ကွက် ၁,၅၀၀ ကို ပထမအဆင့်ယူနစ် နမူနာအရွယ်အစား[၂]အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ ဤစစ်တမ်း

---

[၂] စစ်တမ်း၏ အချက်အလက်များမှ ထုတ်ယူမည့် အညွှန်းကိန်းအနက်မှ အများစုသည် အချိုးဖြင့် ဖော်ပြထားပါသည်။ သာမန်ကျပန်းနမူနာကောက်နည်းအရ simple random sampling အရ နမူနာအချိုးသည် ၎င်းသမတ်ကိန်းမှာ $\bar{r}$ နှင့် စံမှားယွင်းချက် (Standard Error)မှာ

$$\sqrt{\left(\frac{N-n}{N-1}\right).\frac{\bar{r}(1-\bar{r})}{n}}$$

ရှိသော နော်မယ်ပြန့်ချက်ရှိသည်ဟု ယူဆသည်။ အဆိုပါပုံသေနည်းတွင် N= ဦးရေအရွယ်၊ n= နမူနာအရွယ်

အချိုးခန့်မှန်းခြေ (sample proportion) ၏ ကွဲလွဲမှု တန်ဖိုးမှာ ၀.၅ ဖြစ်ပါက ကွဲလွဲကိန်း တန်ဖိုးသည် အများဆုံးဖြစ်သည်။ ထို့ကြောင့် လိုချင်သော စိတ်ချအဆင့်အတွက် အနည်းဆုံးကောက်ယူရမည့် နမူနာအရွယ်အစားလိုအပ်သည်။ ခန့်မှန်းသည့် အညွှန်းကိန်းအားလုံးနီးပါးကို လွှမ်းခြုံနိုင်ရန် တန်ဖိုးအလွန် ငယ်သော အညွှန်းကိန်းကို ရွေးချယ်သည်။ အဆိုပါအညွှန်းကိန်းသည် အလုပ်လက်မဲ့နှုန်း ဖြစ်သည်။

Relative Standard Error (RSE), $\bar{r}$ ၏ နှိုင်းယှဉ်စံမှားယွင်းမှု ခန့်မှန်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

$$\text{RSE} = \frac{1}{\bar{r}}\sqrt{\left(\frac{N-n}{N-1}\right)\frac{\bar{r}(1-\bar{r})}{n}} = \sqrt{\left(\frac{N-n}{N-1}\right)\frac{(1-\bar{r})}{\bar{r}.n}} \approx \sqrt{\frac{(1-\bar{r})}{\bar{r}.n}} \quad \text{(since N is large)}$$

လူဦးရေသန်းခေါင်စာရင်းတွင် အလုပ်လက်မဲ့နှုန်းမှာ ၄ % ဖြစ်ပါသည်။ ထို့ကြောင့် $\bar{r}$ =၀.၀၄ ဖြစ်သည်။ ခန့်မှန်းမှုအချိုးအတွက် နှိုင်းယှဉ်စံမှားယွင်းမှု(Relative Standard Error) ကို ၂၀% အများဆုံး ခွင့်ပြုသည့် အတွက် အောက်ပါပုံသေနည်းအရ n ၏ တန်ဖိုးမှာ $\sqrt{\frac{(1-\bar{r})}{\bar{r}.n}} = 0.20$ =>n = ၆၀၀

စစ်တမ်း၏ ဦးတည်ဦးရေ (targeted population)မှာ

လုပ်သားအင်အား - ၁၃ နှစ်အထက်

အတွက် စာရင်းကောက်ကွက်တစ်ခုစီတွင် အိမ်ထောင်စု ၁၆ စု အားရွေးချယ်၍ စစ်တမ်းကောက်ယူသွားမည်ဖြစ်ရာ စစ်တမ်းကောက်ယူမည်ဟု မျှော်လင့်ထားသော အိမ်ထောင်စုအရေအတွက် စုစုပေါင်းမှာ ၂၄,၀၀၀ ဖြစ်ပါသည်။

ပထမအဆင့် နမူနာခွဲဝေသတ်မှတ်ခြင်း- မြို့ပြနှင့်ကျေးလက်ဒေသများတွင် FSUs များအား ခွဲဝေသတ်မှတ်ရန် မြို့ပြဒေသများတွင် အလုပ်အကိုင်ဆိုင်ရာ သွင်ပြင်လက္ခဏာများ၏ ကွဲပြားခြားနားမှုမှာ ပိုမိုများပြားပြီး လူဦးရေအရွယ်အစား[၇]မှာ ပိုမိုနည်းပါးသည့်အတွက် ကျေးလက်အား ၁.၀ အလေး (weight-age) နှင့် မြို့ပြအား ပိုမိုများပြားသည့် အလေး ၁.၅ (weight) ဖြင့်သတ်မှတ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြလူဦးရေမှာ များပြားနေကြောင်း တွေ့ရှိရသောကြောင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြဒေသနှင့် ကျေးလက်ဒေသ၏ အလေး (weight) ကိုမူ ပိုပေးထားခြင်းမရှိပါ။ ထို့ပြင် နယ်ပယ်အဆင့် (domain-level) နှင့် နိုင်ငံအဆင့် (national-level) ခန့်မှန်းမှုများကို တွက်ချက်နိုင်ရန်နေရာ ချထားခွဲဝေမှုကို လူဦးရေအရွယ်အစား၏ နှစ်ထပ်ကိန်းရင်းဖြင့် အချိုးညီစွာ ခွဲဝေပါသည်။

---

ကလေးလုပ်သား - အသက် ၅ နှစ်မှ ၁၇ နှစ်အကြား

လူငယ် - အသက် ၁၅ နှစ်မှ ၂၉ နှစ်အကြား

လူဦးရေသန်းခေါင်စာရင်းအရ အသက် ၁၃ နှစ်အထက် ဦးရေအချိုးမှာ ၇၆%၊ အသက် ၅ နှစ်မှ ၁၇ နှစ်အကြား ဦးရေအချိုးမှာ ၂၅% နှင့် အသက် ၁၅နှစ်မှ ၂၉ နှစ်အကြား ဦးရေအချိုးမှာ ၂၆% ဖြစ်ပြီး နိုင်ငံအဆင့် ပျမ်းမျှအိမ်ထောင်စုအရွယ်မှာ ၄.၄ ဖြစ်ပါသည်။

အောက်တွင်ဖော်ပြထားသော အသက်အုပ်စုများ၏ ဦးရေအတွက် လိုအပ်သော နမူနာအရွယ်အစားကို အောက်ပါအတိုင်း တွက်ချက်ပါသည်-

| | |
|---|---|
| လုပ်သားအင်အား | →၆၀၀÷(၀.၇၆×၄.၄)=၁၈၀ |
| ကလေးလုပ်သား | →၆၀၀÷(၀.၂၅×၄.၄)=၅၄၀ |
| ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း | →၆၀၀÷(၀.၂၆×၄.၄)=၅၂၀ |

ထို့အပြင် စစ်တမ်းအတွက် အလွှာခွဲနမူနာကောက်နည်း အတွက် ဒီဇိုင်း၏ အကျိုးသက်ရောက်မှု (desing effect) ကို အများဆုံး ၂ ဟုယူဆထားပါသည်။ အဆိုပါဒီဇိုင်းအကျိုးသက်ရောက်မှုကို ၂ အဖြစ် အသုံးပြုမည်ဆိုပါက စစ်တမ်းအတွက် လိုအပ်သော နမူနာ အိမ်ထောင်စု အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | |
|---|---|
| လုပ်သားအင်အား | → ၃၆၀ |
| ကလေးလုပ်သား | → ၁,၀၈၀ |
| ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှုအကူးအပြောင်း | → ၁,၀၄၀ |

[၇] လုံလောက်သော နမူနာအရွယ်အစားပေါ်မှ တွက်ချက်ရယူထားသော ခန့်မှန်းခြေတန်ဖိုးများ (estimates) ကိုသာ ထုတ်ဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် သန်းခေါင်စာရင်းတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များရှိ အချို့သောဒေသများကို စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ အဆိုပါ ပြည်နယ်သုံးခု၏ စုစုပေါင်းလူဦးရေခန့်မှန်းမှုကို နိုင်ငံတော်မှ ထုတ်ပြန်ထားသည့်အတိုင်း အသုံးပြုခြင်းဖြစ်ပါသည်။ သို့ရာတွင် အဆိုပါပြည်နယ်များ၏ မြို့ပြနှင့်ကျေးလက် လူဦးရေပျံ့နှံ့မှုကို သန်းခေါင်စာရင်းမြေပုံနှင့် စာရင်းစဉ်ပြုစုခြင်းဆိုင်ရာ အချက်အလက်များပေါ်တွင် အခြေခံ၍ ကိုက်ညှိထားပါသည်။

နမူနာအရွယ်၏ အလွှာအလိုက် နမူနာခွဲဝေခြင်းကို $n_i \propto M_i^{1/2}$ ကို အသုံးပြု၍ တွက်ချက်ပါသည်။

ဤနေရာတွင် -

$n_i$= ခွဲဝေထားသော နမူနာအရွယ်အစား (ဆိုလိုသည်မှာ i အလွှာ၏ နမူနာအရွယ်)

$M_i$= i အလွှာ၏အရွယ်အစားတိုင်းတာမှု

$M_i = P_{ir} + \alpha .P_{iu}$

$P_{ir}$ = i အလွှာ၏ ကျေးလက်ဒေသများရှိ လူဦးရေ

$P_{iu}$ = i အလွှာ၏ မြို့ပြဒေသများရှိ လူဦးရေ

$\alpha$ = ရန်ကုန်တိုင်းဒေသကြီးအတွက် ၁

$\alpha$ = ရန်ကုန်တိုင်းဒေသကြီးမှ လွဲ၍ အခြားတိုင်းဒေသကြီးအတွက် ၁.၅

ပြည်နယ်အဆင့် ကောက်ကွက်များအား ခွဲဝေပြီး၍ ကျေးလက်/မြို့ပြများအကြား နမူနာကောက်ကွက်များ ခွဲဝေသည့်အခါ ရန်ကုန်တိုင်းဒေသကြီး၏ မြို့ပြလူဦးရေအချိုးမှာ ၁:၁ ဖြစ်သည်မှလွဲ၍ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ပြလူဦးရေ ၁.၅ ဆ အလေးတင်၍ တွက်ချက်ခွဲဝေမည် ဖြစ်ပါသည်။

$n_{ir} = (P_{ir}. n_i) \div (P_{ir} + \alpha . P_{iu})$ နှင့်

$n_{iu} = (\alpha . P_{iu} \times n_i) \div (P_{ir} + \alpha. P_{iu})$

အထက်ပါခွဲဝေချထားမှုစည်းမျဉ်းအရ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မြို့ပြ/ကျေးလက် ပထမအဆင့် နမူနာယူနစ်များ (စာရင်းကောက်ကွက်များ) ခွဲဝေချထားမှုစာရင်းအား ဇယား ၁ တွင် ဖော်ပြထားပါသည်။

ဇယား (၁)။ နမူနာစာရင်းကောက်ကွက် ခွဲဝေခြင်း

| တိုင်းဒေသကြီး/ ပြည်နယ် | ခွဲဝေထားသည့် စာရင်းကောက်ကွက် အရေအတွက် | | |
|---|---|---|---|
| | မြို့ပြ | ကျေးလက် | စုစုပေါင်း |
| ကချင် | ၃၆ | ၄၂ | ၇၈ |
| ကယား | ၁၂ | ၂၀ | ၃၂ |
| ကရင် | ၂၂ | ၅၂ | ၇၄ |
| ချင်း | ၁၂ | ၂၈ | ၄၀ |
| စစ်ကိုင်း | ၃၂ | ၁၀၀ | ၁၃၂ |
| တနင်္သာရီ | ၂၂ | ၄၈ | ၇၀ |
| ပဲခူး | ၃၈ | ၉၀ | ၁၂၈ |
| မကွေး | ၂၄ | ၉၀ | ၁၁၄ |
| မန္တလေး | ၆၆ | ၈၂ | ၁၄၈ |
| မွန် | ၃၂ | ၅၂ | ၈၄ |
| ရခိုင် | ၂၂ | ၈၂ | ၁၀၄ |
| ရန်ကုန် | ၁၀၄ | ၄၆ | ၁၅၀ |
| ရှမ်း | ၄၄ | ၉၆ | ၁၄၀ |
| ဧရာဝတီ | ၂၈ | ၁၁၄ | ၁၄၂ |
| နေပြည်တော် | ၂၈ | ၃၆ | ၆၄ |
| **စုစုပေါင်း** | ၅၂၂ | ၉၇၈ | ၁၅၀၀ |

## ၄.၅ အကွက်ငယ်များ ဖွဲ့စည်းခြင်းနှင့်ရွေးချယ်ခြင်း

အဓိကအားဖြင့် အိမ်ထောင်စုဦးရေစာရင်းများ ပြုစုသောအဆင့်တွင် အလုပ်ပမာဏကို ထိန်းချုပ်ရန် မျှော်မှန်း၍ အိမ်ထောင်စု ၄၀၀ (သို့) ၄၀၀ ထက်ကျော်လွန်သော အရွယ်ကြီးမားသည့် စာရင်းကောက်ကွက်များကို အကွက်ငယ်အဖြစ် ဖွဲ့စည်းရန် ဆောင်ရွက်ပါသည်။ အရွယ်အစားကြီးမားသော စာရင်းကောက်ကွက်အား D အရေအတွက်ရှိသည့် အကွက်ငယ်ဟု ခေါ်ဆိုသော အကွက်ခွဲ (sub-division) များအဖြစ် ပိုင်းခြားထားပါသည်။ ဖွဲ့စည်းမည့် အကွက်ငယ်အရေအတွက်သည် (ဆိုလိုသည်မှာ D ၏ တန်ဖိုး) သည် နမူနာစာရင်းကောက်ကွက်၏ အနီးစပ်ဆုံးလူဦးရေပေါ် မူတည်မည်ဖြစ်သည်။ အကွက်ငယ် အရေအတွက်ကို ဆုံးဖြတ်ရန်အတွက် စံသတ်မှတ်ချက်မှာ တစ်ဘက်ပါအတိုင်းဖြစ်ပါသည် -

| နမူနာစာရင်းကောက်ကွက်ရှိ အိမ်ထောင်စုအရေအတွက် | ဖွဲ့စည်းရမည့် အကွက်ငယ်အရေအတွက် |
|---|---|
| ၄၀၀ အောက် | ၁* |
| ၄၀၀-၅၉၉ | ၃ |
| ၆၀၀-၈၀၀ | ၄ |
| ၈၀၀-၁၀၀၀ | ၅ |
| ………………… | |

*   *စာရင်းကောက်ကွက်တစ်ခုလုံးအတွက် အိမ်ထောင်စုစာရင်းသည် နောက်ဆုံးရရှိသော စာရင်းဖြစ်သည်။*

*မှတ်ချက်။ အကွက်ငယ်များဖြင့် ဖွဲ့စည်းထားသည့် စာရင်းကောက်ကွက်အတွက် အကွက်ငယ် တစ်ခုကို သာမန်ကျပန်းနမူနာ (Simple Random Sampling) နည်းဖြင့် ရွေးချယ်ပါသည်။*

## ၄.၆ ဒုတိယအဆင့်တွင် နမူနာစာရင်းစဉ်ပြင်ဆင်ခြင်း

အိမ်ထောင်စုများ၏နမူနာစာရင်းစဉ်ကို ပြင်ဆင်ရာတွင် ရွေးချယ်ထားသော စာရင်းကောက်ကွက်များ (သို့) ပမာဏကြီးမားသောစာရင်းကောက်ကွက်အတွင်းရှိ အကွက်ငယ်မှ အိမ်ထောင်စုအားလုံးကို တစ်အိမ်တက်ဆင်း ကောက်ယူခဲ့ပါသည်။ စာရင်းကောက်ယူစဉ် အိမ်ထောင်စုတွင် ယာယီမရှိပါက ထိုအိမ်ထောင်စု၏ လိုအပ်သော အချက်အလက်များအား အိမ်နီးချင်းထံမှ မေးမြန်းခဲ့ပါသည်။

### ၄.၆.၁ ဒုတိယအဆင့် ယူနစ်များအား ခွဲဝေသတ်မှတ်ခြင်း

နမူနာစာရင်းကောက်ကွက် တစ်ခုအတွက် စုစုပေါင်း ၁၆ အိမ်ထောင်စုကို ခွဲဝေသတ်မှတ်ပါသည်။ စာရင်းကောက်ကွက်ရှိ အိမ်ထောင်စုအရေအတွက်မှာ ၁၆ အိမ်ထောင်စုထက် နည်းနေပါက အိမ်ထောင်စုအားလုံးကို စာရင်းကောက်ယူခဲ့ပါသည်။

### ၄.၆.၂ ပထမအဆင့် နမူနာများ (FSUs) ရွေးချယ်ခြင်း

FSUs ရွေးချယ်နိုင်ရန် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် အိမ်ထောင်စုစစ်တမ်းများအတွက် ကမ္ဘာ့ဘဏ်မှ FSUs အရေအတွက် ၄,၀၀၀ ပါဝင်သော ပင်မနမူနာစာရင်းစဉ်[9] (Master Sampling Frame) တစ်ခုကို တည်ဆောက်ထားပါသည်။ FSUs အရေအတွက် ၄,၀၀၀ ကို replicate ၄ ခုဖြင့် ဖွဲ့စည်းထားပြီး replicate (ဆိုလိုသည်မှာ ပထမအဆင့် နမူနာကောက်ကွက်များကို စာရင်းကောက်ကွက် ၁,၀၀၀ စီပါသော ပထမအဆင့် နမူနာ ၄ ခုဖြင့် ဖွဲ့စည်းထားသည်။) တစ်ခုစီတွင် FSUs အရေအတွက် ၁,၀၀၀ ပါဝင်ပါသည်။ ပင်မနမူနာစာရင်းစဉ်မှ FSUs များကို ရွေးချယ်ရာတွင် စာရင်းကောက်ကွက်များ၏ အိမ်ထောင်စု

[9] FSU ၄,၀၀၀ ပါဝင်သော ပင်မနမူနာစာရင်းစဉ်ကို မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် အိမ်ထောင်စုစစ်တမ်းများအတွက် ကမ္ဘာ့ဘဏ်မှ ရေးဆွဲပေးခဲ့ပါသည်။

အရေအတွက်အရ ဖြစ်နိုင်စွမ်းရှိသော ပမာဏအချိုးအစားအရ အကွာညီနမူနာကောက်နည်းလမ်း (circular systematic sampling) ကိုအသုံးပြု၍ ရွေးချယ်ခဲ့ပါသည်။ နမူနာ FSUs ကို အလွှာအသီးသီးမှ replicate ၂ ခုပါဝင်သော ပုံစံဖြင့်ရွေးချယ်ပါသည်။ (ဆိုလိုသည်မှာ နမူနာ FSUs ၏ တစ်ဝက်ကို replicate ၁ မှလည်းကောင်း၊ ကျန်တစ်ဝက်ကို replicate ၃ မှလည်းကောင်း အညီအမျှဖြစ်နိုင်ချေရှိသော ကျပန်းရွေးချယ်ခြင်း (Random Systematic Sampling) နည်းလမ်းကို အသုံးပြု၍ ရွေးချယ်ပါသည်။)

## ၄.၇ အိမ်ထောင်စုများအားရွေးချယ်ခြင်း

နမူနာစာရင်းကောက်ကွက်တစ်ခုရှိ နမူနာအိမ်ထောင်စုများကို ရွေးချယ်ရာတွင် ပထမအဆင့် နမူနာရွေးချယ်ထားသော FSU (သို့မဟုတ်) ပထမဆင့်ရွေးချယ်ထားသော အကွက်ငယ်များဖြင့် ဖွဲ့စည်းထားသော နမူနာမှ ဖြစ်တန်စွမ်းအညီအမျှပေး၍ ရွေးချယ်သော အကွာညီနမူနာကောက်နည်း (circular systematic sampling) နည်းလမ်းဖြင့် ရွေးချယ်ပါသည်။

### ၄.၇.၁ အစားထိုးခြင်း

မူလရွေးချယ်ထားသော နမူနာစာရင်းကောက်ကွက်များကိုသာ စစ်တမ်းကောက်ယူနိုင်ရန် ဆောက်ရွက်ရမည်ဖြစ်ပြီး မရှောင်လွှဲနိုင်သော အခြေအနေများကြောင့် နမူနာစာရင်းကောက်ကွက်ကို စာရင်းမကောက်နိုင်လျှင် အဆိုပါအလွှာခွဲ၏ နမူနာစာရင်းစဉ်မှ စာရင်းကောက်ကွက်ကို အစားထိုးရမည်ဖြစ်ပါသည်။ စီမံကိန်းမန်နေဂျာမှ အဆိုပါ စာရင်းကောက်ကွက်အစားထိုးခြင်းကို ဆောင်ရွက်ပါသည်။ မည်သည့်အစားထိုးခြင်းကိုမဆို တိကျမှန်ကန်စွာ စိစစ်ပြီး မှတ်တမ်းထားရှိပါသည်။ သို့သော် အစားထိုးထားသော စာရင်းကောက်ကွက်အား စာရင်းမကောက်ယူနိုင်ပါက နောက်ထပ်မည်သည့်အစားထိုးပေးခြင်းကို ဆောင်ရွက်ခြင်းမပြုလုပ်ခဲ့ပါ။

စာရင်းကောက်ယူရန် ရွေးချယ်ထားသော အိမ်ထောင်စုသည် အိမ်ထောင်စုစာရင်းစဉ်ပြုစုစဉ်တွင် သော့ခတ်ထားသည့် အိမ်ထောင်စုဖြစ်နေသည့် ကိစ္စရပ်မှလွဲ၍ နမူနာအိမ်ထောင်စုအား အစားထိုးမည် ကောက်ခံမည်မဟုတ်ဘဲ ကောက်ယူနိုင်ရန် ကြိုးစားခဲ့သော်လည်း အိမ်ထောင်စုအား စာရင်းမကောက်ယူနိုင်ပါက စာရင်းမကောက်ယူနိုင်ဟု သတ်မှတ်မည် ဖြစ်ပါသည်။

## ၄.၈ ခန့်မှန်းခြေများ ရှာနည်း

အောက်ပါ သင်္ကေတများကို အသုံးပြုထားပါသည်-

s= s ကြိမ်မြောက်အလွှာ (s=၁-၃၀)

i= i ကြိမ်မြောက်ပထမအဆင့် ရွေးထုတ်ထားသော နမူနာစာရင်းကောက်ကွက်

j=j ကြိမ်မြောက်နမူနာအိမ်ထောင်စု

k= နမူနာအိမ်ထောင်စုရှိ k ကြိမ်မြောက်လူပုဂ္ဂိုလ်

P=ပထမအဆင့်နမူနာစာရင်းကောက်ကွက်ရှိ နမူနာရွေးချယ်ရမည့် အိမ်ထောင်စု အရေအတွက် စုစုပေါင်း

p= နမူနာစာရင်းစဉ်ရှိ အလွှာတစ်ခုအတွင်းရှိ အိမ်ထောင်စုအရေအတွက် စုစုပေါင်း

n=မကောက်ယူနိုင်သော စာရင်းကောက်ကွက်များ မပါဝင်သည့် နမူနာစာရင်းကောက်ကွက်အရေအတွက်

D= ပထမအဆင့် ရွေးထုတ်ထားသော စာရင်းကောက်ကွက်တစ်ခုရှိ အကွက်ငယ်များ အရေအတွက်

H= စာရင်းစဉ်ရှိ စာရင်းပြုစုထားသော အိမ်ထောင်စု အရေအတွက်စုစုပေါင်း

h= စာရင်းဇယားထုတ်ယူရန်အတွက် ရရှိနိုင်သော နမူနာအိမ်ထောင်စုအရေအတွက်

x, y= X,Y ကိန်းရှင်ဆိုင်ရာ ခန့်မှန်းတန်ဖိုး

$\hat{X}$ , $\hat{Y}$ = X, Y ကိန်းရှင်ဆိုင်ရာ စုစုပေါင်းဦးရေတန်ဖိုးအတွက် ခန့်မှန်းကိန်း

$y_{sijk}$ = s အလွှာ၏ i စာရင်းကောက်ကွက်တွင် ပါဝင်သော နမူနာ j အိမ်ထောင်စု၏ k လူပုဂ္ဂိုလ်အတွက် Y ကိန်းရှင်တန် ဖိုး၊ ပုံမှန်အားဖြင့် y= ၁ (သို့မဟုတ်) ၀

## ၄.၉ ခန့်မှန်းခြင်းအတွက် ပုံသေနည်း

s အလွှာအတွက်ကိန်းရှင် Y ၏ စုစုပေါင်းတန်ဖိုးများ ခန့်မှန်းခြင်း-

$$\hat{Y}_s = \frac{P_s}{n_s}\sum_{i=1}^{n_{sr}}\frac{D_{si}\times H_{si}}{p_{si}\times h_{si}}\sum_{j=1}^{h_{si}}\sum_{k} y_{sijk}$$

အထက်တွင်ဖော်ပြထားသကဲ့သို့ တွေ့ရှိချက်အသီးသီးကို အောက်ပါမြှောက်ဖော်ကိန်းဖြင့် မြှောက်ရမည် ဖြစ်ပါသည်-

$$\frac{P_s \times D_{si} \times H_{si}}{n_s \times p_{si} \times h_{si}}$$

အဆိုပါမြှောက်ဖော်ကိန်းကို M အဖြစ် သတ်မှတ်နိုင်သည်။

$$M_{si} = \frac{P_s \times D_{si} \times H_{si}}{n_s \times p_{si} \times h_{si}}$$

P, p, n, D, H နှင့် h တန်ဖိုးများအတွက်:

- $P_s$ တန်ဖိုးများကို ဇယား ၄.၂ တွင် ဖော်ပြထားပါသည်။
- စာရင်းဇယားထုတ်ယူရန်အတွက် $n_s$ တန်ဖိုးများကို ရရှိထားသော နမူနာစာရင်း ကောက်ကွက်အရေအတွက်ကို ရေတွက်ခြင်းဖြင့် ရရှိမည် ဖြစ်သည်။ မကောက်ယူနိုင်သော စာရင်းကောက်ကွက်မရှိပါက ကောက်ယူရန် သတ်မှတ်ထားသော နမူနာစာရင်း ကောက်ကွက် အရေအတွက်နှင့် တူညီမည်ဖြစ်ပါသည်။
- psi တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာ၏အခန်း(၁)၊ အိမ်ထောင်စု လူဦးရေသတ်မှတ်ခြင်း မူဘောင်အတွင်းတွင် လက်ရှိသည့် နမူနာစာရင်းကောက် ကွက် အတွင်းရှိ အနီးစပ်ဆုံး ခန့်မှန်းခြေ အိမ်ထောင်စုဦးရေ နံပါတ်စဉ် ၈ ရှိ တန်ဖိုးတို့ဖြစ်ပါသည်။
- Dsi တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာ၏ အခန်း(၁) အကွက်ငယ် အရေအတွက်ရှိ နံပါတ်စဉ် ၉ ရှိ လူဦးရေမူလတန်ဖိုးဖြစ်ပါသည်။
- H တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ်မေးခွန်းလွှာ၏ အခန်း (၇)၊ ကော်လံ ၂ မှ ရရှိနိုင်မည် ဖြစ်ပါသည်။
- h တန်ဖိုးသည် အိမ်ထောင်စုစာရင်းစဉ် မေးခွန်းလွှာ၏ အခန်း (၇)၊ ကော်လံ ၃ တွင် ယေဘုယျအားဖြင့် ဖော်ပြထားပါသည်။ စာရင်းဇယားထုတ်ယူရန် အတွက် အမှန်တန်ဖိုးကိုမူ အကြောင်းပြချက်တစ်ခုခုဖြင့် မကောက်ယူနိုင်သည့် အိမ်ထောင်စုများ မပါဝင်ဘဲ အမှန်တကယ်ကောက်ယူနိုင်ခဲ့သည့် အိမ်ထောင်စု မေးခွန်းလွှာအရေအတွက်စုစုပေါင်းမှ ရရှိမည်ဖြစ်ပါသည်။

**၄.၁၀ အချိုးခန့်မှန်းခြင်း**

အချိုး R = $\frac{Y}{X}$ (X သည် စုစုပေါင်းဦးရေဖြစ်ပါသည်။) ကို

$\hat{R} = \frac{\hat{Y}}{\hat{X}}$ ဖြင့် ခန့်မှန်းဖော်ပြထားပါသည်။

စစ်တမ်းတွင် စာရင်းကောက်ကွက်တစ်ခုထဲရှိ အိမ်ထောင်စုအရေအတွက်ကို X အဖြစ် ယူဆပါသည်။

## ၄.၁၁ အမှားခန့်မှန်းခြင်း

အမှားကိုခန့်မှန်းခြင်းအတွက် အရွယ်အလိုက် ဖြစ်တန်စွမ်း နမူနာကောက်နည်း[၅] (Probability Proportional to Size- PPS) နည်းဖြင့် ကောက်ယူသည်ဟု သတ်မှတ်ထားပါသည်။ စုစုပေါင်းခန့်မှန်းပြောင်းလဲကိန်း Y ကို အောက်ပါအတိုင်း ရရှိပါသည်-

$$V(\hat{Y}) = \sum_{s=1}^{L}\left[\frac{1}{n_s(n_s-1)}\sum_{i=1}^{n_s}\left(\hat{Y}_{si}-\frac{\hat{Y}_s}{n_s}\right)^2\right],$$

ဤနေရာတွင် $\hat{Y}_{si}=\sum_{j=1}^{h_i} W_{si}\, y_{sij}$ , $\hat{Y}_s=\sum_{i=1}^{n_s}\hat{Y}_{si}$ နှင့် $W_{si}=\frac{H_{si}}{h_{si}}\times\frac{Ps}{ps}$ နှင့် L = 30 ဖြစ်ပါသည်။

အချိုးခန့်မှန်းကိန်း၏ ကွဲလွဲကိန်းခန့်မှန်းခြေကို အောက်ပါအတိုင်း တွက်ချက်နိုင်ပါသည်-

$$V(\hat{R}) = \frac{1}{\hat{X}^2}\left[V(\hat{Y}) + \hat{R}^2 V(\hat{X}) - 2\,\hat{R}\,COV(\hat{X},\hat{Y})\right],$$

ဤနေရာတွင်

$V(\hat{Y})$ နှင့် $V(\hat{X})$ ကို စုစုပေါင်း၏ ကွဲလွဲကိန်းအတွက်ပုံသေနည်းအတိုင်း တွက်ချက်မည် ဖြစ်ပါသည်။

$$COV(\hat{X},\hat{Y}) = \sum_{h=1}^{L}\left[\frac{1}{n_s(n_s-1)}\sum_{i=1}^{n_s}\left(\hat{X}_{si}-\frac{\hat{X}_s}{n_s}\right)\left(\hat{Y}_{si}-\frac{\hat{Y}_s}{n_s}\right)\right]$$

$\hat{Y}$ နှင့် $\hat{R}$ တို့၏ နှိုင်းယှဉ်စံမှားယွင်းမှု (Relative Standard Errors-RSEs) ကို အောက်ပါအတိုင်း တွက်ချက်ရမည် ဖြစ်ပါသည်။

$$RSE(\hat{Y}) = \frac{\sqrt{\hat{V}(\hat{Y})}}{\hat{Y}}\times 100 \text{ နှင့် } RSE(\hat{R}) = \frac{\sqrt{\hat{V}(\hat{R})}}{\hat{R}}\times 100$$

[၅] ခန့်မှန်းကိန်းသည် Systematic sample အတွက် အမှားဖြစ်နိုင်သော်လည်း စစ်တမ်း၏ ဦးရေ ကြီးမားလုံလောက်ခြင်းနှင့် နမူနာစာရင်းစဉ်ရှိ စာရင်းကောက်ကွက်များကို ကျပန်းအစီအစဉ်ဖြင့် ခန့်မှန်းထားသည့်အတွက် အဆိုပါအမှားသည် နည်းမည်ဟု မျှော်မှန်းထားပါသည်။

ဇယား (၂)။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ပဏာမ ရလဒ်များဖြစ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ပြ၊ ကျေးလက် အလွှာများအလိုက် ပုဂ္ဂလိက အိမ်ထောင်စုများ၏ ပျံ့နှံ့မှု

| တိုင်းဒေသကြီး၊ ပြည်နယ် | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|
| ကချင် | ၉၁,၉၀၇ | ၁၇၄,၉၄၅ | ၂၆၆,၈၅၂ |
| ကယား | ၁၃,၇၃၀ | ၄၁,၁၆၂ | ၅၄,၈၉၂ |
| ကရင် | ၆၃,၉၅၁ | ၂၃၇,၆၁၄ | ၃၀၁,၅၆၅ |
| ချင်း | ၁၉,၀၂၂ | ၇၁,၄၇၅ | ၉၀,၄၉၇ |
| စစ်ကိုင်း | ၁၇၉,၇၃၆ | ၉၀၉,၆၄၇ | ၁,၀၈၉,၃၈၃ |
| တနင်္သာရီ | ၆၃,၁၇၀ | ၂၀၇,၇၂၉ | ၂၇၀,၈၉၉ |
| ပဲခူး | ၂၃၄,၂၂၈ | ၈၉၁,၃၃၄ | ၁,၁၂၅,၅၆၂ |
| မကွေး | ၁၂၈,၃၆၃ | ၇၇၇,၇၀၂ | ၉၀၆,၀၆၅ |
| မန္တလေး | ၄၀၆,၁၇၃ | ၈၉၈,၀၆၁ | ၁,၃၀၄,၂၃၄ |
| မွန် | ၁၁၁,၉၂၉ | ၃၀၃,၈၂၅ | ၄၁၅,၇၅၄ |
| ရခိုင် | ၇၄,၁၂၀ | ၄၉၃,၃၃၆ | ၅၆၇,၄၅၆ |
| ရန်ကုန် | ၁,၀၅၁,၂၂၆ | ၄၉၉,၂၇၃ | ၁,၅၅၀,၄၉၉ |
| ရှမ်း | ၂၆၅,၉၄၃ | ၈၇၅,၁၃၇ | ၁,၁၄၁,၀၈၀ |
| ဧရာဝတီ | ၁၉၈,၂၉၄ | ၁,၂၈၆,၁၄၄ | ၁,၄၈၄,၄၃၈ |
| နေပြည်တော် | ၆၈,၆၃၉ | ၁၇၈,၆၅၄ | ၂၄၇,၂၉၃ |
| **စုစုပေါင်း** | **၂,၉၇၀,၄၃၁** | **၇,၈၄၆,၀၃၈** | **၁၀,၈၁၆,၄၆၉** |

# အခန်း ၅

# အချက်အလက်အရည်အသွေးဆိုင်ရာ အကဲဖြတ်ခြင်း

## ၅.၁ နိဒါန်း

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲနှင့် စာရင်းအင်းနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းမဟုတ်သော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်ရုံးများမှ ဝန်ထမ်းများအား အသုံးပြုထားပါသည်။ ယေဘုယျအားဖြင့် ဝန်ထမ်းများမှာ စာရင်းအင်းအတွေ့အကြုံနှင့် စစ်တမ်းကောက်ယူမှု နောက်ခံ ဗဟုသုတမရှိခြင်းကြောင့် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင် အချိန်တစ်ခုယူခဲ့ရပါ သည်။ ဝန်ထမ်းများသည် အချက်အလက်အရည်အသွေးမှန်ကန်ရန် ရိုးသားကြိုးစားပြီး ဆောင်ရွက်ခဲ့သော်လည်း တွဲဖက်ပါဝင်သည့် အချို့ဝန်ထမ်းများ၏ စာရင်းအင်းဆိုင်ရာ အားနည်းမှုများကြောင့် အကန့်အသတ်များစွာရှိခဲ့ပါသည်။ အဆိုပါ အကန့်အသတ်များမှလွဲ၍ ရရှိလာသော အချက်အလက် အရည်အသွေးသည် အလွန်ကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ရှိရ ပါသည်။

## ၅.၂ လူဦးရေခန့်မှန်းခြင်း

လုပ်သားအင်အားစစ်တမ်းမှ ခန့်မှန်းဦးရေမှာ ၄၄.၈ သန်းဖြစ်ပါသည်။ ဤစစ်တမ်းမကောက်ယူမီ လွန်ခဲ့သောနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းမှ ဦးရေမှာ ၄၇.၉ သန်းဖြစ်ပါသည်။ သန်းခေါင်စာရင်း၏လူဦးရေထက် ၆.၄၇% လျော့နည်းနေပါသည်။ ထိုကဲ့သို့လျော့နည်းရခြင်း အကြောင်းအရင်း ၂၈ ချက် ရှိပါသည်။ ထိုအကြောင်းအရင်းများထဲမှ အဓိကအကြောင်းအရင်း (၅) ချက်ကို ဖော်ပြရလျှင်-

(က) သန်းခေါင်စာရင်းကောက်ယူစဉ်က ပြုစုထားသော အိမ်ထောင်စုများမှာ အခြားနေရာသို့ ပြောင်းရွှေ့သွားခြင်း

(ခ) လစ်လပ်အိမ်ဖြစ်ခြင်း

(ဂ) သော့ခတ်ထားသော အိမ်ထောင်စုဖြစ်နေခြင်း

(ဃ) စာရင်းကောက်ကွက်သို့ အိမ်ထောင်စုအသစ်များပြောင်းရွှေ့လာခြင်း

(င) အိမ်ငှားနေထိုင်သူများမှ ပြောင်းရွှေ့သွားခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၅.၃ ကွင်းဆင်းကြီးကြပ်ခြင်း

ကွင်းဆင်းကောက်ယူမှုကို ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးများမှ ကြီးကြပ်ခဲ့ပါသည်။ စီစဉ်သူများ (Coordinators) သည် အချို့သော FSU များကို စစ်ဆေးခဲ့ပါသည်။ စစ်တမ်းကောက်ယူရေးဆိုင်ရာ နည်းပညာအကြံပေးချုပ်၊ National Program Officer နှင့် ရုံးချုပ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အရာရှိများပါဝင်သောအဖွဲ့သည် တစ်နိုင်ငံလုံးရှိ နမူနာစာရင်းကောက်ကွက်အချို့သို့ သွားရောက်စစ်ဆေးခဲ့ပါသည်။

## ၅.၄ အချက်အလက်စာရင်းသွင်းခြင်း

အချက်အလက်များ စာရင်းသွင်းခြင်းကို ဗဟိုစာရင်းအင်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

## ၅.၅ နမူနာရွေးချယ်ခြင်းနှင့် မသက်ဆိုင်သော အမှားများ (Non-Sampling Error)

အချို့သော နမူနာရွေးချယ်ခြင်းနှင့် မသက်ဆိုင်သော အမှားများ (Non-sampling error) မှာ မူလအချက်အလက်အရည်အသွေးများကို အကျိုးသက်ရောက်မှု မဖြစ်စေသော်လည်း အချက်အလက်များကို အပြီးသတ်ရာတွင် အခက်အခဲများစွာကို ဖြစ်ပေါ်စေပါသည်။

အချက်အလက်ပြင်ဆင်ခြင်းအဆင့်တိုင်းတွင် များစွာသော ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရသော်လည်း အချက်အလက်အကြမ်း (raw data) မှ ရရှိလာသော အဓိကအညွှန်းကိန်းများ၏ ခန့်မှန်းရလဒ်နှင့် သိသိသာသာကွဲလွဲခြင်း မရှိပါ။

အခြားအချက်များ

ဝန်ထမ်းများအနေဖြင့် အချက်အလက် အရည်အသွေးများကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်ခဲ့ကြသော်လည်း အချို့သော ဝန်ထမ်းများအနေဖြင့် ဗဟုသုတ နည်းပါးခြင်းကြောင့် ကန့်သတ်ချက်များ ရှိခဲ့ပါသည်။

## ၅.၆ တုံ့ပြန်မှုမရှိခြင်း (Non-response)

FSU အဆင့်တွင် FSU ပေါင်း ၁,၅၀၀ အနက် ၁,၄၆၈ ခုကို စာရင်းကောက်ယူနိုင်ခဲ့ပြီး FSU ၃၂ ခုကို ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ မကောက်ယူနိုင်ခဲ့သည့် အဓိကအကြောင်းအရင်းမှာ နယ်မြေမအေးချမ်းသည့်ဒေသ ဖြစ်သောကြောင့် မသွားရောက်နိုင်ခြင်းဖြစ်ပါသည်။

အိမ်ထောင်စုအဆင့်တွင် စာရင်းကောက်ယူခြင်းကို ဖြေဆိုရန်ငြင်းပယ်သော အိမ်ထောင်စု စုစုပေါင်းမှာ ၅၇၅ အိမ်ထောင်စု ဖြစ်သည်ကို တွေ့ရှိရပါသည်။ အဓိကအကြောင်းအရင်းမှာ ဖြေဆိုသူများသို့ မဆက်သွယ်နိုင်သောကြောင့် ဖြစ်ပါသည်။

မေးခွန်းလွှာမေးမြန်းရာတွင် အဖြေမရခဲ့သည့် အဓိကအကြောင်းရင်းမှာ စာရင်းကောက်သူမှ မေးခွန်းကျော်မေးခြင်း (သို့) ဖြေဆိုသူများမှ ဖြေဆိုရန်ငြင်းပယ်ခြင်း (သို့) မေးခွန်းလွှာတွင် မှားယွင်းဖြည့်သွင်းထား၍ အချက်အလက်များအား ဖျက်ပစ်ခြင်း စသည့်တို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ရွေးချယ်ထားသော မေးခွန်းများအတွက် ဖြေဆိုမှုမရှိသော အရေအတွက်များကို အောက်တွင် ဖော်ပြထားပါသည်-

**ပုံ-၃ တုံ့ပြန်မှုမရှိသော အချက်အလက်များ**

| မေးခွန်းနံပါတ် | အချက်အလက်များမှန်ကန်စွာသွင်းသည့်အရေအတွက် | တုံ့ပြန်မှုမရှိသည့်အရေအတွက် | တုံ့ပြန်မှုမရှိသည့်ရာခိုင်နှုန်း | မေးခွန်းနံပါတ် | အချက်အလက်များမှန်ကန်စွာသွင်းသည့်အရေအတွက် | တုံ့ပြန်မှုမရှိသည့်အရေအတွက် | တုံ့ပြန်မှုမရှိသည့်ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| Q4 | | | | Q69 | ၄၃,၂၂၃ | ၅ | ၀.၀၁ |
| Q5 | | | | Q70 | ၄၇,၅၉၇ | ၀ | ၀.၀၀ |
| Q12 | | | | Q84 | ၁၇,၃၂၃ | ၁၉၁ | ၁.၀၉ |
| Q62 | ၄၇၃၉၉ | ၁၉၈ | ၀.၄၂ | Q103 | ၂,၁၄၂ | ၁၅၉ | ၆.၉၁ |
| Q63ii | ၄၇၄၀၁ | ၁၉၆ | ၀.၄၁ | Q111 | ၃၀,၅၁၉ | ၀ | ၀.၀၀ |
| Q67 | ၄၇၃၄၃ | ၂၅၄ | ၀.၅၃ | Q119 | ၇၈,၈၁၆ | ၁၉၈ | ၀.၃၀ |

### ၅.၇ နမူနာအမှား

အဓိကအညွှန်းကိန်းများအတွက် နှိုင်းယှဉ်စံမှားယွင်းမှု (Relative Standard Error) များကို တွက်ချက်ထားပြီး ဇယား(၃) နှင့် ဇယား(၄) တို့တွင် ဖော်ပြထားပါသည်-

ဇယား (၃)။ လုပ်သားဈေးကွက်ကို စောင့်ကြည့်စစ်ဆေးရန်အတွက် အဓိကအညွှန်းကိန်းများ၏ နှိုင်းယှဉ်စံများယွင်းမှု

| နယ်ပယ် | လုပ်သားအင်အား | လုပ်သားအင်အားပြင်ပတွင်ရောက်ရှိသူ | အလုပ်လက်ရှိဦးရေ | တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ | အလုပ်လက်မဲ့ဦးရေ | ဖြစ်နိုင်ခြေရှိသောလုပ်သားအင်အား | ကိုယ်တိုင်စားသုံးရန်ထုတ်လုပ်သူများ |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၁.၃ | ၁.၀ | ၅.၆ | ၀.၃ | ၀.၃ | ၀.၁ | ၀.၆ |
| ကျား၊ မ | | | | | | | |
| ကျား | ၁.၃ | ၀.၉ | ၅.၃ | ၀.၄ | ၀.၃ | ၀.၁ | ၀.၇ |
| မ | ၁.၉ | ၁.၄ | ၇.၈ | ၀.၃ | ၀.၄ | ၀.၁ | ၀.၆ |
| မြို့ပြ၊ကျေးလက် | | | | | | | |
| မြို့ပြ | ၁.၈ | ၁.၃ | ၈.၁ | ၀.၃ | ၀.၇ | ၀.၁ | ၀.၃ |
| ကျေးလက် | ၁.၈ | ၁.၃ | ၇.၃ | ၀.၅ | ၀.၃ | ၀.၁ | ၀.၈ |
| အသက်အုပ်စု | | | | | | | |
| ၁၅-၁၉ | ၂.၉ | ၂.၁ | ၁၂.၀ | ၀.၆ | ၀.၆ | ၀.၂ | ၀.၆ |
| ၂၀-၂၄ | ၂.၅ | ၁.၈ | ၁၀.၄ | ၀.၆ | ၁.၀ | ၀.၃ | ၀.၈ |
| ၂၅-၂၉ | ၂.၂ | ၁.၆ | ၉.၁ | ၀.၇ | ၀.၆ | ၀.၂ | ၀.၇ |
| ၃၀-၃၄ | ၂.၂ | ၁.၆ | ၉.၃ | ၀.၆ | ၀.၇ | ၀.၁ | ၀.၉ |
| ၃၅-၃၉ | ၂.၀ | ၁.၄ | ၈.၁ | ၀.၅ | ၀.၄ | ၀.၂ | ၀.၉ |
| ၄၀-၄၄ | ၂.၁ | ၁.၅ | ၈.၈ | ၀.၅ | ၀.၃ | ၀.၁ | ၀.၉ |
| ၄၅-၄၉ | ၂.၄ | ၁.၈ | ၁၀.၀ | ၀.၇ | ၀.၃ | ၀.၁ | ၁.၀ |
| ၅၀-၅၄ | ၂.၈ | ၂.၀ | ၁၁.၅ | ၀.၅ | ၀.၃ | ၀.၂ | ၀.၉ |
| ၅၅-၅၉ | ၂.၈ | ၂.၀ | ၁၁.၅ | ၀.၅ | ၀.၇ | ၀.၁ | ၀.၉ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | | | |
| ကချင် | ၃.၇ | ၂.၇ | ၁၅.၃ | ၀.၈ | ၀.၆ | ၀.၂ | ၁.၄ |
| ကယား | ၃.၇ | ၂.၇ | ၁၅.၉ | ၀.၃ | ၀.၈ | ၀.၃ | ၀.၈ |
| ကရင် | ၆.၂ | ၄.၅ | ၂၅.၅ | ၀.၇ | ၀.၃ | ၀.၁ | ၄.၂ |
| ချင်း | ၄.၉ | ၃.၅ | ၄၈.၅ | ၁.၆ | ၁၃.၁ | ၁.၀ | ၃.၃ |
| စစ်ကိုင်း | ၂.၉ | ၂.၁ | ၁၁.၈ | ၀.၈ | ၀.၃ | ၀.၁ | ၁.၁ |
| တနင်္သာရီ | ၄.၃ | ၃.၁ | ၁၇.၆ | ၀.၉ | ၀.၂ | ၀.၂ | ၁.၇ |

| နယ်ပယ် | လုပ်သားအင်အား | လုပ်သားအင်အားပြင်ပတွင်ရောက်ရှိသူ | အလုပ်လက်ရှိဦးရေ | တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ | အလုပ်လက်မဲ့ဦးရေ | ဖြစ်နိုင်ခြေရှိသောလုပ်သားအင်အား | ကိုယ်တိုင်စားသုံးရန်ထုတ်လုပ်သူများ |
|---|---|---|---|---|---|---|---|
| ပဲခူး | ၃.၀ | ၂.၂ | ၁၂.၉ | ၁.၀ | ၀.၉ | ၀.၃ | ၁.၃ |
| မကွေး | ၆.၄ | ၄.၇ | ၂၆.၆ | ၁.၀ | ၀.၅ | ၀.၃ | ၃.၁ |
| မန္တလေး | ၂.၉ | ၂.၁ | ၁၂.၀ | ၁.၁ | ၀.၃ | ၀.၁ | ၀.၉ |
| မွန် | ၂.၈ | ၂.၀ | ၁၁.၆ | ၁.၃ | ၀.၆ | ၀.၆ | ၁.၆ |
| ရခိုင် | ၄.၆ | ၃.၄ | ၁၈.၆ | ၂.၄ | ၁.၀ | ၀.၆ | ၁.၆ |
| ရန်ကုန် | ၃.၁ | ၂.၂ | ၁၄.၂ | ၀.၅ | ၁.၄ | ၀.၂ | ၀.၃ |
| ရှမ်း | ၆.၈ | ၄.၉ | ၂၇.၉ | ၀.၉ | ၀.၄ | ၀.၄ | ၃.၂ |
| ဧရာဝတီ | ၄.၁ | ၃.၀ | ၁၆.၈ | ၁.၆ | ၀.၆ | ၀.၃ | ၁.၉ |
| နေပြည်တော် | ၂.၂ | ၁.၆ | ၉.၅ | ၁.၂ | ၀.၈ | ၀.၄ | ၁.၀ |

ဇယား (၄)။ လုပ်သားဈေးကွက်ကို စောင့်ကြည့်စစ်ဆေးရန်အတွက် အဓိကအညွှန်းကိန်းများ၏ နှိုင်းယှဉ်စံမှားယွင်းမှု

| နယ်ပယ် | အလုပ်အကိုင်နှင့်လူဦးရေအချိုး | လုပ်သားအင်အားပါဝင်မှုနှုန်း | ကိုယ်တိုင်စားသုံးရန်ထုတ်လုပ်သူနှုန်း | ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် | အလုပ်အကိုင်နှင့်လူဦးရေအချိုး | လုပ်သားအင်အားပါဝင်မှုနှုန်း | ကိုယ်တိုင်စားသုံးရန်ထုတ်လုပ်သူနှုန်း |
|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၀.၀** | **၀.၀** | **၃.၂** | ကချင် | ၁.၇ | ၁.၅ | ၂၈.၀ |
| **ကျား၊ မ** | | | | ကယား | ၃.၁ | ၂.၂ | ၃.၈ |
| ကျား | ၀.၀ | ၀.၀ | ၅.၇ | ကရင် | ၂.၈ | ၂.၇ | ၁၇.၅ |
| မ | ၀.၃ | ၀.၃ | ၀.၆ | ချင်း | ၅.၈ | ၂.၉ | ၇.၈ |
| **မြို့ပြ၊ ကျေးလက်** | | | | စစ်ကိုင်း | ၀.၁ | ၀.၁ | ၉.၉ |
| မြို့ပြ | ၀.၁ | ၀.၁ | ၀.၃ | တနင်္သာရီ | ၁.၃ | ၁.၄ | ၃၆.၉ |
| ကျေးလက် | ၀.၁ | ၀.၁ | ၃.၁ | ပဲခူး | ၀.၂ | ၀.၃ | ၆.၆ |
| **အသက်အုပ်စု (နှစ်)** | | | | မကွေး | ၀.၁ | ၀.၀ | ၁၀.၃ |
| ၁၅-၁၉ | ၀.၇ | ၀.၈ | ၁၆.၃ | မန္တလေး | ၀.၃ | ၀.၃ | ၂၅.၅ |
| ၂၀-၂၄ | ၀.၆ | ၀.၆ | ၅.၄ | မွန် | ၁.၇ | ၁.၆ | ၁၁.၅ |
| ၂၅-၂၉ | ၀.၉ | ၀.၇ | ၁.၄ | ရခိုင် | ၂.၈ | ၂.၇ | ၇.၄ |
| ၃၀-၃၄ | ၁.၀ | ၁.၀ | ၄.၀ | ရန်ကုန် | ၁.၃ | ၁.၁ | ၀.၅ |
| ၃၅-၃၉ | ၀.၁ | ၀.၁ | ၀.၅ | ရှမ်း | ၀.၄ | ၀.၄ | ၅.၄ |
| ၄၀-၄၄ | ၀.၆ | ၀.၆ | ၁.၃ | ဧရာဝတီ | ၁.၀ | ၀.၉ | ၁၅.၉ |
| ၄၅-၄၉ | ၀.၈ | ၀.၇ | ၈.၀ | နေပြည်တော် | ၁.၃ | ၁.၇ | ၁၄.၆ |
| ၅၀-၅၄ | ၀.၅ | ၀.၅ | ၁၂.၃ | | | | |
| ၅၅-၅၉ | ၀.၄ | ၀.၂ | ၉.၁ | | | | |
| ၆၀-၆၄ | ၀.၄ | ၀.၆ | ၁.၂ | | | | |
| ၆၅+ | ၃.၃ | ၃.၂ | ၄.၁ | | | | |

# အခန်း ၆

# အိမ်ထောင်စုနှင့်လူဦးရေ

## ၆.၁ နိဒါန်း

ဤအခန်းသည် မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းမှ အိမ်ထောင်စုများနှင့် လူဦးရေ အကြောင်းအရာများကို ဖော်ပြထားခြင်းဖြစ်ပါသည်။ အိမ်ထောင်စုများနှင့် နေထိုင်မှု အကြောင်းအရာများအတွက် အိမ်ထောင်စု အရွယ်အစားများ၊ အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှု၊ အိမ်ထောင်စုများ၏ ဖွဲ့စည်းမှုပုံစံ၊ မြေယာပိုင်ဆိုင်မှု၊ အိမ်ထောင်စုများ၏ ဝင်ငွေရရှိပုံ၊ အိမ်ထောင်စုများ၏ လစဉ်ပျမ်းမျှအသုံးစရိတ် စသည်တို့ကို ဖော်ပြထားပါသည်။ လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများတွင် အသက်နှင့် ကျား/မပျံ့နှံ့မှု၊ စာတတ်မြောက်မှု၊ ပညာရေးအဆင့်၊ အိမ်ထောင်ရေးအခြေအနေ စသည်တို့ပါဝင်ပါသည်။

## ၆.၂ စုစုပေါင်းခန့်မှန်းလူဦးရေ အသုံးပြုမှု

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ လူဦးရေနှင့် စစ်တမ်းမှ ရရှိသည့် လူဦးရေကို နှိုင်းယှဉ်ကြည့်ပါက စစ်တမ်း၏ခန့်မှန်းလူဦးရေသည် ယေဘုယျအားဖြင့် လျော့နည်း နေကြောင်းတွေ့ရှိရပါသည်။ ဤကဲ့သို့ လူဦးရေခြားနားမှုဖြစ်ပေါ်ရခြင်းမှာ သန်းခေါင်စာရင်းမှ လုပ်ဆောင်ချက်များနှင့် စစ်တမ်းတွင်အသုံးပြုသည့် စာရင်းအင်းဆိုင်ရာ နည်းစနစ်များနှင့် လွှမ်းခြုံမှုနယ်ပယ်တို့အကြား ခြားနားမှုကြောင့် ဖြစ်ပါသည်။ အချက်အလက်အသုံးပြုသူများ အနေဖြင့် ခန့်မှန်းအရေအတွက်ကို တိုက်ရိုက်အသုံးပြုနိုင်ရန်အတွက် အလေး (Weight) ကို ချိန်ညှိခဲ့ပါသည်။ သို့သော်လည်း ဖြေဆိုမှုမရှိသည့် မေးခွန်းများကို အလွတ်တန်ဖိုးအတိုင်းထား ရှိပြီး ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။ သို့ဖြစ်သည့်အတွက် ဇယားများအကြား စုစုပေါင်း တန်ဖိုးများမှာ တူညီမည်မဟုတ်ပါ။ သို့ဖြစ်၍ စုစုပေါင်းတန်ဖိုးများကို ခန့်မှန်းတွက်ချက်နိုင်ရန် အတွက် မေးခွန်းအလိုက် ဖြေဆိုမှုမရှိသည့် အရေအတွက်များကို ဖော်ပြထားပါသည်။

## ၆.၃ ခန့်မှန်းရည်ညွှန်းကာလ

အစီရင်ခံစာတွင် ဖော်ပြထားသော ခန့်မှန်းကိန်းဂဏန်းများသည် ယေဘုယျအားဖြင့် စစ်တမ်းကောက်ယူသည့်ကာလဖြစ်သော ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ မတ်လကို ရည်ညွှန်း

ပါသည်။ စိုက်ပျိုးမြေဧကကိုရည်ညွှန်းရာ၌ ၂၀၁၄ ခုနှစ်တွင် စိုက်ပျိုးခဲ့သောဧကကို ရည်ညွှန်းပါသည်။

## ၆.၄ အိမ်ထောင်စုများနှင့်လူဦးရေခန့်မှန်းခြင်း

စစ်တမ်းသည် အိမ်ထောင်စုအတွင်း လက်ရှိနေထိုင်သော လူဦးရေကိုရည်ညွှန်းပါသည်။ အဖွဲ့အစည်းတွင် နေထိုင်သူများ မပါဝင်ပါ။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော ခန့်မှန်းလူဦးရေသည် လက်ရှိအိမ်ထောင်စုများအတွင်း နေထိုင်သောလူဦးရေများပင် ဖြစ်ပါသည်။

**ဇယား (၅)။ ခန့်မှန်းခြေအိမ်ထောင်စုအရေအတွက်၊ခန့်မှန်းလူဦးရေ၊ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားနှင့် ကျား၊ မ အချိုး (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း)**

| ခန့်မှန်းခြေ | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| အိမ်ထောင်စုအရေအတွက် | ၃,၀၄၉,၄၃၂ | ၇,၈၂၈,၄၃၀ | ၁၀,၈၇၇,၈၆၂ |
| လူဦးရေ | ၁၃,၈၃၉,၈၅၄ | ၃၄,၀၉၀,၁၉၂ | ၄၇,၉၃၀,၀၄၆ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၅၄ | ၄.၃၅ | ၄.၄၁ |
| ကျား၊ မ အချိုး(မ ၁၀၀ တွင်ရှိသော ကျားဦးရေ) | ၈၆ | ၉၁ | ၈၉ |
| အမျိုးသမီးဦးစီးသော အိမ်ထောင်စုရာခိုင်နှုန်း | ၂၆ | ၁၉ | ၂၁ |

ဇယား ၅ တွင် စစ်တမ်းမှ ရရှိထားသော အိမ်ထောင်စုခန့်မှန်းအရေအတွက်နှင့် ပျမ်းမျှအိမ်ထောင်စုအရွယ်အစားနှင့် ကျား၊ မ အချိုး (အမျိုးသမီး ၁၀၀ တွင် ရှိသည့် အမျိုးသားဦးရေ) တို့ကို ဖော်ပြထားပါသည်။ လူဦးရေခန့်မှန်းအရေအတွက်ကို ၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းနှင့် ကိုက်ညီမှုရှိစေရန်အတွက် ညှိယူ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ညှိယူချက်အရ အိမ်ထောင်စု ၁၀.၉ သန်းတွင် လူဦးရေ ၄၈ သန်းခန့် နေထိုင်လျက်ရှိကြောင်း ခန့်မှန်းရရှိပါသည်။ ကျေးလက်တွင် နေထိုင်သူ ၇၂% ရှိပြီး ၂၈% မှာ မြို့ပြတွင်နေထိုင်ကြပါသည်။ (ပုံ-၄) သို့ရာတွင် မြန်မာနိုင်ငံ၌ မြို့ပြဧရိယာဟု သတ်မှတ်ရန် တိကျသော အဓိပ္ပါယ်သတ်မှတ်ချက် မရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၄) - မြို့ပြနှင့် ကျေးလက်၏ လူဦးရေပျံ့နှံ့မှု




ပျမ်းမျှအိမ်ထောင်စုအရွယ်အစား (ဆိုလိုသည်မှာ အိမ်ထောင်စုတစ်ခုတွင်ရှိသော ပျမ်းမျှ လူဦးရေ အရေအတွက်) မှာ ၄.၄ ဖြစ်ပါသည်။ ပျမ်းမျှ အိမ်ထောင်စုအရွယ်အစားမှာ မြို့ပြသည် ကျေးလက်ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ သို့သော် ကျား၊ မ အချိုးတွင် အမျိုးသမီးဦးရေမှာ ပိုများနေသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံအတွင်းမှာ အမျိုးသား ဦးရေထက် အမျိုးသမီးဦးရေက ပိုများနေကြောင်းတွေ့ရှိရပါသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက မြို့ပြ၏ ကျား၊ မအချိုးသည် ကျေးလက်ထက် နည်းနေကြောင်းတွေ့ရှိရပါသည်။

အိမ်ထောင်စုများတွင် အိမ်ထောင်ဦးစီးများကို အမျိုးသား၊ အမျိုးသမီးခွဲခြားရာတွင် လည်း အမျိုးသမီးဦးဆောင်သောအိမ်ထောင်ဦးစီးအဖြစ်အိမ်ထောင်စုများမှာ ၂၁% ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ဒေသနှင့် နှိုင်းယှဉ်ပါက မြို့ပြဒေသ၏ အမျိုးသမီးအိမ်ထောင် ဦးစီးပါဝင်မှုသည် မြင့်မားကြောင်း တွေ့ရှိရပါသည်။

ပုံ ၅ တွင် ဖော်ပြထားချက်အရ အိမ်ထောင်စုအရွယ်အစားသည် မြို့ပြ၊ ကျေးလက်အရ ကွဲပြားမှုမရှိကြောင်း တွေ့ရှိရပါသည်။ ဇယားတွင် အများဆုံးတွေ့ရှိရသော အိမ်ထောင်စုအရွယ် အစားသည် ၄ ဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ ၎င်းသည် အရွယ်အစားကြီးမားသော အိမ်ထောင်စုများသည် မြို့ပြဒေသများထက် ကျေးလက်ဒေသများတွင် ပိုမိုတွေ့ရှိရကြောင်း ဖော်ပြနေပါသည်။

**ပုံ (၅)- အိမ်ထောင်စုအရွယ်အစားအလိုက် အိမ်ထောင်စုပျံ့နှံ့မှု**




| အိမ်ထောင်စုအရွယ်အစား | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀+ |
|---|---|---|---|---|---|---|---|---|---|---|
| မြို့ပြ | ၄.၆ | ၁၂.၄ | ၁၉.၉ | ၂၁.၃ | ၁၆.၅ | ၁၀.၄ | ၆.၈ | ၄ | ၁.၈ | ၂.၃ |
| ကျေးလက် | ၄.၉ | ၁၂.၈ | ၁၉.၁ | ၂၀.၄ | ၁၅.၇ | ၉.၁ | ၇.၃ | ၄.၉ | ၂.၃ | ၃.၄ |
| တစ်နိုင်ငံလုံး | ၄.၅ | ၁၂.၃ | ၂၀.၂ | ၂၁.၇ | ၁၆.၈ | ၁၀.၉ | ၆.၆ | ၃.၇ | ၁.၅ | ၁.၈ |

## ၆.၅ ကျား၊ မ အချိုး

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ လူဦးရေကို ကျား၊မ အချိုး အလိုက် ပုံ ၆ တွင် ဖော်ပြထားပါသည်။ ကျားမအချိုးတွင် အမျိုးသမီးဦးရေသည် ပိုများနေကြောင်း တွေ့ရှိနိုင်ပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် အမျိုးသမီးဦးရေသည် ၅၁.၅% မှ ၅၄.၅% ကြားတွင်ရှိပြီး၊ အမျိုးသားဦးရေသည် ၄၅.၅% နှင့် ၄၈.၅% ကြားတွင်ရှိသည်။ ယေဘုယျအားဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၅) ခုတွင် မ ဦးရေသည် ကျား ဦးရေထက် ပိုမိုမြင့်တက်နေသည်ကို တွေ့ရှိရသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ တိုင်းဒေသကြီး၊ ပြည်နယ် ၄ ခုတွင် မ ဦးရေ အချိုးမှာ ၅၃.၅% မှ ၅၄.၅% ကြားတွင် ရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၆) - ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျား၊ မ အချိုး




ပုံ ၇ တွင် နိုင်ငံ၏ လူဦးရေပိရမစ်ပုံကို ဖော်ပြထားပါသည်။ ၎င်းတွင် အထူးသဖြင့် အသက်အုပ်စုအငယ်ပိုင်းနှင့်စပ်လျဉ်း၍ တသမတ်တည်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အဆိုပါ အသက်အရွယ်အလိုက် ပုံ့နှံ့မှုအရ ကလေးအရေအတွက်သည် လွန်ခဲ့သော ၁၅ နှစ်အတွင်း ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပုံ (၇) - ကျား-မ ဦးရေပျံ့နှံ့မှု




ပုံ (၈)- အသက်အုပ်စုအလိုက် လူဦးရေ ဖွဲ့စည်းမှု




ပုံ ၈ တွင် အသက်အုပ်စုအလိုက် လူဦးရေပျံ့နှံ့မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖော်ပြထားပါသည်။ အသက် ၁၀-၁၄ နှစ်ကြားရှိ အုပ်စုသည် အခြားသော ၅ နှစ်ခြားစီရှိသော အသက်အုပ်စုများထက် လူဦးရေသည် ပိုမိုမြင့်မားနေပြီး အခြားအသက်အုပ်စုများတွင် လူဦးရေပျံ့နှံ့မှုများ ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ အသက် ၁၅-၁၉ နှစ် အုပ်စုမှ အသက် ၄၀-၄၄ နှစ်အုပ်စုများရှိ လူဦးရေအရွယ်အစားမှာ အနီးစပ်ဆုံးတူညီနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ

အသက်အုပ်စုများရှိသူတို့သည် ၁၉၇၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း မွေးဖွားသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ ဤကာလအတွင်း လူဦးရေတိုးနှုန်း အပါအဝင် မွေးဖွားမှုနှုန်းသည် အနည်းငယ် (သို့မဟုတ်) အများအားဖြင့် တစ်ညီတည်းဖြစ်နေခြင်း (သို့မဟုတ်) အဆိုပါ အသက်အရွယ်အုပ်စုအတွင်းရှိ လူဦးရေတိုးနှုန်းမှာ အသားတင်ရွှေ့ပြောင်းသွားလာမှုနှုန်းနှင့် ညီတူညီမျှ ဖြစ်နေခြင်း ဖြစ်နိုင်ပါသည်။

**ဇယား (၆)။ အသက်အုပ်စုအလိုက် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း**

| အသက်အုပ်စု (နှစ်) | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| ၀-၄ | ၉.၉ | ၈.၆ | ၇.၇ | ၉.၈ | ၉.၂ |
| ၅-၉ | ၁၀.၅ | ၉.၃ | ၈.၁ | ၁၀.၆ | ၉.၉ |
| ၁၀-၁၄ | ၁၀.၆ | ၉.၇ | ၉.၁ | ၁၀.၆ | ၁၀.၁ |
| ၁၅-၁၉ | ၉.၀ | ၈.၇ | ၉.၂ | ၈.၈ | ၈.၉ |
| ၂၀-၂၄ | ၈.၀ | ၈.၃ | ၉.၁ | ၇.၈ | ၈.၂ |
| ၂၅-၂၉ | ၇.၉ | ၈.၁ | ၈.၅ | ၇.၈ | ၈.၀ |
| ၃၀-၃၄ | ၇.၇ | ၇.၇ | ၈.၂ | ၇.၅ | ၇.၇ |
| ၃၅-၃၉ | ၇.၁ | ၇.၂ | ၇.၄ | ၇.၀ | ၇.၁ |
| ၄၀-၄၄ | ၆.၅ | ၆.၇ | ၇.၀ | ၆.၄ | ၆.၆ |
| ၄၅-၄၉ | ၅.၈ | ၆.၁ | ၆.၃ | ၅.၈ | ၅.၉ |
| ၅၀-၅၄ | ၅.၀ | ၅.၃ | ၅.၄ | ၅.၁ | ၅.၂ |
| ၅၅-၅၉ | ၄.၀ | ၄.၃ | ၄.၄ | ၄.၁ | ၄.၂ |
| ၆၀-၆၄ | ၃.၀ | ၃.၄ | ၃.၃ | ၃.၁ | ၃.၂ |
| ၆၅+ | ၅.၁ | ၆.၆ | ၆.၂ | ၅.၇ | ၅.၉ |
| **စုစုပေါင်း** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

ခြုံငုံသုံးသပ်ကြည့်ပါက နိုင်ငံတွင် ကောင်းမွန်သော လူဦးရေတည်ဆောက်မှုပုံစံရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ "အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြား" ပါဝင်မှုသည် ၆၄.၉% ရှိချိန်တွင် ကလေး "အသက် ၀ မှ ၁၄ နှစ်ကြား" ပါဝင်မှုသည် ၂၉.၂% နှင့် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ ပါဝင်မှုသည် ၅.၉% တို့ ဖြစ်ကြောင်း ဇယား (၆) တွင်တွေ့ရှိရပါသည်။

## ၆.၆ မှီခိုမှုအချိုး

မှီခိုမှုအချိုးဆိုသည်မှာ အလုပ်လုပ်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေပေါ်တွင် ကလေး (၀-၁၄) နှစ်နှင့် သက်ကြီးရွယ်အို (၆၅) နှစ်နှင့်အထက်တို့၏ မှီခိုမှုအချိုးဖြစ်ပါသည်။ ကလေးများနှင့် သက်ကြီးရွယ်အိုများသည် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ

လူဦးရေ၏ ပြုစုစောင့်ရှောက်မှုရရှိရန် မျှော်လင့်နေကြသည့်အားလျော့စွာ စုစုပေါင်းလူဦးရေတွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြား လူဦးရေပေါ်တွင် မည်မျှဝန်ထုတ်ဝန်ပိုးရှိနေသည်ကို ဖော်ပြနေပါသည်။ ဇယား ၇ တွင် ဖော်ပြထားသည့်အတိုင်း စုစုပေါင်း မှီခိုသူအချိုးမှာ ၅၄% ရှိပါသည်။ ကျေးလက်ရှိ မှီခိုသူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်ရှိပြီး မြို့ပြထက် ၁၃% ရာခိုင်နှုန်း ပိုများနေပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၏ မှီခိုသူအချိုးမှာ အမျိုးသားဦးဆောင်သော အိမ်ထောင်စုများထက် အနည်းငယ်လျော့နေကြောင်း တွေ့ရှိရပါသည်။ သို့သော် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများတွင် သက်ကြီးမှီခိုမှုအချိုးသည် ပိုမိုများပြားနေပြီး၊ အမျိုးသားဦးဆောင်သော အိမ်ထောင်စုများတွင် ကလေးမှီခိုမှုအချိုးမှာ ပိုမိုများပြားနေကြောင်း တွေ့ရှိရပါသည်။

ဇယား (၇)။ မှီခိုမှုအချိုး

| အိမ်ထောင်ဦးစီး | နယ်ပယ် | ကလေးမှီခိုမှု အချိုး | သက်ကြီး မှီခိုမှုအချိုး | စုစုပေါင်း မှီခိုမှုအချိုး |
|---|---|---|---|---|
| ကျား | တစ်နိုင်ငံလုံး | ၄၇.၀ | ၇.၅ | ၅၄.၅ |
| မ | တစ်နိုင်ငံလုံး | ၃၇.၁ | ၁၄.၉ | ၅၂.၀ |
| ကျား + မ | တစ်နိုင်ငံလုံး | ၄၅.၀ | ၉.၀ | ၅၄.၀ |
| ကျား + မ | မြို့ပြ | ၃၆.၀ | ၈.၉ | ၄၅.၀ |
| ကျား + မ | ကျေးလက် | ၄၈.၉ | ၉.၁ | ၅၈.၀ |

## ၆.၇ အိမ်ထောင်ရေးအခြေအနေ

မည်သည့်လူ့အဖွဲ့အစည်းတွင်မဆို လူ့အဖွဲ့အစည်းများအတွင်း အိမ်ထောင်ပြုခြင်းသည် အိမ်ထောင်စုများအပေါ် အခြေခံခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ အိမ်ထောင်ရေးအခြေအနေသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ ၎င်းသည် စီးပွားရေးလုပ်ဆောင်မှု အခြေအနေများနှင့် အလုပ်လက်ရှိ-အလုပ်လက်မဲ့တို့ကို အဓိကအကျိုးဆက်ဖြစ်စေပါသည်။ အိမ်ထောင်စုစစ်တမ်းအများစုတွင် ကောက်ယူသကဲ့သို့ ယခုစစ်တမ်းတွင်လည်း အိမ်ထောင်စုဝင်များ၏ အိမ်ထောင်ရေးအခြေအနေကို ကောက်ယူခဲ့ပါသည်။ အသက် ၁၃ နှစ်နှင့်အထက်ရှိသူများကို ကောက်ယူခဲ့သော်လည်း အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားနှင့် ကိုက်ညီမှုရှိစေရန် အတွက် အသက် ၁၅ နှစ်နှင့်အထက်ရှိသူများ၏ စာရင်းများကို ဖော်ပြထားပါသည်။ လူပျို/အပျို ရာခိုင်နှုန်းတွင် ကျေးလက်ဒေသသည် မြို့ပြထက် ပိုနည်းနေသည်ကို တွေ့ရှိရပြီး အိမ်ထောင်ရှိသူ ရာခိုင်နှုန်းတွင် မြို့ပြဒေသထက် ကျေးလက်ဒေသကပိုများသည်ကို တွေ့ရှိရပါသည်။ ကျေးလက်နှင့်နှိုင်းယှဉ်ပါက မြို့ပြတွင် ကွာရှင်းထားသူ ရာခိုင်နှုန်းပို၍များကြောင်း တွေ့ရှိရပါသည်။ မုဆိုးဖို/မုဆိုးမ ရာခိုင်နှုန်းကို နှိုင်းယှဉ်ရာ၌ မုဆိုးမရာခိုင်နှုန်းသည် မုဆိုးဖိုရာခိုင်နှုန်းထက် ပိုများနေကြောင်းတွေ့ရှိရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အမျိုးသမီးများသည် သူတို့၏ အမျိုးသားများထက်

ပို၍ အသက်ငယ်သည်ကို တွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ အသက်ရှည်စွာနေထိုင်နိုင်ကြောင်းကို ဇယား ၈ တွင် ဖော်ပြထားပါသည်။ ပုံ ၉ တွင် အသက်အရွယ်အလိုက် အိမ်ထောင်ရေး အခြေအနေများကို ဖော်ပြထားပါသည်။

**ဇယား (၈)။ အိမ်ထောင်ရေးအခြေအနေအလိုက် အလုပ်လုပ်ကိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ ပျံ့နှံ့မှု (ရာခိုင်နှုန်း)**

**အသက် ၁၅ နှစ်နှင့်အထက်**

| နယ်ပယ် | အိမ်ထောင်ရေးအခြေအနေ | | | | | |
|---|---|---|---|---|---|---|
| | အပျို/လူပျို | အိမ်ထောင်လက်ရှိ | အတူမနေ | ကွာရှင်း | မုဆိုးဖို/မုဆိုးမ | စုစုပေါင်း |
| **ပြည်ထောင်စု** | **၃၁.၉** | **၅၇.၈** | **၁.၀** | **၁.၀** | **၈.၃** | **၁၀၀** |
| မြို့ပြ | ၃၆.၂ | ၅၃.၀ | ၁.၂ | ၁.၂ | ၈.၄ | ၁၀၀ |
| ကျေးလက် | ၃၀.၀ | ၆၀.၀ | ၀.၉ | ၀.၉ | ၈.၂ | ၁၀၀ |
| ကျား | ၃၂.၉ | ၆၁.၉ | ၀.၆ | ၀.၇ | ၃.၈ | ၁၀၀ |
| မ | ၃၁.၀ | ၅၄.၄ | ၁.၃ | ၁.၂ | ၁၂.၀ | ၁၀၀ |



## ၆.၈ မသန်စွမ်းမှု

နမူနာလူဦးရေ၏ အသက် ၅ နှစ်နှင့်အထက် မသန်စွမ်းမှုများကိုသိရှိရန် စံသတ်မှတ်ထားသော မေးခွန်း(၆) ခုဖြင့် မေးမြန်းခဲ့ပါသည်။ မေးခွန်းများမှာ-

- မျက်မှန်တပ်ထားသည့်တိုင် အမြင်အာရုံအခက်အခဲရှိသလား။
- အထောက်အကူပြု နားကြပ်တပ်ထားသည့်တိုင် အကြားအာရုံ အခက်အခဲ ရှိသလား။
- လမ်းလျှောက်ရာတွင် (သို့) လှေကားတက်ရာတွင် အခက်အခဲရှိသလား။
- မှတ်မိခြင်း (သို့) အာရုံစူးစိုက်ခြင်းတို့တွင် အခက်အခဲရှိသလား။
- မိမိကိုယ်တိုင်ဆောင်ရွက်ရန် လိုသည်များ -ဥပမာအားဖြင့် ရေချိုးရာတွင်၊ အဝတ်ဝတ်ရာတွင် အခက်အခဲရှိသလား။
- ရုပ်ပိုင်း၊ စိတ်ပိုင်း (သို့) စိတ်ခံစားချက်ဆိုင်ရာ ကျန်းမာရေးအခြေအနေကြောင့် ဆက်ဆံရေးတွင် အခက်အခဲရှိပါသလား။ (ဥပမာအားဖြင့် အများကို နားလည်နိုင်ပြီး၊ အများက သူ/သူမကို နားလည်နိုင်ခြင်း)

အထက်ပါမေးခွန်းများမှ တစ်ခုခုတွင် ခက်ခဲပါသည်ဟု ဖြေဆိုပါက မသန်စွမ်းသူအဖြစ် သတ်မှတ်ပါသည်။ အဆိုပါယူဆချက်အတိုင်း ဇယား ၉ တွင် ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်များ အလိုက် မသန်စွမ်းသည့် လူဦးရေအချိုးကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတစ်နိုင်လုံးတွင် အသက် ၅ နှစ်အထက် လူဦးရေ၏ ၇.၇ ရာခိုင်နှုန်းသည် အထက်တွင် သတ်မှတ်ထားသော မသန်စွမ်းမှု ၆ ခုထဲမှ တစ်မျိုး (သို့မဟုတ်) တစ်မျိုးထက် ပိုသောအခက်အခဲများရှိနေပါသည်။ ကျေးလက်နှင့် နှိုင်းယှဉ်ပါက မြို့ပြတွင် မသန်စွမ်းမှုရာခိုင်နှုန်း ပိုမိုများနေသည်ကို တွေ့ရှိရပါသည်။ သတ်မှတ်ထားသော မသန်စွမ်းမှု ၆ ခုထဲတွင် "မျက်မှန်တပ်ထားသည့်တိုင် အမြင်အာရုံအခက်အခဲရှိသလား" မေးခွန်းတွင် အခက်အခဲရှိသူ ရာခိုင်နှုန်းမှာ အမြင့်ဆုံးဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် အမြင်အာရုံအခက်အခဲရှိသူ ၅.၇% ရှိပြီး (မ) ဦးရေမှာ ပိုမိုများသည်ကို တွေ့ရှိရပါသည်။ "လမ်းလျှောက်ရာတွင် (သို့) လှေကားတက်ရာတွင်အခက်အခဲရှိသလား" မေးခွန်းတွင် အခက်အခဲရှိသည့် ရာခိုင်နှုန်းမှာ ဒုတိယအများဆုံး ဖြစ်ပါသည်။

ဇယား (၉)။ မသန်စွမ်းသည့် လူဦးရေ (ရာခိုင်နှုန်း)

အသက် ၅ နှစ်နှင့်အထက်

| နယ်ပယ် | အမြင် အာရုံ | အကြား အာရုံ | လမ်း လျှောက် လှေခါး တက် အခက် အခဲရှိ | မှတ် ဉာဏ် နှင့် အာရုံ စူးစိုက် နိုင်မှု | မိမိကိုယ် မိမိ ဆောင်ရွက် ရန်ကိစ္စများ | ရုပ်ပိုင်း၊ စိတ်ပိုင်း (သို့) စိတ်ခံစားမှု ဆိုင်ရာ ကျန်းမာရေး အခြေအနေ | အခြား မသန် စွမ်းမှု |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၅.၇ | ၂.ဝ | ၃.၄ | ၁.၇ | ၁.၃ | ၀.၉ | ၇.၇ |
| မြို့ပြ | ၇.၀ | ၁.၆ | ၃.၅ | ၁.၈ | ၁.၂ | ၁.၀ | ၉.၁ |
| ကျေးလက် | ၅.၁ | ၂.၂ | ၃.၃ | ၁.၆ | ၁.၃ | ၀.၉ | ၇.၂ |
| ကျား | ၅.၀ | ၁.၈ | ၂.၈ | ၁.၄ | ၁.၁ | ၀.၉ | ၆.၉ |
| မ | ၆.၃ | ၂.၂ | ၃.၉ | ၁.၉ | ၁.၄ | ၀.၉ | ၈.၄ |

ဇယား ၁၀ တွင် အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ မသန်စွမ်းမှုအခြေအနေကို ခက်ခဲမှု အဆင့်အလိုက် ဖော်ပြထားပါသည်။ လုံးဝဆောင်ရွက်နိုင်မှုမရှိသော မသန်စွမ်းမှု ရာခိုင်နှုန်းမှာ ၀ - ၀.၂% ကြား ရှိပါသည်။ အကြားအာရုံအခက်အခဲတွင် လုံးဝမကြားသော လူဦးရေ ရာခိုင်နှုန်းမှာ ၀.၁% အောက် ရှိသည်ကို တွေ့ရပါသည်။ မှတ်ဉာဏ်နှင့် အာရုံစူးစိုက်နိုင်မှု (သို့မဟုတ်) ရုပ်ပိုင်း၊ စိတ်ပိုင်း (သို့) စိတ်ခံစားမှုဆိုင်ရာ ကျန်းမာရေးအခြေအနေ၏ အခက်အခဲများတွင်လည်း ထိုနည်းတူပင် ဖြစ်ပါသည်။

ဇယား (၁၀)။ ခက်ခဲမှုအဆင့်အလိုက် မသန်စွမ်းသည့် လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)

အသက် ၅ နှစ်နှင့်အထက်

| အခက်အခဲအဆင့် | အမြင် အာရုံ | အကြား အာရုံ | လမ်းလျှောက် လှေခါးတက် အခက်အခဲရှိ | မှတ်ဉာဏ် နှင့် အာရုံ စူးစိုက် နိုင်မှု | မိမိကိုယ် မိမိဆောင် ရွက်ရန် ကိစ္စများ | ရုပ်ပိုင်း၊ စိတ်ပိုင်း (သို့) စိတ်ခံစားမှု ဆိုင်ရာကျန်းမာရေး အခြေအနေ |
|---|---|---|---|---|---|---|
| အခက်အခဲမရှိ | ၉၄.၃ | ၉၈.၀ | ၉၆.၆ | ၉၈.၃ | ၉၈.၇ | ၉၉.၁ |
| အခက်အခဲ အနည်းငယ်ရှိ | ၅.၃ | ၁.၈ | ၂.၈ | ၁.၄ | ၀.၉ | ၀.၇ |
| အခက်အခဲများစွာရှိ | ၀.၄ | ၀.၂ | ၀.၄ | ၀.၂ | ၀.၂ | ၀.၂ |
| လုံးဝမလုပ်ဆောင်နိုင် | ၀.၁ | ၀.၀ | ၀.၂ | ၀.၀ | ၀.၂ | ၀.၁ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

## ၆.၉ နေအိမ်ပိုင်ဆိုင်မှု အခြေအနေ

ဇယား ၁၁ တွင် အိမ်ထောင်စုများ၏ နေအိမ်ပိုင်ဆိုင်မှု အခြေအနေပျံ့နှံ့မှုကို ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံးတွင် မိသားစုဝင်တစ်ဦးဦးမှ ပိုင်ဆိုင်သည့် နေအိမ်တွင် နေထိုင်သည့် အိမ်ထောင်စုပေါင်း ၉၁% ရှိပြီး မြို့ပြတွင် ၇၇% နှင့် ကျေးလက်တွင် ၉၆% နေထိုင်ကြောင်း တွေ့ရပါသည်။ အခြားနေအိမ်ပိုင်ဆိုင်မှု အခြေအနေများတွင်လည်း ကျေးလက်ထက် မြို့ပြတွင် ပိုမိုများသည်ကို တွေ့ရပါသည်။ နေအိမ်ပိုင်ဆိုင်မှုမရှိဘဲ နေထိုင်သည့် မိသားစုအရေအတွက်သည် ကျေးလက်ဒေသတွင်သာ တွေ့ရှိရပါသည်။

**ဇယား (၁၁)။ နေထိုင်သည့်အဆောက်အဦ၏ ပိုင်ဆိုင်မှုအခြေအနေအလိုက် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | ကိုယ်ပိုင် | အိမ်ငှား/ အစိုးရ အိမ်ယာ | အိမ်ငှား/ အခြားသူ ပိုင်သည့် အိမ်ယာ | အခမဲ့ နေထိုင်ခွင့် | အစိုးရ ဝန်ထမ်း အိမ်ယာ | ပုဂ္ဂလိက ကုမ္ပဏီ ပိုင် အိမ်ယာ | နေအိမ် မရှိ | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၉၀.၅ | ၁.၁ | ၄.၉ | ၂.၁ | ၀.၉ | ၀.၄ | ၀.၁ | ၀.၁ | ၁၀၀.၀ |
| မြို့ပြ | ၇၇.၀ | ၂.၆ | ၁၃.၅ | ၃.၄ | ၂.၄ | ၀.၉ | ၀.၀ | ၀.၂ | ၁၀၀.၀ |
| ကျေးလက် | ၉၅.၉ | ၀.၅ | ၁.၄ | ၁.၆ | ၀.၃ | ၀.၁ | ၀.၁ | ၀.၁ | ၁၀၀.၀ |

ဇယား ၁၂ တွင် အိမ်ထောင်စုများ၏ နေအိမ်အဆောက်အဦတွင် အိမ်နံရံအသုံးပြုသည့် အမျိုးအစားအလိုက် ရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ အိမ်နံရံတွင် ဝါးကို အဓိကထား၍ အသုံးပြုသည်ကို တွေ့ရပါသည်။ အိမ်ထောင်စု စုစုပေါင်း၏ထက်ဝက်ကျော်သည် ဝါးကို အသုံးပြုထားပါသည်။ နိုင်ငံအတွင်းရှိ အိမ်ထောင်စုများ၏ အိမ်နံရံကို ဝါး၊ သစ်နှင့် အုတ်တို့ကို အဓိကထားအသုံးပြုကြပါသည်။ မြို့ပြဒေသရှိ အိမ်ထောင်စုများ၏ ၂၈% ကျော်သည် ဝါး၊ သစ် နှင့် အုတ်တို့ကို အဓိကထား အသုံးပြုကြပါသည်။ ကျေးလက်ဒေသတွင် ဝါးနံရံ အသုံးပြုမှုမှာ အများဆုံးဖြစ်ပြီး သစ်သားနှင့် အုတ်တို့ကိုလည်း နံရံအဖြစ် အသုံးပြုကြပါသည်။

ဇယား (၁၂)။ နေအိမ်နံရံအတွက် အသုံးပြုသည့် ပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စုများပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | အုတ် | ကျောက်တုံး | သစ်သား | ဝါး | သစ်ရွက် | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၁၇.၆ | ၀.၄ | ၂၆.၀ | ၅၀.၉ | ၄.၂ | ၀.၈ | ၁၀၀.၀ |
| မြို့ပြ | ၃၅.၃ | ၀.၇ | ၂၈.၄ | ၃၄.၄ | ၀.၆ | ၀.၆ | ၁၀၀.၀ |
| ကျေးလက် | ၁၀.၇ | ၀.၃ | ၂၅.၁ | ၅၇.၄ | ၅.၆ | ၀.၉ | ၁၀၀.၀ |

ဇယား ၁၃ တွင် အိမ်ထောင်စုများ၏ နေအိမ်အဆောက်အဦတွင် အိမ်အမိုးအသုံးပြုသည့် အမျိုးအစားအလိုက် ရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ မြို့ပြနှင့် ကျေးလက်အပါအဝင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ အိမ်အမိုးတွင် သွပ်အသုံးပြုသည့် ရာခိုင်နှုန်းမှာ အများဆုံး ဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ကျေးလက်ဒေသများရှိ အိမ်ထောင်စုများ၏ သုံးပုံတစ်ပုံ နှင့်အထက်သည် အိမ်အမိုးတွင် သက်ကယ်နှင့် သစ်ရွက်များကို အသုံးပြုသည်ကို တွေ့ရပါသည်။

ဇယား (၁၃)။ အိမ်အမိုးအတွက် အသုံးပြုသည့် ပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စုများပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | ကွန်ကရစ် | သွပ် | အုတ်ကြွပ် | သက်ကယ်/ သစ်ရွက် များ | ဝါး/ သစ်လုံး | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၁.၆ | ၆၆.၆ | ၀.၉ | ၂၈.၉ | ၁.၆ | ၀.၄ | ၁၀၀.၀ |
| မြို့ပြ | ၄.၉ | ၈၂.၂ | ၁.၃ | ၁၀.၄ | ၁.၂ | ၀.၁ | ၁၀၀.၀ |
| ကျေးလက် | ၀.၄ | ၆၀.၅ | ၀.၈ | ၃၆.၁ | ၁.၇ | ၀.၅ | ၁၀၀.၀ |

## ၆.၁၀ မြေယာပိုင်ဆိုင်မှု

ဇယား ၁၄ တွင် အိမ်ထောင်စုများ၏ မြေယာပိုင်ဆိုင်မှု ဧကအလိုက် ရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ မြေယာပိုင်ဆိုင်မှုဆိုသည်မှာ အိမ်ထောင်စုမှ ပိုင်ဆိုင်သည်ဖြစ်စေ၊ မပိုင်ဆိုင်သည်ဖြစ်စေ လက်ရှိအသုံးပြုနေသည့် မြေယာအကျယ်အဝန်းကို ဆိုလိုပါသည်။ မြေယာပိုင်ဆိုင်မှု မရှိသည့် အိမ်ထောင်စုများအပါအဝင် အိမ်ထောင်စု၏ ငါးပုံတစ်ပုံသည် ၀.၂ ဧကအောက် ပိုင်ဆိုင်သည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသရှိ အိမ်ထောင်စုများ၏ ထက်ဝက်ကျော်သည် ၀.၂ ဧကမှ ၀.၉၉ ဧကအထိ မြေယာပိုင်ဆိုင်မှုရှိပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာတွင် အိမ်ထောင်စုတစ်စု ၏ ပျမ်းမျှမြေယာပိုင်ဆိုင်မှု ဧကမှာ ၂.၇ ဧကဖြစ်ပြီး မြို့ပြတွင် ၁.၀ ဧကနှင့် ကျေးလက်တွင် ၃.၄ ဧကတို့ ပိုင်ဆိုင်သည်ကို တွေ့ရှိရပါသည်။

ဇယား (၁၄)။ မြေယာပိုင်ဆိုင်မှုအရွယ်အစားအလိုက် အိမ်ထောင်စုများပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | မြေယာပိုင်ဆိုင်မှုအရွယ်အစားအလိုက် အိမ်ထောင်စုများ (ဧက) | | | | | | | ပျမ်းမျှ မြေယာ ပိုင်ဆိုင်မှု (ဧက) |
|---|---|---|---|---|---|---|---|---|
| | <၀.၂ | ၀.၂- ၀.၉၉ | ၁.၀၀- ၂.၄၉ | ၂.၅၀- ၄.၉၉ | ၅.၀၀ - ၉.၉၉ | ၁၀.၀၀ နှင့် အထက် | စုစု ပေါင်း | |
| ပြည်ထောင်စု | ၂၀.၂ | ၃၆.၇ | ၁၃.၃ | ၁၁.၃ | ၁၀.၄ | ၇.၁ | ၁၀၀.၀ | ၂.၇ |
| မြို့ပြ | ၃၄.၅ | ၄၉.၅ | ၉.၅ | ၂.၈ | ၁.၉ | ၁.၇ | ၁၀၀.၀ | ၁.၀ |
| ကျေးလက် | ၁၆.၁ | ၃၁.၇ | ၁၄.၈ | ၁၄.၅ | ၁၃.၇ | ၉.၂ | ၁၀၀.၀ | ၃.၄ |

စိုက်ပျိုးလုပ်ကိုင်ခြင်းကို အဓိကအားဖြင့် ကျေးလက်ဒေသများတွင် လုပ်ဆောင်ကြပါသည်။ သို့သော် မြန်မာနိုင်ငံတွင်အချို့သောမြို့ (သို့မဟုတ်)မြို့နယ်များမှလွဲ၍ မြို့ပြနှင့်ကျေးလက် အကြားများစွာ ကွဲပြားခြားနားမှုမရှိပါ။ မြို့ပြတွင်လည်း စုစုပေါင်းစိုက်ပျိုးမြေ ဧရိယာများမှာ အသင့်အတင့်တွေ့ရှိပါသည်။ ထို့အပြင် မြို့ပြတွင်နေထိုင်သူများသည် ကျယ်ဝန်းသော မြေဧရိယာ များရှိပြီး မိသားစုပိုင်အဆောက်အဦများတွင် နေထိုင်ကြပါသည်။ ကျေးလက် (သို့မဟုတ်) မြို့ပြ များရှိ အိမ်ထောင်စုများ၏ ပျမ်းမျှစိုက်ပျိုးသည့် မြေဧရိယာမှာ မြို့ပြတွင် ၆.၁ ဧကနှင့် ကျေးလက်တွင် ၆.၄ ဧကဖြင့် တူညီလုနီးပါးရှိသည်ကို ဇယား ၁၅ တွင် တွေ့ရှိရမည် ဖြစ်ပါသည်။

ဇယား (၁၅)။ စုစုပေါင်း စိုက်ပျိုးမြေဧရိယာအလိုက် စိုက်ပျိုးလုပ်ကိုင်သည့် အိမ်ထောင်စုများ၏ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | စိုက်ပျိုးမြေ ဧရိယာ အလိုက် အိမ်ထောင်စုများ၏ ရာခိုင်နှုန်း | စုစုပေါင်းစိုက်ပျိုးမြေ ဧရိယာ(ဧက) | | | | | | | ပျမ်းမျှ စိုက် ပျိုးမြေ ဧက |
|---|---|---|---|---|---|---|---|---|---|
| | | <၀.၂ | ၀.၂- ၀.၉၉ | ၁.၀၀- ၂.၄၉ | ၂.၅၀- ၄.၉၉ | ၅.၀၀ - ၉.၉၉ | ၁၀.၀၀ နှင့် အထက် | စုစု ပေါင်း | |
| ပြည်ထောင်စု | ၃၄.၁ | ၈.၇ | ၁.၇ | ၂၁.၀ | ၂၁.၇ | ၂၅.၀ | ၂၁.၉ | ၁၀၀.၀ | ၆.၄ |
| မြို့ပြ | ၆.၇ | ၁၀.၀ | ၂.၃ | ၂၄.၇ | ၂၀.၄ | ၂၂.၀ | ၂၀.၇ | ၁၀၀.၀ | ၆.၁ |
| ကျေးလက် | ၄၄.၇ | ၈.၆ | ၁.၇ | ၂၀.၈ | ၂၁.၇ | ၂၅.၁ | ၂၂.၀ | ၁၀၀.၀ | ၆.၄ |

## ၆.၁၁ ဝင်ငွေရရှိမှု

ဤစစ်တမ်းတွင် အိမ်ထောင်စုများ၏ ဝင်ငွေရရှိမှုဆိုင်ရာ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ အခြားမှရရှိသည့် ဝင်ငွေအပါအဝင် ဝင်ငွေရရှိမှု အမျိုးအစား (၈) ခုဖြင့် မေးမြန်းခဲ့ပါသည်။ ဝင်ငွေသည် နေရာမျိုးစုံမှ ရနိုင်ပါသည်။

ဇယား ၁၆ တွင် ဖော်ပြချက်အရ ကျေးလက်ရှိ အိမ်ထောင်စုထက်ဝက်ကျော်သည် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေရရှိပြီး၊ မြို့ပြတွင် စိုက်ပျိုးရေးမဟုတ်သည့် စီးပွားရေးလုပ်ငန်းများမှ ဝင်ငွေရရှိသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသများရှိ အိမ်ထောင်စုများ၏ ထက်ဝက်ကျော်သည် လုပ်ခ၊ လစာရ အလုပ်အကိုင်များမှ ဝင်ငွေရရှိခြင်း ဖြစ်ပါသည်။ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများသည် ပြည်တွင်း (သို့) ပြည်ပ လွှဲပို့ငွေများမှ ဝင်ငွေရရှိမှု ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

**ဇယား (၁၆)။ ဝင်ငွေရရှိမှု အရင်းအမြစ်အလိုက် အိမ်ထောင်စု ရာခိုင်နှုန်း**

| နယ်ပယ် | လယ်ယာ လုပ်ငန်း | လယ်ယာ လုပ်ငန်း မှအပ အခြားစီးပွား ရေးလုပ်ငန်း | လုပ်ခ၊ လစာရ အလုပ် အကိုင် | ပင်စင် | ငှားရမ်းခြင်းမှရရှိသည့် ဝင်ငွေ | ပြည်တွင်းမှ လွှဲပို့ငွေ | နိုင်ငံ ခြားမှ လွှဲပို့ငွေ | အတိုး ရငွေနှင့် အမြတ် ဝေစု | အခြား |
|---|---|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၃၇.၇** | **၃၂.၀** | **၄၂.၄** | **၃.၆** | **၂.၄** | **၅.၉** | **၅.၀** | **၀.၇** | **၁.၆** |
| မြို့ပြ | ၇.၉ | ၅၁.၂ | ၅၂.၂ | ၈.၄ | ၃.၅ | ၇.၅ | ၃.၁ | ၁.၃ | ၁.၇ |
| ကျေးလက် | ၄၉.၃ | ၂၄.၅ | ၃၈.၆ | ၁.၇ | ၂.၀ | ၅.၂ | ၅.၈ | ၀.၄ | ၁.၅ |
| အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ၂၇.၃ | ၃၁.၇ | ၄၂.၁ | ၄.၉ | ၄.၀ | ၁၁.၇ | ၈.၆ | ၀.၉ | ၁.၉ |

# အခန်း ၇

# ပညာရေးနှင့် သင်တန်း

## ၇.၁ နိဒါန်း

စီးပွားရေးကဏ္ဍတစ်ခုတွင် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် ပညာရေး၊ သင်တန်းများနှင့် ကျွမ်းကျင်မှုများသည် အဓိကဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ရန်မှာ နိုင်ငံ၏ ပညာရေးစနစ်ပေါ်တွင် များစွာမူတည်ပါသည်။ ထို့ကြောင့် လူငယ်များ၏ ကျောင်းပညာရေးစနစ်နှင့်ပြင်ပပညာရေးစနစ်များသည် အလုပ်သမားရေးရာစာရင်းအင်းကို လေ့လာရာတွင် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ဤအခန်း တွင် အိမ်ထောင်စုဝင်များ၏ပညာရေးကို မေးမြန်းထားပါသည်။

စစ်တမ်းကောက်ယူရာတွင် အသက် ၅ နှစ်နှင့်အထက် အိမ်ထောင်စုဝင်များ၏ စာတတ်မြောက်မှုနှင့် ပညာရေးအဆင့်နှင့်သက်ဆိုင်သည့် အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ ထို့အပြင် အသက် ၁၂ နှစ်နှင့်အထက် အိမ်ထောင်စုဝင်များ၏ ကျောင်းပြင်ပသင်တန်းဆိုင်ရာ အချက်အလက်များကိုလည်း ကောက်ယူခဲ့ပါသည်။ သို့သော်လည်း ဤအခန်းတွင် အသက် ၅ နှစ်နှင့်အထက် လူဦးရေ (သို့) အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်နိုင်သော လူဦးရေအတွက်သာ ခန့်မှန်းဖော်ပြထားပါသည်။

## ၇.၂ စာတတ်မြောက်မှု

၁၉၅၈ ခုနှစ်၊ UNESCO ၏ တိုက်တွန်းချက်ကို အခြေခံသည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စာတတ်သူ[၆]တစ်ဦးကို ၎င်း၏နေ့စဉ် ဘဝတွင် ဝါကျတိုတစ်ကြောင်းအား ရေးနိုင်၊ ဖတ်နိုင်၊ နားလည်နိုင်သူအား စာတတ်မြောက်သူဟု အဓိပ္ပါယ် ဖွင့်ဆိုပါသည်။ ယခုစစ်တမ်းတွင်လည်း စာတတ်မြောက်မှုအား အလားတူ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။

စာတတ်မြောက်မှုနှင့် ပညာရေးပြီးဆုံးမှုအခြေအနေသည် လူတစ်ဦး၏ အလုပ်အကိုင်မျှော်လင့်ချက်နှင့် များစွာဆက်စပ်နေပါသည်။ စာတတ်မြောက်မှုမရှိသူများ၏ အလုပ်အကိုင်များကို သိသာစွာခန့်မှန်း သိမြင်နိုင်မည်ဖြစ်ပါသည်။ အိမ်ထောင်စုတစ်စုလုံးသည် စာတတ်မြောက်မှုမရှိလျှင် သူတို့၏နေထိုင်ရပ်တည်မှုကို ကောင်းမွန်စွာစဉ်းစားနိုင်မည် မဟုတ်ပါ။ ထိုကဲ့သို့သော အခြေအနေများကို နားလည်ရန်အတွက် အိမ်ထောင်စုတွင် စာမတတ် သူ မည်မျှရှိသည်ကိုသိရန် လိုအပ်ပါသည်။ အိမ်ထောင်စုများ၏ အိမ်ထောင်ဦးစီး (ကျား၊ မ) ဖြစ်မှုသည် လူမှုစီးပွားရေးကဏ္ဍတွင် အကျိုးသက်ရောက်မှုရှိပြီး၊ အမျိုးသမီးများ (သို့မဟုတ်) စာမတတ်သူ အိမ်ထောင်ဦးစီးများသည် လုပ်သားဈေးကွက်ကို အကျိုးသက်ရောက်မှု ဖြစ်စေပါသည်။ ဇယား ၁၇ တွင်

---

[၆] UNESCO ၏ ပညာရေးကဏ္ဍစာတမ်း "*The Plurality of Literacy and its implications for Policies and Programs"(PDF)* ၏ အပိုဒ် ၁၃:၂၀၀၄

ဖော်ပြထားချက်အရ ပြည်ထောင်စုအဆင့်တွင် စာမတတ်သူများ ပါ ဝင်သည့်အိမ်ထောင်စုမှာ ၂၀% ရှိပါသည်။ သို့သော်လည်း မြို့ပြဒေသတွင် ၁၁.၆% သာ ရှိပြီး ကျေးလက်တွင် ၂၃.၄% ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အမျိုးသမီးများ ရှိသည့် အိမ်ထောင်စုများတွင် စာတတ်မြောက်မှုမရှိသောအမျိုးသမီးများပါဝင်သည့် အိမ်ထောင်စု ရာခိုင်နှုန်းမှာ ၁၈% ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပြီး၊ အလားတူပင် အိမ်ထောင်စုအားလုံး၏ စာမတတ်သူပါဝင်မှုကိုလည်း မြို့ပြနှင့် ကျေးလက်ဒေသ များတွင် တွေ့ရှိရမည်ဖြစ်ပါသည်။

**ဇယား (၁၇)။ အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သည့် အိမ်ထောင်စုဝင်/အမျိုးသမီး အိမ်ထောင်စုဝင် ရှိသည့် အိမ်ထောင်စုများ (ရာခိုင်နှုန်း)**

| ဖော်ပြချက် | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| စာမတတ်သည့် အိမ်ထောင်စုဝင်များ(%) | ၁၁.၆ | ၂၃.၄ | ၂၀.၁ |
| စာမတတ်သူ အမျိုးသမီးရှိသည့် အိမ်ထောင်စုများ(%)* | ၁၀.၃ | ၂၁.၀ | ၁၈.၀ |

** ဤအချိုးများ၏ ပိုင်းခြေသည် အနည်းဆုံးအမျိုးသမီး အိမ်ထောင်စုဝင်တစ်ဦးရှိသည့် အိမ်ထောင်စု အားလုံးဖြစ်ပါသည်။*

**ဇယား (၁၈)။ အသက် ၅ နှစ် နှင့် အထက် စာတတ်မြောက်သူများ (ရာခိုင်နှုန်း)**

| ကျား/မ | မြို့ပြ | ကျေးလက် | ပြည်ထောင်စု |
|---|---|---|---|
| | | | **အသက် ၅ နှစ်နှင့်အထက်** |
| ကျား | ၉၅.၆ | ၉၀.၂ | ၉၁.၈ |
| မ | ၉၃.၆ | ၈၅.၈ | ၈၈.၁ |
| **စုစုပေါင်း** | **၉၄.၅** | **၈၇.၉** | **၈၉.၈** |
| | | | **အသက် ၁၅ နှစ်နှင့်အထက်** |
| ကျား | ၉၆.၅ | ၉၀.၅ | ၉၂.၃ |
| မ | ၉၃.၇ | ၈၄.၄ | ၈၇.၃ |
| **စုစုပေါင်း** | **၉၅.၀** | **၈၇.၂** | **၈၉.၆** |

အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို ဇယား ၁၈၊ ပုံ ၁၀ တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် စာတတ်မြောက်သူဦးရေမှာ ၈၉.၈% ဖြစ်ပါ သည်။ စာတတ်မြောက်မှုနှုန်းသည် မြို့ပြထက် ကျေးလက်ဒေသများတွင် ပိုမိုနည်းသည်ကို တွေ့ရပြီး

အမျိုးသမီးစာတတ်မြောက်မှုနှုန်းသည် အမျိုးသားစာတတ်မြောက်မှုနှုန်းထက် ပို၍နည်းသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ရှိ အမျိုးသမီးများသည် စာတတ်မြောက်မှုတွင် အနိမ့်ဆုံးဖြစ်နေကြောင်း တွေ့ရှိရပါသည်။ စာမတတ်သူနှုန်းကို ဖော်ပြရာတွင် ကျေးလက်ဒေသသည် မြို့ပြဒေသထက် နှစ်ဆဖြစ်နေကြောင်းတွေ့ရှိရပါသည်။ အသက် ၅ နှစ်နှင့်အထက် လူဦးရေနှင့် အသက် ၁၅ နှစ်နှင့် အထက်လူဦးရေ၏ စာတတ်မြောက်မှုနှုန်းကို နှိုင်းယှဉ်ကြည့်လျှင် အနည်းငယ်ပြောင်းလဲသည်ကို တွေ့ရှိရပြီး အဆိုပါပြောင်းလဲမှုသည် ကျေးလက်ရှိ အမျိုးသမီးအရေအတွက်တွင်သာ တွေ့ရှိရပါသည်။ ဤအချက်အရငယ်ရွယ်သော အမျိုးသမီးများသည် စာတတ်မြောက်သူများ ဖြစ်လာနိုင်သည်ကို ဆိုလိုပါသည်။

ပုံ (၁၀) -အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ စာတတ်မြောက်မှု ရာခိုင်နှုန်း




## ၇.၃ ပညာရေးအဆင့်

ဇယား ၁၉ တွင် အသက် ၅ နှစ်နှင့်အထက်နှင့် အသက် ၁၅ နှစ်နှင့်အထက်တို့ အတွက် ပြီးမြောက်ခဲ့သည့် ပညာရေးအဆင့်အလိုက် ပျံ့နှံ့မှုနှုန်းကို ဖော်ပြထားပါသည်။ အဆိုပါဇယားကို ကြည့်ခြင်းအားဖြင့် ပြည်ထောင်စုအဆင့်တွင် အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ ၁၄% သည် မည်သည့်ပညာရေးအဆင့်ကိုမျှ ပြီးမြောက်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့်တွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိသူများ၏ ၆.၅% သည် အထက်တန်းအဆင့် ပြီးမြောက်ထားသူများ ဖြစ်ကြောင်း တွေ့ရှိရပြီး မြို့ပြဒေသတွင် ၁၁.၁% နှင့် ကျေးလက်ဒေသတွင် ၄.၄% သာရှိကြောင်း တွေ့ရှိရပါသည်။

အထက်တန်းအဆင့် ပြီးမြောက်သူရာခိုင်နှုန်းတွင် အမျိုးသားများ၏ ရာခိုင်နှုန်းသည် အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ၏ ၅.၈% သည် ဘွဲ့ရနှင့် အထက် ရရှိထားသူများဖြစ်ပြီး မြို့ပြဒေသတွင် ၁၃% နှင့် ကျေးလက်ဒေသတွင် ၂.၆% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများအကြား ပြီးမြောက်သည့် ပညာရေး အဆင့်သည် မြင့်မားစွာကွဲပြားမှုရှိသော်လည်းအမျိုးသားနှင့် အမျိုးသမီးများအကြားတွင် ခြားနားမှု ကြီးမားစွာမရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၁၉)။ ပညာရေးအဆင့်အလိုက်ရှိ လူဦးရေ(ရာခိုင်နှုန်း)**

| နယ်ပယ် | စာမတတ်မြောက်သူ | မူလတန်း အောက် | မူလတန်း | အလယ်တန်း | သက်မွေးပညာ လက်မှတ်ရ | အထက်တန်း | ဘွဲ့ကြိုဒီပလိုမာ | ဘွဲ့ရနှင့် အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | **၅ နှစ်နှင့်အထက်** |
| **ပြည်ထောင်စု** | **၁၄.၀** | **၂၅.၂** | **၃၃.၀** | **၁၇.၂** | **၀.၂** | **၅.၀** | **၀.၈** | **၄.၅** | **၁၀၀.၀** |
| မြို့ပြ | ၈.၀ | ၁၇.၉ | ၂၇.၆ | ၂၄.၇ | ၀.၄ | ၉.၁ | ၁.၉ | ၁၀.၆ | ၁၀၀.၀ |
| ကျေးလက် | ၁၆.၆ | ၂၈.၃ | ၃၅.၂ | ၁၄.၁ | ၀.၁ | ၃.၄ | ၀.၄ | ၂.၀ | ၁၀၀.၀ |
| ကျား | ၁၂.၅ | ၂၅.၃ | ၃၃.၀ | ၁၉.၀ | ၀.၂ | ၅.၆ | ၀.၉ | ၃.၅ | ၁၀၀.၀ |
| မ | ၁၅.၄ | ၂၅.၂ | ၃၃.၀ | ၁၅.၆ | ၀.၁ | ၄.၅ | ၀.၈ | ၅.၄ | ၁၀၀.၀ |
| | | | | | | | | | **၁၅ နှစ်နှင့်အထက်** |
| **ပြည်ထောင်စု** | **၁၂.၂** | **၁၈.၇** | **၃၄.၁** | **၂၀.၄** | **၀.၂** | **၆.၅** | **၁.၁** | **၅.၈** | **၁၀၀.၀** |
| မြို့ပြ | ၅.၉ | ၁၁.၇ | ၂၆.၀ | ၂၉.၆ | ၀.၅ | ၁၁.၁ | ၂.၃ | ၁၃.၀ | ၁၀၀.၀ |
| ကျေးလက် | ၁၅.၀ | ၂၁.၉ | ၃၇.၇ | ၁၇.၇ | ၀.၁ | ၄.၄ | ၀.၅ | ၂.၆ | ၁၀၀.၀ |
| ကျား | ၁၀.၀ | ၁၈.၀ | ၃၄.၅ | ၂၄.၁ | ၀.၃ | ၇.၄ | ၁.၁ | ၄.၆ | ၁၀၀.၀ |
| မ | ၁၄.၁ | ၁၉.၄ | ၃၃.၈ | ၁၉.၁ | ၀.၂ | ၅.၇ | ၁.၀ | ၆.၈ | ၁၀၀.၀ |

အထက်တန်းအဆင့်အထက် ကျော်လွန်၍ ပညာရေးပြီးဆုံးသူများ၏ လေ့လာသည့် ပညာရေးနယ်ပယ်အလိုက် ပျံ့နှံ့မှုကို အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားအရ ဇယား ၂၀ တွင် ဖော်ပြထားပါသည်။ အချက်အလက်များအရ လေ့လာသည့် ပညာရေးနယ်ပယ်သည် လက်ရှိအသက်အရွယ်များနှင့် သက်ဆိုင်မှုမရှိသည်ကို (ပုံ-၁၁) တွင် တွေ့ရှိနိုင်ပါသည်။ ဥပမာ အားဖြင့် အသက်အုပ်စုတိုင်းတွင် လူအများစုသည် "ဝိဇ္ဇာနှင့်လူမှုရေးရာဘာသာရပ်" နှင့်

"သဘာဝပတ်ဝန်းကျင်သိပ္ပံ၊ သင်္ချာနှင့် စာရင်းအင်းပညာဘာသာရပ်" တို့ကို လေ့လာကြကြောင်း တွေ့ရှိ ရပါသည်။

ဇယား (၂၀)။ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင် အထက်တန်းပညာအဆင့် အထက်ရှိသော လူဦးရေပါဝင်မှု (ရာခိုင်နှုန်း)

| လေ့လာမှုနယ်ပယ် | အသက်အုပ်စုအလိုက်(နှစ်) | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ | ၃၀-၃၄ | ၃၅-၃၉ | ၄၀-၄၄ | ၄၅+ | စုစုပေါင်း (၁၅+) |
| **ပြည်ထောင်စု** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| ပညာရေး | ၅.၁ | ၁.၈ | ၁.၈ | ၁.၅ | ၁.၂ | ၂.၀ | ၅.၀ | ၂.၆ |
| စာပေ၊ သမိုင်းနှင့် ဒဿနိကစသော ဝိဇ္ဇာပညာရပ်များ | ၂၈.၇ | ၃၃.၅ | ၂၈.၆ | ၃၁.၄ | ၃၃.၁ | ၃၅.၇ | ၃၂.၀ | ၃၁.၈ |
| လူမှုရေးသိပ္ပံ၊ သတင်းစာပညာနှင့် သတင်းပညာ | ၁၀.၃ | ၇.၃ | ၈.၅ | ၁၄.၀ | ၁၀.၅ | ၆.၃ | ၇.၆ | ၉.၁ |
| စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုနှင့် ဥပဒေပညာ | ၃.၉ | ၃.၉ | ၉.၁ | ၈.၅ | ၃.၁ | ၁.၇ | ၅.၀ | ၅.၅ |
| သဘာဝသိပ္ပံ၊ သင်္ချာနှင့် စာရင်းအင်းပညာ | ၃၂.၁ | ၃၈.၃ | ၃၈.၂ | ၃၃.၉ | ၄၁.၁ | ၄၆.၃ | ၃၇.၇ | ၃၈.၂ |
| အင်ဂျင်နီယာ၊ကုန်ပစ္စည်းထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေးပညာ | ၁၁.၉ | ၉.၁ | ၆.၀ | ၅.၂ | ၅.၀ | ၃.၈ | ၅.၇ | ၆.၄ |
| လယ်ယာစိုက်ပျိုးရေး၊ သစ်တောငါးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးပညာ | ၁.၅ | ၁.၉ | ၁.၂ | ၂.၁ | ၃.၅ | ၃.၂ | ၃.၆ | ၂.၅ |
| ကျန်းမာရေး၊ လူမှုသက်သာချောင်ချိရေးပညာ | ၄.၃ | ၂.၄ | ၂.၉ | ၁.၅ | ၁.၁ | ၀.၄ | ၃.၀ | ၂.၂ |
| အခြား | ၂.၀ | ၁.၈ | ၃.၇ | ၁.၉ | ၁.၄ | ၀.၆ | ၀.၃ | ၁.၆ |

ပုံ (၁၁)- လေ့လာမှုနယ်ပယ်အလိုက် လူဦးရေပျံ့နှံ့မှု ရာခိုင်နှုန်း




## ၇.၄ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်း

လူတစ်ဦး၏ အလုပ်အကိုင်ရရှိနိုင်မှုသည် ကျောင်းပြင်ပပညာရေးဖြစ်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများသည် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါသည်။ ဤစစ်တမ်းတွင် အသက် ၁၂ နှစ်နှင့်အထက် လူဦးရေ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းတက်ရောက်ခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ သို့ရာတွင် လုပ်သားအင်အားစာရင်းအင်းတွင် ပါဝင်သော အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတက်ရောက်သူ အရေအတွက်မှာ အလွန်နည်းပါးပါသည်။ ယင်းသင်တန်းတက်ရောက်မှုများသည် လုပ်သားအင်အားနှင့် ဆက်စပ်လျက်ရှိပြီး သင်တန်းတက်ရောက်မှုဆိုင်ရာ စာရင်းအင်းရလဒ်များကို အသက် ၁၅ နှစ်နှင့် အထက် လူဦးရေကိုသာ ဖော်ပြထားပါသည်။ သင်တန်းတက်ရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ပညာရေးဆိုင်ရာစံ သတ်မှတ်ခွဲခြားမှု (ISCED) - လေ့လာသည့် သင်တန်းအမျိုးအစားများနှင့် စပ်လျဉ်း၍ (ISCED) အညွှန်းကိန်း ၄ ခုအထိ ကောက်ယူခဲ့ပါ သည်။ သို့သော်လည်း နမူနာအရေအတွက်မှာ လုံလောက်မှုမရှိသည့်အတွက် လေ့လာမှုသင်တန်း နယ်ပယ်များကို ဖော်ပြရာတွင် ဂဏန်း ၁ လုံးပါ အညွှန်းကိန်း အုပ်စုအားလုံး ကို ဖော်ပြနိုင်ခြင်းမရှိပါ။

ဇယား ၂၁ တွင် ကျောင်းပြင်ပပညာရေးတွင် သင်တန်းတက်ရောက်နေသူ အရေအတွက်ကို အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်များအလိုက် ဖော်ပြထားပါသည်။ လွန်ခဲ့သော တစ်နှစ်အတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတက်ရောက်မှုတွင် အသက် ၁၅ နှစ်နှင့် အထက် လူဦးရေ၏ ၀.၇% တက်ရောက်နေသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက လူတစ်ဦး၏ ဘဝသက်တမ်းတစ်လျှောက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတက်ရောက်ခဲ့မှုသည် ၂% ဖြစ်သည်ကို တွေ့ရှိရပါသည်။

**ဇယား (၂၁)။ အသက်အုပ်စုအလိုက် ကျောင်းသင်ပညာရေးစနစ်ပြင်ပတွင် သင်တန်းတက်ရောက်သူများ (ရာခိုင်နှုန်း)**

| နယ်ပယ် | ၁၅-၁၉ | ၂၀-၂၄ | ၂၅-၂၉ | ၃၀-၃၄ | ၃၅-၃၉ | ၄၀-၄၄ | ၄၅+ | အသက် ၁၅ နှစ် အထက်ရှိ အားလုံး |
|---|---|---|---|---|---|---|---|---|
| **ယခင်နှစ်အတွင်း** | | | | | | | | |
| **ပြည်ထောင်စု** | **၀.၉** | **၁.၆** | **၁.၁** | **၀.၈** | **၀.၅** | **၀.၄** | **၀.၃** | **၀.၇** |
| ကျား | ၀.၇ | ၁.၃ | ၀.၉ | ၀.၆ | ၀.၅ | ၀.၃ | ၀.၄ | ၀.၆ |
| မ | ၁.၁ | ၁.၉ | ၁.၂ | ၁.၀ | ၀.၆ | ၀.၅ | ၀.၃ | ၀.၈ |
| မြို့ပြ | ၁.၄ | ၃.၅ | ၁.၉ | ၁.၄ | ၁.၀ | ၀.၇ | ၀.၇ | ၁.၄ |
| ကျေးလက် | ၀.၇ | ၀.၈ | ၀.၇ | ၀.၅ | ၀.၃ | ၀.၃ | ၀.၁ | ၀.၄ |
| **တစ်သက်တာကာလ** | | | | | | | | |
| **ပြည်ထောင်စု** | **၁.၇** | **၃.၁** | **၂.၆** | **၂.၂** | **၁.၈** | **၁.၆** | **၁.၇** | **၂.၀** |
| ကျား | ၁.၅ | ၂.၈ | ၂.၆ | ၁.၈ | ၁.၈ | ၁.၃ | ၂.၀ | ၂.၀ |
| မ | ၂.၀ | ၃.၄ | ၂.၆ | ၂.၆ | ၁.၈ | ၁.၈ | ၁.၅ | ၂.၁ |
| မြို့ပြ | ၂.၄ | ၅.၆ | ၄.၈ | ၄.၁ | ၃.၂ | ၂.၈ | ၃.၀ | ၃.၆ |
| ကျေးလက် | ၁.၄ | ၁.၉ | ၁.၇ | ၁.၄ | ၁.၂ | ၁.၁ | ၁.၁ | ၁.၃ |

# အခန်း ၈

# လုပ်သားအင်အား

## ၈.၁ နိဒါန်း

ဤအခန်းတွင် လုပ်သားအင်အားနှင့် ဆက်စပ်လျက်ရှိသော အကြောင်းအရာများကို အဓိကထား ဖော်ပြသွားမည် ဖြစ်ပါသည်။ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေအားလုံးကို အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားအတွင်းရှိ လူဦးရေအဖြစ် သတ်မှတ်၍ ခန့်မှန်းတွက်ချက်ထားပါသည်။ ဤအခန်းတွင် ဖော်ပြထားသော လူဦးရေဆိုသည်မှ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေကို ဆိုလိုခြင်းဖြစ်ပါသည်။

## ၈.၂ မြို့ပြ၊ ကျေးလက်နှင့် ကျား၊မ အလိုက် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ

ပုံ ၁၂ နှင့် ပုံ ၁၃ တွင် ဖော်ပြထားသည့်အတိုင်း အလုပ်လုပ်ကိုင်နိုင်သော လူဦးရေစုစုပေါင်း၏ ၅၄% သည် အမျိုးသမီးများဖြစ်ကြပြီး ၄၆% သည် အမျိုးသားများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်တွင် နှိုင်းယှဉ်ဖော်ပြမည်ဆိုပါက ၇၁% သည် ကျေးလက်တွင်ပါဝင်ပြီး ကျန် ၂၉% သည် မြို့ပြတွင် ပါဝင်ကြောင်းတွေ့ရှိရပါသည်။







## ၈.၃ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်သားအင်အားအခြေအနေ

ဤစစ်တမ်းတွင် လွန်ခဲ့သော ၇ ရက်အတွင်းတွင် ရှိနေသော အလုပ်အကိုင်အခြေအနေပေါ်မူတည်၍ လုပ်သားအင်အားအခြေအနေ[၇]ကို တစ်ဘက်ပါအတိုင်း ခွဲခြားထားပါသည်-

[၇] အယူအဆများနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များကို အခန်း ၃ တွင် ဖော်ပြထားပါသည်။

- အလုပ်လက်ရှိ - လွန်ခဲ့သော ၇ ရက်အတွင်း အနည်းဆုံးတစ်နာရီခန့် လုပ်ခ (သို့မဟုတ်) အမြတ်အစွန်းရရှိသောအလုပ်ကို လုပ်ကိုင်ခြင်း၊
- အလုပ်လက်မဲ့ - လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်လုပ်ကိုင်ခြင်း မရှိသော်လည်း လွန်ခဲ့သော တစ်လအတွင်း လုပ်ခ (သို့မဟုတ်) အမြတ်အစွန်းရရှိရန် အလုပ်ရှာဖွေခဲ့ပြီး အလုပ်ရမည်ဆိုပါက လာမည့်နှစ်ပတ်အတွင်း အလုပ်လက်ခံဆောင်ရွက်ရန် အဆင်သင့်ဖြစ်ခြင်း၊
- လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိနေသူများ - အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့ အခြေအနေနှစ်မျိုးစလုံးတွင် ပါဝင်ခြင်း မရှိသူများကို ဆိုလိုသည်။

တွက်ချက်မှုသဘောတရားအရဆိုရလျှင်-

| | | | | |
|---|---|---|---|---|
| လုပ်သားအင်အား | = | အလုပ်လက်ရှိ | + | အလုပ်လက်မဲ့ |
| အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေ | = | လုပ်သားအင်အား | + | လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိနေသူ |

ဇယား ၂၂ တွင် လုပ်သားအင်အားပျံ့နှံ့မှုအခြေအနေကို ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ နိုင်ငံအတွင်းရှိ လူဦးရေ၏ ၆၄.၆ % သည် လုပ်သားအင်အားတွင်ပါဝင်ပြီး၊ ၃၅.၄% သည် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ လုပ်သားအင်အားတွင် (ကျား) ၇၉.၉ % နှင့် (မ) ၅၁.၄% ဖြစ်ကြောင်းတွေ့ရှိရပါသည်။ လုပ်သားအင်အား (ကျား၊မ) တွင် မြို့ပြထက် ကျေးလက်သည် လုပ်သားအင်အား ပါဝင်မှု ပိုမိုများပြားနေပြီး လုပ်သားအင်အား (မြို့ပြ၊ ကျေးလက်) နှစ်ခုပေါင်းတွင် (မ) ထက် (ကျား) သည် လုပ်သားအင်အားပါဝင်မှု ပိုမိုများပြားနေသည်ကို ပုံ ၁၄ နှင့် ပုံ ၁၅ တွင်တွေ့ရှိရမည်ဖြစ်ပါသည်။

ဇယား (၂၂)။ လုပ်သားအင်အားအခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | မြို့ပြ | | | ကျေးလက် | | | တစ်နိုင်ငံလုံး | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ဦးရေ | ကျား | မ | ဦးရေ | ကျား | မ | ဦးရေ |
| **ပြည်ထောင်စု** | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| လုပ်သားအင်အား | ၇၆.၂ | ၄၇.၀ | ၆၀.၂ | ၈၁.၉ | ၅၃.၇ | ၆၆.၇ | ၈၀.၂ | ၅၁.၆ | ၆၄.၇ |
| အလုပ်လက်ရှိ | ၇၅.၃ | ၄၆.၂ | ၅၉.၃ | ၈၁.၆ | ၅၃.၃ | ၆၆.၄ | ၇၉.၇ | ၅၁.၁ | ၆၄.၂ |
| အလုပ်လက်မဲ့ | ၀.၉ | ၀.၈ | ၀.၈ | ၀.၄ | ၀.၃ | ၀.၃ | ၀.၅ | ၀.၅ | ၀.၅ |
| လုပ်သားအင်အားပြင်ပ | ၂၃.၈ | ၅၃.၀ | ၃၉.၈ | ၁၈.၁ | ၄၆.၃ | ၃၃.၃ | ၁၉.၈ | ၄၈.၄ | ၃၅.၃ |

ပုံ (၁၄ )-လုပ်သားအင်အားတွင် ပါဝင်မှု (ကျား၊ မ)




ပုံ (၁၅) -လုပ်သားအင်အားတွင်ပါဝင်မှု (နယ်ပယ်အလိုက်)




မြို့ပြနှင့် ကျေးလက်ရှိ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားအတွင်းရှိ လူဦးရေတွင်ပါဝင်သော လုပ်သားအင်အားပါဝင်မှုသည် မြို့ပြနှင့် ကျေးလက်များရှိ လူဦးရေတည်ရှိပုံနှင့် နီးစပ်ပါသည်။ (မ) ဦးရေသည် ကိန်းဂဏန်းအားဖြင့် ပိုမိုများပြားသော်လည်း လုပ်သားအင်အားပါဝင်မှုတွင် (မ) သည် (ကျား) ထက် ပိုမို နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

ပုံ ၁၆ -လုပ်သားအင်အားအခြေအနေများအလိုက် ကျား၊ မ အချိုးအစား




## ၈.၄ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်သားအင်အားအခြေအနေ

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးအတွက် လုပ်သားအင်အားပျံ့နှံ့မှုကို ဇယား ၂၃ တွင် ဖော်ပြထားပါသည်။ အမျိုးသားများ၏ လုပ်သားအင်အား ပါဝင်မှုရာခိုင်နှုန်းသည် ၇၂.၈% နှင့် ၈၃.၈% ကြား၊ အမျိုးသမီးများ၏ ပါဝင်မှုရာခိုင်နှုန်းသည် ၃၄.၈% နှင့် ၆၂.၃% ကြားတွင်ရှိပြီး လူဦးရေအားလုံးတွင် ၅၅.၅% နှင့် ၇၀.၄% ကြားတွင်ရှိကြောင်းတွေ့ရှိရပါသည်။ အမျိုးသားများ၏ ပါဝင်မှုတွင် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုအနက် ချင်းပြည်နယ်၏ ပါဝင်မှုသည် ၇၀% အောက် လျော့နည်းနေသည်ကိုတွေ့ရှိရပြီး တိုင်းဒေသကြီး၊ ပြည်နယ် ၅ ခုမှာမူ ၈၀% အထက်တွင်ရှိကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးများအကြားတွင် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေတွင်အလုပ်လက်ရှိပါဝင်မှုမှာ တိုင်းဒေသကြီး၊ ပြည်နယ် ၈ ခုတွင် ၅၀% အောက် ရောက်ရှိနေပြီး တိုင်းဒေသကြီး၊ ပြည်နယ် ၂ ခုတွင်သာ ၆၀% အထက်တွင် ရှိနေသည်ကို တွေ့ရှိရပါသည်။

တစ်ဘက်ပါဇယားကို ကြည့်ခြင်းအားဖြင့် လုပ်သားအင်အား အခြေအနေကွာဟမှုသည် အဓိကအားဖြင့် အမျိုးသား၊ အမျိုးသမီးကြားတွင် သာရှိပြီး ချင်းပြည်နယ်တွင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေသည်မှအပ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များအကြား ကြီးမားသည့် ကွာခြားမှုမရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၃)။ ပြည်ထောင်စုနယ်မြေ၊တိုင်းဒေသကြီး၊ပြည်နယ်နှင့် လုပ်သားအင်အား အခြေအနေ အလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ (ရာခိုင်နှုန်း)

| ကျား၊ မ | လုပ်သားအင်အား အခြေအနေ | တစ်နိုင်ငံလုံး | ကချင်ပြည်နယ် | ကယားပြည်နယ် | ကရင်ပြည်နယ် | ချင်းပြည်နယ် | စစ်ကိုင်းတိုင်းဒေသကြီး | တနင်္သာရီတိုင်းဒေသကြီး | ပဲခူးတိုင်းဒေသကြီး |
|---|---|---|---|---|---|---|---|---|---|
| **ကျား** | အလုပ်လက်ရှိ | ၇၉.၇ | ၇၆.၁ | ၇၆.၅ | ၇၆.၃ | ၆၅.၆ | ၈၀.၆ | ၇၈.၄ | ၈၁.၂ |
| | အလုပ်လက်မဲ့ | ၀.၅ | ၀.၇ | ၀.၇ | ၀.၃ | ၇.၂ | ၀.၁ | ၀.၁ | ၀.၈ |
| | လုပ်သားအင်အား | ၈၀.၂ | ၇၆.၇ | ၇၇.၁ | ၇၆.၆ | ၇၂.၈ | ၈၀.၈ | ၇၈.၅ | ၈၂.၀ |
| | လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိ | ၁၉.၈ | ၂၃.၃ | ၂၂.၉ | ၂၃.၄ | ၂၇.၂ | ၁၉.၂ | ၂၁.၅ | ၁၈.၀ |
| | **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| **မ** | အလုပ်လက်ရှိ | ၅၁.၁ | ၄၂.၉ | ၅၂.၇ | ၃၉.၂ | ၄၇.၇ | ၅၉.၄ | ၃၄.၈ | ၅၅.၆ |
| | အလုပ်လက်မဲ့ | ၀.၅ | ၀.၄ | ၀.၉ | ၀.၁ | ၆.၈ | ၀.၂ | ၀.၀ | ၀.၆ |
| | လုပ်သားအင်အား | ၅၁.၆ | ၄၃.၄ | ၅၃.၆ | ၃၉.၃ | ၅၄.၆ | ၅၉.၆ | ၃၄.၈ | ၅၆.၂ |
| | လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိ | ၄၈.၄ | ၅၆.၆ | ၄၆.၄ | ၆၀.၇ | ၄၅.၄ | ၄၀.၄ | ၆၅.၂ | ၄၃.၈ |
| | **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| **ဦးရေ** | အလုပ်လက်ရှိ | ၆၄.၂ | ၅၈.၇ | ၆၄.၀ | ၅၆.၆ | ၅၅.၉ | ၆၈.၉ | ၅၅.၅ | ၆၇.၃ |
| | အလုပ်လက်မဲ့ | ၀.၅ | ၀.၅ | ၀.၈ | ၀.၂ | ၇.၀ | ၀.၂ | ၀.၀ | ၀.၇ |
| | လုပ်သားအင်အား | ၆၄.၇ | ၅၉.၂ | ၆၄.၈ | ၅၆.၈ | ၆၂.၉ | ၆၉.၀ | ၅၅.၅ | ၆၈.၀ |
| | လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိ | ၃၅.၃ | ၄၀.၈ | ၃၅.၂ | ၄၃.၂ | ၃၇.၁ | ၃၁.၀ | ၄၄.၅ | ၃၂.၀ |
| | **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

| | | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | နေပြည်တော် |
|---|---|---|---|---|---|---|---|---|---|
| **ကျား** | အလုပ်လက်ရှိ | ၇၉.၈ | ၈၂.၂ | ၇၃.၈ | ၈၀.၁ | ၇၆.၄ | ၇၉.၇ | ၈၂.၉ | ၈၂.၉ |
| | အလုပ်လက်မဲ့ | ၀.၃ | ၀.၃ | ၀.၈ | ၀.၆ | ၀.၉ | ၀.၃ | ၀.၄ | ၀.၉ |
| | လုပ်သားအင်အား | ၈၀.၂ | ၈၂.၄ | ၇၄.၆ | ၈၀.၇ | ၇၇.၃ | ၈၀.၀ | ၈၃.၃ | ၈၃.၈ |
| | လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိ | ၁၉.၈ | ၁၇.၆ | ၂၅.၄ | ၁၉.၃ | ၂၂.၇ | ၂၀.၀ | ၁၆.၇ | ၁၆.၂ |
| | **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

| | | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | နေပြည်တော် |
|---|---|---|---|---|---|---|---|---|---|
| မ | အလုပ်လက်ရှိ | ၆၁.၉ | ၅၆.၂ | ၃၉.၄ | ၄၂.၂ | ၄၂.၈ | ၆၀.၂ | ၄၃.၉ | ၅၈.၀ |
| | အလုပ်လက်မဲ့ | ၀.၄ | ၀.၀ | ၀.၅ | ၁.၀ | ၀.၈ | ၀.၂ | ၀.၄ | ၀.၈ |
| | လုပ်သားအင်အား | ၆၂.၃ | ၅၆.၃ | ၃၉.၉ | ၄၃.၂ | ၄၃.၆ | ၆၀.၄ | ၄၄.၂ | ၅၈.၉ |
| | လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိ | ၃၇.၇ | ၄၃.၇ | ၆၀.၁ | ၅၆.၈ | ၅၆.၄ | ၃၉.၆ | ၅၅.၈ | ၄၁.၁ |
| | **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |
| **ဦးရေ** | အလုပ်လက်ရှိ | ၆၉.၈ | ၆၇.၉ | ၅၄.၉ | ၅၉.၀ | ၅၈.၂ | ၆၉.၅ | ၆၂.၃ | ၆၉.၆ |
| | အလုပ်လက်မဲ့ | ၀.၃ | ၀.၁ | ၀.၆ | ၀.၈ | ၀.၈ | ၀.၂ | ၀.၄ | ၀.၉ |
| | လုပ်သားအင်အား | ၇၀.၁ | ၆၈.၀ | ၅၅.၅ | ၅၉.၈ | ၅၉.၀ | ၆၉.၈ | ၆၂.၇ | ၇၀.၄ |
| | လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိ | ၂၉.၉ | ၃၂.၀ | ၄၄.၅ | ၄၀.၂ | ၄၁.၀ | ၃၀.၂ | ၃၇.၃ | ၂၉.၆ |
| | **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

## ၈.၅ အသက်အုပ်စုနှင့် ကျား၊ မ အလိုက် လုပ်သားအင်အားအခြေအနေ

၅ နှစ်ခြား အသက်အုပ်စုအလိုက် နှင့် ကျား၊ မ အလိုက် လုပ်သားအင်အားပါဝင်မှု အခြေအနေဆိုင်ရာ လူဦးရေပျံ့နှံ့မှုနှုန်းကို ဇယား ၂၄ တွင် ဖော်ပြထားပါသည်။ အလုပ်လက်မဲ့နှုန်းသည် အသက်အုပ်စုအားလုံးတွင် နည်းပါးနေသည်ကို တွေ့ရှိရပါသည်။ သို့သော် အသက် ၁၅-၂၉ နှစ်ကြားရှိ လူငယ်အလုပ်လက်မဲ့နှုန်းမှာ ပို၍များပြားကြောင်း တွေ့ရှိရပါသည်။ အသက် ၂၅-၄၉ နှစ်ရှိ လူဦးရေအချိုးတွင် အလုပ်လက်ရှိများဖြစ်ပြီး အသက်ငယ်သောအုပ်စု အသက် ၁၅ မှ ၁၉ နှစ်နှင့် အသက် ၆၀ နှစ်နှင့်အထက် လူဦးရေမှာ လုပ်သားအင်အားပြင်ပတွင် ပိုမိုရောက်ရှိနေကြောင်းတွေ့ရှိရပါသည်။

ဇယား (၂၄)။ လုပ်သားအင်အားအခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ (ရာခိုင်နှုန်း)

| အသက်အုပ်စု (နှစ်) | ကျား | | | မ | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|
| | အလုပ်လက်ရှိ | အလုပ်လက်မဲ့ | လုပ်သားအင်အားပြင်ပရောက်ရှိ | အလုပ်လက်ရှိ | အလုပ်လက်မဲ့ | လုပ်သားအင်အားပြင်ပရောက်ရှိ | အလုပ်လက်ရှိ | အလုပ်လက်မဲ့ | လုပ်သားအင်အားပြင်ပရောက်ရှိ |
| ၁၅-၁၉ | ၅၁.၆ | ၀.၉ | ၄၇.၅ | ၄၂.၁ | ၀.၆ | ၅၇.၃ | ၄၆.၇ | ၀.၈ | ၅၂.၆ |
| ၂၀-၂၄ | ၈၃.၉ | ၁.၁ | ၁၅.၀ | ၆၂.၂ | ၁.၂ | ၃၆.၆ | ၇၂.၂ | ၁.၂ | ၂၆.၆ |
| ၂၅-၂၉ | ၉၂.၀ | ၁.၀ | ၇.၀ | ၆၂.၄ | ၀.၈ | ၃၆.၈ | ၇၆.၁ | ၀.၉ | ၂၃.၀ |
| ၃၀-၃၄ | ၉၄.၄ | ၀.၅ | ၅.၁ | ၆၀.၀ | ၀.၆ | ၃၉.၄ | ၇၆.၁ | ၀.၆ | ၂၃.၃ |
| ၃၅-၃၉ | ၉၅.၀ | ၀.၃ | ၄.၇ | ၆၄.၇ | ၀.၃ | ၃၅.၀ | ၇၈.၈ | ၀.၃ | ၂၀.၉ |
| ၄၀-၄၄ | ၉၄.၅ | ၀.၁ | ၅.၄ | ၆၁.၂ | ၀.၂ | ၃၈.၆ | ၇၆.၆ | ၀.၂ | ၂၃.၃ |
| ၄၅-၄၉ | ၉၃.၉ | ၀.၄ | ၅.၈ | ၆၀.၀ | ၀.၂ | ၃၉.၈ | ၇၅.၅ | ၀.၂ | ၂၄.၂ |
| ၅၀-၅၄ | ၈၇.၈ | ၀.၂ | ၁၂.၀ | ၅၁.၄ | ၀.၀ | ၄၈.၆ | ၆၇.၉ | ၀.၁ | ၃၂.၀ |
| ၅၅-၅၉ | ၈၁.၇ | ၀.၃ | ၁၈.၀ | ၄၂.၂ | ၀.၂ | ၅၇.၆ | ၅၉.၉ | ၀.၂ | ၃၉.၉ |
| ၆၀-၆၄ | ၅၉.၈ | ၀.၄ | ၃၉.၈ | ၂၅.၈ | ၀.၁ | ၇၄.၁ | ၄၀.၉ | ၀.၂ | ၅၈.၉ |
| ၆၅+ | ၂၇.၄ | ၀.၀ | ၇၂.၆ | ၁၀.၂ | ၀.၀ | ၈၉.၈ | ၁၇.၂ | ၀.၀ | ၈၂.၈ |
| **စုစုပေါင်း** | **၇၉.၇** | **၀.၅** | **၁၉.၈** | **၅၁.၁** | **၀.၅** | **၄၈.၄** | **၆၄.၂** | **၀.၅** | **၃၅.၃** |

ပုံ ၁၇ တွင် ထပ်တိုး၍လာသော လုပ်သားအင်အားအခြေအနေ ပျံ့နှံ့မှုနှုန်းကို အသက်အုပ်စုနှင့် ကျား/မအလိုက် ဖော်ပြထားပါသည်။ အဆိုပါပုံတွင် လုပ်သားအင်အား ပါဝင်မှုနှုန်းမှာ ကျား နှင့် မ သည် နီးစပ်မှုရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ငယ်ရွယ်သော အသက်အပိုင်းအခြားရှိ လုပ်သားအင်အားတွင် ပါဝင်မှုနှုန်းသည် အမျိုးသမီးဦးရေအချိုးမှာ အမျိုးသား ဦးရေထက် ပိုမိုများကြောင်း တွေ့ရှိရပါသည်။

ပုံ (၁၇)- ကျား၊ မ နှင့် အသက်အလိုက် လုပ်သားအင်အားပါဝင်မှုနှုန်း




## ၈.၆ စာတတ်မြောက်မှုအလိုက် လုပ်သားအင်အားအခြေအနေ

လုပ်သားအင်အားအခြေအနေများအတွက် တက်ရောက်ခဲ့သော ပညာရေးအဆင့် အခြေအနေနှင့် ကျား/မအလိုက်ကို ဇယား ၂၅ တွင် ဖော်ပြထားပါသည်။ အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တွင် ကျား/မ ပျံ့နှံ့မှုနှုန်းမှာ အကြမ်းဖျင်းအားဖြင့် တူညီသော်လည်း စာမတတ်မြောက်မှု၊ မူလတန်းအောက်၊ ဘွဲ့ရနှင့်အထက်တွင် မ ဦးရေအချိုးမှာ များပြားနေကြောင်း တွေ့ရှိရပါသည်။ လုပ်သားအင်အားပြင်ပတွင်လည်း စာမတတ်မြောက်မှု၊ မူလတန်းအောက်၊ ဘွဲ့ရနှင့် အထက်တွင် မ ဦးရေအချိုးမှာ များပြားနေသော်လည်း ကျားနှင့် မ ကြား ကွာဟချက် အချိုးမှာ လုပ်သားအင်အားထက် ပိုမိုနည်းပါးသည်ကိုတွေ့ရှိရပါသည်။

ဇယား (၂၅)။ လုပ်သားအင်အားအခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း

| ပညာရေး အခြေအနေ | အလုပ်လက်ရှိ | | | အလုပ်လက်မဲ့ | | | လုပ်သားအင်အားပြင်ပ | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | စုစု ပေါင်း | ကျား | မ | စုစု ပေါင်း | ကျား | မ | စုစု ပေါင်း |
| စာမတတ်သူ | ၈.၄ | ၁၀.၈ | ၉.၄ | ၄.၁ | ၄.၁ | ၄.၁ | ၁၆.၅ | ၁၇.၇ | ၁၇.၄ |
| မူလတန်းအောက် | ၁၉.၃ | ၂၀.၆ | ၁၉.၉ | ၁၀.၉ | ၉.၁ | ၁၀.၀ | ၁၂.၈ | ၁၈.၁ | ၁၆.၈ |
| မူလတန်း | ၃၆.၁ | ၃၅.၁ | ၃၅.၇ | ၁၈.၃ | ၂၄.၀ | ၂၁.၂ | ၂၈.၄ | ၃၂.၆ | ၃၁.၅ |
| အလယ်တန်း | ၂၃.၆ | ၁၈.၄ | ၂၁.၃ | ၃၁.၁ | ၂၀.၉ | ၂၅.၉ | ၂၆.၁ | ၁၉.၈ | ၂၁.၄ |
| အသက်မွေးဝမ်းကျောင်းသင်တန်း | ၀.၂ | ၀.၁ | ၀.၂ | ၀.၆ | ၀.၄ | ၀.၅ | ၀.၅ | ၀.၂ | ၀.၃ |
| အထက်တန်း | ၆.၈ | ၅.၃ | ၆.၂ | ၁၈.၄ | ၈.၃ | ၁၃.၃ | ၉.၁ | ၆.၀ | ၆.၈ |
| ဘွဲ့ကြိုဒီပလိုမာ | ၀.၆ | ၀.၅ | ၀.၅ | ၂.၂ | ၂.၈ | ၂.၅ | ၃.၃ | ၁.၆ | ၂.၀ |
| ဘွဲ့ရနှင့်အထက် | ၄.၉ | ၉.၂ | ၆.၈ | ၁၄.၄ | ၃၀.၃ | ၂၂.၄ | ၃.၁ | ၄.၀ | ၃.၇ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

လွန်ခဲ့သောနှစ်အတွင်း ကျောင်းပညာရေးစနစ်ပြင်ပဖြစ်သော အသက်မွေးဝမ်းကျောင်းသင်တန်းတွင် တက်ရောက်နေသူများကို လေ့လာမှုနယ်ပယ်အလိုက် လူဦးရေပျံ့နှံ့မှုနှုန်းကို ဇယား ၂၆ တွင် ဖော်ပြထားပါသည်။ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသူလူဦးရေ၏ သုံးပုံတစ်ပုံသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်းတွင် တက်ရောက်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၆)။ လွန်ခဲ့သောနှစ်အတွင်း ကျောင်းပညာရေးစနစ်ပြင်ပဖြစ်သော အသက်မွေးဝမ်းကျောင်း သင်တန်းတွင် တက်ရောက်နေသော အသက် ၁၅ နှစ်နှင့်အထက် လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)

| လေ့လာမှုနယ်ပယ် | အလုပ်လက်ရှိ | အလုပ်လက်မဲ့* | လုပ်သားအင်အားပြင်ပ | စုစုပေါင်း |
|---|---|---|---|---|
| အခြေခံစီမံချက်နှင့် အရည်အသွေး | ၁.၉ | ၀.၀ | ၀.၈ | ၁.၅ |
| ပညာရေး | ၁၅.၃ | ၁၁.၅ | ၅.၃ | ၁၁.၅ |
| အနုပညာနှင့် လူသားမျိုးနွယ် | ၁၁.၇ | ၈.၈ | ၂၂.၈ | ၁၅.၇ |
| လူမှုရေးသိပ္ပံ၊ဂျာနယ်နှင့်သတင်းပညာ | ၁.၄ | ၀.၀ | ၀.၀ | ၀.၈ |
| စီးပွားရေး၊ အုပ်ချုပ်မှုပညာနှင့် ဥပဒေဆိုင်ရာ | ၄.၂ | ၀.၀ | ၇.၉ | ၅.၄ |
| သဘာဝသိပ္ပံ၊သင်္ချာဘာသာနှင့် စာရင်းအင်းဘာသာ | ၄.၁ | ၈.၉ | ၃.၅ | ၄.၀ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်မှု နည်းပညာ | ၂၂.၄ | ၄၃.၃ | ၃၆.၂ | ၂၈.၂ |
| အင်ဂျင်နီယာ ထုတ်လုပ်မှုပညာနှင့် ဆောက်လုပ်ရေးဆိုင်ရာ | ၁၃.၆ | ၁၂.၇ | ၁၁.၅ | ၁၂.၈ |
| လယ်ယာ၊ သစ်တော၊ ငါးလုပ်ငန်းနှင့် တိရစ္ဆာန်ဆေးကုသရေး | ၃.၀ | ၀.၀ | ၀.၉ | ၂.၁ |
| ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆိုင်သော | ၁၁.၂ | ၄.၄ | ၇.၇ | ၉.၆ |
| ဝန်ဆောင်မှုဆိုင်ရာ | ၁၁.၄ | ၁၀.၅ | ၃.၄ | ၈.၄ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

** နမူနာအရေအတွက်မှာ ၂၂ ဦးဖြစ်ပါသည်။*

## ၈.၇ စားသုံးမှုအဆင့်အလိုက် လုပ်သားအင်အားအခြေအနေ

တစ်ဦးချင်းပျမ်းမျှ လစဉ်အသုံးစရိတ် (Monthly Per Capita Consumer Expenditure-MPCE) ၏ဆယ်ကိန်းစုအလိုက် လူဦးရေပျံ့နှံ့မှုအခြေအနေကို လုပ်သားအင်အား အခြေအနေနှင့် ကျား၊ မ ခွဲခြား၍ ဇယား ၂၇ တွင် ဖော်ပြထားပါသည်။ ဆယ်ကိန်းစု တစ်ဦးချင်း ပျမ်းမျှလစဉ်အသုံးစရိတ် (MPCE) အဆင့်သည် အိမ်ထောင်စုသွင်ပြင်လက္ခဏာတစ်ရပ်ဖြစ် သော်လည်း လက်ရှိခွဲခြားထားသော အဆင့်မှာမူ အိမ်ထောင်စုဝင်အားလုံး၏ တစ်ဦးချင်းပျမ်းမျှ လစဉ်အသုံးစရိတ် ဖြစ်ပါသည်။ အိမ်ထောင်စုများတွင် ကျား၊ မ ဦးရေ ပါဝင်မှုနည်းခြင်း၊များခြင်း

သည် အိမ်ထောင်စုသုံးစွဲသော အသုံးစရိတ်ပမာဏနှင့် မသက်ဆိုင် ကြောင်းတွေ့ရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသ၏ ပျံ့နှံ့မှုမှာတူညီသော်လည်း အလုပ်လုပ်ကိုင် နေသူများအတွက် မြို့ပြနှင့် ကျေးလက်ဒေသ၏ စားသုံးမှုပုံစံမှာ ကွာခြားကြောင်း တွေ့ရှိရ ပါသည်။ သို့သော် အလုပ်လက်မဲ့များနှင့် လုပ်သားအင်အား ပြင်ပရှိသူများ၏ ပုံစံမှာမူ ကွဲပြားခြားနားမှု မရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၂၇)။ လုပ်သားအင်အားအခြေအနေနှင့် တစ်ဦးချင်းပျမ်းမျှ လစဉ်အသုံးစရိတ် (MPCE) ၏ ဆယ်ကိန်းအုပ်စုအလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေပျံ့နှံ့မှု ရာခိုင်နှုန်း**

| ဆယ်ကိန်း အုပ်စု (MPCE decile class) | အလုပ်လက်ရှိ | | | အလုပ်လက်မဲ့ | | | လုပ်သားအင်အားပြင်ပ | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၀-၁၀ | ၉.၇ | ၉.၃ | ၉.၅ | ၈.၄ | ၁၀.၂ | ၉.၃ | ၉.၃ | ၉.၄ | ၉.၄ |
| ၁၀-၂၀ | ၁၀.၇ | ၁၀.၉ | ၁၀.၈ | ၁၀.၈ | ၁၁.၈ | ၁၁.၃ | ၉.၂ | ၉.၃ | ၉.၃ |
| ၂၀-၃၀ | ၁၀.၁ | ၁၀.၃ | ၁၀.၂ | ၅.၆ | ၁၀.၃ | ၈.၀ | ၉.၂ | ၉.၃ | ၉.၃ |
| ၃၀-၄၀ | ၉.၉ | ၉.၉ | ၉.၉ | ၇.၂ | ၇.၃ | ၇.၃ | ၈.၈ | ၉.၃ | ၉.၂ |
| ၄၀-၅၀ | ၁၀.၂ | ၁၀.၀ | ၁၀.၁ | ၅.၆ | ၇.၉ | ၆.၈ | ၉.၅ | ၉.၇ | ၉.၇ |
| ၅၀-၆၀ | ၁၀.၀ | ၉.၆ | ၉.၈ | ၁၃.၁ | ၁၃.၁ | ၁၃.၁ | ၉.၆ | ၉.၈ | ၉.၇ |
| ၆၀-၇၀ | ၁၀.၀ | ၉.၉ | ၉.၉ | ၁၁.၈ | ၄.၈ | ၈.၃ | ၁၀.၁ | ၉.၉ | ၉.၉ |
| ၇၀-၈၀ | ၁၀.၀ | ၉.၇ | ၉.၉ | ၁၂.၆ | ၁၁.၇ | ၁၂.၂ | ၁၀.၂ | ၁၀.၄ | ၁၀.၃ |
| ၈၀-၉၀ | ၉.၇ | ၉.၈ | ၉.၇ | ၁၀.၀ | ၁၂.၈ | ၁၁.၅ | ၁၀.၇ | ၁၁.၂ | ၁၁.၁ |
| ၉၀-၁၀၀ | ၉.၈ | ၁၀.၇ | ၁၀.၂ | ၁၄.၇ | ၁၀.၂ | ၁၂.၄ | ၁၃.၅ | ၁၁.၆ | ၁၂.၁ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

## ၈.၈ မြေယာပိုင်ဆိုင်မှုအလိုက် လုပ်သားအင်အားအခြေအနေ

မြေယာပိုင်ဆိုင်မှု အရွယ်အစားအလိုက် လုပ်သားအင်အားအခြေအနေကို ကျား၊ မ ခွဲခြား၍ ဇယား ၂၈ တွင် ဖော်ပြထားပါသည်။ မြို့ပြ (သို့) ကျေးလက်တွင် နေထိုင်သော လုပ်သား အင်အားပါဝင်မှု အခြေအနေအားလုံးတွင် မြေဧက ၀.၂ ဧကနှင့် ၀.၉၉ ဧကကြားတွင် နေထိုင်သောဦးရေမှာ များပြားကြောင်း တွေ့ရှိရပါသည်။ မြို့ပြတွင်နေထိုင်သော လူဦးရေမှာ များပြားသော်လည်း မြေယာပိုင်ဆိုင်မှု အချိုးသည် ၀.၂ ဧကအောက် နေထိုင်သည့် လူဦးရေမှာ ကျေးလက်ထက် မြို့ပြတွင် ပိုမိုများပြားနေသည်ကို တွေ့ရှိရပါသည်။

ဇယား (၂၈)။ အိမ်ထောင်စုမြေယာပိုင်ဆိုင်မှု အခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| အိမ်ထောင်စု အလိုက် မြေယာပိုင်ဆိုင်မှုအခြေအနေ (ဧက) | အလုပ်လက်ရှိ | | | အလုပ်လက်မဲ့ | | | လုပ်သားအင်အားပြင်ပ | | |
|---|---|---|---|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | စုစုပေါင်း | မြို့ပြ | ကျေးလက် | စုစုပေါင်း | မြို့ပြ | ကျေးလက် | စုစုပေါင်း |
| <၀.၂၀ | ၃၂.၂ | ၁၃.၀ | ၁၈.၅ | ၄၄.၇ | ၁၀.၈ | ၂၈.၄ | ၃၁.၉ | ၁၄.၅ | ၂၀.၅ |
| ၀.၂၀ -၀.၉၉ | ၅၀.၁ | ၂၉.၂ | ၃၅.၁ | ၄၂.၀ | ၃၂.၈ | ၃၇.၆ | ၅၂.၀ | ၃၀.၃ | ၃၇.၈ |
| ၁.၀၀-၂.၄၉ | ၁၀.၁ | ၁၄.၂ | ၁၃.၁ | ၈.၁ | ၂၉.၇ | ၁၈.၅ | ၉.၉ | ၁၃.၄ | ၁၂.၂ |
| ၂.၅၀- ၄.၉၉ | ၃.၃ | ၁၆.၂ | ၁၂.၆ | ၂.၁ | ၁၂.၁ | ၆.၉ | ၂.၆ | ၁၅.၀ | ၁၀.၇ |
| ၅.၀၀ -၉.၉၉ | ၂.၃ | ၁၆.၀ | ၁၂.၁ | ၁.၈ | ၆.၇ | ၄.၂ | ၁.၉ | ၁၄.၉ | ၁၀.၄ |
| ၁၀.၀၀ နှင့် အထက် | ၂.၀ | ၁၁.၃ | ၈.၇ | ၁.၂ | ၈.၀ | ၄.၅ | ၁.၈ | ၁၁.၈ | ၈.၄ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

## ၈.၉ မသန်စွမ်းမှုအလိုက် လုပ်သားအင်အားအခြေအနေ

လုပ်သားအင်အားတွင် မသန်စွမ်းပါဝင်မှုအခြေအနေအား ဇယား ၂၉ တွင် ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံးရှိ ပျမ်းမျှလူဦးရေတွင် မသန်စွမ်းမှုအမျိုးအစား (၆) မျိုးတွင် တစ်ခုမဟုတ် တစ်ခု အနည်းငယ် အခက်အခဲရှိသူ ၁၀% ခန့်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၂၉)။ လုပ်သားအင်အားအခြေအနေနှင့် မသန်စွမ်းမှု အခြေအနေအလိုက် အသက် ၁၅ နှစ်နှင့် အထက် လူဦးရေ(ရာခိုင်နှုန်း)

| လုပ်သား အင်အား အခြေအနေ | အမြင် အာရုံ | အကြား အာရုံ | လမ်း လျှောက် လှေကား တက် | မှတ်ဉာဏ် (သို့)အာရုံ စူးစိုက် နိုင်မှု | မိမိကိုယ် မိမိ ဆောင် ရွက်ရန် ကိစ္စများ | ရုပ်ပိုင်း၊ စိတ်ပိုင်း(သို့) စိတ်ခံစားမှု ဆိုင်ရာ ကျန်းမာရေး အခြေအနေ | အခြား မသန်စွမ်း မှု |
|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၇.၂ | ၂.၅ | ၄.၂ | ၂.၀ | ၁.၅ | ၁.၁ | ၉.၆ |
| အလုပ်လက်ရှိ | ၄.၀ | ၀.၈ | ၁.၃ | ၀.၅ | ၀.၂ | ၀.၂ | ၅.၀ |
| အလုပ်လက်မဲ့ | ၄.၂ | ၀.၇ | ၀.၄ | ၀.၈ | ၀.၀ | ၀.၆ | ၅.၂ |
| လုပ်သားအင်အား | ၄.၀ | ၀.၈ | ၁.၃ | ၀.၅ | ၀.၂ | ၀.၂ | ၅.၀ |
| လုပ်သားအင်အား ပြင်ပတွင်ရောက်ရှိ | ၁၃.၂ | ၅.၆ | ၉.၇ | ၅.၀ | ၃.၉ | ၂.၇ | ၁၈.၁ |

## ၈.၁၀ လုပ်သားအင်အားပြင်ပတွင်ရောက်ရှိနေရသည့် အကြောင်းရင်း

နိုင်ငံတစ်နိုင်ငံ၏ လုပ်သားဈေးကွက်ကို နားလည်နိုင်ရန်အတွက် လုပ်သားအင်အား ပြင်ပတွင် ရောက်ရှိနေသူများ၏ ထိုသို့ရောက်ရှိနေရသည့် အကြောင်းအရင်းကို သိရှိရန်အရေးကြီးပါသည်။ မြန်မာနိုင်ငံရှိ လူဦးရေ၏သုံးပုံတစ်ပုံမှာ လုပ်သားအင်အားထဲတွင် မပါဝင်ဘဲ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေကြောင်းတွေ့ရပါသည်။ ထိုသူများသည် အလုပ်မလုပ်လိုခြင်း (သို့) အလုပ်လက်ခံဆောင်ရွက်ရန် အဆင်သင့်မဖြစ်သူများ ဖြစ်ကြပါသည်။ ထိုအကြောင်း ပြချက်များကိုကြည့်ခြင်းဖြင့် လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသူများအဖြစ် သတ်မှတ်နိုင်ပါသည်။ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေရခြင်း အကြောင်းရင်း (၆) ချက်မှာ-

(က) အချိန်ပြည့် ကျောင်း/သင်တန်း တတ်ရောက်ခြင်း၊

(ခ) ဖျားနာခြင်း/ထိခိုက်ဒဏ်ရာရခြင်း(သို့မဟုတ်) မသန်စွမ်းခြင်း၊

(ဂ) အငြိမ်းစား(သို့မဟုတ်) အလုပ်လုပ်ရန် အရွယ်လွန်ခြင်း၊

(ဃ) ရာသီချိန်ပြင်ပဖြစ်ခြင်း၊

(င) အလုပ်လုပ်ရသည့် အခြေအနေကို လက်ခံမှုမရှိခြင်း၊

(စ) မိသားစုစားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း/ ငါးဖမ်းလုပ်ငန်းများကို လုပ်ကိုင်နေခြင်းတို့ဖြစ်ပါသည်။

မြို့ပြနှင့်ကျေးလက်တွင်ရှိသော လုပ်သားအင်အားတွင်မပါဝင်သောသူများ၏ လူဦးရေ တစ်ဝက်ခန့်သည် အိမ်မှုကိစ္စ (သို့) မိသားစုတာဝန်များအား ပါဝင်ဆောင်ရွက်နေသူများဖြစ်သည်ကို ဇယား ၃၀ တွင် တွေ့ရှိနိုင်ပါသည်။ မြို့ပြနှင့် နှိုင်းယှဉ်ပါက ကျေးလက်တွင် နေထိုင်သူများမှာ အိမ်မှုကိစ္စ(သို့မဟုတ်) မိသားစုတာဝန်များကို လုပ်ကိုင်သူများ၏ ရာခိုင်နှုန်းသည် အနည်းငယ် ပိုများကြောင်း တွေ့ရပါသည်။ လုပ်သားအင်အားတွင်မပါဝင်ရသော အခြားအကြောင်းအရင်းမှာ အငြိမ်းစား (သို့မဟုတ်) အလုပ်လုပ်ရန် အသက်အရွယ်ကြီးလွန်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသော လူဦးရေ၏ ငါးပုံတစ်ပုံခန့်သည် အသက်အရွယ်ကြီးသူများ ဖြစ်ပါသည်။ လုပ်သားအင်အားတွင် မပါဝင်ရခြင်း၏ အကြောင်းအရင်းများသည် မြို့ပြနှင့် ကျေးလက်တွင် တူညီသော်လည်း ကျား၊ မ တွင်မူ သိသာထင်ရှားစွာ ကွဲပြားနေသည်ကို တွေ့ရှိရပါသည်။ အိမ်မှုကိစ္စ(သို့) မိသားစုတာဝန်များ ဆောင်ရွက်ခြင်းတွင် အမျိုးသမီး ၆၄% ခန့်ရှိသော်လည်း အမျိုးသား ၁၄% သာရှိသည်ကို တွေ့ရှိရပါသည်။ အိမ်မှုကိစ္စမှတစ်ပါး အခြားအကြောင်းရင်းများတွင် အမျိုးသမီးရာခိုင်နှုန်းထက် အမျိုးသား ရာခိုင်နှုန်းက ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။

**ဇယား (၃၀)။ အဓိကအကြောင်းအရင်းအလိုက် လုပ်သားအင်အားတွင်မပါဝင်သူများ၏ ပျံ့နှံ့မှု ရာခိုင်နှုန်း**

| နယ်ပယ် | လုပ်သားအင်အားတွင် မပါဝင်သည့် အကြောင်းရင်းများ | မြို့ပြ | ကျေးလက် | ကျား | မ | ပြည်ထောင်စု |
|---|---|---|---|---|---|---|
| လုပ်သားအင်အားတွင်မပါဝင်သူ ဦးရေ (%) | | ၃၉.၈ | ၃၃.၃ | ၁၉.၈ | ၄၈.၄ | ၃၅.၃ |
| | ကျောင်း/သင်တန်းတက်ရောက် | ၁၈.၄ | ၁၃.၄ | ၂၇.၄ | ၁၀.၉ | ၁၅.၁ |
| | အိမ်မှုကိစ္စ/အိမ်ထောင်တာဝန် | ၄၉.၆ | ၅၁.၉ | ၁၃.၉ | ၆၃.၉ | ၅၁.၁ |
| | နာမကျန်း၊ထိခိုက်ဒဏ်ရာရ၊ မသန်စွမ်း | ၇.၄ | ၈.၄ | ၁၅.၂ | ၅.၆ | ၈.၀ |
| | အငြိမ်းစား၊ အသက်ကြီးရင့် | ၂၀.၀ | ၁၉.၈ | ၃၀.၂ | ၁၆.၃ | ၁၉.၉ |
| | ရာသီချိန်ပြင်ပ | ၀.၆ | ၃.၆ | ၅.၃ | ၁.၆ | ၂.၅ |
| | လက်မခံနိုင်သည့် လုပ်ငန်းခွင်အခြေအနေ | ၂.၈ | ၁.၇ | ၅.၃ | ၁.၀ | ၂.၁ |
| | မိသားစုစားဝတ်နေရေးအတွက် လယ်ယာ/ငါးဖမ်းလုပ်ငန်းများ တွင်ရှိနေခြင်း | ၀.၁ | ၀.၈ | ၁.၄ | ၀.၃ | ၀.၆ |
| | အခြား | ၁.၂ | ၀.၄ | ၁.၃ | ၀.၅ | ၀.၇ |
| | **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

# အခန်း ၉

# အလုပ်အကိုင်

## ၉.၁ နိဒါန်း

ဤအခန်းတွင် အလုပ်လုပ်ကိုင်နေသူများ၏ သွင်ပြင်လက္ခဏာများကို ကျား၊ မ အသက်အုပ်စုအလိုက်၊ အလုပ်အကိုင်နှင့် လုပ်ငန်းအမျိုးအစား၊ အလုပ်ချိန်နှင့် ဝင်ငွေ အစရှိသည့် သွင်ပြင်လက္ခဏာများနှင့် စပ်လျဉ်း၍ ဖော်ပြထားပါသည်။ အချက်အလက်များသည် လွန်ခဲ့သော ၇ ရက်အတွင်း အဓိကအလုပ်နှင့် ဒုတိယအလုပ် နှစ်မျိုးစလုံးကို လွှမ်းခြုံပါသည်။ ထို့အပြင် လွန်ခဲ့သောနှစ်အတွင်း လုပ်ကိုင်နေကျ အလုပ်အကိုင်နှင့် စပ်လျဉ်းသည့် အလုပ်အကိုင် အခြေအနေကိုလည်း ဖော်ပြထားပါသည်။ ပုံမှန်အလုပ်သည် ရည်ညွှန်းကာလ လွန်ခဲ့သော တစ်နှစ်အတွင်း လုပ်ကိုင်ခဲ့သော အဓိကအလုပ်ဖြစ်ပါသည်။ ပုံမှန်အလုပ်ကို ပိုမိုတိကျစွာ သတ်မှတ်ရာတွင် စစ်တမ်းကောက် ယူသည့်နေ့မတိုင်မီ လွန်ခဲ့သောနှစ်အတွင်း အချိန်ကာလ အများဆုံးလုပ်ကိုင်ခဲ့သောအလုပ်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ ဤအခန်းတွင် ဖော်ပြထားသော အလုပ်အကိုင် သွင်ပြင်လက္ခဏာ အများစုသည် အဓိကအလုပ်အတွက် ဖြစ်ပါသည်။ အကယ်၍ အလုပ်တစ်ခုခုကို မသတ်မှတ်ထားပါက အဆိုပါအလုပ်သည် အဓိကအလုပ်ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။

## ၉.၂ အသက်အရွယ်နှင့် ကျား၊ မအလိုက် အလုပ်လက်ရှိဦးရေ

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားအတွင်းရှိ အလုပ်လုပ်နေသော လူဦးရေ၏ ရာခိုင်နှုန်းကို ဇယား ၃၁ တွင်ဖော်ပြထားပါသည်။ ဤဇယားအရ အသက်အုပ်စု အသက် ၂၀ နှစ်မှ ၄၉ နှစ်ကြားရှိ အသက်အုပ်စုများ၏ လူဦးရေ၏ ၁၀% ကျော်သည် မြို့ပြတွင် အလုပ်လုပ်ကိုင်နေကြောင်းသိရသည်။ ကျေးလက်ဒေသအတွက်မူ အသက် ၂၀ နှစ်မှ ၄၄ နှစ်အတွင်း အသက်အုပ်စုများရှိ လူဦးရေ၏ ၁၀% ကျော်သည် အလုပ်လုပ်ကိုင်နေကြောင်း တွေ့ရသည်။ စံနှုန်းအဖြစ် အသက် ၃၀ နှစ်နှင့် ၃၄ နှစ်ကြားကို ကျား၊ မ (သို့မဟုတ်) နေထိုင်မှုအမျိုးအစားကို ဖော်ပြထားပါသည်။ လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်သော လူဦးရေ ပျံ့နှံ့မှုကို ပုံ ၁၈ တွင် ဖော်ပြထားပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၅၁.၇%၊ စက်မှုကဏ္ဍတွင် ၁၆.၈% နှင့် ဝန်ဆောင်မှုကဏ္ဍတွင် ၃၁.၅% ဖြစ်သည်ကို တွေ့ရှိရပါသည်။

ဇယား (၃၁)။ အသက်အုပ်စုအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိဦးရေ၏ ပျံ့နှံ့မှု (ရခိုင်နှုန်း)

| အသက်အုပ်စု (နှစ်) | မြို့ပြ | | | ကျေးလက် | | | ပြည်ထောင်စု | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁၅-၁၉ | ၆.၉ | ၈.၃ | ၇.၅ | ၉.၁ | ၁၀.၆ | ၉.၈ | ၈.၅ | ၉.၉ | ၉.၁ |
| ၂၀-၂၄ | ၁၂.၇ | ၁၃.၈ | ၁၃.၂ | ၁၂.၁ | ၁၄.၀ | ၁၂.၉ | ၁၂.၃ | ၁၄.၀ | ၁၃.၀ |
| ၂၅-၂၉ | ၁၃.၈ | ၁၃.၈ | ၁၃.၈ | ၁၂.၉ | ၁၃.၆ | ၁၃.၂ | ၁၃.၂ | ၁၃.၇ | ၁၃.၄ |
| ၃၀-၃၄ | ၁၄.၀ | ၁၂.၄ | ၁၃.၃ | ၁၂.၉ | ၁၂.၅ | ၁၂.၇ | ၁၃.၂ | ၁၂.၅ | ၁၂.၉ |
| ၃၅-၃၉ | ၁၂.၅ | ၁၂.၇ | ၁၂.၆ | ၁၂.၁ | ၁၂.၄ | ၁၂.၂ | ၁၂.၂ | ၁၂.၅ | ၁၂.၃ |
| ၄၀-၄၄ | ၁၁.၅ | ၁၁.၅ | ၁၁.၅ | ၁၀.၉ | ၁၀.၉ | ၁၀.၉ | ၁၁.၁ | ၁၁.၁ | ၁၁.၁ |
| ၄၅-၄၉ | ၁၀.၁ | ၁၀.၄ | ၁၀.၂ | ၉.၈ | ၉.၇ | ၉.၇ | ၉.၉ | ၉.၉ | ၉.၉ |
| ၅၀-၅၄ | ၇.၉ | ၇.၉ | ၇.၉ | ၈.၀ | ၇.၂ | ၇.၇ | ၈.၀ | ၇.၄ | ၇.၇ |
| ၅၅-၅၉ | ၅.၆ | ၅.၄ | ၅.၅ | ၆.၀ | ၄.၈ | ၅.၅ | ၅.၉ | ၄.၉ | ၅.၅ |
| ၆၀-၆၄ | ၂.၈ | ၂.၂ | ၂.၆ | ၃.၅ | ၂.၄ | ၃.၀ | ၃.၃ | ၂.၃ | ၂.၉ |
| ၆၅+ | ၂.၂ | ၁.၅ | ၁.၉ | ၂.၇ | ၁.၉ | ၂.၃ | ၂.၅ | ၁.၈ | ၂.၂ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

ပုံ (၁၈)-လုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိများ၏ ပျံ့နှံ့မှု



အလုပ်လက်ရှိနှုန်းဆိုသည်မှာ အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်အပိုင်းအခြားရှိ လုပ်သားအင်အားတွင် အလုပ်လက်ရှိပါဝင်မှု ရာခိုင်နှုန်းကို ဆိုလိုပါသည်။ အမြင့်ဆုံး ၁၀၀% အထိ ခန့်မှန်းနိုင်သည်။ ဇယား ၃၂ တွင် အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ် အကိုင်ရရှိမှုကို ဖော်ပြထားပါသည်။ အလုပ်အကိုင်ရရှိမှု ရာခိုင်နှုန်းသည် ၉၆.၄% မှ ၁၀၀% အထိရှိသည်ကို တွေ့ရှိရသည်။ အဆိုပါအလုပ်လက်ရှိနှုန်းသည် အသက်ငယ်ရွယ်သော အုပ်စုများတွင် အနည်းငယ်နည်းပါးသည်ကို တွေ့ရှိရပါသည်။

ပုံ (၁၉)-ကျား၊ မနှင့် အသက်(၁၅)နှစ်နှင့် အထက် အလုပ်လက်ရှိ လူဦးရေပျံ့နှံ့မှု



ဇယား (၃၂)။ အသက်အုပ်စုအလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ အလုပ်လက်ရှိ နှုန်း

| အသက်အုပ်စု (နှစ်) | မြို့ပြ | | | ကျေးလက် | | | တစ်နိုင်ငံလုံး | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ပြည်ထောင်စု | ၉၈.၈ | ၉၈.၃ | ၉၈.၆ | ၉၉.၅ | ၉၉.၄ | ၉၉.၅ | ၉၉.၃ | ၉၉.၁ | ၉၉.၂ |
| ၁၅-၁၉ | ၉၆.၄ | ၉၇.၄ | ၉၆.၉ | ၉၈.၉ | ၉၈.၉ | ၉၈.၉ | ၉၈.၃ | ၉၈.၅ | ၉၈.၄ |
| ၂၀-၂၄ | ၉၇.၅ | ၉၅.၇ | ၉၆.၇ | ၉၉.၂ | ၉၉.၀ | ၉၉.၁ | ၉၈.၇ | ၉၈.၀ | ၉၈.၄ |
| ၂၅-၂၉ | ၉၈.၃ | ၉၇.၀ | ၉၇.၇ | ၉၉.၃ | ၉၉.၃ | ၉၉.၃ | ၉၉.၀ | ၉၈.၇ | ၉၈.၈ |
| ၃၀-၃၄ | ၉၈.၉ | ၉၇.၄ | ၉၈.၃ | ၉၉.၇ | ၉၉.၅ | ၉၉.၆ | ၉၉.၄ | ၉၈.၉ | ၉၉.၂ |
| ၃၅-၃၉ | ၉၉.၅ | ၉၉.၆ | ၉၉.၅ | ၉၉.၈ | ၉၉.၅ | ၉၉.၇ | ၉၉.၇ | ၉၉.၅ | ၉၉.၆ |
| ၄၀-၄၄ | ၉၉.၇ | ၉၉.၄ | ၉၉.၆ | ၉၉.၉ | ၉၉.၈ | ၉၉.၉ | ၉၉.၉ | ၉၉.၇ | ၉၉.၈ |
| ၄၅-၄၉ | ၉၉.၄ | ၉၉.၉ | ၉၉.၆ | ၉၉.၇ | ၉၉.၇ | ၉၉.၇ | ၉၉.၆ | ၉၉.၇ | ၉၉.၇ |
| ၅၀-၅၄ | ၉၉.၈ | ၁၀၀.၀ | ၉၉.၉ | ၉၉.၈ | ၉၉.၉ | ၉၉.၈ | ၉၉.၈ | ၉၉.၉ | ၉၉.၈ |
| ၅၅-၅၉ | ၉၉.၈ | ၁၀၀.၀ | ၉၉.၉ | ၉၉.၆ | ၉၉.၅ | ၉၉.၆ | ၉၉.၇ | ၉၉.၆ | ၉၉.၆ |
| ၆၀-၆၄ | ၉၉.၈ | ၁၀၀.၀ | ၉၉.၉ | ၉၉.၁ | ၉၉.၇ | ၉၉.၃ | ၉၉.၃ | ၉၉.၇ | ၉၉.၄ |
| ၆၅+ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၉၉.၉ | ၉၉.၄ | ၉၉.၈ | ၁၀၀.၀ | ၉၉.၆ | ၉၉.၈ |

## ၉.၃ လုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိ

လုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိဦးရေပျံ့နှံ့မှုကို အလုပ်အကိုင်နှင့် ကျား၊ မ အလိုက် ခွဲခြား၍ ဇယား ၃၃ တွင် ဖော်ပြထားပါသည်။ သိသာထင်ရှားသော လုပ်ငန်းကဏ္ဍများကိုသာ ဇယားတွင် ဖော်ပြထားပါသည်။

စာရင်းဇယားများအရ အဓိကအလုပ်သည် ပုံမှန်လုပ်ကိုင်နေကျအလုပ်အကိုင် ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ အလုပ်အကိုင်ပျံ့နှံ့မှုသည် တစ်ခုနှင့်တစ်ခု အလွန်နီးစပ်စွာရှိသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ဒုတိယအလုပ်အကိုင်၏ ပျံ့နှံ့မှုသည် အဓိကအလုပ်နှင့် ကွဲပြားနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အဓိကအလုပ်ဟုဆိုရာတွင် စစ်တမ်းကောက်ယူသည့်နေ့ မတိုင်မီ လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်ချိန်အများဆုံး ကုန်ဆုံးခဲ့သော အလုပ်ကိုဆိုလိုပါသည်။

အဓိကအလုပ် လုပ်ကိုင်နေသူများ၏ ၅၄.၂% သည် လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ ထို့နောက် လက်လီ၊ လက်ကား ရောင်းချမှု လုပ်ငန်းကဏ္ဍ၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်ပြုပြင်ခြင်း လုပ်ငန်းကဏ္ဍတို့တွင် ၁၃.၉%၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် ၁၀.၆%၊ ပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းကဏ္ဍတွင် ၄.၂%၊ အခြားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် ၄% နှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ၃.၄% ရှိနေသည်ကို တွေ့ရှိရပါသည်။ အခြားသောလုပ်ငန်းကဏ္ဍများတွင် ၃% အောက်ရှိကြောင်း တွေ့ရှိရပါသည်။

အဓိကအလုပ် လုပ်ကိုင်နေသူများကို ကျား၊ မ နှိုင်းယှဉ်ကြည့်ပါက လုပ်ငန်းကဏ္ဍအလိုက် ပျံ့နှံ့မှုမှာ အနည်းနှင့်အများ တူညီနေသည်ကို တွေ့ရှိရပါသည်။ သို့သော် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍ၊ လက်လီလက်ကား ရောင်းချမှုလုပ်ငန်းကဏ္ဍ၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်ပြုပြင်ခြင်း လုပ်ငန်းကဏ္ဍနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းကဏ္ဍတို့တွင် အမျိုးသမီး ပါဝင်မှုနှုန်းသည် အမျိုးသားပါဝင်မှုနှုန်းထက် သိသိသာသာမြင့်မားနေသည်ကို တွေ့ရှိရမည်ဖြစ်ပြီး တစ်ဘက်တွင် ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် သိုလှောင်ရေး လုပ်ငန်းကဏ္ဍတို့တွင်မူ အမျိုးသားများ၏ပါဝင်မှုနှုန်းသည် မြင့်မားနေသည်ကို တွေ့ရှိရပါသည်။

ဒုတိယအလုပ်နှင့်စပ်လျဉ်း၍ စစ်တမ်းကောက်ယူသည့်နေ့မတိုင်မီ လွန်ခဲ့သော ၇ ရက်အတွင်း အလုပ်တစ်ခုထက်မကရှိသောသူများ၏ ၄ ပုံ ၃ ပုံသည် လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍတို့တွင် လုပ်ကိုင်နေသူများဖြစ်ပါသည်။ ပျံ့နှံ့မှုပုံစံကို ကြည့်မည်ဆိုပါက ကျေးလက်နှင့် မြို့ပြနှစ်ခုလုံးတွင် အဓိကအလုပ်၏ ပျံ့နှံ့မှုနှင့် တူညီသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

အလုပ်လုပ်ကိုင်နိုင်သော လုပ်ငန်းကဏ္ဍအလိုက် အသက်အပိုင်းအခြားရှိ လူဦးရေတွင် ပုံမှန်လုပ်ကိုင်နေကျအလုပ်အကိုင်နှင့် အဓိကလုပ်ကိုင်နေသော အလုပ်ရှိသူများ၏ လုပ်ငန်းကဏ္ဍအလိုက် ပျံ့နှံ့မှုမှာ တူညီသည်ကိုတွေ့ရပါသည်။ ဤဇယားအရ လက်ရှိအလုပ်လုပ်ကိုင်နေသူများသည် တူညီသောအလုပ်ကိုသာ လုပ်ကိုင်နေကြောင်း တွေ့ရပါ သည်။

**ဇယား (၃၃)။ လွန်ခဲ့သောနှစ်အတွင်း အလုပ်ချိန်အများဆုံး လုပ်ကိုင်ခဲ့သောအလုပ်နှင့် လက်ရှိလုပ်ကိုင်နေသော အဓိကအလုပ်၊ ဒုတိယအလုပ်တို့ကို လုပ်ကိုင်နေသူများ၏ လုပ်ငန်းကဏ္ဍအလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေပုံနှံ့မှုရာခိုင်နှုန်း**

| လုပ်ငန်းကဏ္ဍများ | အဓိကအလုပ် | | | ဒုတိယအလုပ် | | | ပုံမှန်အလုပ် | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်း | ၅၆.၁ | ၅၁.၆ | ၅၄.၂ | ၇၃.၄ | ၇၅.၁ | ၇၄ | ၅၆.၆ | ၅၂.၁ | ၅၄.၇ |
| ထုတ်လုပ်ခြင်း | ၉.၃ | ၁၂.၃ | ၁၀.၆ | ၆.၆ | ၇ | ၆.၈ | ၉.၂ | ၁၂.၂ | ၁၀.၅ |
| ဆောက်လုပ်ခြင်း | ၅.၄ | ၀.၈ | ၃.၄ | ၄ | ၀.၇ | ၂.၈ | ၅.၃ | ၀.၈ | ၃.၄ |
| လက်လီလက်ကား ရောင်းဝယ်ခြင်း၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်ပြုပြင်ခြင်း | ၉.၄ | ၁၉.၈ | ၁၃.၉ | ၅.၁ | ၁၀.၁ | ၆.၉ | ၉.၃ | ၁၉.၆ | ၁၃.၇ |
| သယ်ယူပို့ဆောင်ခြင်း နှင့်သိုလှောင်ခြင်း | ၇.၁ | ၀.၅ | ၄.၂ | ၃.၂ | ၀.၁ | ၂.၁ | ၇ | ၀.၅ | ၄.၂ |
| စီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုအထောက်အကူပြု လုပ်ငန်း | ၂.၅ | ၁.၉ | ၂.၂ | ၁.၆ | ၀.၄ | ၁.၂ | ၂.၄ | ၁.၉ | ၂.၂ |
| အခြားဝန်ဆောင်မှု လုပ်ငန်းများ | ၄.၆ | ၃.၃ | ၄.၀ | ၃.၃ | ၂.၁ | ၂.၉ | ၄.၅ | ၃.၃ | ၄.၀ |
| အခြား | ၅.၆ | ၉.၈ | ၇.၅ | ၂.၈ | ၄.၅ | ၃.၃ | ၅.၇ | ၉.၆ | ၇.၃ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

## ၉.၄ အဓိကအလုပ်အကိုင်အုပ်စုအရ အလုပ်လက်ရှိ

အဓိကအလုပ်အကိုင်အုပ်စုအရ အလုပ်လက်ရှိ လူဦးရေပုံနှံ့မှုကို အလုပ်အမျိုးအစားနှင့် ကျား၊ မ အလိုက် ခွဲခြား၍ ဇယား ၃၄ တွင်ဖော်ပြထားပါသည်။

အဓိကအလုပ်နှင့်စပ်လျဉ်း၍ အဓိကအလုပ်အကိုင်အုပ်စုအလိုက် ပုံနှံ့မှုရာခိုင်နှုန်းများမှာ-

- လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းကျွမ်းကျင်လုပ်သား (၄၄.၈%)
- အထွေထွေလုပ်သား (ကျပန်း/ပုတ်ပြတ်လုပ်သား) (၁၅.၈%)
- ဝန်ဆောင်မှုနှင့် အရောင်းလုပ်သား (၁၅.၃%)
- လက်မှုအတတ်ပညာနှင့်ဆက်စပ်လုပ်သား (၁၁.၂%)

ဒုတိယအလုပ်၏ ပျံ့နှံ့မှုရာခိုင်နှုန်းသည် အဓိကအလုပ်၏ ပျံ့နှံ့မှုနှင့် တူညီသည်ကို တွေ့ရှိရသော်လည်း ကျွမ်းကျင်မှုရှိသော လယ်ယာ၊ သစ်တောနှင့် ငါးဖမ်းလုပ်သားများ၏ ရာခိုင်နှုန်းမှာ ၆၃.၆% ဖြင့် ပိုမိုမြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။

ပုံမှန်အလုပ်၏ အဓိကအလုပ်အကိုင်အုပ်စုအရ ပျံ့နှံ့မှုရာခိုင်နှုန်းသည် အဓိကအလုပ်၏ ပျံ့နှံ့မှုပုံစံနှင့် အလွန်နီးစပ်စွာ တူညီသည်ကို တွေ့ရှိရပါသည်။

**ဇယား(၃၄)။ လွန်ခဲ့သောနှစ်အတွင်း အလုပ်ချိန်အများဆုံး လုပ်ကိုင်ခဲ့သောအလုပ်နှင့် လက်ရှိလုပ်ကိုင်နေသော အဓိက အလုပ်၊ ဒုတိယအလုပ်တို့ကို လုပ်ကိုင်နေသူများ၏ အဓိကအလုပ်အကိုင်အုပ်စုအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများ၏ လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| အဓိက အလုပ်အကိုင် အုပ်စု | အဓိကအလုပ် | | | ဒုတိယအလုပ် | | | ပုံမှန်အလုပ် | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၀.၂ | ၀.၀ | ၀.၁ | ၀.၀ | ၀.၀ | ၀.၀ | ၀.၂ | ၀.၀ | ၀.၁ |
| မန်နေဂျာများ | ၀.၉ | ၀.၅ | ၀.၇ | ၀.၈ | ၀.၀ | ၀.၅ | ၀.၉ | ၀.၅ | ၀.၇ |
| အသက်မွေးဝမ်းကျောင်းပညာရှင်များ | ၁.၉ | ၅.၃ | ၃.၄ | ၁.၄ | ၂.၆ | ၁.၈ | ၂.၀ | ၅.၃ | ၃.၄ |
| စက်မှုလက်မှုပညာရှင်နှင့် တွဲဖက်ပညာရှင်များ | ၂.၄ | ၁.၃ | ၁.၉ | ၁.၅ | ၀.၁ | ၁.၀ | ၂.၄ | ၁.၂ | ၁.၉ |
| စာရေးလုပ်ငန်းအထောက်အကူပြုလုပ်သားများ | ၁.၂ | ၂.၁ | ၁.၆ | ၀.၃ | ၀.၂ | ၀.၂ | ၁.၂ | ၂.၁ | ၁.၆ |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ | ၁၀.၃ | ၂၂.၁ | ၁၅.၃ | ၅.၃ | ၁၁.၁ | ၇.၄ | ၁၀.၂ | ၂၁.၈ | ၁၅.၁ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင်လုပ်သားများ | ၄၇.၂ | ၄၁.၆ | ၄၄.၈ | ၆၄.၃ | ၆၂.၅ | ၆၃.၆ | ၄၇.၆ | ၄၂.၂ | ၄၅.၃ |

| အဓိက အလုပ်အကိုင် အုပ်စု | အဓိကအလုပ် | | | ဒုတိယအလုပ် | | | ပုံမှန်အလုပ် | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| စက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း လုပ်သားများ | ၁၂.၃ | ၉.၈ | ၁၁.၂ | ၇.၇ | ၅.၄ | ၆.၉ | ၁၂.၁ | ၉.၇ | ၁၁.၁ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ် အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၆.၆ | ၁.၅ | ၄.၄ | ၃.၀ | ၀.၆ | ၂.၁ | ၆.၅ | ၁.၅ | ၄.၃ |
| အခြေခံအလုပ် အကိုင်များ | ၁၇.၂ | ၁၅.၈ | ၁၆.၆ | ၁၅.၇ | ၁၇.၆ | ၁၆.၄ | ၁၇.၀ | ၁၅.၇ | ၁၆.၄ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

## ၉.၅ အလုပ်အကိုင်အခြေအနေ

အလုပ်လုပ်ကိုင်နေသူအားလုံးအတွက် ၎င်းတို့၏ အလုပ်အကိုင် အခြေအနေဆိုင်ရာ အချက်အလက်များရယူခဲ့ပါသည်။ အလုပ်အကိုင်အခြေအနေများကို (၁) အလုပ်သမား (လစာရ အလုပ်သင်အပါအဝင်)၊ (၂) အလုပ်ရှင် (ပုံမှန်အလုပ်သမားဖြင့်)၊ (၃) ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ (အိမ်ထောင်စု/မိသားစုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သူ)၊ (၄) အခကြေးငွေမရသော မိသားစုဝင်လုပ်သား(အိမ်ထောင်စု/ မိသားစုလုပ်ငန်းတွင် လစာမရဘဲကူညီလုပ်ကိုင်သူ)၊(၅) သမဝါယမ အမှုဆောင် (လစာဖြင့် လုပ်ကိုင်ခြင်းမဟုတ်) ဟူ၍ သတ်မှတ်ထားပါသည်။ ဇယား ၃၅ တွင် အလုပ်အကိုင်အခြေအနေများအလိုက် အလုပ်လက်ရှိများ၏ ပျံ့နှံ့မှုနှုန်းကို ဖော်ပြထားပါသည်။

သမဝါယမအမှုဆောင်လုပ်ကိုင်သူသည် မရှိသလောက် နည်းပါးသည်ကို တွေ့ရပါသည်။ ၎င်း၏ပါဝင်မှုမှာ မရှိသလောက်နည်းပါးခြင်း (သို့) သမဝါယမလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်နေပြီး လစာလည်းရရှိနေခြင်း (သို့) အခြားအလုပ်များရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

အသက် ၁၅ နှစ်နှင့်အထက်လူဦးရေတွင် အလုပ်လုပ်သူ ၆၅.၃% ပါဝင်လျက်ရှိရာ အလုပ်လုပ်ကိုင်နေသူများထဲတွင် အလုပ်သမား ၃၈%၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ ၄၇% နှင့် အခကြေးငွေမရသော မိသားစုဝင်လုပ်သား ၁၂% ပါဝင်ပါသည်။ ထို့ကြောင့် အလုပ်လုပ်ကိုင်သူ အများစုသည် အသေးစားမိသားစုလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အလုပ်လုပ်သူများအနက် အလုပ်သမားများ၏ ပါဝင်မှုသည် မြို့ပြဒေသများတွင် ကျေးလက်ဒေသများထက် မြင့်မားနေသည်ကို တွေ့ရှိရသော်လည်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ

သို့မဟုတ် အခကြေးငွေမရသော မိသားစုဝင်လုပ်သားများ၏ပါဝင်မှုသည် ကျေးလက်ဒေသများတွင် များပြားနေသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်ပါဝင်မှုသည်လည်း မြို့ပြနှင့် ကျေးလက်နှစ်ခုစလုံးတွင် အလုပ်ရှင်၏ပါဝင်မှုမှာ အနည်းနှင့်အများ တူညီသည်ကို တွေ့ရှိရပါသည်။

အလုပ်လုပ်နေသူ ကျား၊ မ ဦးရေကို ခွဲခြားကြည့်မည်ဆိုပါက အလုပ်ရှင်ပါဝင်မှုတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုမိုများပြားနေပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူတွင်လည်း အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် များပြားနေသည်ကို တွေ့ရှိရပါသည်။ အခကြေးငွေမရရှိသော မိသားစုဝင်လုပ်သားများ၏ ပါဝင်မှုတွင် အမျိုးသမီးများ၏ ပါဝင်မှုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အိမ်ထောင်စုလုပ်ငန်း (သို့) မိသားစုပိုင်လုပ်ငန်းများတွင် အမျိုးသားများသာ ဦးဆောင်လုပ်ကိုင်ကြပြီး အမျိုးသမီးများသည် အခကြေးငွေမရရှိသော မိသားစုဝင်လုပ်သားများအဖြစ် လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။

**ဇယား (၃၅)။ အလုပ်အကိုင်အခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိ လူဦးရေ ပျံ့နှံ့မှုနှုန်း**

| ပြည်ထောင်စု (အသက် ၁၅ နှစ်နှင့် အထက်) | အလုပ်သမား | အလုပ်ရှင် | ကိုယ်ပိုင်လုပ်ငန်း | အခကြေးငွေမရသော မိသားစုလုပ်သား | သမဝါယမ အမှုဆောင် | စုစုပေါင်း | အလုပ်လက်ရှိ လူဦးရေ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| **အလုပ်: အဓိကအလုပ်** | | | | | | | |
| **ပြည်ထောင်စု** | **၃၈.၅** | **၃.၈** | **၄၅.၉** | **၁၁.၈** | **၀.၀** | **၁၀၀.၀** | **၆၄.၂** |
| မြို့ပြ | ၄၇.၂ | ၄.၂ | ၄၂.၈ | ၅.၉ | ၀.၀ | ၁၀၀.၀ | ၅၉.၃ |
| ကျေးလက် | ၃၅.၁ | ၃.၇ | ၄၇.၁ | ၁၄.၁ | ၀.၀ | ၁၀၀.၀ | ၆၆.၄ |
| ကျား | ၃၉.၄ | ၅.၃ | ၄၇.၅ | ၇.၇ | ၀.၀ | ၁၀၀.၀ | ၇၉.၇ |
| မ | ၃၇.၃ | ၁.၈ | ၄၃.၈ | ၁၇.၁ | ၀.၀ | ၁၀၀.၀ | ၅၁.၁ |
| **အလုပ်: ဒုတိယအလုပ်** | | | | | | | |
| **ပြည်ထောင်စု** | **၄၉.၀** | **၁.၉** | **၄၅.၁** | **၃.၈** | **၀.၁** | **၁၀၀.၀** | **၄.၅** |
| မြို့ပြ | ၃၃.၂ | ၅.၈ | ၅၆.၃ | ၄.၈ | ၀.၀ | ၁၀၀.၀ | ၁.၃ |
| ကျေးလက် | ၅၀.၅ | ၁.၆ | ၄၄.၁ | ၃.၇ | ၀.၁ | ၁၀၀.၀ | ၅.၈ |
| ကျား | ၄၈.၁ | ၂.၆ | ၄၆.၈ | ၂.၄ | ၀.၁ | ၁၀၀.၀ | ၅.၀ |
| မ | ၅၀.၆ | ၀.၈ | ၄၂.၄ | ၆.၁ | ၀.၁ | ၁၀၀.၀ | ၃.၉ |

| ပြည်ထောင်စု (အသက် ၁၅ နှစ်နှင့် အထက်) | အလုပ်သမား | အလုပ်ရှင် | ကိုယ်ပိုင်လုပ်ငန်း | အခကြေးငွေမရသော မိသားစုလုပ်သား | သမဝါယမ အမှုဆောင် | စုစုပေါင်း | အလုပ်လက်ရှိ လူဦးရေ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| အလုပ်: ပုံမှန်အလုပ် | | | | | | | |
| ပြည်ထောင်စု | ၃၈.၀ | ၃.၈ | ၄၆.၅ | ၁၁.၇ | ၀.၀ | ၁၀၀.၀ | ၆၅.၃ |
| မြို့ပြ | ၄၇.၀ | ၄.၂ | ၄၂.၉ | ၅.၉ | ၀.၀ | ၁၀၀.၀ | ၅၉.၆ |
| ကျေးလက် | ၃၄.၅ | ၃.၆ | ၄၇.၉ | ၁၄.၀ | ၀.၀ | ၁၀၀.၀ | ၆၇.၈ |
| ကျား | ၃၈.၉ | ၅.၂ | ၄၈.၀ | ၇.၈ | ၀.၀ | ၁၀၀.၀ | ၈၀.၉ |
| မ | ၃၆.၈ | ၁.၈ | ၄၄.၅ | ၁၆.၉ | ၀.၀ | ၁၀၀.၀ | ၅၂.၁ |

## ၉.၆ ပညာရေးအဆင့်အတန်းအလိုက် အလုပ်လက်ရှိ

အဓိကအလုပ် (ယခုလက်ရှိ လုပ်ကိုင်နေသော) နှင့် ပုံမှန်အလုပ်တို့၏ ပညာရေးအဆင့်အတန်းအလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေပျံ့နှံ့မှုကို ဇယား ၃၆ တွင် ဖော်ပြထားပါသည်။

အလုပ်လုပ်ကိုင်နေသော လူဦးရေ ၅၆% သည် အခြေခံ (သို့) အခြေခံအဆင့်အောက် ပညာရေးအဆင့်သာရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်သူလူဦးရေ စုစုပေါင်း၏ ၇၇% သည် အထက်တန်းအဆင့်အောက်ဖြစ်ပြီး ၁၃% သာလျှင် အထက်တန်းနှင့်အထက် ပညာရေးအဆင့်ရှိသည်ကို တွေ့ရှိရပါသည်။ ဘွဲ့၊ ဒီဂရီနှင့်အထက် ပညာရေးအဆင့်ရှိ အလုပ်လုပ်ကိုင်သူဦးရေသည် ဝန်ဆောင်မှုကဏ္ဍတွင် အများဆုံးဖြစ်သည်။ ကျား၊ မ အလိုက် နှိုင်းယှဉ်လျှင် အမျိုးသားဦးရေများပြားပြီး ကျေးလက်၊ မြို့ပြ နှိုင်းယှဉ်ရာတွင် မြို့ပြဒေသတွင် ပညာရေးအဆင့်ရှိသူပိုမိုများပြားသည်ကို တွေ့ရသည်။

အဓိကအလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းနှင့် အဆင့်အတန်းသည် ပုံမှန်အလုပ်လုပ်ကိုင်နေသူများနှင့် အလားသဏ္ဍာန်တူသည်ကို တွေ့ရှိရပါသည်။

**ဇယား (၃၆)။ ပညာရေးအဆင့်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိလူဦးရေပျံ့နှံ့မှု ရာခိုင်နှုန်း**

| ပညာရေးအဆင့် | ပြည်ထောင်စု | ဧရိယာ | | ကျား၊ မ | | လုပ်ငန်း | | |
|---|---|---|---|---|---|---|---|---|
| | | မြို့ပြ | ကျေးလက် | ကျား | မ | လယ်ယာ လုပ်ငန်း | စက်မှု လုပ်ငန်း | ဝန်ဆောင်မှု လုပ်ငန်း |
| **အလုပ်: အဓိကအလုပ်** | | | | | | | | |
| စာမတတ်သူ | ၉.၄ | ၄.၄ | ၁၁.၄ | ၈.၄ | ၁၀.၈ | ၁၂.၉ | ၅.၉ | ၅.၇ |
| မူလတန်းအောက် | ၁၉.၉ | ၁၁.၈ | ၂၃.၁ | ၁၉.၃ | ၂၀.၆ | ၂၄.၅ | ၁၇.၉ | ၁၃.၅ |
| မူလတန်း | ၃၅.၇ | ၂၆.၀ | ၃၉.၅ | ၃၆.၁ | ၃၅.၁ | ၄၀.၆ | ၃၄.၅ | ၂၈.၂ |
| အလယ်တန်း | ၂၁.၃ | ၂၉.၇ | ၁၈.၀ | ၂၃.၆ | ၁၈.၄ | ၁၆.၉ | ၂၇.၄ | ၂၅.၃ |
| သက်မွေးဝမ်းကျောင်း သင်တန်း လက်မှတ်ရ | ၀.၂ | ၀.၅ | ၀.၁ | ၀.၂ | ၀.၁ | ၀.၀ | ၀.၂ | ၀.၄ |
| အထက်တန်းအဆင့် | ၆.၂ | ၁၀.၇ | ၄.၄ | ၆.၈ | ၅.၃ | ၃.၈ | ၇.၆ | ၉.၃ |
| ဘွဲ့ကြိုဒီပလိုမာ | ၀.၅ | ၁.၂ | ၀.၃ | ၀.၆ | ၀.၅ | ၀.၁ | ၀.၆ | ၁.၂ |
| ဘွဲ့ရနှင့်အထက် | ၆.၈ | ၁၅.၈ | ၃.၂ | ၄.၉ | ၉.၂ | ၁.၁ | ၅.၈ | ၁၆.၅ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| **အလုပ်: ပုံမှန်အလုပ်** | | | | | | | | |
| စာမတတ်သူ | ၁၀.၀ | ၄.၄ | ၁၂.၂ | ၈.၉ | ၁၁.၅ | ၁၄.၁ | ၅.၄ | ၅.၆ |
| မူလတန်းအောက် | ၁၉.၉ | ၁၁.၈ | ၂၃.၀ | ၁၉.၃ | ၂၀.၆ | ၂၄.၅ | ၁၇.၄ | ၁၃.၃ |
| မူလတန်း | ၃၅.၄ | ၂၅.၉ | ၃၉.၁ | ၃၅.၉ | ၃၄.၈ | ၃၉.၉ | ၃၄.၅ | ၂၈.၃ |
| အလယ်တန်း | ၂၁.၁ | ၂၉.၇ | ၁၇.၈ | ၂၃.၄ | ၁၈.၂ | ၁၆.၅ | ၂၈.၀ | ၂၅.၄ |
| သက်မွေးဝမ်းကျောင်း သင်တန်း လက်မှတ်ရ | ၀.၂ | ၀.၅ | ၀.၁ | ၀.၂ | ၀.၁ | ၀.၀ | ၀.၃ | ၀.၄ |
| အထက်တန်းအဆင့် | ၆.၁ | ၁၀.၇ | ၄.၃ | ၆.၈ | ၅.၃ | ၃.၇ | ၇.၈ | ၉.၃ |
| ဘွဲ့ကြိုဒီပလိုမာ | ၀.၅ | ၁.၂ | ၀.၃ | ၀.၆ | ၀.၅ | ၀.၁ | ၀.၇ | ၁.၂ |
| ဘွဲ့ရနှင့်အထက် | ၆.၇ | ၁၅.၈ | ၃.၁ | ၄.၉ | ၉.၁ | ၁.၁ | ၅.၉ | ၁၆.၆ |
| **စုစုပေါင်း** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** | **၁၀၀.၀** |

## ၉.၇ ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်အကိုင်

စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) အလုပ်ဌာနများ၏ ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်လုပ်ကိုင်သူများ၏ ပျံ့နှံ့မှုကို ဇယား ၃၇ တွင် ဖော်ပြထားပါသည်။ နိုင်ငံခြားသားပိုင်ဆိုင်သည့်လုပ်ငန်းများအပါအဝင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော လူဦးရေမှာ ၉၁.၆% ၊ အစိုးရ (သို့မဟုတ်) ဖက်စပ်လုပ်ငန်းများတွင် ၇.၃% ရှိသည်ကို တွေ့ရှိရပါသည်။ ပုဂ္ဂလိကအိမ်ထောင်စု များတွင် အိမ်အကူ/အိမ်ဖော်အဖြစ် လုပ်ကိုင်နေသူ ၀.၃% သာလုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

**ဇယား (၃၇)။ ပိုင်ဆိုင်မှုအမျိုးအစားအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများ၏ လူဦးရေ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အစိုးရ/ပြည်သူပိုင် | သမဝါယမပိုင် | နိုင်ငံသားပိုင်နှင့် နိုင်ငံခြားသားပိုင် ကုမ္ပဏီတို့၏ ဖက်စပ်လုပ်ငန်း | အစိုးရပိုင်နှင့်နိုင်ငံခြားသားပိုင် ကုမ္ပဏီတို့၏ ဖက်စပ်လုပ်ငန်း | အစိုးရပိုင်နှင့် နိုင်ငံသား ကုမ္ပဏီ(များ) တို့၏ ဖက်စပ်လုပ်ငန်း | နိုင်ငံသား(များ)ပိုင်သည့် အိမ်ထောင်စု လုပ်ငန်းအပါအဝင် ပုဂ္ဂလိကလုပ်ငန်း | နိုင်ငံခြားသား(များ)ပိုင် အိမ်ထောင်စုလုပ်ငန်း အပါအဝင် ပုဂ္ဂလိကလုပ်ငန်း | ပုဂ္ဂလိကအိမ်ထောင်စု (အိမ်အကူ/အိမ်ဖော် အဖြစ် လုပ်ကိုင်ခြင်းများ) | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၅.၁** | **၀.၁** | **၀.၉** | **၀.၃** | **၀.၉** | **၉၀.၆** | **၀.၇** | **၀.၃** | **၁.၁** | **၁၀၀.၀** |
| ကျား | ၄.၄ | ၀.၁ | ၀.၆ | ၀.၂ | ၁.၀ | ၉၁.၈ | ၀.၆ | ၀.၁ | ၁.၁ | ၁၀၀.၀ |
| မ | ၆.၁ | ၀.၁ | ၁.၂ | ၀.၄ | ၀.၈ | ၈၉.၀ | ၀.၈ | ၀.၅ | ၁.၂ | ၁၀၀.၀ |
| မြို့ပြ | ၉.၇ | ၀.၂ | ၁.၉ | ၀.၆ | ၂.၃ | ၈၂.၈ | ၀.၉ | ၀.၆ | ၁.၀ | ၁၀၀.၀ |
| ကျေးလက် | ၃.၃ | ၀.၁ | ၀.၄ | ၀.၂ | ၀.၄ | ၉၃.၇ | ၀.၆ | ၀.၁ | ၁.၂ | ၁၀၀.၀ |
| လယ်ယာ | ၀.၇ | ၀.၀ | ၀.၂ | ၀.၁ | ၀.၁ | ၉၇.၂ | ၀.၆ | ၀.၀ | ၁.၂ | ၁၀၀.၀ |
| စက်မှု | ၅.၀ | ၀.၂ | ၃.၆ | ၀.၈ | ၂.၉ | ၈၆.၀ | ၀.၈ | ၀.၀ | ၀.၈ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၁၂.၄ | ၀.၂ | ၀.၆ | ၀.၃ | ၁.၂ | ၈၂.၃ | ၀.၈ | ၀.၉ | ၁.၂ | ၁၀၀.၀ |

မြို့ပြဒေသများရှိ အလုပ်လုပ်ကိုင်နေသူအားလုံးထဲမှ အစိုးရ သို့မဟုတ် ဖက်စပ်ပိုင်လုပ်ငန်းတွင် လုပ်ကိုင်နေသူများသည် ကျေးလက်ဒေသများထက် သိသိသာသာပိုမိုသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ အကျိုးဆက်အဖြစ် နိုင်ငံသားများပိုင်ဆိုင်သော အိမ်ထောင်စုစီးပွားရေးလုပ်ငန်းများအပါအဝင် ပုဂ္ဂလိကပိုင်လုပ်ငန်းများတွင် ကျေးလက်ဒေသ၌ ၉၃.၇% ဖြင့် မြင့်မားစွာပါဝင်နေကြောင်း တွေ့ရှိရပါသည်။ ကျား၊ မ ခွဲခြားကြည့်မည် ဆိုပါက အစိုးရ (သို့မဟုတ်)

ဖက်စပ်ပိုင်လုပ်ငန်းများတွင် ပါဝင်မှုရာခိုင်နှုန်းမှာ အမျိုးသမီးများသည် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။

လုပ်ငန်းကဏ္ဍအလိုက် ကြည့်မည်ဆိုပါက အစိုးရ သို့မဟုတ် ဖက်စပ်ပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေသူများသည် လယ်ယာလုပ်ငန်းတွင် ၁.၁% ဖြင့်အနည်းဆုံးဖြစ်ပြီး ဝန်ဆောင်မှုလုပ်ငန်းတွင် ၁၄.၇% ဖြင့် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ၉.၈ အလုပ်ဌာနအရွယ်အစား

အလုပ်လုပ်ကိုင်သူများ၏ ပျံ့နှံ့မှုကို လုပ်ငန်း/အလုပ်ဌာနအလိုက် ခွဲခြားလေ့လာခြင်းအားဖြင့် နိုင်ငံအတွင်း အလုပ်ဌာနများအား မည်ကဲ့သို့ ဖွဲ့စည်းထားသည်ကို လေ့လာနိုင်မည်ဖြစ်ပါသည်။ ဇယား ၃၈ တွင် ဖော်ပြထားချက်များအရ တစ်ဦးတစ်ယောက်တည်း လုပ်ကိုင်သောလုပ်ငန်းမှာ ၁၈% ဖြစ်သည်ကို တွေ့ရှိရပါသည်။ အလုပ်သမား ၅ ဦးအောက်ရှိသော လုပ်ငန်း/အလုပ်ဌာနများသည် ၆၁% ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ အလုပ်သမား ၅၀ ဦးနှင့်အထက်ရှိသော လုပ်ငန်း/ အလုပ်ဌာနများသည် ၃.၃% သာရှိကြောင်း တွေ့ရပါသည်။

**ဇယား (၃၈)။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်သူများ လုပ်ကိုင်နေသည့် အလုပ်ဌာနအရွယ်အစားအလိုက် လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| နယ်ပယ် | အလုပ်ဌာနအရွယ်အစား | | | | | | | |
|---|---|---|---|---|---|---|---|---|
| | တစ်ဦးတည်း | ၂-၄ ဦး | ၅-၉ ဦး | ၁၀-၁၉ ဦး | ၂၀-၄၉ ဦး | ၅၀-၉၉ ဦး | ၁၀၀ ဦးနှင့်အထက် | စုစုပေါင်း |
| ပြည်ထောင်စု | ၁၈.၁ | ၄၂.၇ | ၂၂.၈ | ၉.၂ | ၃.၇ | ၁.၂ | ၂.၃ | ၁၀၀.၀ |
| ကျား၊မ | | | | | | | | |
| ကျား | ၁၆.၅ | ၄၄.၅ | ၂၃.၃ | ၉.၁ | ၃.၈ | ၁.၁ | ၁.၆ | ၁၀၀.၀ |
| မ | ၂၀.၂ | ၄၀.၄ | ၂၂.၀ | ၉.၃ | ၃.၆ | ၁.၃ | ၃.၁ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၂၃.၈ | ၃၄.၄ | ၁၇.၂ | ၁၀.၇ | ၆.၉ | ၂.၃ | ၄.၇ | ၁၀၀.၀ |
| ကျေးလက် | ၁၅.၉ | ၄၆.၀ | ၂၄.၉ | ၈.၇ | ၂.၅ | ၀.၇ | ၁.၃ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | | | |
| လယ်ယာ | ၉.၀ | ၅၁.၆ | ၂၈.၄ | ၈.၇ | ၁.၈ | ၀.၄ | ၀.၂ | ၁၀၀.၀ |
| စက်မှု | ၁၄.၈ | ၂၉.၉ | ၂၄.၃ | ၁၁.၅ | ၇.၄ | ၂.၆ | ၉.၅ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၃၄.၉ | ၃၅.၀ | ၁၂.၇ | ၈.၉ | ၄.၉ | ၁.၇ | ၁.၈ | ၁၀၀.၀ |

## ၄.၉ လုပ်သက်

အလုပ်လုပ်ကိုင်နေသူများအား ၎င်းတို့၏ လက်ရှိအလုပ် လုပ်ကိုင်ခဲ့သည့် အချိန်ကာလ (လုပ်သက်) အလိုက် ပျံ့နှံ့မှုကို ဇယား ၃၉ တွင်ဖော်ပြထားပါသည်။ သို့သော်လည်း ၎င်းတို့၏ ပထမဆုံး အလုပ်လုပ်စဉ်ကတည်းက ကုန်ဆုံးခဲ့သော အချိန်ကာလ စုစုပေါင်းကို ရေတွက်နိုင်ခြင်းမရှိပါ။ အလုပ်လုပ်ကိုင်နေသူ၏ ၄၅.၂% သည် လုပ်ငန်းတစ်ခုတည်းအား ၁၀ နှစ်နှင့်အထက်လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။ ပျမ်းမျှတစ်နှစ်အတွင်းရှိနေခြင်းကို ကောက်ချက်ချမည်ဆိုပါက ၎င်းတို့အနေဖြင့် အလုပ်ပြောင်းရွှေ့လုပ်ကိုင်ရန် အခွင့်အရေးနည်းပါးကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**ဇယား (၃၉)။ အဓိကအလုပ်တွင် လုပ်ကိုင်နေသည့် လုပ်သက်ကာလအလိုက် အသက် ၁၅ နှစ်နှင့် အထက် အလုပ်လက်ရှိ လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| နယ်ပယ် | ၃ လ အောက် | ၃ လ မှ ၆ လ | ၆ လ မှ ၁၂ လ | ၁ နှစ်မှ ၂ နှစ် | ၂ နှစ် မှ ၅ နှစ် | ၅ နှစ် မှ ၁၀ နှစ် | ၁၀ နှစ်နှင့် အထက် | စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၂.၁ | ၁.၈ | ၃.၁ | ၉.၀ | ၁၉.၁ | ၁၉.၇ | ၄၅.၂ | ၁၀၀.၀ |
| ကျား၊မ | | | | | | | | |
| ကျား | ၂.၀ | ၁.၇ | ၂.၈ | ၈.၇ | ၁၈.၇ | ၁၉.၆ | ၄၆.၅ | ၁၀၀.၀ |
| မ | ၂.၂ | ၁.၉ | ၃.၄ | ၉.၅ | ၁၉.၅ | ၁၉.၉ | ၄၃.၅ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၂.၀ | ၂.၀ | ၄.၈ | ၁၃.၂ | ၂၃.၆ | ၁၉.၆ | ၃၄.၇ | ၁၀၀.၀ |
| ကျေးလက် | ၂.၁ | ၁.၇ | ၂.၄ | ၇.၄ | ၁၇.၃ | ၁၉.၈ | ၄၉.၄ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | | | |
| လယ်ယာ | ၁.၅ | ၀.၈ | ၁.၅ | ၅.၄ | ၁၄.၈ | ၁၉.၂ | ၅၆.၇ | ၁၀၀.၀ |
| စက်မှု | ၄.၀ | ၄.၀ | ၅.၆ | ၁၂.၆ | ၂၃.၈ | ၂၀.၀ | ၃၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၂.၁ | ၂.၁ | ၄.၃ | ၁၃.၀ | ၂၃.၅ | ၂၀.၅ | ၃၄.၄ | ၁၀၀.၀ |

## ၄.၁၀ အလုပ်နေရာ

စစ်တမ်းကောက်ယူရာတွင် အလုပ်လုပ်သူအားလုံး၏ လုပ်ငန်းနေရာနှင့်ပတ်သက်၍ မေးမြန်းခဲ့ပါသည်။ အလုပ်လုပ်သူများ၏ အလုပ်နေရာအရ ပျံ့နှံ့မှုရာခိုင်နှုန်းကို ဇယား ၄၀ တွင် ဖော်ပြထားပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ မြစ်ချောင်းပင်လယ်များ၊ လယ်ယာမြေများတွင် အလုပ်လုပ်ကိုင်နေသူများသည် အလုပ်လုပ်ကိုင်သူအားလုံး၏ တစ်ဝက်နီးပါးရှိသည်ကို တွေ့ရှိရပါသည်။ ၁၁.၆% သည် အလုပ်ရှင်၏ အိမ်နေရာတွင် လုပ်ကိုင်နေကြပြီး ၁၂.၈% သည် နေရာနှင့်အဆောက်အဦ အတည်တကျဖြင့် လုပ်ကိုင်

နေသူများဖြစ်ကြောင်း တွေ့ရှိရသည်။ ပုဂ္ဂလိကကဏ္ဍတွင် လယ်ယာကဏ္ဍ၌ လုပ်ကိုင်နေသူများသည် အလုပ်ရှင်၏ အိမ်၊ အလုပ်နေရာတွင် လုပ်ကိုင်နေသူများ နည်းပါးပြီး ၎င်းတို့သည် အဓိကအားဖြင့် လယ်ယာနှင့်မွေးမြူရေးခြံများတွင်သာ လုပ်ကိုင်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၄၀)။ အလုပ်နေရာအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်သူ လူဦးရေ ပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| နယ်ပယ် | သူ / သူမ၏အိမ်ထဲမှာ | အိမ်ရှေ့ / အိမ်ဘေးနေရာ | အလုပ်ရှင်ရဲ့အိမ်/အလုပ် နေရာ | နေရာအထည်တကျနှင့် အဆောက်အဦအတည်တကျဖြင့် | နေရာအတည်တကျနှင့် ယာယီအဆောက်အဦဖြင့် | နေရာအတည်တကျရှိသော်လည်း အဆောက်အဦမရှိ | နေရာအတည်တကျမရှိ | မွေးမြူရေးခြံ၊ လယ်ယာစိုက်ခင်း၊ ပင်လယ်၊ မြစ်၊ ဆောက်လုပ်ရေးလုပ်ငန်းခွင် | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၆.၅** | **၉.၂** | **၁၁.၆** | **၁၂.၈** | **၁.၉** | **၃.၂** | **၅.၈** | **၄၈.၅** | **၀.၆** | **၁၀၀.၀** |
| **ကျား၊ မ** | | | | | | | | | | |
| ကျား | ၃.၇ | ၈.၆ | ၁၃.၅ | ၁၁.၃ | ၁.၅ | ၃.၈ | ၆.၄ | ၅၀.၅ | ၀.၇ | ၁၀၀.၀ |
| မ | ၁၀.၂ | ၁၀.၀ | ၉.၁ | ၁၄.၉ | ၂.၄ | ၂.၃ | ၅.၁ | ၄၅.၇ | ၀.၃ | ၁၀၀.၀ |
| **မြို့ပြ၊ ကျေးလက်** | | | | | | | | | | |
| မြို့ပြ | ၁၀.၇ | ၁၂.၉ | ၁၇.၉ | ၃၁.၀ | ၃.၇ | ၄.၈ | ၈.၁ | ၁၀.၂ | ၀.၇ | ၁၀၀.၀ |
| ကျေးလက် | ၄.၈ | ၇.၈ | ၉.၁ | ၅.၇ | ၁.၂ | ၂.၅ | ၄.၉ | ၆၃.၅ | ၀.၅ | ၁၀၀.၀ |
| **လုပ်ငန်းကဏ္ဍ** | | | | | | | | | | |
| လယ်ယာ | ၀.၆ | ၄.၇ | ၃.၄ | ၀.၉ | ၀.၂ | ၁.၂ | ၁.၂ | ၈၇.၃ | ၀.၄ | ၁၀၀.၀ |
| စက်မှု | ၁၅.၅ | ၈.၆ | ၃၀.၀ | ၂၀.၉ | ၂.၅ | ၄.၂ | ၅.၀ | ၁၁.၆ | ၀.၆ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၁၁.၄ | ၁၆.၉ | ၁၅.၂ | ၂၇.၅ | ၄.၂ | ၅.၇ | ၁၃.၈ | ၄.၄ | ၀.၉ | ၁၀၀.၀ |

## ၉.၁၁ အလုပ်ချိန်နာရီ

စစ်တမ်းကောက်ယူရာတွင် အလုပ်ချိန်နာရီနှင့်ပတ်သက်၍ တစ်ပတ်အတွင်း ပုံမှန်အလုပ်လုပ်ရက်နှင့် ပုံမှန်အလုပ်ချိန်များကို ကောက်ယူခဲ့သကဲ့သို့ လွန်ခဲ့သောတစ်ပတ်အတွင်း အမှန်တကယ် အလုပ်လုပ်ရက်နှင့် အလုပ်ချိန်တို့ကို အဓိကအလုပ်နှင့် အခြားအလုပ်များအတွက် မေးမြန်းခဲ့ပါသည်။

ဇယား ၄၁ တွင် တစ်ပတ်အတွင်း ပျမ်းမျှအလုပ်ချိန်နာရီကို အလုပ်အကိုင်အခြေအနေအလိုက်ဖော်ပြထားပါသည်။ ဇယားတွင် ဖော်ပြထားချက်အရ အလုပ်လုပ်သူတစ်ဦးသည် တစ်ပတ်လျှင် ပျမ်းမျှ ၅၁.၆ နာရီလုပ်ကိုင်လျက်ရှိပါသည်။ အမျိုးသားအလုပ်လုပ်သူများအနေဖြင့်

တစ်ပတ်ပျမ်းမျှ အလုပ်ချိန်ထက် အနည်းငယ်ပိုသော ၅၂.၉ နာရီခန့် လုပ်ကိုင်နေသည်ကို တွေ့ရှိရပြီး အမျိုးသမီးများအနေဖြင့် ပျမ်းမျှ ၅၀ နာရီ လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသများတွင်မူ ပျမ်းမျှအလုပ်ချိန်နာရီသည် အနည်းနှင့်အများတူညီသည်ကို တွေ့ရှိရပါသည်။

ဇယား (၄၁)။ အလုပ်အကိုင်အခြေအနေအလိုက် အဓိကအလုပ်နှင့် အခြားအလုပ်များကို လုပ်ကိုင်သည့် အသက် ၁၅ နှစ်နှင့်အထက် လူတစ်ဦး တစ်ပတ်ပျမ်းမျှ အလုပ်လုပ်ချိန်

| နယ်ပယ် | အလုပ်သမား | အလုပ်ရှင် | ကိုယ်ပိုင်လုပ်ငန်း | အခကြေးငွေမရသော မိသားစုဝင်လုပ်သား | သမဝါယမ လုပ်သား | စုစုပေါင်း |
|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၅၁.၇၀ | ၅၃.၂၇ | ၅၁.၅၈ | ၅၀.၃၉ | ၄၆.၈၆ | ၅၁.၅၅ |
| ကျား၊ မ | | | | | | |
| ကျား | ၅၂.၉၀ | ၅၄.၁၁ | ၅၂.၇၂ | ၅၁.၁၅ | ၄၅.၃၈ | ၅၂.၇၄ |
| မ | ၅၀.၀၂ | ၅၀.၀၁ | ၄၉.၉၄ | ၄၉.၉၄ | ၅၂.၀၀ | ၄၉.၉၇ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၅၁.၁၄ | ၅၃.၉၄ | ၅၂.၂၈ | ၄၉.၈၉ | ၉.၀၀ | ၅၁.၆၇ |
| ကျေးလက် | ၅၁.၉၉ | ၅၂.၉၆ | ၅၁.၃၃ | ၅၀.၄၈ | ၅၁.၃၀ | ၅၁.၅၀ |

ဇယား ၄၂ တွင် တစ်ပတ်အတွင်း ပုံမှန်အလုပ်ချိန်နာရီနှင့် နောက်ဆုံးအလုပ်လုပ်ခဲ့သောရက်၏ အမှန်တကယ်အလုပ်လုပ်သော အလုပ်ချိန်နာရီကို အခြေခံ၍ ခန့်မှန်းတွက်ချက်ထားသော အလုပ်ချိန်နာရီများကို ဖော်ပြထားပါသည်။ ဒုတိယအလုပ်၏ တစ်ပတ်အတွင်း အလုပ်လုပ်ချိန်နာရီသည် အဓိကအလုပ်၏သုံးပုံတစ်ပုံဖြစ်သော ၁၉ နာရီခန့်ရှိကြောင်း တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံးအနေဖြင့် တစ်ရက်ပျမ်းမျှ အလုပ်ချိန်နာရီသည် အခြားအလုပ်များ ဆိုလိုသည်မှာ ဒုတိယအလုပ် (သို့) အခြားအလုပ်၏ အလုပ်ချိန်များနှင့် အကျိုးသက်ရောက်မှုမရှိကြောင်းတွေ့ရှိရပါသည်။ ဤအချက်သည် ကျား၊ မ တွင်သာမက မြို့ပြ၊ ကျေးလက်များတွင်လည်းတွေ့ရှိရမည်ဖြစ်ပါသည်။ ခန့်မှန်းအလုပ်ချိန်ကို ခန့်မှန်းရာတွင် ပုံမှန်အလုပ်ချိန်နှင့်အမှန်တကယ် အလုပ်ချိန်အပေါ်အခြေခံ၍ ခန့်မှန်းခြင်းသည် အနည်းနှင့်အများ တူညီသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍများတွင်လည်း ဤအချက်သည် မှန်ကန်ကြောင်း တွေ့ရှိရပါသည်။

ပုံမှန်အလုပ်၏ တစ်ပတ်အတွင်း အလုပ်ချိန်နာရီသည် အဓိကအလုပ်၏ အလုပ်ချိန်နာရီနှင့် တူညီနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အဓိကအလုပ်နှင့် ပုံမှန်အလုပ်သည် ယေဘုယျအားဖြင့် တူညီနေသည့်အတွက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၄၂)။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်သူများ၏ အဓိကအလုပ်နှင့် အခြားအလုပ်များ၏ ပျမ်းမျှအလုပ်ချိန်နာရီ

| နယ်ပယ် | တစ်ပတ်ပုံမှန် အလုပ်လုပ်ချိန် (၁.၀၀နာရီ) | | | တစ်ရက်တွင် အမှန်တကယ် အလုပ်လုပ်သည့် အလုပ်ချိန်ပေါ်အခြေခံပြီး ခန့်မှန်းတွက်ချက်ထားသည့် တစ်ပတ်အလုပ်လုပ်ချိန် (၁.၀၀နာရီ) | | | လွန်ခဲ့သောနှစ်က ပုံမှန်အလုပ်၏ တစ်ပတ် ပုံမှန် အလုပ်လုပ်ချိန် (၁.၀၀နာရီ) |
|---|---|---|---|---|---|---|---|
| | အဓိက အလုပ် | အခြား အလုပ် | စုစုပေါင်း | အဓိက အလုပ် | အခြား အလုပ် | စုစုပေါင်း | |
| ပြည်ထောင်စု | ၅၀.၈၄ | ၁၈.၈၃ | ၅၁.၅၅ | ၅၀.၈၁ | ၁၉.၁၁ | ၅၁.၃၈ | ၅၀.၇၆ |
| ကျား၊ မ | | | | | | | |
| ကျား | ၅၁.၉၃ | ၁၉.၄၈ | ၅၂.၇၄ | ၅၁.၉၂ | ၁၉.၆၉ | ၅၂.၅၇ | ၅၁.၉၂ |
| မ | ၄၉.၄၁ | ၁၇.၇၂ | ၄၉.၉၇ | ၄၉.၃၄ | ၁၈.၁၄ | ၄၉.၈၀ | ၄၉.၂၃ |
| မြို့ပြ၊ ကျေးလက် | | | | | | | |
| မြို့ပြ | ၅၁.၅၀ | ၁၆.၂၁ | ၅၁.၆၇ | ၅၁.၄၂ | ၁၆.၄၂ | ၅၁.၅၅ | ၅၁.၃၁ |
| ကျေးလက် | ၅၀.၅၈ | ၁၉.၀၆ | ၅၁.၅၀ | ၅၀.၅၇ | ၁၉.၃၄ | ၅၁.၃၁ | ၅၀.၅၄ |
| လုပ်ငန်းကဏ္ဍ | | | | | | | |
| လယ်ယာ | ၅၀.၃၉ | ၁၉.၅၁ | ၅၁.၄၅ | ၅၀.၃၈ | ၁၉.၇၈ | ၅၁.၂၃ | ၅၀.၅၃ |
| စက်မှု | ၅၁.၃၁ | ၁၆.၉၆ | ၅၁.၆၇ | ၅၁.၂၃ | ၁၈.၂၄ | ၅၁.၅၁ | ၅၁.၅၃ |
| ဝန်ဆောင်မှု | ၅၁.၃၂ | ၁၆.၆၆ | ၅၁.၆၄ | ၅၁.၂၈ | ၁၆.၄၆ | ၅၁.၅၅ | ၅၁.၀၇ |

ဇယား (၄၃)။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်သူများ၏ တစ်ပတ်အတွင်း ပုံမှန်အလုပ်ချိန် နာရီ အုပ်စုအလိုက်ပျံ့နှံ့မှု ရာခိုင်နှုန်း

| နယ်ပယ် | တစ်ပတ်အလုပ်လုပ်ချိန် | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁နာရီမှ ၉ နာရီ | ၁၀ နာရီမှ ၁၉ နာရီ | ၂၀ နာရီမှ ၂၉ နာရီ | ၃၀ နာရီမှ ၃၉ နာရီ | ၄၀ နာရီမှ ၄၉ နာရီ | ၅၀ နာရီမှ ၅၉ နာရီ | ၆၀+ နာရီ | စုစုပေါင်း |
| ပြည်ထောင်စု | ၁.၀ | ၂.၀ | ၅.၉ | ၁၀.၃ | ၂၆.၀ | ၂၈.၉ | ၂၆.၀ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | |
| ကျား | ၀.၉ | ၁.၆ | ၄.၇ | ၉.၀ | ၂၅.၅ | ၃၀.၇ | ၂၇.၅ | ၁၀၀.၀ |
| မ | ၁.၀ | ၂.၅ | ၇.၄ | ၁၂.၁ | ၂၆.၅ | ၂၆.၅ | ၂၄.၀ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၁.၁ | ၁.၉ | ၅.၃ | ၁၀.၀ | ၃၀.၆ | ၂၂.၂ | ၂၉.၀ | ၁၀၀.၀ |
| ကျေးလက် | ၀.၉ | ၂.၀ | ၆.၁ | ၁၀.၅ | ၂၄.၁ | ၃၁.၆ | ၂၄.၈ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | | | |
| လယ်ယာ | ၀.၉ | ၂.၀ | ၆.၀ | ၁၀.၅ | ၂၃.၁ | ၃၄.၅ | ၂၃.၀ | ၁၀၀.၀ |
| စက်မှု | ၀.၈ | ၁.၃ | ၃.၉ | ၆.၉ | ၃၄.၂ | ၂၇.၄ | ၂၅.၅ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၁.၂ | ၂.၅ | ၆.၇ | ၁၁.၈ | ၂၆.၄ | ၂၀.၅ | ၃၁.၀ | ၁၀၀.၀ |

အလုပ်လုပ်သူများအား အလုပ်ချိန်နာရီအရ ပျံ့နှံ့မှုကို ဇယား ၄၃ တွင်ဖော်ပြထားပါသည်။ အဆိုပါဇယားအရ အလုပ်လုပ်နေသူများ၏ ၁% သာ ၎င်းတို့၏အဓိကအလုပ်တွင် ၉ နာရီ (သို့) ယင်းထက်လျော့နည်း လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ ၁၉% ခန့်သည် အဓိကအလုပ်အတွက် တစ်ပတ်ပျမ်းမျှအလုပ်ချိန် ၄၀ နာရီထက် လျော့နည်းလုပ်ကိုင်နေကြပြီး ၅၀% ကျော်သော အလုပ်လုပ်သူများသည် အဓိကအလုပ်အတွက် တစ်ပတ်ပျမ်းမျှအလုပ်ချိန် အနည်းဆုံး ၅၀ နာရီထက် ကျော်လွန်လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။

**အလုပ်အကိုင်အလိုက်တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ** - အဓိကအလုပ်အတွက် တစ်ပတ်ပျမ်းမျှအလုပ်ချိန်အရ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေပျံ့နှံ့မှုကို ဇယား ၄၄ တွင်ဖော်ပြထားပါသည်။ အလုပ်အကိုင်အမျိုးအစားအလိုက် ကြည့်မည်ဆိုပါက စစ်မှုထမ်း

အလုပ်အကိုင်[၈]များတွင် လုပ်ကိုင်နေသူများ၏ တစ်ပတ်ပျမ်းမျှအလုပ်ချိန်သည် ၅၆.၁၆ နာရီဖြင့် အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒုတိယ တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ အများဆုံးသည် ဝန်ဆောင်မှုနှင့် ရောင်းဝယ်ရေးဖြစ်ပြီး နာရီအားဖြင့် ၅၄.၀၆ နာရီ ဖြစ်ပါသည်။ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ အတိုဆုံးမှာ ၃၉.၄၉ နာရီဖြစ်ပြီး ကျွမ်းကျင်ပညာရှင်များ ဖြစ်ကြပါသည်။

တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ ၄၀ ထက်လျော့နည်းလုပ်ကိုင်နေသည့် အလုပ်သမားသည် ၁၉% ခန့်ဖြင့် အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။ ပျံ့နှံ့မှုပုံစံကို ကြည့်မည်ဆိုပါက အဓိက အလုပ်အကိုင်အမျိုးအစားအားလုံးတွင် တူညီမှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ကျွမ်းကျင်ပညာရှင်များသာ ၎င်းတို့၏ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်မှာလျော့နည်းသည့်အားလျော်စွာ ပျံ့နှံ့မှုမှာလည်း ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါသည်။

**ဇယား (၄၄)။ အဓိကအလုပ်အကိုင် အုပ်စုအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်သူများ၏ အဓိကအလုပ်တွင် တစ်ပတ်အတွင်း ပုံမှန်အလုပ်ချိန်အရ ပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| အဓိက အလုပ်အကိုင်အုပ်စု | တစ်ပတ်အလုပ်လုပ်ချိန် | | | | | | | | တစ်ပတ် ပျမ်းမျှ အလုပ် လုပ်ချိန် |
|---|---|---|---|---|---|---|---|---|---|
| | ၁-၉ နာရီ | ၁၀-၁၉ နာရီ | ၂၀-၂၉ နာရီ | ၃၀-၃၉ နာရီ | ၄၀-၄၉ နာရီ | ၅၀-၅၉ နာရီ | ၆၀+ နာရီ | စုစုပေါင်း | |
| **ပြည်ထောင်စု** | **၁.၀** | **၂.၀** | **၅.၉** | **၁၀.၃** | **၂၆.၀** | **၂၈.၉** | **၂၆.၀** | **၁၀၀.၀** | **၅၀.၈၄** |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၀.၀ | ၀.၀ | ၀.၀ | ၉.၀ | ၃၁.၄ | ၃၆.၇ | ၂၂.၉ | ၁၀၀.၀ | ၅၆.၁၆ |
| မန်နေဂျာများ | ၁.၀ | ၁.၂ | ၁.၅ | ၆.၁ | ၅၄.၁ | ၁၉.၉ | ၁၆.၂ | ၁၀၀.၀ | ၄၉.၇၈ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၁.၆ | ၂.၂ | ၇.၉ | ၂၆.၉ | ၄၅.၉ | ၉.၈ | ၅.၈ | ၁၀၀.၀ | ၃၉.၄၉ |
| စက်မှုလက်မှုပညာရှင်နှင့် တွဲဖက်ပညာရှင်များ | ၁.၆ | ၂.၆ | ၅.၈ | ၁၅.၇ | ၃၇.၀ | ၂၀.၂ | ၁၇.၁ | ၁၀၀.၀ | ၄၆.၄၄ |
| စာရေးလုပ်ငန်းအထောက်အကူပြုလုပ်သားများ | ၀.၆ | ၀.၈ | ၀.၈ | ၁၃.၆ | ၆၀.၈ | ၉.၈ | ၁၃.၇ | ၁၀၀.၀ | ၄၆.၅၂ |

[၈] စစ်မှုထမ်းအလုပ်အကိုင်များ၏ နမူနာလူဦးရေမှာ ၅၉ ဦးသာ ဖြစ်ပါသည်။

| အဓိက အလုပ်အကိုင်အုပ်စု | တစ်ပတ်အလုပ်လုပ်ချိန် | | | | | | | | တစ်ပတ် ပျမ်းမျှ အလုပ် လုပ်ချိန် |
|---|---|---|---|---|---|---|---|---|---|
| | ၁-၉ နာရီ | ၁၀-၁၉ နာရီ | ၂၀-၂၉ နာရီ | ၃၀-၃၉ နာရီ | ၄၀-၄၉ နာရီ | ၅၀-၅၉ နာရီ | ၆၀+ နာရီ | စုစုပေါင်း | |
| ဝန်ဆောင်မှုနှင့် အရောင်းလုပ်သား များ | ၁.၂ | ၂.၄ | ၇.၅ | ၁၀.၁ | ၂၀.၃ | ၂၀.၅ | ၃၈.၁ | ၁၀၀.၀ | ၅၄.၀၆ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကျွမ်းကျင် လုပ်သားများ | ၀.၈ | ၂.၂ | ၆.၁ | ၁၁.၁ | ၂၃.၀ | ၃၃.၈ | ၂၃.၀ | ၁၀၀.၀ | ၅၀.၁၄ |
| လက်မှုပညာနှင့် ဆက်စပ်လုပ်ငန်း လုပ်သားများ | ၀.၈ | ၁.၃ | ၃.၈ | ၇.၄ | ၃၀.၃ | ၂၇.၇ | ၂၇.၆ | ၁၀၀.၀ | ၅၁.၈၈ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ် အသုံးပြုသူများ၊ စုစည်း တပ်ဆင်သူများ | ၁.၃ | ၁.၅ | ၄.၆ | ၈.၀ | ၂၄.၄ | ၂၅.၇ | ၃၄.၅ | ၁၀၀.၀ | ၅၃.၂၇ |
| အခြေခံအလုပ် အကိုင်များ | ၁.၁ | ၁.၉ | ၅.၈ | ၇.၈ | ၂၆.၅ | ၃၂.၃ | ၂၄.၆ | ၁၀၀.၀ | ၅၀.၉၉ |

အဓိကလုပ်ငန်းကဏ္ဍအလိုက် တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီ - လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်နေသူများ၏ တစ်ပတ်ပျမ်းမျှအလုပ်ချိန်နာရီအရ ပျံ့နှံ့မှုကို ဇယား ၄၅ တွင် ဖော်ပြထားပြီး ပျမ်းမျှတစ်ပတ် အလုပ်ချိန်နာရီမှာ ၅၁ နာရီဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နေသူများ၏ ၂၆% ခန့်သည် တစ်ပတ် ပျမ်းမျှအလုပ်ချိန်နာရီ ၆၀နှင့် အထက် လုပ်ကိုင်နေကြောင်း တွေ့ရှိရပါသည်။ "အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း" နှင့် "ပညာရေး" တို့မှ အပ အခြားလုပ်ငန်းကဏ္ဍများ၏ တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီမှာ ၃၉ နာရီထက် ပိုမိုလုပ်ကိုင် နေရကြောင်း တွေ့ရှိရပါသည်။ အများစုသည် တစ်ပတ် ပျမ်းမျှအလုပ်ချိန်နာရီ ၆၀ ထက်ပိုမို လုပ်ကိုင်နေရသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကြည့်မည်ဆိုပါက ၂၆% ခန့် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ "အိမ်အကူနှင့် အခြားအိမ်မှုကိစ္စဆိုင်ရာလုပ်ငန်း" တွင်

လုပ်ကိုင်နေသူ ၄၄% ခန့်သည် တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ ၆၀ နှင့် အထက်လုပ်ကိုင်နေရကြောင်း တွေ့ရှိရပါသည်။ ဤလုပ်ငန်းကဏ္ဍသည် အိမ်အကူ၊ အိမ်ဖော်လုပ်သားကဲ့သို့သော လုပ်သားများကို ဆိုလိုပါသည်။

**ဇယား (၄၅)။ အဓိကလုပ်ငန်းကဏ္ဍအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်သူများ၏ တစ်ပတ်အတွင်း ပုံမှန်အလုပ်ချိန်အရ ပျံ့နှံ့မှုရာခိုင်နှုန်း**

| လုပ်ငန်းအမျိုးအစား | တစ်ပတ်အတွင်းလုပ်ကိုင်ခဲ့သည့် အလုပ်ချိန်နာရီ | | | | | တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ |
|---|---|---|---|---|---|---|
| | ၁-၁၉ နာရီ | ၂၀-၃၉ နာရီ | ၄၀-၅၉ နာရီ | ၆၀+ နာရီ | စုစု ပေါင်း | |
| **ပြည်ထောင်စု** | **၃.၀** | **၁၆.၂** | **၅၄.၇** | **၂၆.၁** | **၁၀၀.၀** | **၅၀.၈၇** |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၂.၉ | ၁၆.၅ | ၅၇.၆ | ၂၃.၀ | ၁၀၀.၀ | ၅၀.၃၉ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်း လုပ်ငန်း | ၂.၂ | ၁၄.၃ | ၆၄.၅ | ၁၈.၉ | ၁၀၀.၀ | ၄၉.၂၀ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၂.၆ | ၁၂.၀ | ၅၈.၁ | ၂၇.၄ | ၁၀၀.၀ | ၅၁.၃၂ |
| လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေး ဖြန့်ဖြူးမှုလုပ်ငန်း* | ၀.၀ | ၁၅.၇ | ၆၈.၁ | ၁၆.၂ | ၁၀၀.၀ | ၄၅.၄၅ |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက် သိမ်းဆည်းရေး၊ ပြုပြင်လုပ်ဆောင် မှုများ* | ၀.၆ | ၂၂.၄ | ၇၁.၈ | ၅.၂ | ၁၀၀.၀ | ၄၆.၁၈ |
| ဆောက်လုပ်ရေး | ၁.၀ | ၅.၅ | ၆၇.၇ | ၂၅.၈ | ၁၀၀.၀ | ၅၂.၉၇ |
| လက်ကားနှင့် လက်လီရောင်းဝယ် ရေး၊ မော်တော်ကား၊ မော်တော် ဆိုင်ကယ် ပြုပြင်ရေး | ၃.၃ | ၁၇.၀ | ၄၂.၅ | ၃၇.၂ | ၁၀၀.၀ | ၅၃.၈၁ |
| သယ်ယူပို့ဆောင်ရေးနှင့်ကုန်ပစ္စည်း သိုလှောင်ရေးလုပ်ငန်း | ၃.၀ | ၁၂.၄ | ၄၁.၈ | ၄၂.၈ | ၁၀၀.၀ | ၅၅.၄၃ |
| တည်းခိုရေးနှင့်အစားအသောက် ဝန်ဆောင်မှု လုပ်ငန်းများ | ၂.၂ | ၂၂.၉ | ၃၉.၃ | ၃၅.၆ | ၁၀၀.၀ | ၅၂.၆၈ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၂.၂ | ၁၄.၇ | ၆၀.၀ | ၂၃.၀ | ၁၀၀.၀ | ၅၀.၁ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | ၄.၆ | ၁၂.၃ | ၇၃.၅ | ၉.၆ | ၁၀၀.၀ | ၄၄.၃၁ |

| လုပ်ငန်းအမျိုးအစား | တစ်ပတ်အတွင်းလုပ်ကိုင်ခဲ့သည့် အလုပ်ချိန်နာရီ | | | | | တစ်ပတ်ပျမ်းမျှ အလုပ်ချိန်နာရီ |
|---|---|---|---|---|---|---|
| | ၁-၁၉ နာရီ | ၂၀-၃၉ နာရီ | ၄၀-၅၉ နာရီ | ၆၀+ နာရီ | စုစု ပေါင်း | |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ* | ၁၉.၈ | ၃၂.၈ | ၃၁.၀ | ၁၆.၅ | ၁၀၀.၀ | ၃၈.၄၁ |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံနှင့်စက်မှုလက်မှုပညာဆိုင်ရာ လုပ်ငန်းများ | ၁.၆ | ၁၆.၀ | ၇၁.၆ | ၁၀.၈ | ၁၀၀.၀ | ၄၄.၇၉ |
| စီမံအုပ်ချုပ်ရေးနှင့် အထောက်အကူပြုမှုဆိုင်ရာ လုပ်ငန်းများ | ၄.၁ | ၁၅.၆ | ၅၅.၃ | ၂၅.၂ | ၁၀၀.၀ | ၅၀.၁ |
| ပြည်သူ့အုပ်ချုပ်ရေးနှင့်ကာကွယ်ရေး၊ မဝင်မနေရ လူမှုဖူလုံရေး | ၁.၇ | ၁၉.၆ | ၆၀.၃ | ၁၇.၅ | ၁၀၀.၀ | ၄၇.၇၁ |
| ပညာရေး | ၃.၁ | ၄၀.၅ | ၅၂.၈ | ၃.၆ | ၁၀၀.၀ | ၃၇.၇ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၄.၃ | ၁၃.၁ | ၆၂.၁ | ၂၀.၅ | ၁၀၀.၀ | ၄၉.၂၃ |
| ပန်းချီအနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေး* | ၆.၂ | ၂၂.၆ | ၄၅.၁ | ၂၆.၀ | ၁၀၀.၀ | ၄၆.၆၂ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၅.၆ | ၁၉.၀ | ၅၄.၂ | ၂၁.၁ | ၁၀၀.၀ | ၄၈.၄၃ |
| ကိုယ်တိုင်လုပ်ကိုင်သည့်အိမ်ထောင်စုများ၏လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်းမရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၅.၄ | ၂၅.၅ | ၂၅.၀ | ၄၄.၁ | ၁၀၀.၀ | ၅၆.၁၈ |

**လုပ်ငန်းကဏ္ဍများရှိ နမူနာလူဦးရေမှာ ၅၅ ဦးမှ ၉၉ ဦးအတွင်း ရှိပါသည်။*

## ၉.၁၂ အဓိကအလုပ်မှ ဝင်ငွေ

စစ်တမ်းတွင် အလုပ်လက်ရှိလူတစ်ဦး၏ အဓိကအလုပ်နှင့် ပတ်သက်သော ဝိသေသလက္ခဏာများဆိုင်ရာ အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ အဆိုပါ ဝိသေသလက္ခဏာများထဲမှတစ်ခုအနေဖြင့် အဓိကအလုပ်မှရရှိသော ဝင်ငွေနှင့်ပတ်သက်ပြီး မေးမြန်းထားခြင်းဖြစ်ပါသည်။ (ဤနေရာတွင် လူတစ်ယောက်သည် အလုပ်တစ်ခုထက်ပိုပြီး လုပ်ကိုင်ခြင်းလည်းဖြစ်နိုင်ပါသည်)။ အလုပ်သမားများအတွက် လုပ်ခရရှိသည့်နည်းလမ်းနှင့် နောက်ဆုံးရရှိခဲ့သည့် လုပ်ခ/လစာအတွက် လုပ်ကိုင်ခဲ့သည့် အလုပ်လုပ်ရက်များစသည်ဖြင့် စာရင်းကောက်ယူခဲ့ပါ

သည်။ စစ်တမ်းကောက်ယူသည့် နေ့မတိုင်ခင် လွန်ခဲ့သောရက်ပေါင်း ၃၀ အတွင်း အလုပ်သမားများရရှိခဲ့သည့် အခြားအကျိုးခံစားခွင့်များနှင့် ပတ်သက်၍လည်း အချက်အလက်များ ကောက်ယူခဲ့ပါသည်။

အလုပ်အကိုင်နှင့်ပတ်သက်၍ ဝင်ငွေရရှိမှုသည် ငွေကြေး သို့မဟုတ် ပစ္စည်းဖြင့်ဖြစ်နိုင်ပါသည်။ ပစ္စည်းဖြင့်ရရှိမှုသည် ၀.၇% သာရှိကြောင်းကို ဇယား ၄၆ တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ကျား၊ မ၊ မြို့ပြ၊ ကျေးလက် သို့မဟုတ် လုပ်ငန်းကဏ္ဍအလိုက် ကွဲပြားမှုများရှိကြောင်းတွေ့ရှိရပါသည်။ ပါဝင်မှုရာခိုင်နှုန်းသည် နည်းပါးသော်လည်း လယ်ယာစိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် မြင့်မားကြောင်း တွေ့ရှိရပါသည်။

**ဇယား (၄၆)။ လုပ်ခအားပစ္စည်းဖြင့် ရရှိသည့် အလုပ်သမားရာခိုင်နှုန်း**

| ကျား၊ မ | | မြို့ပြ၊ကျေးလက် | | လုပ်ငန်းကဏ္ဍ | | | ပြည်ထောင်စု |
|---|---|---|---|---|---|---|---|
| ကျား | မ | မြို့ပြ | ကျေးလက် | လယ်ယာ | စက်မှု | ဝန်ဆောင်မှု | |
| ၀.၉ | ၀.၃ | ၀.၃ | ၀.၉ | ၁.၃ | ၀.၅ | ၀.၂ | ၀.၇ |

အလုပ်သမားများ၏ လစာရရှိမှုကာလအပိုင်းအခြားအရပျံ့နှံ့မှုကို ဇယား ၄၇ တွင် ဖော်ပြထားပါသည်။ လစာပေးချေမှုပုံစံမှာ ပုံမှန်အားဖြင့် နေ့စဉ် သို့မဟုတ် လစဉ်ပေးချေမှု ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိုပေးချေမှုပုံစံနှစ်မျိုးပေါင်း ပါဝင်မှုရာခိုင်နှုန်းမှာ ၉၃% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျေးလက်ဒေသတွင် အလုပ်သမားများသည် အဓိကအားဖြင့် လုပ်ခ/လစာကို နေ့စဉ်ရရှိကြောင်း တွေ့ရှိရပြီး မြို့ပြဒေသတွင် လစဉ် လုပ်ခ/လစာရရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ ဤသည်မှာ ကျေးလက်ဒေသတွင် လုပ်ကိုင်သော အလုပ်သမားများသည်များသောအားဖြင့် လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြပြီး မြို့ပြဒေသများရှိ အလုပ်သမားများသည်ဝန်ဆောင်မှုကဏ္ဍတွင် အဓိကလုပ်ဆောင်နေကြသည့်အတွက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

အမျိုးသားနှင့် အမျိုးသမီး အလုပ်သမားများအကြားတွင် အမျိုးသားများသည် အမျိုးသမီးများထက် ရာခိုင်နှုန်းအားဖြင့် နေ့စားအလုပ်သမားများဖြစ်ကြောင်း တွေ့ရှိရပြီး ဆန့်ကျင်ဘက်အားဖြင့် လစားအလုပ်သမားများတွင်မူ အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုပါဝင်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၄၇)။ အဓိကအလုပ်မှ လုပ်ခရရှိသည့် ကာလအလိုက် အလုပ်သမားရာခိုင်နှုန်း

| နယ်ပယ် | တစ်ရက် | တစ်ပတ် | နှစ်ပတ် | တစ်လ | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၅၃.၃ | ၄.၆ | ၀.၅ | ၄၀.၀ | ၁.၆ | ၁၀၀.၀ |
| ကျား၊မ | | | | | | |
| ကျား | ၅၄.၇ | ၄.၆ | ၀.၇ | ၃၇.၇ | ၂.၂ | ၁၀၀.၀ |
| မ | ၅၁.၃ | ၄.၄ | ၀.၃ | ၄၃.၂ | ၀.၈ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၃၀.၁ | ၄.၂ | ၀.၄ | ၆၄.၇ | ၀.၆ | ၁၀၀.၀ |
| ကျေးလက် | ၆၅.၆ | ၄.၇ | ၀.၅ | ၂၆.၉ | ၂.၂ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | |
| လယ်ယာ | ၇၇.၁ | ၄.၇ | ၀.၃ | ၁၄.၇ | ၃.၂ | ၁၀၀.၀ |
| စက်မှု | ၄၉.၆ | ၇.၅ | ၀.၉ | ၄၀.၉ | ၁.၁ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၃၁.၈ | ၂.၁ | ၀.၄ | ၆၅.၂ | ၀.၅ | ၁၀၀.၀ |

ပုံ (၂၀) - နေ့စားအလုပ်သမားနှင့် အလုပ်သမားများအတွက် ပျမ်းမျှနေ့စဉ်ဝင်ငွေ




နေ့စားအလုပ်သမားများ၏ ပျမ်းမျှတစ်ရက်လုပ်ခနှင့်စပ်လျဉ်း၍ ပုံ ၂၀ တွင် ဖော်ပြထားပါသည်။ ထိုပုံကို ကြည့်ခြင်းအားဖြင့် အမျိုးသားများ၏ တစ်ရက်လုပ်ခသည် အမျိုးသမီး

များထက် မြင့်မားသည်ကို တွေ့ရှိရပြီး မြို့ပြဒေသတွင် ကျေးလက်ဒေသထက် မြင့်မားကြောင်း တွေ့ရှိရပါသည်။ နေ့စားအလုပ်သမားများ၏ တစ်ရက်လုပ်ခ ကွဲပြားနှုန်းသည် အလုပ်သမား အားလုံး၏ တစ်ရက်လုပ်ခနှင့် နှိုင်းယှဉ်ပါက လွန်စွာကွဲလွဲမှုမြင့်မားကြောင်း တွေ့ရှိရပါသည်။

တစ်ရက်လုပ်ခလစာအဆင့်အလိုက် နေ့စားအလုပ်သမားများ၏ ပျံ့နှံ့မှုကို ဇယား ၄၈ တွင် ဖော်ပြထားပါသည်။

**ဇယား (၄၈)။ အဓိကအလုပ်မှ နေ့စဉ်ဝင်ငွေလက်ခံရရှိမှုအလိုက် အသက် ၁၅ နှစ်နှင့်အထက် နေ့စားအလုပ်သမားများ၏ ရာခိုင်နှုန်း**

| နယ်ပယ် | တစ်ရက် လုပ်ခ/လစာ (၀၀၀ ကျပ်) | | | | | ပျမ်းမျှ တစ်ရက်ဝင်ငွေ (၀၀၀ ကျပ်) |
|---|---|---|---|---|---|---|
| | < ၂.၀၀ | ၂.၀၀ - ၂.၉၉ | ၃.၀၀ - ၄.၉၉ | ၅.၀၀+ | စုစုပေါင်း | |
| **ပြည်ထောင်စု** | ၂.၇ | ၂၄.၉ | ၄၉.၂ | ၂၃.၂ | ၁၀၀.၀ | ၄.၂၈ |
| **ကျား၊ မ** | | | | | | |
| ကျား | ၁.၀ | ၁၃.၇ | ၅၁.၅ | ၃၃.၇ | ၁၀၀.၀ | ၄.၉၀ |
| မ | ၅.၃ | ၄၁.၆ | ၄၅.၇ | ၇.၄ | ၁၀၀.၀ | ၃.၃၄ |
| **မြို့ပြ၊ ကျေးလက်** | | | | | | |
| မြို့ပြ | ၂.၅ | ၁၃.၁ | ၄၀.၈ | ၄၃.၆ | ၁၀၀.၀ | ၅.၉၅ |
| ကျေးလက် | ၂.၈ | ၂၇.၇ | ၅၁.၂ | ၁၈.၃ | ၁၀၀.၀ | ၃.၈၇ |
| **လုပ်ငန်းကဏ္ဍ** | | | | | | |
| လယ်ယာ | ၃.၀ | ၃၄.၂ | ၅၄.၆ | ၈.၂ | ၁၀၀.၀ | ၃.၁၅ |
| စက်မှု | ၁.၇ | ၁၂.၅ | ၄၃.၀ | ၄၂.၇ | ၁၀၀.၀ | ၅.၀၂ |
| ဝန်ဆောင်မှု | ၃.၃ | ၁၆.၇ | ၄၂.၇ | ၃၇.၂ | ၁၀၀.၀ | ၆.၂၀ |

ပျမ်းမျှလုပ်ခနှုန်းများကို ဇယား ၄၉ တွင် ဖော်ပြထားပါသည်။ လုပ်ခလစာရ အလုပ်သမား အားလုံးကို ကြည့်မည်ဆိုပါက ပျမ်းမျှတစ်ရက်လုပ်ခနှုန်းမှာ ၄,၇၆၀ ကျပ်ဖြစ်ကြောင်းတွေ့ရှိရပြီး နေ့စားအလုပ်သမားများကိုသာ ကြည့်မည်ဆိုပါက ၄,၂၈၀ ကျပ်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ လုပ်ခနှုန်းသည် မြို့ပြဒေသသည် ကျေးလက်ဒေသထက်မြင့်မား သည်ကို တွေ့ရှိရသကဲ့သို့ အမျိုးသားများ၏ လုပ်ခနှုန်းထားသည် အမျိုးသမီးများထက် မြင့်မားကြောင်းတွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအရ ကြည့်မည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍသည် လုပ်ခနှုန်းအမြင့်မားဆုံး ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဇယားတွင် လစားအလုပ်သမားများ၏ ပျမ်းမျှ တစ်လ လုပ်ခ/

လစာ နှုန်းထားများကိုလည်း ဖော်ပြထားပါသည်။ တစ်လလုပ်ခ/လစာ နှုန်းထားများမှာ တစ်ရက်လုပ်ခနှုန်းထား၏ သဘောသဘာဝအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**ဇယား (၄၉)။ ပျမ်းမျှလုပ်ခနှုန်း (၀၀၀ ကျပ်)**

| နယ်ပယ် | နေ့စဉ်ပျမ်းမျှလုပ်ခ | | တစ်လပျမ်းမျှ လုပ်ခ/လစာ |
|---|---|---|---|
| | အလုပ်သမားအားလုံး | နေ့စားအလုပ်သမား | |
| **ပြည်ထောင်စု** | ၄.၇၆ | ၄.၂၈ | ၁၃၄.၄၈ |
| **ကျား၊ မ** | | | |
| ကျား | ၅.၃၂ | ၄.၉၀ | ၁၄၇.၂၀ |
| မ | ၃.၉၉ | ၃.၃၄ | ၁၁၉.၀၄ |
| **မြို့ပြ၊ ကျေးလက်** | | | |
| မြို့ပြ | ၅.၉၈ | ၅.၉၅ | ၁၄၇.၉၅ |
| ကျေးလက် | ၄.၁၁ | ၃.၈၇ | ၁၁၇.၁၁ |
| **လုပ်ငန်းကဏ္ဍ** | | | |
| လယ်ယာ | ၃.၃၃ | ၃.၁၅ | ၁၁၁.၄၁ |
| စက်မှု | ၅.၁၈ | ၅.၀၂ | ၁၃၈.၉၄ |
| ဝန်ဆောင်မှု | ၅.၈၉ | ၆.၂၀ | ၁၃၇.၄၇ |

ဝင်ငွေရရှိမှုနှုန်းထားအလိုက် လစားအလုပ်သမားများ၏ ပျံ့နှံ့မှုပုံစံကို ဇယား ၅၀ တွင် ဖော်ပြထားပါသည်။ ၂၂% သော လစားလုပ်သားများသည် တစ်လလျှင် ၁၆၀,၀၀၀ ကျပ်နှင့်အထက် ရရှိကြောင်းတွေ့ရှိရပါသည်။ အဆိုပါရရှိမှုနှင့်စပ်လျဉ်း၍ အမျိုးသမီးများမှာ ၁၃.၄% သာ ပါဝင်ပြီး ကျေးလက်ဒေသများတွင် ၁၅.၅% ပါဝင်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၅၁)။ အဓိကအလုပ်မှ လစဉ်ဝင်ငွေနှုန်းထားအလိုက် လစာရရှိသည့် အလုပ်သမားပျံ့နှံ့မှု ရာခိုင်နှုန်း

| နယ်ပယ် | တစ်လ လုပ်ခ/လစာ (၁၀၀ ကျပ်) | | | | | |
|---|---|---|---|---|---|---|
| | <၈၀.၀၀ | ၈၀.၀၀-၁၀၉.၀၀ | ၁၁၀.၀၀-၁၂၆.၀၀ | ၁၂၇.၀၀-၁၅၉.၀၀ | ၁၆၀.၀၀+ | စုစုပေါင်း |
| ပြည်ထောင်စု | ၁၈.၉ | ၂၀.၃ | ၂၀.၁ | ၁၉.၀ | ၂၁.၇ | ၁၀၀.၀ |
| ကျား၊ မ | | | | | | |
| ကျား | ၁၆.၁ | ၁၉.၁ | ၁၆.၃ | ၁၉.၉ | ၂၈.၆ | ၁၀၀.၀ |
| မ | ၂၂.၂ | ၂၁.၈ | ၂၄.၆ | ၁၈.၀ | ၁၃.၄ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၁၃.၅ | ၁၉.၃ | ၁၉.၇ | ၂၁.၀ | ၂၆.၆ | ၁၀၀.၀ |
| ကျေးလက် | ၂၅.၉ | ၂၁.၆ | ၂၀.၅ | ၁၆.၆ | ၁၅.၅ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | |
| လယ်ယာ | ၄၀.၀ | ၂၃.၄ | ၁၁.၄ | ၉.၂ | ၁၅.၉ | ၁၀၀.၀ |
| စက်မှု | ၁၂.၀ | ၂၆.၄ | ၁၈.၅ | ၂၁.၅ | ၂၁.၆ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၁၇.၅ | ၁၆.၈ | ၂၂.၇ | ၂၀.၀ | ၂၃.၁ | ၁၀၀.၀ |

လုပ်ခလစာရ အလုပ်လုပ်သူများ၏ လုပ်ခ/လစာ ပုံစံကို နားလည်စေရန်အတွက် ၎င်းတို့၏ လုပ်ခတွင်ပါဝင်သည့်ပုံစံများကို ဤစစ်တမ်းတွင် မေးမြန်းခဲ့ပါသည်။ ဇယား ၅၁ တွင် လုပ်ငန်းကဏ္ဍအလိုက် လစားအလုပ်သမားများ၏ လုပ်ခတွင်ပါဝင်သည့် ပုံစံတစ်ခုချင်းအလိုက် ပျံ့နှံ့မှုကို ဖော်ပြထားပါသည်။ နိုင်ငံအဆင့်တွင် ပျမ်းမျှလစဉ် ဝင်ငွေမှာ ၁၂၄,၁၀၀ ကျပ်ဖြစ်ပြီး အဆိုပါဝင်ငွေအနက် ၁၀၉,၇၀၀ ကျပ်မှာ အခြေခံလစာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုံသေ ရှားပါးစရိတ် ၆,၆၀၀ ကျပ်၊ ဆုကြေးနှင့် အချိန်ပိုကြေး ၅,၂၀၀ ကျပ်နှင့် ၄,၁၀၀ ကျပ်တို့ ပါဝင်နေကြောင်း တွေ့ရှိရပါသည်။

"အသက်မွေးဝမ်းကျောင်းပညာရှင်များ၊ သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း" ကဏ္ဍ နှင့် "သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်း" ကဏ္ဍတို့တွင် အချိန်ပိုကြေးမှာ မြင့်မား ကြောင်း တွေ့ရှိရပါသည်။ ဆုကြေးရရှိမှုနှင့်စပ်လျဉ်း၍ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသူများဖြစ်ပြီး လစဉ် လုပ်ခ/လစာရသူများသည် အစိုးရပိုင်လုပ်ငန်းများတွင် လုပ်ကိုင်နေသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပုံမှန်ထောက်ပံ့ငွေရရှိမှုသည် ပညာရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးနှင့် ကာကွယ်ရေး၊ လူမှုဖူလုံရေးအကာအကွယ်ပေးရေးလုပ်ငန်းကဏ္ဍ တို့တွင် မြင့်မားကြောင်း တွေ့ရှိရပါသည်။

ဇယား (၅၁)။ လုပ်ငန်းကဏ္ဍအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ၏ လစဉ်ဝင်ငွေရရှိမှုတွင် ပါဝင်သော အမျိုးအစားများအလိုက် ပျမ်းမျှလစဉ်ဝင်ငွေ

| လုပ်ငန်းအမျိုးအစား | ခေါင်းစဉ်အလိုက်တစ်လဝင်ငွေ (၁၀၀ ကျပ်) | | | | | |
|---|---|---|---|---|---|---|
| | အခြေခံ လစာ | အချိန်ပို လုပ်ခ | ပုံသေရှား ပါးစရိတ် | အပိုဆု ကြေး | အခြား | စုစုပေါင်း |
| **ပြည်ထောင်စု** | **၁၀၉.၇** | **၄.၁** | **၆.၆** | **၅.၂** | **၁.၄** | **၁၂၄.၁** |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၈၉.၆ | ၁.၂ | ၁.၀ | ၇.၆ | ၁.၇ | ၁၀၁.၁ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၁၃၇.၆ | ၄.၀ | ၇.၀ | ၀.၄ | ၀.၀ | ၁၄၄.၃ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၁၀၅.၉ | ၄.၅ | ၃.၉ | ၅.၆ | ၀.၆ | ၁၁၉.၅ |
| ဆောက်လုပ်ရေး | ၁၅၄.၈ | ၃.၆ | ၂.၄ | ၃.၇ | ၁.၇ | ၁၆၆.၆ |
| လက်ကားနှင့် လက်လီရောင်းဝယ်ရေး၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ပြုပြင်ရေး | ၁၀၅.၄ | ၂.၁ | ၁.၂ | ၂.၇ | ၀.၅ | ၁၀၅.၄ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေး | ၁၄၂.၁ | ၅.၁ | ၄.၉ | ၁၀.၆ | ၅.၄ | ၁၆၅.၇ |
| တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းများ | ၉၀.၈ | ၁.၆ | ၁.၅ | ၇.၁ | ၀.၅ | ၁၀၂.၇ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၁၆၅.၅ | ၁၂.၅ | ၆.၉ | ၂.၇ | ၀.၆ | ၁၈၈.၁ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | ၁၅၈.၀ | ၅.၁ | ၅.၈ | ၇.၈ | ၀.၄ | ၁၇၂.၇ |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံပညာနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ | ၁၀၂.၁ | ၈.၈ | ၁၂.၂ | ၃.၁ | ၀.၉ | ၁၂၈.၆ |

| လုပ်ငန်းအမျိုးအစား | ခေါင်းစဉ်အလိုက်တစ်လဝင်ငွေ (၀၀၀ ကျပ်) | | | | | |
|---|---|---|---|---|---|---|
| | အခြေခံ လစာ | အချိန်ပို လုပ်ခ | ပုံသေရှား ပါးစရိတ် | အပိုဆု ကြေး | အခြား | စုစုပေါင်း |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာ လုပ်ငန်းများ | ၁၀၉.၄ | ၅.၀ | ၁၂.၅ | ၅.၂ | ၁.၇ | ၁၂၃.၉ |
| ပြည်သူ့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး၊ မဝင်မနေရ လူမှုဖူလုံရေး | ၁၁၂.၈ | ၇.၆ | ၁၅.၀ | ၂.၂ | ၁.၄ | ၁၃၇.၄ |
| ပညာရေး | ၁၀၀.၀ | ၅.၆ | ၁၇.၆ | ၂.၀ | ၁.၁ | ၁၂၃.၄ |
| လူသားကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၁၀၃.၈ | ၃.၀ | ၉.၆ | ၅.၂ | ၁.၂ | ၁၁၆.၆ |
| အခြားဝန်ဆောင်မှု လုပ်ငန်းများ | ၁၁၆.၁ | ၂.၆ | ၂.၃ | ၇.၃ | ၁.၇ | ၁၂၈.၁ |

ဇယား ၅၂ တွင် လုပ်ငန်းကဏ္ဍအလိုက် အလုပ်ရှင်ထံမှ ထောက်ပံ့မှု သို့မဟုတ် အခမဲ့ ပစ္စည်းနှင့် ဝန်ဆောင်မှုများရရှိသော အလုပ်သမားများ၏ ရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။ နမူနာအရေအတွက် အနည်းငယ်သာပါဝင်သော လုပ်ငန်းကဏ္ဍများကို ဇယားတွင်ဖော်ပြထား ခြင်းမရှိပါ။ အဆိုပါဇယားကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် လစာအပြင်အခြားထောက်ပံ့ ရရှိမှုမှာ နည်းပါးကြောင်းကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့သော်လည်း အလုပ်ရှင်မှ ထောက်ပံ့ပေး မှုတွင် အစားအသောက်ထောက်ပံ့ခြင်း၊ နေရာထိုင်ခင်းထောက်ပံ့ခြင်း၊ အဝတ်အစားနှင့် ပို့ဆောင် ရေးဆိုင်ရာ ထောက်ပံ့ခြင်းများတွင် အစားအသောက် ထောက်ပံ့ပေးခြင်းသည်အများဆုံးဖြစ် ကြောင်းတွေ့ရှိရပါသည်။

လုပ်ငန်းကဏ္ဍများအနက် အလုပ်သမား ၄ ပုံ ၁ ပုံနှင့်အထက်ကို အလုပ်ရှင်မှ နေရာထိုင်ခင်းထောက်ပံ့ပေးခြင်းခံရသော လုပ်ငန်းကဏ္ဍများမှာ "အိမ်အကူနှင့်အခြားအိမ်မှုကိစ္စ ဆိုင်ရာလုပ်ငန်း"၊ "သက်မွေးဝမ်းကျောင်းပညာရှင်များ၊ သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာ လုပ်ငန်း"၊ "ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်း" နှင့် "လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်း" တို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်ရှင် ထံမှ အစားအသောက် ထောက်ပံ့ပေးမှုသည် "သံတမန်အခွင့်အရေးရအဖွဲ့အစည်း များ၏ လုပ်ငန်းများ" နှင့် "အိမ်အကူနှင့်အခြားအိမ်မှုကိစ္စဆိုင်ရာလုပ်ငန်း" တို့တွင် အဓိက တွေ့ရှိရမည် ဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးထောက်ပံ့မှုနှင့်စပ်လျဉ်း၍ "အသက်မွေးဝမ်းကျောင်း ပညာရှင်၊ သိပ္ပံပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း" တွင် ပိုမိုထောက်ပံ့ပေးသည်ကို တွေ့ရှိရပြီး

အဝတ်အစားထောက်ပံ့ပေးမှုသည် " ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏ လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်းမရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ" တွင် ထောက်ပံ့ပေးမှု အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဇယား (၅၂)။ လုပ်ငန်းကဏ္ဍအလိုက် အလုပ်ရှင်ထံမှ ထောက်ပံ့မှု (သို့မဟုတ်) အခမဲ့ပစ္စည်းနှင့် ဝန်ဆောင်မှုများရရှိသော အလုပ်သမားများ၏ ရာခိုင်နှုန်း**

| လုပ်ငန်းအမျိုးအစား | နေအိမ် | အစားအစာ | ပို့ဆောင်ရေး | အဝတ်အစား | အခြားထောက်ပံ့မှုများ | အလုပ်ရှင်မှ လစဉ်ထောက်ပံ့မှုတန်ဖိုး (၀၀၀ ကျပ်) |
|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၈.၃** | **၈.၉** | **၄.၇** | **၇.၀** | **၁.၇** | **၃၆.၁၂** |
| လယ်ယာ၊သစ်တောနှင့်ငါးလုပ်ငန်း | ၂.၅ | ၆.၁ | ၀.၇ | ၀.၆ | ၀.၆ | ၂၇.၅၁ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်းများ | ၁၃.၉ | ၆.၂ | ၉.၃ | ၇.၈ | ၁.၄ | ၇၄.၆၅ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်းများ | ၉.၁ | ၇.၃ | ၁၂.၀ | ၁၂.၇ | ၁.၄ | ၂၆.၇၅ |
| လျှပ်စစ်၊ ဓာတ်ငွေ့၊ ရေနွေးငွေ့နှင့် လေအေးဖြန့်ဖြူးမှု လုပ်ငန်း | ၃၀.၈ | ၈.၄ | ၁၉.၂ | ၁၉.၁ | ၄.၇ | ၃၉.၉၄ |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး၊ ပြုပြင်လုပ်ဆောင်မှုများ | ၁၆.၄ | ၇.၃ | ၆.၆ | ၆.၄ | ၀.၀ | ၂၃.၃၀ |
| ဆောက်လုပ်ရေး | ၃.၆ | ၄.၈ | ၃.၁ | ၂.၂ | ၀.၅ | ၃၂.၄၇ |
| လက်လီနှင့်လက်ကားရောင်းဝယ်ရေး၊ မော်တော်ကား၊ မော်တော်ဆိုင်ကယ် ပြုပြင်ရေး | ၁၉.၁ | ၂၂.၁ | ၅.၂ | ၁၃.၈ | ၄.၅ | ၃၉.၂၄ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်း | ၈.၄ | ၁၁.၃ | ၅.၇ | ၁၂.၆ | ၂.၀ | ၃၁.၇၄ |
| တည်းခိုခန်းနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ | ၃၀.၀ | ၄၇.၄ | ၅.၂ | ၂၇.၀ | ၃.၇ | ၄၉.၅၅ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၄.၇ | ၂.၈ | ၇.၅ | ၁၂.၀ | ၀.၅ | ၃၁.၁၆ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းများ | ၇.၂ | ၅.၄ | ၁၅.၀ | ၃၀.၄ | ၁.၆ | ၃၀.၈၀ |

| လုပ်ငန်းအမျိုးအစား | နေအိမ် | အစားအစာ | ပို့ဆောင်ရေး | အဝတ်အစား | အခြားထောက်ပံ့မှုများ | အလုပ်ရှင်မှ လစဉ်ထောက်ပံ့မှုတန်ဖိုး (၀၀၀ ကျပ်) |
|---|---|---|---|---|---|---|
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၀.၀ | ၀.၀ | ၁၄.၄ | ၀.၀ | ၀.၀ | ၀.၀၀ |
| အသက်မွေးဝမ်းကျောင်းပညာ၊ သိပ္ပံပညာနှင့် စက်မှုလက်မှုပညာဆိုင်ရာလုပ်ငန်းများ | ၃၈.၃ | ၁၄.၀ | ၂၃.၅ | ၁၄.၇ | ၄.၉ | ၅၂.၀၇ |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာလုပ်ငန်းများ | ၁၃.၈ | ၈.၅ | ၈.၂ | ၁၅.၉ | ၃.၃ | ၃၉.၉၃ |
| ပြည်သူ့အုပ်ချုပ်ရေးနှင့် ကာကွယ်ရေး၊ မဝင်မနေရ လူမှုဖူလုံရေး | ၂၇.၅ | ၁၆.၅ | ၁၁.၄ | ၂၂.၂ | ၁.၆ | ၆၀.၀၅ |
| ပညာရေး | ၇.၆ | ၁.၆ | ၀.၆ | ၂.၉ | ၀.၈ | ၂၅.၇၅ |
| ကျန်းမာရေးနှင့် လူမှုရေး လုပ်ငန်းများ | ၃၅.၀ | ၂၇.၀ | ၆.၇ | ၂၀.၉ | ၀.၇ | ၃၇.၂၂ |
| ပန်းချီအနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေး | ၁၃.၂ | ၁၈.၆ | ၁၅.၇ | ၂၇.၂ | ၁၁.၂ | ၈၂.၈၀ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၆.၉ | ၈.၆ | ၂.၀ | ၃.၄ | ၂.၅ | ၅၀.၁၆ |
| ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏ လုပ်ငန်းများ၊ ခွဲခြားဖော်ပြနိုင်ခြင်း မရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၄၅.၅ | ၅၆.၃ | ၁၂.၄ | ၄၄.၉ | ၃၄.၄ | ၅၈.၁၄ |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ | ၀.၀ | ၈၈.၀ | ၈၈.၀ | ၀.၀ | ၀.၀ | ၁၉၀.၀၀ |

အလုပ်ရှင်မှ စုစုပေါင်း ထောက်ပံ့ပေးမှု၏ ပျမ်းမျှတန်ဖိုးမှာ ၃၆,၁၂၀[၉] ကျပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အမြင့်ဆုံးမှာ " သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ " ၁၉၀,၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးမှာ " ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး၊ ပြုပြင်လုပ်ဆောင်မှုများ" ၂၃,၃၀၀ ကျပ် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

[၉] မည်သည့်ထောက်ပံ့ပေးမှုကိုမဆိုရရှိသော အလုပ်သမားများအတွက် ပျမ်းမျှတွက်ချက်ထားခြင်း ဖြစ်ပါသည်။ အလုပ်သမားအားလုံး ကို မယူဆပါ။

ဇယား (၅၃)။ အလုပ်သမားများ၏ ပျမ်းမျှဝင်ငွေ

| လုပ်ခ/လစာရရှိသည့် ကာလ အပိုင်းအခြား | ဝင်ငွေရရှိမှု အခြေခံ | ဝင်ငွေ (၀၀၀ ကျပ်) | | | | | ခန့်မှန်း အလုပ်သမား အရေအတွက် (သန်း) |
|---|---|---|---|---|---|---|---|
| | | မြို့ပြ | ကျေးလက် | ကျား | မ | ပေါင်း | |
| နေ့စဉ်ဝင်ငွေ | ရက် | ၅.၉၅ | ၃.၈၇ | ၄.၉၀ | ၃.၃၄ | ၄.၂၈ | ၄.၃၇ |
| လစဉ်လစာဝင်ငွေ | လ | ၁၄၇.၅၉ | ၁၁၇.၁၁ | ၁၄၇.၂၀ | ၁၁၉.၀၄ | ၁၃၄.၄၉ | ၃.၂၆ |
| စုစုပေါင်း အလုပ်သမား | ရက် * | ၅.၉၈ | ၄.၁၁ | ၅.၃၂ | ၃.၉၉ | ၄.၇၆ | ၈.၁၆ |

*ဝင်ငွေရရှိသည့် ကာလအပိုင်းအခြားအားလုံးကို 'ရက်' သို့ ပြောင်းလဲတွက်ချက်ပါသည်။

ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ လစဉ်ဝင်ငွေ- ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့်စပ်လျဉ်း၍ အမြတ်ရရှိမှုနှင့် လွန်ခဲ့သောနှစ်အတွင်း အလုပ်လုပ်သည့် လအရေအတွက်ကို မေးမြန်းခဲ့ပါသည်။ သို့သော်လည်း ကိုယ်ပိုင်လုပ်ငန်းနှင့်ပတ်သက်၍ အချက်အလက်များကို မေးမြန်းသည့်အခါ အိမ်ထောင်စုဝင်တစ်ဦးတည်းကိုသာ မေးမြန်းပြီး ကိုယ်ပိုင်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လျက်ရှိသော အိမ်ထောင်စု/ မိသားစုလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူ၊ အခကြေးငွေမရသော မိသားစုဝင်လုပ်သားတို့ကို ထည့်သွင်းမေးမြန်းခြင်းမရှိပါ။ သို့ဖြစ်၍ လစဉ်ဝင်ငွေသည် ကိုယ်ပိုင်လုပ်ငန်းမှ တစ်လအမြတ်အစွန်းဖြစ်ပြီး တစ်ဦးချင်းအလိုက် ဝင်ငွေမဟုတ်ပေ။ လစဉ်ဝင်ငွေကို အချိုးချ၍ ခန့်မှန်းဖော်ပြထားသော်လည်း အဆိုပါအချက်အလက်များသည် ဖြေဆိုသူများမှ ဖြေကြားလာသောအချက်အလက်များသာ ဖြစ်ပါသည်။ ဇယား ၅၄ တွင် ဝင်ငွေအဆင့်အလိုက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ပျံ့နှံ့မှုကို ဖော်ပြထားပါသည်။ သို့သော် အဆိုပါအချက်အလက်များတွင် အိမ်ထောင်စု/မိသားစု စီးပွားရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူများကို ချန်လှပ်ထားပါသည်။ ပိုမိုအကျိုးရှိစေရန်အတွက် ဇယားတွင် အိမ်ထောင်စု/ မိသားစုစီးပွားရေးလုပ်ငန်းများ၏ အမြတ်များကို ဖော်ပြထားပါသည်။ ကိုယ်ပိုင်လုပ်ငန်းများ/ အလုပ်ရှင်များ/ သမဝါယမအဖွဲ့ဝင်များ၏ ၂၀% သည် လစဉ်ဝင်ငွေ ၁၇၈,၀၀၀ ကျပ်ရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၅၄)။ အဓိကအလုပ်မှ ဝင်ငွေအဆင့်အလိုက် အသက် ၁၅ နှစ်နှင့်အထက် ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်သူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | လစဉ်ဝင်ငွေ (၀၀၀ ကျပ်) | | | | | |
|---|---|---|---|---|---|---|
| | < ၅၁.၅၀ | ၅၁.၅၀ - ၈၃.၃၂ | ၈၃.၃၃ - ၁၂၄.၉၉ | ၁၂၅.၀၀ - ၁၇၇.၉၉ | ၁၇၈.၀၀ + | စုစုပေါင်း |
| ပြည်ထောင်စု | ၂၀.၀ | ၂၀.၀ | ၁၉.၂ | ၂၀.၅ | ၂၀.၄ | ၁၀၀.၀ |
| ကျား၊မ | | | | | | |
| ကျား | ၁၇.၇ | ၁၈.၅ | ၁၈.၇ | ၂၁.၇ | ၂၃.၄ | ၁၀၀.၀ |
| မ | ၂၄.၈ | ၂၃.၃ | ၂၀.၄ | ၁၇.၇ | ၁၃.၈ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၁၈.၉ | ၁၇.၉ | ၁၉.၇ | ၂၁.၁ | ၂၂.၄ | ၁၀၀.၀ |
| ကျေးလက် | ၂၀.၄ | ၂၀.၈ | ၁၉.၀ | ၂၀.၂ | ၁၉.၅ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | |
| လယ်ယာ | ၁၉.၀ | ၁၉.၄ | ၁၈.၂ | ၂၁.၀ | ၂၂.၄ | ၁၀၀.၀ |
| စက်မှု | ၁၉.၅ | ၁၉.၇ | ၁၇.၃ | ၂၁.၄ | ၂၂.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၂၁.၅ | ၂၀.၈ | ၂၁.၃ | ၁၉.၄ | ၁၆.၉ | ၁၀၀.၀ |

ဇယား ၅၅ တွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ လစဉ်ပျမ်းမျှဝင်ငွေနှင့် လွန်ခဲ့သော နှစ်အတွင်း လုပ်ငန်းလုပ်ကိုင်ခဲ့သည့် ပျမ်းမျှလအရေအတွက်တို့ကို ဖော်ပြထားပါသည်။ အဆိုပါ ဇယားတွင် စီးပွားရေးလုပ်ငန်းလည်ပတ်သည့် လအရေအတွက်မှာ ၁၀.၁ ဖြစ်ကြောင်း တွေ့ရှိရပြီး အမျိုးသမီးများသည် အမျိုးသားများထက် မြင့်မားသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် မြို့ပြသည် ကျေးလက်နှင့်နှိုင်းယှဉ်ပါက စီးပွားရေးလုပ်ငန်းလည်ပတ်သည့်လ အရေအတွက် ပိုမိုမြင့်မား ကြောင်းတွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအရ ကြည့်မည်ဆိုပါက ဝန်ဆောင်မှုလုပ်ငန်းကိုလုပ်ကိုင် သည့်လသည် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၅၅)။ လွန်ခဲ့သောနှစ်အတွင်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ အဓိကအလုပ်မှ လစဉ်ပျမ်းမျှ ဝင်ငွေရရှိမှုနှင့် အလုပ်လုပ်ခဲ့သော လအရေအတွက်

| နယ်ပယ် | ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးမှ ပျမ်းမျှလစဉ်ဝင်ငွေ (၀၀၀ ကျပ်) | လွန်ခဲ့သောနှစ်အတွင်း အလုပ်လုပ်သော ပျမ်းမျှလအရေအတွက် |
|---|---|---|
| ပြည်ထောင်စု | ၁၂၉.၄၁ | ၁၀.၀၆ |
| ကျား၊ မ | | |
| ကျား | ၁၃၇.၅၇ | ၉.၈၅ |
| မ | ၁၁၁.၇၂ | ၁၀.၅၂ |
| မြို့ပြ၊ ကျေးလက် | | |
| မြို့ပြ | ၁၃၅.၁၉ | ၁၀.၂၃ |
| ကျေးလက် | ၁၂၇.၀၇ | ၉.၅၉ |
| လုပ်ငန်းကဏ္ဍ | | |
| လယ်ယာ | ၁၃၃.၂၇ | ၉.၀၅ |
| စက်မှု | ၁၃၂.၈၅ | ၁၀.၇၉ |
| ဝန်ဆောင်မှု | ၁၂၂.၈၄ | ၁၀.၂၅ |

# အခန်း ၁၀

# သမရိုးကျမဟုတ်သော အလုပ်အကိုင်နှင့် သမရိုးကျမဟုတ်သောလုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင်ရရှိမှုများ

## ၁၀.၁ နိဒါန်း

ဤအခန်းတွင် မြန်မာနိုင်ငံ၏ သမရိုးကျမဟုတ်သော အလုပ်အကိုင်နှင့် သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင်ရရှိမှုတို့အတွက် သီးခြားဖော်ပြထားပါသည်။ သမရိုးကျမဟုတ်သော လုပ်သားဈေးကွက် သတင်းအချက်အလက်များကို သိရှိနားလည်ရန်အတွက် တိုးချဲ့လာသော အလုပ်ဌာနများကို မှတ်ပုံတင်မှုအခြေအနေနှင့် စာရင်းဇယားထိန်းသိမ်းမှု အခြေအနေများကို လေ့လာရန်လိုအပ်ပါသည်။ သမရိုးကျမဟုတ်သော ကဏ္ဍတွင်လုပ်ကိုင်နေသည်ကို အရေးကြီးသောအချက်များဖြစ်သည့် လုပ်ငန်းအမျိုးအစား၊ အလုပ်အကိုင်အမျိုးအစား၊ ပညာရေး စသည့်တို့နှင့် အတန်းအစားခွဲနိုင်ပါသည်။လူတစ်ဦးသည် သမရိုးကျ (Formal) စီးပွားရေးကဏ္ဍတွင်လုပ်ကိုင်နေသည်ဖြစ်စေ၊ သမရိုးကျမဟုတ်သော (Informal) စီးပွားရေးကဏ္ဍတွင် လုပ်ကိုင်နေသည်ဖြစ်စေ သူ၏အလုပ်အကိုင်မှာ သမရိုးကျမဟုတ်သော အလုပ်အကိုင်ဖြစ်နိုင်ပါသည်။ သမရိုးကျမဟုတ်သော အလုပ်အကိုင်အားလုံးကို ဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင် သမရိုးကျမဟုတ်သော လုပ်ငန်းကို အဓိပ္ပာယ်သတ်မှတ်ရာတွင်-

(က) လုပ်ငန်း၏ပိုင်ဆိုင်မှုအမျိုးအစားမှာ ပုဂ္ဂလိက (သို့မဟုတ်) အစိုးရ / ဖက်စပ် မဟုတ်သော လုပ်ငန်းများနှင့်

(ခ) အလုပ်ဌာန/လုပ်ငန်းများသည် မည်သည့်ဝန်ကြီးဌာနတွင်မှ မှတ်ပုံမတင်ထားသော လုပ်ငန်းများ

သမရိုးကျမဟုတ်သော အလုပ်အကိုင်ကို အဓိပ္ပာယ်သတ်မှတ်ရာတွင်-

(က) မိသားစုဝင်လုပ်သား

(ခ) သမရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍကို လုပ်ကိုင်နေသည့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူနှင့် မိသားစုဝင်လုပ်သား

(ဂ) လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေးမထည့်ထားသော အလုပ်သမားများ

(ဃ) လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေးသွင်းထားသော်လည်း နှစ်စဉ်ခွင့်ခံစားခွင့် မရှိသော အလုပ်သမားများ (သို့မဟုတ်)

(င) လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေးသွင်းထားပြီး နှစ်စဉ်ခွင့်ခံစားခွင့်ရှိသော်လည်း မကျန်းမာခြင်းအတွက် ခွင့်ခံစားခွင့်မရှိသော အလုပ်သမားများ

## ၁၀.၂ အလုပ်ဌာန၊ လုပ်ငန်းများ၏ မှတ်ပုံတင်ထားမှုအခြေအနေ

လုပ်ငန်း/အလုပ်ဌာနများတွင် အလုပ်လုပ်ကိုင်နေသော လူဦးရေသည် ဝန်ကြီးဌာနများတွင် မည်မျှမှတ်ပုံတင်ထားရှိမှုကို ဇယား ၅၆ တွင်ဖော်ပြထားပါသည်။ ဤအခန်းတွင် "အခြား" ဟု ဖြေဆို မှုများသည် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ အသေးစားစီးပွားရေးလုပ်ငန်း အများစုသည် စည်ပင်သာယာရေးကော်မတီတွင် မှတ်ပုံတင်ထားသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင် နေသူ၏ ၅၇% ခန့်သည် မှတ်ပုံတင်ရန်မလိုအပ်သော စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရပါသည်။ မှတ်ပုံတင်ထားခြင်းရှိမရှိကို "မသိပါ" ဟူသော ကဏ္ဍကို ထည့်သွင်းမစဉ်းစားပါက မှတ်ပုံတင်ရန် မလိုအပ်သည့် စီးပွားရေးလုပ်ငန်းများ၏ ရာခိုင်နှုန်းမှာ ၇၇ % အထိ ဖြစ်လာသည်ကို တွေ့ရှိရပါသည်။

**ဇယား (၅၆)။ အလုပ်နေရာမှတ်ပုံတင်ထားမှု အခြေအနေအလိုက် လုပ်ကိုင်နေသည့် အသက် ၁၅ နှစ်နှင့် အထက် လူဦးရေ (ရာခိုင်နှုန်း)**

| နယ်ပယ် | မှတ်ပုံတင်ထားသည့် ဝန်ကြီးဌာန | | | | | | မှတ်ပုံတင် မထားသည့် ဝန်ကြီးဌာန | | မသိပါ |
|---|---|---|---|---|---|---|---|---|---|
| | အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန | စီးပွားရေး နှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး ဌာန | ဟိုတယ်နှင့် ခရီးသွား လာရေး လုပ်ငန်း ဝန်ကြီး ဌာန | ကျန်းမာရေး ဝန်ကြီး ဌာန | အခြား | မည်သည့် ဌာနတွင် မဆို | မှတ်ပုံ တင်ရန် မလိုအပ် | မှတ်ပုံ တင်ရန် ဆောင် ရွက်ဆဲ | |
| **ပြည်ထောင်စု** | **၀.၂** | **၀.၄** | **၀.၃** | **၀.၆** | **၁၆.၆** | **၁၈.၂** | **၅၇.၅** | **၁.၇** | **၂၂.၇** |
| **ကျား၊ မ** | | | | | | | | | |
| ကျား | ၀.၂ | ၀.၄ | ၀.၃ | ၀.၅ | ၁၇.၇ | ၁၉.၁ | ၅၅.၀ | ၁.၇ | ၂၄.၁ |
| မ | ၀.၂ | ၀.၅ | ၀.၃ | ၀.၈ | ၁၅.၀ | ၁၆.၈ | ၆၀.၉ | ၁.၆ | ၂၀.၇ |
| **မြို့ပြ၊ ကျေးလက်** | | | | | | | | | |
| မြို့ပြ | ၀.၃ | ၀.၈ | ၀.၆ | ၁.၃ | ၁၉.၁ | ၂၂.၁ | ၄၉.၂ | ၁.၅ | ၂၇.၂ |
| ကျေးလက် | ၀.၂ | ၀.၃ | ၀.၂ | ၀.၄ | ၁၅.၇ | ၁၆.၈ | ၆၀.၄ | ၁.၈ | ၂၁.၁ |

## ၁၀.၃ အလုပ်အကိုင်ရရှိမှုကဏ္ဍ

ဇယား ၅၇ တွင် အလုပ်အကိုင်ကဏ္ဍနှင့် အခြေအနေအလိုက် အလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှုကို ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ သမရိုးကျကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသူမှာ ၂၄% ၊ ပုဂ္ဂလိက အိမ်ထောင်စုတွင် လုပ်ကိုင်နေသူမှာ ၀.၃% နှင့် ကျန်ရှိနေသော ၇၅.၆% သည် သမရိုးကျမဟုတ်သောကဏ္ဍတွင် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ သမရိုးကျကဏ္ဍများကို ကျေးလက်ဒေသထက် မြို့ပြဒေသတွင် ပိုမိုများပြားသည်ကိုတွေ့ရှိရပါ

သည်။ အိမ်ထောင်စု/မိသားစုလုပ်ငန်းတွင်လုပ်ကိုင်နေသူများသည် ယေဘုယျအားဖြင့် သမရိုးကျ မဟုတ်သောကဏ္ဍတွင် လုပ်ကိုင်နေသူများ ဖြစ်ပါသည်။

ဇယား (၅၇)။ အလုပ်အကိုင်ကဏ္ဍနှင့် အခြေအနေအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ လူဦးရေပျံ့နှံ့မှု (ရာခိုင်နှုန်း)

| အလုပ်အကိုင်အခြေအနေ | အလုပ်လုပ်ကိုင်နေသူရာခိုင်နှုန်း | | | စုစုပေါင်း |
|---|---|---|---|---|
| | သမရိုးကျ ကဏ္ဍ | သမရိုးကျ မဟုတ်သော ကဏ္ဍ | ပုဂ္ဂလိက အိမ်ထောင်စု | |
| **ပြည်ထောင်စု** | ၂၄.၁ | ၇၅.၆ | ၀.၃ | ၁၀၀.၀ |
| **မြို့ပြ/ကျေးလက်** | | | | |
| မြို့ပြ | ၃၃.၅ | ၆၅.၉ | ၀.၆ | ၁၀၀.၀ |
| ကျေးလက် | ၂၀.၄ | ၇၉.၅ | ၀.၁ | ၁၀၀.၀ |
| **ကျား/မ** | | | | |
| ကျား | ၂၄.၃ | ၇၅.၆ | ၀.၁ | ၁၀၀.၀ |
| မ | ၂၃.၉ | ၇၅.၇ | ၀.၅ | ၁၀၀.၀ |
| **အလုပ်အကိုင်အခြေအနေ** | | | | |
| အလုပ်သမား | ၂၈.၁ | ၇၁.၃ | ၀.၆ | ၁၀၀.၀ |
| အလုပ်ရှင် | ၃၂.၂ | ၆၇.၈ | ၀.၀ | ၁၀၀.၀ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၂၁.၂ | ၇၈.၈ | ၀.၀ | ၁၀၀.၀ |
| အခကြေးငွေမရဘဲအိမ်ထောင်စု/ မိသားစုလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်သူ | ၁၉.၈ | ၈၀.၂ | ၀.၀ | ၁၀၀.၀ |
| **အလုပ်အကိုင်ကဏ္ဍ** | | | | |
| သမရိုးကျအလုပ်အကိုင် | ၉၈.၄ | ၁.၆ | ၀.၀ | ၁၀၀.၀ |
| သမရိုးကျမဟုတ်သော အလုပ်အကိုင် | ၁၀.၆ | ၈၉.၁ | ၀.၃ | ၁၀၀.၀ |

အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှုကို ဇယား ၅၈ တွင် ဖော်ပြထားပါသည်။ အလုပ်သမားများ၏ သမရိုးကျကဏ္ဍမှာ လုပ်ကိုင်နေသူများတွင် အမျိုးသမီးများသည် ပိုမိုများပြားပြီး သမရိုးကျမဟုတ်သော ကဏ္ဍတွင် အမျိုးသားများမှာ ပိုမိုလုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။

သမရိုးကျကဏ္ဍနှင့် သမရိုးကျမဟုတ်သောကဏ္ဍနှစ်ခုစလုံးတွင် အလုပ်အကိုင်အခြေအနေ အလိုက် အလုပ်လုပ်ကိုင်သူများ၏ပျံ့နှံ့မှုသည် တူညီသည်ကို တွေ့ရှိရပါသည်။ ကဏ္ဍနှစ်ခုစလုံး တွင် အလုပ်လုပ်သူများသည် အများအားဖြင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများအဖြစ် လုပ်ကိုင် သော်လည်း သမရိုးကျလုပ်ငန်းတွင် ပိုမိုလုပ်ကိုင်သည်ကို တွေ့ရှိရပါသည်။

**ဇယား (၅၈)။ အလုပ်အကိုင်ကဏ္ဍနှင့် အလုပ်အမျိုးအစားအရအလုပ်အကိုင်အခြေအနေ အလိုက်အလုပ် လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| နယ်ပယ် | ကျား၊မ | အလုပ်သမား | အလုပ်ရှင် | ကိုယ်ပိုင် လုပ်ငန်း လုပ်ကိုင်သူ | အခကြေးငွေ မရဘဲ အိမ်ထောင်စု/ မိသားစု လုပ်ငန်းတွင် ပါဝင်လုပ် ကိုင်သူ | စုစုပေါင်း |
|---|---|---|---|---|---|---|
| **ကဏ္ဍ** | | | | | | |
| သမရိုးကျ | ကျား | ၄၁.၈ | ၇.၀ | ၄၅.၃ | ၅.၉ | ၁၀၀.၀ |
| | မ | ၄၉.၀ | ၂.၅ | ၃၃.၉ | ၁၄.၆ | ၁၀၀.၀ |
| သမရိုးကျ | ကျား | ၃၈.၆ | ၄.၈ | ၄၈.၄ | ၈.၂ | ၁၀၀.၀ |
| မဟုတ်သော | မ | ၃၃.၃ | ၁.၆ | ၄၇.၂ | ၁၇.၉ | ၁၀၀.၀ |
| ပုဂ္ဂလိက | ကျား | ၁၀၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| အိမ်ထောင်စု | မ | ၉၈.၂ | ၀.၀ | ၀.၀ | ၁.၈ | ၁၀၀.၀ |
| **အလုပ်အကိုင် အမျိုးအစား** | | | | | | |
| သမရိုးကျ | ကျား | ၁၇.၈ | ၁၀.၉ | ၇၁.၂ | ၀.၀ | ၁၀၀.၀ |
| | မ | ၃၅.၉ | ၄.၅ | ၅၉.၆ | ၀.၀ | ၁၀၀.၀ |
| သမရိုးကျ | ကျား | ၄၁.၄ | ၄.၄ | ၄၄.၈ | ၉.၅ | ၁၀၀.၀ |
| မဟုတ်သော | မ | ၃၅.၂ | ၁.၄ | ၄၂.၇ | ၂၀.၆ | ၁၀၀.၀ |
| **စုစုပေါင်း** | ကျား | ၃၇.၆ | ၅.၅ | ၄၉.၀ | ၈.၀ | ၁၀၀.၀ |
| | မ | ၃၅.၃ | ၁.၉ | ၄၅.၁ | ၁၇.၇ | ၁၀၀.၀ |

# အခန်း ၁၁

# လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်ခြင်း

## ၁၁.၁ နိဒါန်း

ဤအခန်းတွင် မြန်မာနိုင်ငံရှိလုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်ခြင်း(Labour underutilization) နှင့် သက်ဆိုင်သည်များကို ဖော်ပြထားပါသည်။ လုပ်သားအင်အားကို အပြည့်အဝ အသုံးမချနိုင်ခြင်းတွင် အလုပ်လက်မဲ့ရာခိုင်နှုန်းနှင့် အလုပ်လက်မဲ့ဖြစ်စေသည့် ပညာရေး၊ ကျား၊ မ၊ မြို့ပြ၊ ကျေးလက် စသည့်အဓိကအချက်များကို ဖော်ပြထားပါသည်။ ထို့အပြင် အလုပ်လက်မဲ့ဖြစ်ရသည့် အကြောင်းအရင်းများ၊ လုပ်သားအင်အားနောက်ဆက်တွဲနှင့် အမျိုးမျိုးသော လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်ခြင်း ပုံစံအမျိုးမျိုးကို ဖော်ပြထားပါသည်။

အလုပ်လက်မဲ့ အကျိုးခံစားခွင့်မရှိခြင်းနှင့် ပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ရွေးချယ်နိုင်ခွင့်မရှိဘဲ ရရာအလုပ်ကို လုပ်ကိုင်နေရခြင်းတို့ကြောင့် နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ အလွန်နည်းပါးသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ အဆိုပါအခြေအနေမျိုးတွင် နိုင်ငံ၏ မူဝါဒများချမှတ်ရန်အတွက် လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်မှု အညွှန်းကိန်းများကို အသုံးပြုကြရပါသည်။ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်းဆိုင်ရာ အညွှန်းကိန်း ၄ ခုရှိပါသည်။

| | | | | |
|---|---|---|---|---|
| LU1 | အလုပ်လက်မဲ့နှုန်း | = | (အလုပ်လက်မဲ့ဦးရေ/လုပ်သားအင်အား) | x ၁၀၀ |
| LU2: | တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့်အလုပ်လက်မဲ့ကိုပေါင်းစပ်ခြင်း | = | (တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ဦးရေ+အလုပ်လက်မဲ့ဦးရေ)/ လုပ်သားအင်အား | x ၁၀၀ |
| LU3: | အလုပ်လက်မဲ့နှင့်လုပ်သားအင်အားတွင်ပါဝင်လာနိုင်သည့်လုပ်သားအင်အားကိုပေါင်းစပ်ခြင်း | = | (အလုပ်လက်မဲ့ဦးရေ+ဖြစ်နိုင်ခြေရှိသောလုပ်သားအင်အား)/ ချဲ့ထွင်လုပ်သားအင်အား | x ၁၀၀ |
| LU4: | လုပ်အားကိုအပြည့်အဝအသုံးမချနိုင်ခြင်းစုစုပေါင်းအတိုင်းအတာ | = | (တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ဦးရေ+အလုပ်လက်မဲ့ဦးရေ+ဖြစ်နိုင်ခြေရှိသောလုပ်သားအင်အား) / ချဲ့ထွင် လုပ်သားအင်အား | x ၁၀၀ |

အချိန်နှင့်ဆပ်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ကို အောက်ပါအချက်များဖြင့် သတ်မှတ်ပါသည်-

(၁) အလုပ်ချိန်နာရီကို ပိုမိုလုပ်ကိုင်လိုခြင်း

(၂) အလုပ်ချိန်နာရီကို ပိုမိုလုပ်ကိုင်နိုင်ခြင်း

(၃) တစ်ပတ်လုံးတွင် စုစုပေါင်းအလုပ်ချိန်မှာ ၄၄ နာရီ အောက်လျော့နည်း လုပ်ကိုင်ရခြင်း

ဖြစ်နိုင်ချေရှိသော လုပ်သားအင်အားဆိုသည်မှာ လုပ်သားအင်အားပြင်ပတွင်ရှိသော လူဦးရေဖြစ်ပြီး၊ လုပ်ခ၊ အမြတ်အစွန်းအတွက် အလုပ်လက်ခံ ဆောင်ရွက်ရန် အဆင်သင့်မဖြစ်သော်လည်း အလုပ်ရှာဖွေသူ (သို့) အလုပ်လက်ခံဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေသော်လည်း အလုပ်မရှာဖွေသောသူများကို ဆိုလိုပါသည်။

ချဲ့ထွင်လုပ်သားအင်အား = လုပ်သားအင်အား + ဖြစ်နိုင်ချေရှိသောလုပ်သားအင်အား

လုပ်သားအင်အားကို အပြည့်အဝအသုံးမချနိုင်ခြင်းကို သိရှိနိုင်ရန်အတွက် လုပ်သားအင်အား အခြေအနေဆိုင်ရာ လူဦးရေပုံစံဖြင့် ပုံ ၂၁ တွင် ဖော်ပြထားပါသည်-

**ပုံ-၂၁။ လုပ်သားအင်အားအခြေအနေပြပုံ**



## ၁၁.၂ အသက်အုပ်စုအလိုက် အလုပ်လက်မဲ့နှုန်း

အလုပ်လက်မဲ့နှုန်းကို ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် ဇယား၅၉ တွင် ဖော်ပြထားပါသည်။ နိုင်ငံအဆင့် အလုပ်လက်မဲ့နှုန်းသည် ၀.၈% ရှိကြောင်း ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံး အတိုင်းအတာတွင် အလုပ်လက်မဲ့နှုန်းသည် အတန်အသင့် နည်းပါးသော်လည်း အသက်အရွယ်ငယ်ရွယ်သည့် အုပ်စုတွင် အလုပ်လက်မဲ့နှုန်းသည် မြင့်မားနေပါသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် အမျိုးသားအလုပ်လက်မဲ့နှုန်းထက် အမျိုးသမီး အလုပ်လက်မဲ့နှုန်းသည် အနည်းငယ် ပိုများနေသည်ကို တွေ့ရှိရပါသည်။

**ဇယား (၅၉)။ အသက်အပိုင်းအခြား၊ ကျား၊ မနှင့် မြို့ပြ၊ ကျေးလက်အလိုက်အလုပ်လက်မဲ့ (ရာခိုင်နှုန်း)**

| အသက်အုပ်စု (နှစ်) | မြို့ပြ | | | ကျေးလက် | | | ပြည်ထောင်စု | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| **ပြည်ထောင်စု** | **၁.၂** | **၁.၇** | **၁.၄** | **၀.၅** | **၀.၆** | **၀.၅** | **၀.၇** | **၀.၉** | **၀.၈** |
| ၁၅-၁၉ | ၃.၆ | ၂.၆ | ၃.၁ | ၁.၁ | ၁.၁ | ၁.၁ | ၁.၇ | ၁.၅ | ၁.၆ |
| ၂၀-၂၄ | ၂.၅ | ၄.၃ | ၃.၃ | ၀.၈ | ၁.၀ | ၀.၉ | ၁.၃ | ၂.၀ | ၁.၆ |
| ၂၅-၂၉ | ၁.၇ | ၃.၀ | ၂.၃ | ၀.၇ | ၀.၇ | ၀.၇ | ၁.၀ | ၁.၃ | ၁.၂ |
| ၃၀-၃၄ | ၁.၁ | ၂.၆ | ၁.၇ | ၀.၃ | ၀.၅ | ၀.၄ | ၀.၆ | ၁.၁ | ၀.၈ |
| ၃၅-၃၉ | ၀.၅ | ၀.၄ | ၀.၅ | ၀.၂ | ၀.၅ | ၀.၃ | ၀.၃ | ၀.၅ | ၀.၄ |
| ၄၀-၄၄ | ၀.၃ | ၀.၆ | ၀.၄ | ၀.၁ | ၀.၂ | ၀.၁ | ၀.၁ | ၀.၃ | ၀.၂ |
| ၄၅-၄၉ | ၀.၆ | ၀.၁ | ၀.၄ | ၀.၃ | ၀.၃ | ၀.၃ | ၀.၄ | ၀.၃ | ၀.၃ |
| ၅၀-၅၄ | ၀.၂ | ၀.၀ | ၀.၁ | ၀.၂ | ၀.၁ | ၀.၂ | ၀.၂ | ၀.၁ | ၀.၂ |
| ၅၅-၅၉ | ၀.၂ | ၀.၀ | ၀.၁ | ၀.၄ | ၀.၅ | ၀.၄ | ၀.၃ | ၀.၄ | ၀.၄ |
| ၆၀-၆၄ | ၀.၂ | ၀.၀ | ၀.၁ | ၀.၉ | ၀.၃ | ၀.၇ | ၀.၇ | ၀.၃ | ၀.၆ |
| ၆၅+ | ၀.၀ | ၀.၀ | ၀.၀ | ၀.၁ | ၀.၆ | ၀.၂ | ၀.၀ | ၀.၄ | ၀.၂ |

## ၁၁.၃ ပညာရေးအဆင့်အလိုက် အလုပ်လက်မဲ့နှုန်း

အမြင့်ဆုံးပြီးမြောက်ခဲ့သော ပညာရေးအဆင့်အလိုက် အလုပ်လက်မဲ့နှုန်းကို ဇယား ၆၀ တွင် ဖော်ပြထားပါသည်။ အလုပ်လက်မဲ့နှုန်းများသည် ပညာရေးအဆင့်အလိုက် တိုးလာသည်ကို တွေ့ရှိရပါသည်။ အသက်မွေးဝမ်းကျောင်း ပညာပြီးမြောက်ထားသူများတွင် အလုပ်လက်မဲ့နှုန်း မြင့်မားနေသည်ကို တွေ့ရှိရပါသည်။

ဇယား (၆၀)။ ပညာရေးအဆင့်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်မဲ့ (ရာခိုင်နှုန်း)

| ပညာရေးအဆင့် | မြို့ပြ | | | ကျေးလက် | | | ပြည်ထောင်စု | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ပြည်ထောင်စု | ၀.၉ | ၀.၈ | ၀.၈ | ၀.၄ | ၀.၃ | ၀.၃ | ၀.၅ | ၀.၅ | ၀.၅ |
| စာမတတ်သူ | ၀.၃ | ၀.၂ | ၀.၃ | ၀.၂ | ၀.၁ | ၀.၂ | ၀.၂ | ၀.၁ | ၀.၂ |
| မူလတန်းအောက် | ၁.၀ | ၀.၅ | ၀.၇ | ၀.၂ | ၀.၁ | ၀.၂ | ၀.၃ | ၀.၂ | ၀.၃ |
| မူလတန်း | ၀.၃ | ၀.၅ | ၀.၄ | ၀.၃ | ၀.၃ | ၀.၃ | ၀.၃ | ၀.၃ | ၀.၃ |
| အလယ်တန်း | ၀.၉ | ၀.၆ | ၀.၇ | ၀.၆ | ၀.၅ | ၀.၅ | ၀.၇ | ၀.၅ | ၀.၆ |
| အသက်မွေးပညာအောင်လက်မှတ် | ၀.၆ | ၁.၇ | ၁.၁ | ၁.၈ | ၀.၀ | ၁.၀ | ၁.၁ | ၁.၀ | ၁.၀ |
| အထက်တန်း | ၁.၉ | ၀.၇ | ၁.၃ | ၀.၈ | ၀.၇ | ၀.၇ | ၁.၃ | ၀.၇ | ၁.၀ |
| ဘွဲ့ကြိုဒီပလိုမာ | ၁.၂ | ၁.၄ | ၁.၃ | ၀.၆ | ၁.၀ | ၀.၈ | ၁.၀ | ၁.၃ | ၁.၁ |
| ဘွဲ့ရနှင့်အထက် | ၁.၂ | ၂.၃ | ၁.၉ | ၂.၇ | ၁.၆ | ၂.၀ | ၁.၇ | ၂.၁ | ၁.၉ |

## ၁၁.၄ အလုပ်လက်မဲ့နှင့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့

ဇယား (၆၁)။ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ အမျိုးအစားအလိုက် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ ပျံ့နှံ့မှု(ရာခိုင်နှုန်း)

| နယ်ပယ် | | အလုပ်လက်ရှိများထဲမှ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ ရာခိုင်နှုန်း | | | |
|---|---|---|---|---|---|
| အလုပ်အကိုင် အခြေအနေ | လုပ်ငန်း | အလုပ်ပြောင်းရန်အတွက် အလုပ်ရှာခြင်း | လက်ရှိအလုပ်အပြင် နောက်ထပ်အလုပ်ထပ် ရှာခြင်း | လက်ရှိအလုပ်အပြင် နောက်ထပ် ပိုကောင်းသော အလုပ်ကို ပြောင်းရန် အလုပ်ရှာခြင်း | တစ်ဝက် တစ်ပျက် အလုပ် ဖြစ်သော်လည်း လက်ရှိအလုပ်ကို ပြောင်းရန် ဆန္ဒမရှိ |
| ပြည်ထောင်စု | | ၁.၂ | ၁.၂ | ၁.၁ | ၁.၂ |
| ကျား၊မ | | | | | |
| ကျား | | ၁.၃ | ၁.၃ | ၁.၂ | ၁.၀ |
| မ | | ၁.၀ | ၁.၁ | ၁.၀ | ၁.၅ |
| မြို့ပြ၊ကျေးလက် | | | | | |
| မြို့ပြ | | ၁.၄ | ၁.၄ | ၁.၄ | ၁.၃ |
| ကျေးလက် | | ၁.၁ | ၁.၁ | ၁.၀ | ၁.၂ |
| စုစုပေါင်း အလုပ်လက်ရှိ | လယ်ယာ | ၀.၈ | ၀.၉ | ၀.၈ | ၁.၃ |
| | စက်မှု | ၁.၄ | ၁.၅ | ၁.၄ | ၀.၈ |
| | ဝန်ဆောင်မှု | ၁.၆ | ၁.၆ | ၁.၅ | ၁.၃ |

| နယ်ပယ် | | အလုပ်လက်ရှိများထဲမှ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ ရာခိုင်နှုန်း | | | |
|---|---|---|---|---|---|
| အလုပ်အကိုင်အခြေအနေ | လုပ်ငန်း | အလုပ်ပြောင်းရန်အတွက် အလုပ်ရှာခြင်း | လက်ရှိအလုပ်အပြင် နောက်ထပ်အလုပ်ထပ် ရှာခြင်း | လက်ရှိအလုပ်အပြင် နောက်ထပ် ပိုကောင်းသော အလုပ်ကို ပြောင်းရန် အလုပ် ရှာခြင်း | တစ်ဝက် တစ်ပျက် အလုပ် ဖြစ်သော်လည်း လက်ရှိအလုပ်ကို ပြောင်းရန် ဆန္ဒမရှိ |
| အလုပ်သမား | လယ်ယာ | ၁.၃ | ၁.၆ | ၁.၃ | ၁.၇ |
| | စက်မှု | ၁.၇ | ၁.၈ | ၁.၇ | ၀.၅ |
| | ဝန်ဆောင်မှု | ၁.၈ | ၁.၇ | ၁.၆ | ၁.၂ |
| ကိုယ်ပိုင်လုပ်ငန်း | လယ်ယာ | ၀.၇ | ၀.၆ | ၀.၆ | ၁.၂ |
| | စက်မှု | ၁.၀ | ၁.၁ | ၀.၉ | ၁.၃ |
| | ဝန်ဆောင်မှု | ၁.၅ | ၁.၄ | ၁.၄ | ၁.၄ |

**ဇယား (၆၂)။ အလုပ်ချိန်ဆိုင်ရာ အကြောင်းအရင်းအလိုက် တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ ရာခိုင်နှုန်း**

| အလုပ်အကိုင်အခြေအနေပြောင်းလဲလိုသည့် အကြောင်းအရင်း | ဒေရိယာ | | ကျား၊ မ | | ပြည်ထောင်စု |
|---|---|---|---|---|---|
| | မြို့ပြ | ကျေးလက် | ကျား | မ | |
| လက်ရှိအလုပ်က ယာယီ/ကာလတို | ၁၆.၂ | ၁၆.၅ | ၁၇.၄ | ၁၅.၂ | ၁၆.၄ |
| လက်ရှိအလုပ်ရဲ့ လစာ/လုပ်ခနည်း | ၃၅.၂ | ၄၂.၅ | ၄၁.၂ | ၄၀.၃ | ၄၀.၈ |
| ကျွမ်းကျင်မှုကို ပိုမိုအသုံးပြုဆောင်ရွက်ရန် | ၁.၈ | ၀.၈ | ၁.၁ | ၀.၈ | ၁.၀ |
| အလုပ်ချိန်(နာရီ )ပိုပြီးလုပ်နိုင်ရန် | ၂.၅ | ၁.၆ | ၁.၅ | ၂.၂ | ၁.၈ |
| အလုပ်နေရာသို့ နေ့စဉ်သွားရောက်ရန် အဆင်မပြေ | ၁.၄ | ၀.၃ | ၀.၇ | ၀.၄ | ၀.၅ |
| အလုပ်တည်နေရာပြောင်းရန် | ၁.၄ | ၁.၄ | ၁.၀ | ၁.၉ | ၁.၄ |
| လုံခြုံစိတ်ချရသော အလုပ်ချိန်ရရှိရန် | ၁၀.၈ | ၃.၇ | ၄.၃ | ၆.၇ | ၅.၄ |
| အလုပ်ချိန်(နာရီ)ယခုထက်လျှော့ပြီးလုပ်ရန် | ၁.၁ | ၀.၂ | ၀.၃ | ၀.၆ | ၀.၄ |
| အလုပ်လုပ်ရသည့်အခြေအနေများ တိုးတက်ကောင်းမွန်ရန် | ၂၇.၇ | ၃၂.၂ | ၃၁.၅ | ၃၀.၆ | ၃၁.၁ |
| အခြား | ၁.၉ | ၀.၉ | ၁.၀ | ၁.၂ | ၁.၁ |
| စုစုပေါင်း | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |
| တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့နှင့် အလုပ်လက်ရှိကြား ရာခိုင်နှုန်း | ၂၄.၈ | ၇၅.၂ | ၅၂.၆ | ၄၇.၄ | ၁၀၀.၀ |

## ၁၁.၅ အလုပ်လက်မဲ့ ဖြစ်နေသည့် ကြာချိန်

အလုပ်လက်မဲ့အခြေအနေများကို နားလည်စေရန်အတွက် အဆင့်အလိုက် ဇယား ၆.၃ တွင် ဖော်ပြထားပါသည်။ ထိုဇယားတွင် အလုပ်လက်မဲ့ဆိုင်ရာ ပျမ်းမျှကြာချိန်ကို ဖော်ပြထားပါသည်။ အချိန်ကြာမြင့်စွာ အလုပ်လက်မဲ့ဖြစ်နေသည်များကို မြို့ပြဒေသများနှင့် အမျိုးသမီးများတွင် ပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။

**ဇယား (၆၃)။ အလုပ်ရှာဖွေမှုကြာမြင့်ချိန်အလိုက် အလုပ်လက်မဲ့များ၏ ပျံ့နှံ့မှုနှုန်း**

| နယ်ပယ် | ၃ လအောက် | ၃ လ မှ ၆ လကြား | ၆ လမှ ၁၂ လကြား | ၁၂ လနှင့် အထက် | စုစုပေါင်း |
|---|---|---|---|---|---|
| ပြည်ထောင်စု | ၃၄.၈ | ၂၇.၅ | ၁၇.၁ | ၂၀.၆ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | |
| မြို့ပြ | ၂၆.၈ | ၃၁.၆ | ၁၇.၆ | ၂၃.၉ | ၁၀၀.၀ |
| ကျေးလက် | ၄၂.၄ | ၂၃.၆ | ၁၆.၆ | ၁၇.၅ | ၁၀၀.၀ |
| ကျား၊ မ | | | | | |
| ကျား | ၃၆.၂ | ၃၆.၃ | ၁၄.၄ | ၁၃.၁ | ၁၀၀.၀ |
| မ | ၃၃.၅ | ၁၉.၅ | ၁၉.၆ | ၂၇.၄ | ၁၀၀.၀ |

## ၁၁.၆ နောက်ဆက်တွဲ လုပ်သားအင်အား

**ဇယား (၆၄)။ နောက်ဆက်တွဲ လုပ်သားဈေးကွက် အခြေအနေအလိုက် ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | လက်ရှိအလုပ်မလုပ်သူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | အလုပ်ရှာခြင်းနှင့်လက်ခံဆောင်ရွက်နိုင်ခြင်း (အလုပ်လက်မဲ့) | အလုပ်ရှာခြင်း၊ လက်ခံဆောင်ရွက်နိုင်ခြင်းမရှိ | အလုပ်မရှာခြင်း၊ လက်ခံဆောင်ရွက်နိုင်ခြင်း | အလုပ်မရှာခြင်း၊ လက်ခံဆောင်ရွက်နိုင်ခြင်းမရှိ၊ အလုပ်လုပ်လိုခြင်း | အလုပ်မလုပ်လိုခြင်း | စုစုပေါင်း |
| ပြည်ထောင်စု | ၁.၄ | ၀.၃ | ၁.၅ | ၁.၇ | ၉၅.၂ | ၁၀၀.၀ |
| ကျား၊ မ | | | | | | |
| ကျား | ၂.၆ | ၀.၅ | ၁.၅ | ၁.၄ | ၉၄.၁ | ၁၀၀.၀ |
| မ | ၁.၀ | ၀.၂ | ၁.၅ | ၁.၉ | ၉၅.၅ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | |
| မြို့ပြ | ၂.၁ | ၀.၃ | ၁.၅ | ၁.၆ | ၉၄.၆ | ၁၀၀.၀ |
| ကျေးလက် | ၁.၀ | ၀.၂ | ၁.၅ | ၁.၈ | ၉၅.၄ | ၁၀၀.၀ |
| အသက်အုပ်စု(နှစ်) | | | | | | |
| ၁၅-၁၉ | ၁.၄ | ၀.၃ | ၁.၃ | ၀.၇ | ၉၆.၄ | ၁၀၀.၀ |

| နယ်ပယ် | လက်ရှိအလုပ်မလုပ်သူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း | | | | | |
|---|---|---|---|---|---|---|
| | အလုပ်ရှာခြင်းနှင့်လက်ခံဆောင်ရွက်နိုင်ခြင်း (အလုပ်လက်မဲ့) | အလုပ်ရှာခြင်း၊ လက်ခံဆောင်ရွက်နိုင်ခြင်းမရှိ | အလုပ်မရှာခြင်း၊ လက်ခံဆောင်ရွက်နိုင်ခြင်း | အလုပ်မရှာခြင်း၊ လက်ခံဆောင်ရွက်နိုင်ခြင်းမရှိ၊ အလုပ်လုပ်လိုခြင်း | အလုပ်မလုပ်လိုခြင်း | စုစုပေါင်း |
| ၂၀-၂၄ | ၄.၂ | ၀.၈ | ၃.၉ | ၃.၁ | ၈၈.၁ | ၁၀၀.၀ |
| ၂၅-၂၉ | ၃.၈ | ၀.၈ | ၂.၇ | ၃.၆ | ၈၉.၃ | ၁၀၀.၀ |
| ၃၀-၃၄ | ၂.၅ | ၀.၃ | ၂.၃ | ၄.၁ | ၉၀.၉ | ၁၀၀.၀ |
| ၃၅-၃၉ | ၁.၄ | ၀.၃ | ၂.၈ | ၃.၇ | ၉၁.၈ | ၁၀၀.၀ |
| ၄၀-၄၄ | ၀.၇ | ၀.၃ | ၁.၈ | ၂.၉ | ၉၄.၂ | ၁၀၀.၀ |
| ၄၅-၄၉ | ၁.၀ | ၀.၁ | ၁.၄ | ၂.၂ | ၉၅.၃ | ၁၀၀.၀ |
| ၅၀-၅၄ | ၀.၄ | ၀.၀ | ၁.၁ | ၁.၆ | ၉၇.၀ | ၁၀၀.၀ |
| ၅၅-၅၉ | ၀.၅ | ၀.၁ | ၀.၉ | ၀.၉ | ၉၇.၅ | ၁၀၀.၀ |
| ၆၀-၆၄ | ၀.၄ | ၀.၁ | ၀.၅ | ၀.၅ | ၉၈.၆ | ၁၀၀.၀ |
| ၆၅+ | ၀.၀ | ၀.၀ | ၀.၁ | ၀.၂ | ၉၉.၇ | ၁၀၀.၀ |

## ၁၁.၇ လုပ်သားအင်အားကိုအပြည့်အဝအသုံးမချနိုင်ခြင်းဆိုင်ရာ အညွှန်းကိန်းများ

ဇယား (၆၅)။ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်းဆိုင်ရာ အညွှန်းကိန်းများ

| နယ်ပယ် | လူဦးရေ | | | |
|---|---|---|---|---|
| | အလုပ်လက်မဲ့ (LU1: အလုပ်လက်မဲ့နှုန်း) | အလုပ်လက်မဲ့ (သို့) အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (LU2- အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့ နှစ်ရပ်ပေါင်း | အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပရောက်နေသော်လည်းဖြစ်နိုင်ချေရှိသည့်လုပ်သားအင်အား (LU3: အလုပ်လက်မဲ့နှင့် ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား နှစ်ရပ်ပေါင်း) | အလုပ်လက်မဲ့ (သို့) အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပရောက်နေသော်လည်းဖြစ်နိုင်ချေရှိသောလုပ်သားအင်အား (LU4: လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်းကို တိုင်းတာမှု) |
| ပြည်ထောင်စု | ၀.၈ | ၆.၁ | ၁.၇ | ၆.၉ |
| ကျား၊ မ | | | | |
| ကျား | ၀.၇ | ၅.၆ | ၁.၂ | ၆.၀ |
| မ | ၀.၉ | ၆.၇ | ၂.၄ | ၈.၁ |

| နယ်ပယ် | လူဦးရေ | | | |
|---|---|---|---|---|
| | အလုပ်လက်မဲ့ (LU1: အလုပ်လက်မဲ့နှုန်း) | အလုပ်လက်မဲ့ (သို့) အချိန်နှင့်ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ (LU2- အချိန်နှင့် ဆက်စပ်သည့် တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့နှင့် အလုပ်လက်မဲ့ နှစ်ရပ်ပေါင်း | အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပရောက်နေသော် လည်းဖြစ်နိုင်ချေရှိ သည့်လုပ်သားအင်အား (LU3: အလုပ်လက်မဲ့ နှင့် ဖြစ်နိုင်ချေရှိသော လုပ်သားအင်အား နှစ်ရပ်ပေါင်း) | အလုပ်လက်မဲ့ (သို့) အချိန် နှင့်ဆက်စပ်သည့် တစ်ဝက် တစ်ပျက်အလုပ်လက်မဲ့ (သို့) လုပ်သားအင်အား ပြင်ပ ရောက်နေသော်လည်း ဖြစ်နိုင်ချေရှိသောလုပ်သား အင်အား (LU4: လုပ်သား အင်အား အပြည့်အဝ အသုံးမချနိုင်ခြင်းကို တိုင်းတာမှု) |
| **မြို့ပြ၊ ကျေးလက်** | | | | |
| မြို့ပြ | ၁.၄ | ၆.၀ | ၂.၅ | ၇.၁ |
| ကျေးလက် | ၀.၅ | ၆.၁ | ၁.၄ | ၆.၉ |
| **အသက်အုပ်စု (နှစ်)** | | | | |
| ၁၅-၁၉ | ၁.၆ | ၈.၆ | ၃.၂ | ၁၀.၁ |
| ၂၀-၂၄ | ၁.၆ | ၇.၇ | ၃.၃ | ၉.၃ |
| ၂၅-၂၉ | ၁.၂ | ၇.၀ | ၂.၂ | ၈.၀ |
| ၃၀-၃၄ | ၀.၈ | ၆.၂ | ၁.၆ | ၆.၉ |
| ၃၅-၃၉ | ၀.၄ | ၅.၇ | ၁.၂ | ၆.၅ |
| ၄၀-၄၄ | ၀.၂ | ၅.၀ | ၀.၉ | ၅.၆ |
| ၄၅-၄၉ | ၀.၃ | ၅.၇ | ၀.၈ | ၆.၁ |
| ၅၀-၅၄ | ၀.၂ | ၄.၂ | ၀.၇ | ၄.၇ |
| ၅၅-၅၉ | ၀.၄ | ၃.၉ | ၁.၁ | ၄.၆ |
| ၆၀-၆၄ | ၀.၆ | ၄.၁ | ၁.၃ | ၄.၈ |
| ၆၅+ | ၀.၂ | ၂.၃ | ၀.၇ | ၂.၈ |

# အခန်း ၁၂

# အလုပ်အကိုင်အရည်အသွေးနှင့် အလုပ်တည်မြဲခြင်း

## ၁၂.၁ နိဒါန်း

ဤအခန်းတွင် လုပ်သက်များအပါအဝင် အလုပ်အကိုင် အရည်အသွေးများနှင့် ဆက်စပ် လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလုပ်နှင့်သက်ဆိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှု၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို ဖော်ပြထားပါသည်။ အခြားအခန်းတွင် ဖော်ပြထားသော သမရိုးကျမဟုတ်သော (Informal) အလုပ်အကိုင်များနှင့်ပတ်သက်၍ ဤအခန်းတွင် မပါဝင်ပါ။

## ၁၂.၂ လုပ်သက်

အလုပ်တစ်ခုတွင် လုပ်ကိုင်နေသော လုပ်သက်သည် အလုပ်အကိုင် တည်မြဲခြင်း၏ ကောင်းမွန်သော တိုင်းတာမှုတစ်ခုဖြစ်ပါသည်။ မကြာခဏ အလုပ်ပြောင်းရွှေ့ခြင်းသည် အလုပ် လုပ်သည့် လုပ်သက်ကို လျော့နည်းစေပါသည်။ လုပ်သားဈေးကွက်တွင် ကျွမ်းကျင်လုပ်သားလို အပ်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းသည် အလုပ်အကိုင်အရေအတွက် တိုးလာသော်လည်း လုပ်သက်ကို လျော့နည်းခြင်းကို ဖြစ်ပေါ်စေပါသည်။

ဇယား ၆၆ တွင် အလုပ်လုပ်ကိုင်နေသောသူများ၏ လုပ်သက်ပျံ့နှံ့နှုန်းများကို ဖော်ပြထား ပါသည်။ နိုင်ငံ၏ အလုပ်လုပ်ကိုင်နေသောသူများ၏ ၄၇ % သည် သူတို့၏ လက်ရှိအလုပ်တွင် ဆက်လက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်နေသော သူများ၏ လုပ်ကိုင်ခဲ့သော အလုပ်အရေအတွက်များနှင့် ပထမဆုံးအလုပ်ရရှိခဲ့သည့် ရက်စွဲများကို အသက် ၁၅-၂၉ နှစ်အကြား လူငယ်အသက်အုပ်စုမှလွဲ၍ အခြားသော အသက်အရွယ်များကို မကောက်ယူ ခဲ့သဖြင့် အလုပ်တည်မြဲခြင်းကို ရှင်းလင်းပြတ်သားစွာ မပြသနိုင်ပါ။

လက်ရှိလုပ်ကိုင်သော အဓိကအလုပ်၏ လုပ်သက်သည် ကျား၊ မ အပေါ်တွင် များစွာ မပြောင်းလဲသော်လည်း ယေဘုယျအားဖြင့် ကျေးလက်နှင့်နှိုင်းယှဉ်ရာတွင် နေထိုင်မှုပြောင်းလဲ ခြင်းသည် မြို့ပြတွင် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

လယ်ယာကဏ္ဍတွင် အလုပ်လုပ်ကိုင်နေသူများ၏ ၅၆.၇% သည် လက်ရှိအဓိက အလုပ်တွင် ၁၀ နှစ် (သို့မဟုတ်) ထိုထက်ပိုသည့်ကာလဖြင့် ဆက်လက်လုပ်ကိုင်နေသည်ကို တွေ့ ရှိရပါသည်။ လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေသောသူများအနေဖြင့် လယ်ယာလုပ်ငန်းမှ လွဲ၍ အခြားအလုပ်ကို လုပ်ကိုင်ရန် အလုပ်အကိုင် အခွင့်အလမ်းမရှိခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဇယား (၆၆)။ အဓိကအလုပ်တွင် လုပ်ကိုင်သည့် လုပ်သက်အလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်အကိုင်ရှိသူများ၏ ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | ၃ လ အောက် | ၃-၆ လ | ၆-၁၂ လ | ၁-၂ နှစ် | ၂-၅နှစ် | ၅-၁၀နှစ် | ၁၀ နှစ်နှင့် အထက် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၂.၁ | ၁.၈ | ၃.၁ | ၉.၀ | ၁၉.၁ | ၁၉.၇ | ၄၅.၂ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | |
| ကျား | ၂.၀ | ၁.၇ | ၂.၈ | ၈.၇ | ၁၈.၇ | ၁၉.၆ | ၄၆.၅ | ၁၀၀.၀ |
| မ | ၂.၂ | ၁.၉ | ၃.၄ | ၉.၅ | ၁၉.၅ | ၁၉.၉ | ၄၃.၅ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | | | | |
| မြို့ပြ | ၂.၀ | ၂.၀ | ၄.၈ | ၁၃.၂ | ၂၃.၆ | ၁၉.၆ | ၃၄.၇ | ၁၀၀.၀ |
| ကျေးလက် | ၂.၁ | ၁.၇ | ၂.၄ | ၇.၄ | ၁၇.၃ | ၁၉.၈ | ၄၉.၄ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | | | |
| လယ်ယာ | ၁.၅ | ၀.၈ | ၁.၅ | ၅.၄ | ၁၄.၈ | ၁၉.၂ | ၅၆.၇ | ၁၀၀.၀ |
| စက်မှု | ၄.၀ | ၄.၀ | ၅.၆ | ၁၂.၆ | ၂၃.၈ | ၂၀.၀ | ၃၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၂.၁ | ၂.၁ | ၄.၃ | ၁၃.၀ | ၂၃.၅ | ၂၀.၅ | ၃၄.၄ | ၁၀၀.၀ |

## ၁၂.၃ လူမှုဖူလုံရေး

အလုပ်သမားများရရှိနိုင်သည့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့်ပတ်သက်၍ ဇယား ၆၇ တွင် ဖော်ပြထားပါသည်။ ဇယားအရ အလုပ်သမားများ၏ ၁၁.၈% သည်သာ ပင်စင် (သို့) လုပ်သက်ဆုကြေး ထောက်ပံ့ငွေများ ရရှိသည်ကို တွေ့ရှိရပါသည်။ လူမှုဖူလုံရေးအကျိုး ခံစားခွင့် ရရှိမှုအခြေအနေကို ကျား၊မအလိုက်ကြည့်မည်ဆိုပါက အမျိုးသမီးများသည် ပိုမိုမြင့်မားနေပြီး မြို့ပြနှင့် ကျေးလက်ကို နှိုင်းယှဉ်ကြည့်ပါက မြို့ပြတွင် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအလိုက် ကြည့်မည်ဆိုပါက ဝန်ဆောင်မှုကဏ္ဍသည် အကျိုးခံစားခွင့် အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

လစာဖြင့် နှစ်စဉ်ခွင့်ခံစားခွင့်နှင့်ပတ်သက်၍ နိုင်ငံအတွင်းရှိ အလုပ်သမားများ၏ ၁၇% သည် ၎င်းတို့၏ အလုပ်မှ ပံ့ပိုးမှုများရရှိနေသည်ကိုတွေ့ရပါသည်။ ဝန်ဆောင်မှုကဏ္ဍတွင် လစာဖြင့်နှစ်စဉ် ခွင့်ခံစားခွင့်အချိုးမှာ ၃၃% ဖြင့် နှစ်ဆရှိပြီး လယ်ယာကဏ္ဍတွင် ၁.၈ % ဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။ အငြိမ်းစားလစာနှင့် လုပ်သက်ဆုကြေး အကျိုးခံစားခွင့်တွင်လည်း အမျိုးသမီးအလုပ် သမားများသည် အမျိုးသားအလုပ်သမားများထက် ခံစားခွင့်ရရှိမှုမှာ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ မမာမကျန်းခွင့်နှင့် ဆေးကုသမှု အကျိုးခံစားခွင့်တွင်လည်း အမျိုးသမီးအလုပ်သမားများ၏ ခံစားခွင့်ရရှိမှုအချိုးမှာ ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။ မီးဖွားခွင့်တွင်လည်း အလားတူသွင်ပြင်မျိုးတွေ့ရှိရသော်လည်း ရာခိုင်နှုန်းအားဖြင့်

နည်းပါးသည်ကိုတွေ့ရှိရပါသည်။ ထို့သို့ဖြစ်ရသော အဓိကအကြောင်းအရင်းနေဖြင့် အမျိုးသမီးအများစုသည် အစိုးရဌာနများတွင် လုပ်ဆောင်နေသူများဖြစ်ပြီး၊ အစိုးရရုံး ဌာနများမှာလည်း မြို့ပြတွင်သာ တည်ရှိသောကြောင့် ဖြစ်ပါသည်။

ဇယား (၆၇)။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ အနေဖြင့် အဓိကအလုပ်တွင် လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိမှု (ရာခိုင်နှုန်း)

| နယ်ပယ် | ပင်စင်လစာ(သို့)လုပ်သက်ဆု | | | လုပ်ခ မပျက်၊ နှစ်စဉ် ခွင့်ရက် ခံစားခွင့် | လုပ်ခ မပျက် နာမ ကျန်းခွင့် | မီးဖွား ခွင့် သက် သာ | လုပ်ခ မပျက် နာမကျန်း ခွင့်နှင့် မီးဖွားခွင့် | ဆေးကု သမှု ဆိုင်ရာ အကျိုး ခံစားခွင့် | လူမှုဖူလုံ ရေး အကျိုးခံ စားခွင့် အစီအစဉ် |
|---|---|---|---|---|---|---|---|---|---|
| | ထည့်ဝင် ကြေး မပေး သွင်းသူ | ထည့်ဝင် ကြေးပေး သွင်းသူ | စုစု ပေါင်း | | | | | | |
| ပြည်ထောင်စု | ၁၁.၂ | ၀.၆ | ၁၁.၈ | ၁၆.၉ | ၈.၀ | ၀.၆ | ၁၁.၇ | ၁၉.၂ | ၂၇.၉ |
| ကျား၊ မ | | | | | | | | | |
| ကျား | ၈.၆ | ၀.၄ | ၉.၀ | ၁၃.၆ | ၁၀.၁ | ၀.၃ | ၆.၁ | ၁၇.၆ | ၂၄.၄ |
| မ | ၁၄.၈ | ၀.၈ | ၁၅.၆ | ၂၁.၆ | ၅.၁ | ၁.၀ | ၁၉.၆ | ၂၁.၃ | ၃၂.၈ |
| မြို့ပြ၊ ကျေးလက် | | | | | | | | | |
| မြို့ပြ | ၁၈.၆ | ၀.၉ | ၁၉.၄ | ၃၀.၁ | ၁၅.၇ | ၁.၀ | ၂၀.၂ | ၃၆.၀ | ၄၈.၃ |
| ကျေးလက် | ၇.၂ | ၀.၄ | ၇.၇ | ၉.၉ | ၃.၉ | ၀.၄ | ၇.၂ | ၁၀.၃ | ၁၇.၁ |
| လုပ်ငန်းကဏ္ဍ | | | | | | | | | |
| လယ်ယာ | ၁.၇ | ၀.၁ | ၁.၈ | ၁.၈ | ၁.၀ | ၀.၂ | ၁.၂ | ၄.၈ | ၇.၀ |
| စက်မှု | ၆.၄ | ၀.၃ | ၆.၆ | ၁၅.၈ | ၉.၃ | ၀.၄ | ၁၂.၆ | ၂၇.၅ | ၃၁.၉ |
| ဝန်ဆောင်မှု | ၂၄.၅ | ၁.၃ | ၂၅.၈ | ၃၃.၀ | ၁၄.၀ | ၁.၂ | ၂၁.၇ | ၂၇.၆ | ၄၆.၁ |
| အလုပ်အကိုင်အမျိုးအစား | | | | | | | | | |
| သမရိုးကျ ဟုတ်သော | ၅၉.၅ | ၂.၄ | ၆၁.၉ | ၆၄.၅ | ၁၆.၄ | ၁.၁ | ၄၈.၂ | ၄၁.၄ | ၁၀၀.၀ |
| သမရိုးကျ မဟုတ်သော | ၂.၀ | ၀.၂ | ၂.၃ | ၇.၅ | ၆.၃ | ၀.၅ | ၄.၅ | ၁၅.၆ | ၂၀.၂ |

## ၁၂.၄ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်စာချုပ်

စစ်တမ်းတွင် အလုပ်သမားများအား အလုပ်လုပ်ကိုင်ရာတွင် အလုပ်ရှင်ရှေ့တွင်စာဖြင့် ရေးသား၍ သဘောတူစာချုပ် ချုပ်ဆိုထားခြင်း (သို့) နှုတ်ဖြင့် သဘောတူညီချက်ဖြင့် လုပ်ကိုင်နေခြင်း ရှိ/မရှိနှင့် အဆိုပါ သဘောတူညီချက်သည် အချိန်ကာလအကန့်အသတ်ဖြင့် (သို့) ယာယီ သဘောတူညီချက်ဖြင့် လုပ်ကိုင်နေခြင်း ရှိ/မရှိ၊ ယာယီသဘောတူညီချက် ချုပ်ဆိုရခြင်း၏ အကြောင်းပြချက်များကိုလည်း မေးမြန်းခဲ့ပါသည်။

ပုံ (၂၂) - သဘောတူစာချုပ်အမျိုးအစားအလိုက် အလုပ်သမားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း




အချိန်ကာလအကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုမှုအချိုးသည် ကျေးလက်ဒေသတွင် ၆၂%နှင့် မြို့ပြတွင် ၂၅% ရှိရာ ကျေးလက်တွင် ပိုမိုများပြားသည်ကို တွေ့ရှိရပြီး ကျား၊ မ အလိုက် အချိန်ကာလအကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုမှုကိုကြည့်ပါက ကွဲပြားခြားနားမှုမရှိဘဲ ယေဘုယျအားဖြင့် တူညီနေကြောင်း တွေ့ရှိရပါသည်။

သဘောတူစာချုပ် အမျိုးအစားအလိုက် အလုပ်သမားများ၏ ပျံ့နှံ့မှုများကိုကြည့်မည်ဆိုပါက အလုပ်သမားများ၏ သုံးပုံတစ်ပုံသည် အလုပ်လုပ်ကိုင်ရာတွင် သဘောတူစာချုပ်ချုပ်ဆိုမှုနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှု မရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ အဆိုပါအချက်အလက်များသည် တဆင့်ခံ ဖြေဆိုသူများထံမှ ကောက်ယူရရှိသည့် အချက်အလက်များဖြစ်သောကြောင့် ဖြစ်နိုင်ပါသည်။

တစ်နိုင်ငံလုံးကို ကြည့်မည်ဆိုပါက အလုပ်သမားများ၏ ၅၆.၂% သည် နှုတ်ဖြင့်သဘောတူညီချက်ဖြင့် လုပ်ဆောင်နေကြပြီး ၁၃ % သည်သာ စာဖြင့်ရေးသား၍ သဘောတူစာချုပ်ချုပ်ဆို

၍ လုပ်ဆောင်သည်ကို တွေ့ရှိရပါသည်။ သဘောတူစာချုပ်အမျိုးအစားတွင် "မသိပါ" ဟူသည့် အဖြေကိုချန်လှပ်၍ ကြည့်မည်ဆိုပါက နှုတ်ဖြင့်သဘောတူညီချက်သည် ၈၂ % နှင့် စာချုပ်ဖြင့် သဘောတူညီချက်သည် ၁၈% ဖြစ်လာသည်ကို တွေ့ရှိရပါသည်။ အဆိုပါပျံ့နှံ့မှုကို ကြည့်မည်ဆိုပါ က စုစုပေါင်းအလုပ်သမားများ၏ ၅ ပုံ ၁ ပုံ အောက်သာ စာဖြင့်သဘောတူစာချုပ် ချုပ်ဆိုခြင်းကို တွေ့ရှိရပါသည်။

စာဖြင့်ရေးသားသော သဘောတူစာချုပ်ဖြင့် အလုပ်လုပ်ကိုင်မှုတွင် အမျိုးသမီး အလုပ်သမား ရာခိုင်နှုန်းသည် အမျိုးသားအလုပ်သမား ရာခိုင်နှုန်းထက် ပိုမိုမြင့်မားပြီး၊ မြို့ပြရှိ အလုပ်သမားများသည် နှုတ်ဖြင့်သဘောတူညီချက်ထက် စာဖြင့်ရေးသားသော သဘောတူစာချုပ်နှင့် လုပ်ကိုင်နေသည့် ရာခိုင်နှုန်းမှာ ပိုမိုများပြားသည်ကိုတွေ့ရှိရပါသည်။

**ဇယား (၆၈)။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်အမျိုးအစားအလိုက် ပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| နယ်ပယ် | သဘောတူညီချက်အမျိုးအစား | | | |
|---|---|---|---|---|
| | သဘောတူစာချုပ် ချုပ်ဆိုမှု | နှုတ်ကတိဖြင့် သဘောတူညီချက် | မသိပါ | စုစုပေါင်း |
| ပြည်ထောင်စု | ၁၂.၆ | ၅၆.၂ | ၃၁.၂ | ၁၀၀.၀ |
| ကျား၊မ | | | | |
| ကျား | ၁၀.၀ | ၅၇.၆ | ၃၂.၄ | ၁၀၀.၀ |
| မ | ၁၆.၁ | ၅၄.၃ | ၂၉.၆ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | |
| မြို့ပြ | ၁၉.၃ | ၄၈.၇ | ၃၂.၁ | ၁၀၀.၀ |
| ကျေးလက် | ၉.၀ | ၆၀.၂ | ၃၀.၈ | ၁၀၀.၀ |

ပုံ (၂၃) - အလုပ်သမားများ၏ အချိန်ကာလအကန့်အသတ်ဖြင့် သဘောတူစာချုပ် ချုပ်ဆိုမှုရာခိုင်နှုန်း




သက်တမ်းအကန့်အသတ်ဖြင့် လုပ်ကိုင်နေသည့် အလုပ်သမားများ၏ စာချုပ်သက်တမ်းသည် ချုပ်ဆိုသည့် စာချုပ်အမျိုးအစားအပေါ် တည်မှီမှုမရှိကြောင်းတွေ့ရှိရပါသည်။ စာချုပ်ချုပ်ဆိုမှု၏ လေးပုံသုံးပုံသည် နေ့စဉ်သဘောတူညီချက်ဖြင့် လုပ်ကိုင်နေကြပြီး ကျား၊ မ အချိုးတွင် ကွာဟချက် အနည်းငယ်သာရှိသော်လည်း နေ့စဉ်စာရင်းအရ သက်တမ်းအကန့်အသတ်ဖြင့် စာချုပ်ချုပ်ဆိုမှုသည် ကျေးလက်တွင် ၈၀% နှင့် မြို့ပြတွင် ၅၈% ရှိသည်ကို တွေ့ရှိရပါသည်။

၁၂ လ (သို့) ထိုထက်ပိုသောကာလဖြင့် လုပ်ကိုင်နေသည့်ရာခိုင်နှုန်းကို ကြည့်မည်ဆိုပါက တစ်နိုင်ငံလုံးအတိုင်းအတာတွင် ၄% ရှိပြီး ကျား၊ မ အချိုးတွင် အနည်းငယ်သာ ကွာသော်လည်း ကျေးလက်ထက် မြို့ပြတွင် ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

ဇယား (၆၉)။ သဘောတူစာချုပ် ချုပ်ဆိုမှုသက်တမ်းအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်သမားများ၏ပုံနှံ့မှုနှုန်း

| နယ်ပယ် | စာချုပ်ချုပ်ဆိုမှု သက်တမ်း | | | | | | |
|---|---|---|---|---|---|---|---|
| | နှုတ်စဉ်သဘော တူညီချက် | ၂ ရက် မှ ၁ လ | ၁ လ မှ ၃လ | ၃ လ မှ ၆ လ | ၆လ မှ ၁၂ လ | ၁၂ လနှင့် အထက် | စုစုပေါင်း |
| ပြည်ထောင်စု | ၇၅.၉ | ၇.၂ | ၃.၂ | ၄.၁ | ၅.၅ | ၄.၁ | ၁၀၀.၀ |
| ကျား၊မ | | | | | | | |
| ကျား | ၇၅.၀ | ၇.၄ | ၃.၆ | ၄.၅ | ၆.၁ | ၃.၄ | ၁၀၀.၀ |
| မ | ၇၇.၀ | ၆.၉ | ၂.၇ | ၃.၆ | ၄.၇ | ၅.၁ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | | | |
| မြို့ပြ | ၅၈.၁ | ၁၁.၁ | ၃.၄ | ၄.၈ | ၁၀.၈ | ၁၁.၉ | ၁၀၀.၀ |
| ကျေးလက် | ၇၉.၇ | ၆.၃ | ၃.၂ | ၄.၀ | ၄.၄ | ၂.၄ | ၁၀၀.၀ |

ဇယား ၇၀ တွင် စာချုပ်သက်တမ်းအကန့်အသတ်ဖြင့် လုပ်ကိုင်နေသောအလုပ်သမားများ၏ပုံနှံ့မှုကို ဖော်ပြထားပါသည်။ စာချုပ်သက်တမ်း အကန့်အသတ်ဖြစ်ရခြင်းသည် အဓိကအားဖြင့် တစ်ခါတစ်ရံ/ နေ့စဉ်အလုပ်ကြောင့် ၅၈.၂% ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ရာသီချိန်ကြောင့် စာချုပ်သက်တမ်း အကန့်အသတ်ဖြစ်ခြင်းသည် ဒုတိယအဆင့်တွင်ရှိပြီး ၃၂% ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဇယား (၇၀)။ အကြောင်းပြချက်အလိုက် စာချုပ်သက်တမ်းအကန့်အသတ်ဖြင့် လုပ်ကိုင်နေသော အသက် ၁၅ နှစ်နှင့် အထက်အလုပ်သမားများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | လုပ်ငန်းခွင် သင်တန်း၊ အလုပ်သင် သင်တန်း | အစမ်းခန့် ကာလ | ရာသီချိန် အလုပ် | အခါအားလျော်စွာ လုပ်ကိုင်မှု/ နေ့အလိုက် လုပ်ကိုင်မှု | အများပြည်သူ ဆိုင်ရာ အလုပ်အကိုင် အစီအစဉ် | ဝန်ဆောင်မှု တစ်ခု (သို့) သီးခြား အလုပ်တစ်ခု ကိုလုပ် ဆောင်ခြင်း | အခြားအ ကြောင်းအ ရင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၁.၉ | ၂.၀ | ၃၂.၀ | ၅၈.၂ | ၄.၀ | ၁.၄ | ၀.၄ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | |
| ကျား | ၁.၈ | ၁.၆ | ၂၉.၇ | ၆၁.၈ | ၂.၈ | ၁.၆ | ၀.၆ | ၁၀၀.၀ |
| မ | ၂.၀ | ၂.၄ | ၃၅.၀ | ၅၃.၅ | ၅.၆ | ၁.၃ | ၀.၂ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | | | | |
| မြို့ပြ | ၇.၄ | ၆.၄ | ၈.၀ | ၅၉.၀ | ၁၂.၃ | ၆.၀ | ၁.၀ | ၁၀၀.၀ |
| ကျေးလက် | ၀.၇ | ၁.၀ | ၃၇.၁ | ၅၈.၁ | ၂.၃ | ၀.၅ | ၀.၃ | ၁၀၀.၀ |

အလုပ်လုပ်သူများအနေဖြင့် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများ ဝင်ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို စစ်တမ်းကောက်ယူရာတွင် ထည့်သွင်းကောက်ယူထားပါသည်။ဇယား၇၁ တွင် အလုပ်လုပ်ကိုင်သူများ၏ အဖွဲ့အစည်းနှင့်ပတ်သက်၍ နားလည်သဘောပေါက်မှုနှင့် အဖွဲ့ဝင်ဖြစ်မှုများနှင့်ပတ်သက်၍ ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ အလုပ်ရှင်အဖွဲ့အစည်း ၀.၁% နှင့် အလုပ်သမားအဖွဲ့အစည်း ၀.၄% စသည့် ရာခိုင်နှုန်းအနည်းငယ်သာရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်နှင့် အလုပ်သမားများ၏ ၈၈% သည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့များတွင် ပါဝင်ခြင်းမရှိသည်ကိုတွေ့ရပြီး ၁၂% သည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများသို့ ဝင်ရောက်ရန် အခွင့်အရေးရှိသည်ကို သတိပြုမိခြင်း မရှိသည်ကို တွေ့ရှိရပါသည်။

အလုပ်ရှင်၊အလုပ်သမားအဖွဲ့အစည်းသို့ ဝင်ရောက်ရန် အခွင့်အရေးရှိသည်ကို သတိပြုမိသည့် အရေအတွက် အလွန်နည်းပါးပြီး တစ်နိုင်ငံလုံးအတိုင်းအတာတွင် အလုပ်ရှင်များ၏ ၂.၄ % နှင့် အလုပ်သမားများ၏ ၄.၁% သာ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းသို့ ဝင်ရောက်ရန် အခွင့်အရေးရှိသည်ကို သတိပြုမိကြောင်း တွေ့ရှိရပါသည်။

ဇယား (၇၁)။ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်ရှိများ၏ အလုပ်ရှင်/အလုပ်သမား အဖွဲ့အစည်းများတွင် ဝင်ရောက်မှု (ရာခိုင်နှုန်း)

| နယ်ပယ် | အလုပ်လက်ရှိရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|
| | အလုပ်သမား/ အလုပ်ရှင်အဖွဲ့ အစည်းရှိ | အလုပ် သမား/ အလုပ်ရှင် အဖွဲ့ အစည်းမရှိ | အလုပ် သမား/ အလုပ်ရှင် အဖွဲ့ အစည်းကို မသိ | အလုပ် သမား အဖွဲ့အစည်း ဥပဒေကို ကြားသိ ခြင်း | အလုပ်သမား/ အလုပ်ရှင် အဖွဲ့အစည်း ဝင်ရောက်ရန် အခွင့်အရေးရှိသည်ကို သိရှိခြင်း |
| | | | | | အလုပ်ရှင်များ |
| **ပြည်ထောင်စု** | **၀.၁** | **၈၈.၄** | **၁၁.၅** | **၂.၉** | **၂.၄** |
| ကျား၊ မ | | | | | |
| ကျား | ၀.၁ | ၈၈.၀ | ၁၁.၈ | ၃.၄ | ၂.၉ |
| မ | ၀.၁ | ၈၉.၀ | ၁၀.၉ | ၂.၁ | ၁.၇ |
| မြို့ပြ၊ကျေးလက် | | | | | |
| မြို့ပြ | ၀.၃ | ၈၅.၇ | ၁၄.၁ | ၄.၇ | ၃.၉ |
| ကျေးလက် | ၀.၁ | ၈၉.၄ | ၁၀.၅ | ၂.၂ | ၁.၉ |
| လုပ်ငန်းကဏ္ဍ | | | | | |
| လယ်ယာ | ၀.၁ | ၈၉.၆ | ၁၀.၂ | ၂.၁ | ၁.၇ |
| စက်မှု | ၀.၂ | ၈၆.၄ | ၁၃.၄ | ၄.၀ | ၃.၀ |
| ဝန်ဆောင်မှု | ၀.၁ | ၈၆.၉ | ၁၃.၁ | ၃.၉ | ၃.၄ |
| | | | | | အလုပ်သမားများ |
| **ပြည်ထောင်စု** | **၀.၄** | **၈၇.၅** | **၁၂.၁** | **၅.၃** | **၄.၁** |
| ကျား၊ မ | | | | | |
| ကျား | ၀.၄ | ၈၇.၅ | ၁၂.၀ | ၅.၁ | ၃.၉ |
| မ | ၀.၄ | ၈၇.၄ | ၁၂.၂ | ၅.၆ | ၄.၄ |
| မြို့ပြ၊ကျေးလက် | | | | | |
| မြို့ပြ | ၀.၃ | ၈၅.၇ | ၁၄.၀ | ၉.၆ | ၇.၅ |
| ကျေးလက် | ၀.၅ | ၈၈.၅ | ၁၁.၁ | ၃.၀ | ၂.၃ |
| လုပ်ငန်းကဏ္ဍ | | | | | |
| လယ်ယာ | ၀.၄ | ၈၉.၀ | ၁၀.၆ | ၁.၁ | ၀.၉ |
| စက်မှု | ၀.၄ | ၈၇.၈ | ၁၁.၈ | ၅.၃ | ၄.၄ |
| ဝန်ဆောင်မှု | ၀.၄ | ၈၅.၇ | ၁၃.၉ | ၉.၅ | ၇.၁ |

အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းတစ်ခုခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းမရှိသည့် အကြောင်းနှင့် ပတ်သက်၍ အကျဉ်းချုပ်ကို ဇယား ၇၂ တွင်ဖော်ပြထားပါသည်။ အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းကို သတိမပြုမိခြင်းသည် အဓိကအကြောင်းရင်းဖြစ်ပြီး အခြားအကြောင်း

မှာ အချိန်မရှိခြင်းနှင့် အလုပ်သမား၊ အလုပ်ရှင် အဖွဲ့အစည်းတို့ မရှိခြင်းကြောင့်ဖြစ်သည်။ ကျား၊ မ အပေါ်တွင် များစွာကွာခြားချက်မရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် ကျေးလက်ဒေသ (သို့) မြို့ပြဒေသတွင် နေထိုင်သော အလုပ်လက်ရှိများတွင် အချို့သော အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအလိုက် နှိုင်းယှဉ်ရာတွင် လယ်ယာကဏ္ဍသည် အခြားကဏ္ဍနှစ်ခု ဖြစ်သော စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းထက် ကွာခြားမှုရှိသည်ကို တွေ့ရှိရပါသည်။

**ဇယား (၇၂)။ အလုပ်သမား/အလုပ်ရှင်အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ်မဝင်သောအလုပ်လက်ရှိများ၏ ပျံ့နှံ့မှုရာခိုင်နှုန်း**

| နယ်ပယ် | အလုပ်သမား/အလုပ်ရှင် အဖွဲ့အစည်းမရှိ | အလုပ်သမား/အလုပ်ရှင်အဖွဲ့အစည်းကိုသတိမမူမိ | အလုပ်သမား/အလုပ်ရှင် အဖွဲ့အစည်းအပေါ် အကောင်းမမြင် | အလုပ်ရှင်မှ အားမပေး | ဂယက်ရိုက်လာမှာကို ကြောက်ရွံ့ | အလုပ်သမား/အလုပ်ရှင် အဖွဲ့အစည်းသို့ ဝင်ရောက်ရန် တစ်ခါမှမဆောင်ရွက် | အချိန်မရှိ | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | **အလုပ်ရှင်များ** |
| **ပြည်ထောင်စု** | **၁၀.၂** | **၆၅.၆** | **၀.၁** | **၀.၀** | **၀.၀** | **၈.၆** | **၁၄.၆** | **၀.၉** | **၁၀၀.၀** |
| ကျား၊မ | | | | | | | | | |
| ကျား | ၁၀.၂ | ၆၅.၅ | ၀.၁ | ၀.၀ | ၀.၀ | ၈.၉ | ၁၄.၄ | ၀.၉ | ၁၀၀.၀ |
| မ | ၁၀.၂ | ၆၅.၆ | ၀.၀ | ၀.၀ | ၀.၀ | ၈.၃ | ၁၄.၉ | ၀.၉ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | | | | | |
| မြို့ပြ | ၇.၁ | ၅၉.၇ | ၀.၁ | ၀.၀ | ၀.၁ | ၈.၀ | ၂၃.၅ | ၁.၅ | ၁၀၀.၀ |
| ကျေးလက် | ၁၁.၃ | ၆၇.၇ | ၀.၀ | ၀.၀ | ၀.၀ | ၈.၉ | ၁၁.၃ | ၀.၇ | ၁၀၀.၀ |
| လုပ်ငန်းကဏ္ဍ | | | | | | | | | |
| လယ်ယာ | ၁၂.၀ | ၆၇.၉ | ၀.၀ | ၀.၀ | ၀.၀ | ၈.၈ | ၁၀.၇ | ၀.၅ | ၁၀၀.၀ |
| စက်မှု | ၇.၄ | ၆၂.၃ | ၀.၀ | ၀.၁ | ၀.၀ | ၉.၇ | ၁၈.၆ | ၁.၉ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၇.၈ | ၆၂.၇ | ၀.၁ | ၀.၀ | ၀.၁ | ၇.၉ | ၁၉.၉ | ၁.၄ | ၁၀၀.၀ |
| | | | | | | | | | **အလုပ်သမားများ** |
| **ပြည်ထောင်စု** | **၉.၇** | **၅၉.၉** | **၀.၁** | **၀.၃** | **၀.၀** | **၁၁.၄** | **၁၇.၈** | **၀.၈** | **၁၀၀.၀** |
| ကျား၊ မ | | | | | | | | | |
| ကျား | ၉.၂ | ၆၁.၇ | ၀.၀ | ၀.၄ | ၀.၀ | ၁၀.၃ | ၁၇.၆ | ၀.၈ | ၁၀၀.၀ |
| မ | ၁၀.၃ | ၅၇.၄ | ၀.၁ | ၀.၃ | ၀.၁ | ၁၃.၀ | ၁၈.၁ | ၀.၉ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | | | | | |
| မြို့ပြ | ၇.၃ | ၅၄.၅ | ၀.၁ | ၀.၅ | ၀.၁ | ၁၀.၇ | ၂၅.၃ | ၁.၄ | ၁၀၀.၀ |
| ကျေးလက် | ၁၀.၉ | ၆၂.၈ | ၀.၀ | ၀.၂ | ၀.၀ | ၁၁.၈ | ၁၃.၈ | ၀.၅ | ၁၀၀.၀ |

| နယ်ပယ် | အလုပ်သမား/အလုပ်ရှင် အဖွဲ့အစည်းမရှိ | အလုပ်သမား/အလုပ်ရှင်အဖွဲ့အစည်းကိုသတိမမူမိ | အလုပ်သမား/အလုပ်ရှင် အဖွဲ့အစည်းအပေါ် အကောင်းမမြင် | အလုပ်ရှင်မှ အားမပေး | ဂယက်ရိုက်လာမှာကို ကြောက်ရွံ့ | အလုပ်သမား/အလုပ်ရှင် အဖွဲ့အစည်းသို့ ဝင်ရောက်ရန် တစ်ခါမှမဆောင်ရွက် | အချိန်မရှိ | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| **လုပ်ငန်းကဏ္ဍ** | | | | | | | | | |
| လယ်ယာ | ၁၂.၁ | ၆၄.၉ | ၀.၀ | ၀.၁ | ၀.၀ | ၁၀.၉ | ၁၁.၃ | ၀.၆ | ၁၀၀.၀ |
| စက်မှု | ၈.၃ | ၅၈.၃ | ၀.၁ | ၀.၃ | ၀.၀ | ၁၁.၀ | ၂၀.၉ | ၁.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှု | ၈.၂ | ၅၆.၀ | ၀.၁ | ၀.၆ | ၀.၀ | ၁၂.၂ | ၂၂.၀ | ၁.၀ | ၁၀၀.၀ |

## ၁၂.၅ လုပ်ငန်းခွင်ဘေးအန္တရာယ်ထိခိုက်မှု

စစ်တမ်းမေးခွန်းလွှာတွင် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများအား လွန်ခဲ့သော ၁၂လအတွင်းလုပ်ငန်းခွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိခြင်း (သို့) ဖျားနာခြင်းများကို ထည့်သွင်းမေးမြန်းထားပါသည်။ မတော်တဆထိခိုက်ဒဏ်ရာရရှိခြင်းဆိုသည်မှာ ကြမ်းတမ်းစွာပြုမူဆက်ဆံခြင်း၊ အလုပ်နှင့်ဆက်စပ်၍ အလုပ်သမားတစ်ဦး (သို့) တစ်ဦးထက်ပိုသော အလုပ်သမားများသည် ထိခိုက်ဒဏ်ရာရရှိခြင်း (သို့) ကူးစက်ရောဂါများ ဖြစ်ပေါ်ခြင်းတို့ အပါအဝင်မမျှော်လင့်ဘဲ၊ အစီအစဉ်မရှိဘဲဖြစ်ပေါ်သည့် ဘေးအန္တရာယ်ဖြစ်ပေါ်မှုကို ဆိုလိုပါသည်။ အလုပ်ကိုအကြောင်းပြု၍ ခရီးသွားစဉ်၊ သယ်ယူပို့ဆောင်ခြင်းနှင့် လမ်းတွင်မတော်တဆဖြစ်ခြင်း စသည်များလည်း ပါဝင်ပါသည်။

စစ်တမ်းတွင် လွန်ခဲ့သောနှစ်အတွင်း အလုပ်ကြောင့်ထိခိုက်ဒဏ်ရာရရှိမှုအား ဇယား ၇၃ တွင် အလုပ်အကိုင်အုပ်စုများအလိုက် ဖော်ပြထားပါသည်။ အချို့သော အလုပ်အကိုင်အုပ်စုများတွင် အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု ရာခိုင်နှုန်းမှာ အလွန်နည်းပါးသောကြောင့် ချန်လှပ်ထားခဲ့ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်စဉ်ပျမ်းမျှထိခိုက်ဒဏ်ရာရှိမှုသည် ၀.၀၄% ရှိပြီး အဆိုပါ ထိခိုက်ဒဏ်ရာရရှိမှုအတွက် အလုပ်ဆင်းရန်ပျက်ကွက်သည့် ရက်မှာ ၀.၆၃% ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ဇယား (၇၃)။ အလုပ်အကိုင်အုပ်စုများအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| အဓိကအလုပ်အကိုင်အုပ်စု | အလုပ်လုပ်ကိုင်သူ ၁၀၀ ဦး တွင် ပျမ်းမျှထိခိုက်ဒဏ်ရာ ရရှိမှု အရေအတွက် | ပျမ်းမျှ အလုပ်ဆင်းရန် ပျက်ကွက်ရက် |
|---|---|---|
| **ပြည်ထောင်စု** | **၀.၀၄** | **၀.၆၃** |
| မန်နေဂျာများ | ၀.၀၂ | ၁.၂၂ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၀.၀၁ | ၀.၁၈ |
| နည်းပညာနှင့်ဆက်စပ်သည့်သက်မွေးပညာရှင်များ | ၀.၀၂ | ၀.၂၄ |
| အထောက်အပံ့ပြုစာရေးလုပ်သားများ | ၀.၀၀ | ၀.၀၂ |
| ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၀.၀၂ | ၀.၃၈ |
| လယ်ယာ၊သစ်တောနှင့်ငါးဖမ်းကျွမ်းကျင် လုပ်သားများ | ၀.၀၄ | ၀.၆၉ |
| လက်မှုနှင့်ဆက်စပ်သည့်ကုန်သွယ်လုပ်သားများ | ၀.၀၅ | ၀.၉၃ |
| စက်ရုံနှင့်စက်ကိုင်အော်ပရေတာနှင့် တပ်ဆင်သူများ | ၀.၀၂ | ၀.၅၀ |
| အခြေခံအလုပ်အကိုင်များ | ၀.၀၄ | ၀.၆၇ |

အလုပ်အကိုင်အုပ်စုများကို ထိခိုက်ဒဏ်ရာရရှိမှုအမျိုးအစားအလိုက် ဇယား ၇၄ တွင် ဖော်ပြထားပါသည်။ ဇယားရှိ ထိခိုက်ဒဏ်ရာရရှိမှုအမျိုးအစားတွင် ဖော်ပြရာ၌ ထိခိုက်ဒဏ်ရာ ရရှိမှု၏ ၇၃% ကျော်သည် သာမန်ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပြီး ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများသည် ထိခိုက်ဒဏ်ရာ ရရှိမှုအများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒုတိယအများဆုံးထိခိုက်ဒဏ်ရာရရှိမှုမှာ အရိုးအဆစ်လွဲခြင်းနှင့် အကြောတင်ခြင်းဖြစ်ပြီး တတိယအများဆုံးထိခိုက်ဒဏ်ရာရရှိမှုမှာ ခွဲစိတ်ကုသခြင်း ဖြစ်ပါသည်။

ဇယား (၇၄)။ ထိခိုက်ဒဏ်ရာရရှိမှုအမျိုးအစားအလိုက် လွန်ခဲ့သောတစ်နှစ်အတွင်း ထိခိုက်ဒဏ်ရာရရှိသူ ၁၀၀ ဦးတွင် ပျံ့နှံ့မှု(ရာခိုင်နှုန်း)

| အဓိက အလုပ်အကိုင်အုပ်စု | သာမန်အနာတရဖြစ်မှု | ကျိုးခြင်းအက်ခြင်း | အရိုးအဆစ်လွဲခြင်း၊ အကြောတင်ခြင်း | ခွဲစိတ်ကုသခြင်း | ဦးနှောက်၌အနည်းငယ်ထိခိုက်ဒဏ်ရာရ၊ ခန္ဓာကိုယ်တွင်း၌ဒဏ်ရာရ | လောင်သည်၊ အက်စစ်နှင့်ထိ၊ ရေနွေးပူလောင် | အပြင်းအထန်အဆိပ်မိ (သို့) ရောဂါကူးစက်ခံရ | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၇၂.၈** | **၅.၂** | **၈.၈** | **၁.၉** | **၁.၂** | **၀.၄** | **၁.၀** | **၈.၇** | **၁၀၀.၀** |
| မန်နေဂျာ | ၃၈.၂ | ၃၇.၀ | ၂၄.၈ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၆၁.၇ | ၉.၂ | ၃.၃ | ၁၀.၇ | ၀.၀ | ၀.၀ | ၀.၀ | ၁၅.၁ | ၁၀၀.၀ |
| နည်းပညာနှင့် ဆက်စပ်သည့် သက်မွေးပညာရှင်များ | ၃၈.၈ | ၂.၂ | ၁၇.၀ | ၀.၀ | ၁၉.၉ | ၀.၀ | ၀.၀ | ၂၂.၂ | ၁၀၀.၀ |
| အထောက်အပံ့ပြုစာရေးလုပ်သားများ | ၇၄.၂ | ၅.၈ | ၂၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၇၇.၀ | ၅.၆ | ၈.၈ | ၀.၈ | ၂.၇ | ၁.၀ | ၀.၀ | ၄.၁ | ၁၀၀.၀ |
| လယ်ယာ၊ သစ်တောနှင့်ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၇၂.၄ | ၂.၇ | ၈.၉ | ၁.၆ | ၀.၆ | ၀.၀ | ၂.၀ | ၁၁.၉ | ၁၀၀.၀ |
| လက်မှုပညာနှင့်ဆက်စပ်လုပ်ငန်းများ | ၇၆.၂ | ၈.၉ | ၆.၆ | ၂.၂ | ၀.၀ | ၁.၃ | ၀.၀ | ၄.၈ | ၁၀၀.၀ |
| စက်ကိရိယာနှင့် စက်ပစ္စည်းကိုင်တွယ်အသုံးပြုသူများနှင့် စုစည်း တပ်ဆင်သူများ | ၅၇.၃ | ၂၀.၉ | ၁၄.၄ | ၆.၄ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| အခြေခံ အလုပ်အကိုင်များ | ၇၃.၉ | ၄.၄ | ၉.၄ | ၁.၉ | ၂.၂ | ၀.၄ | ၀.၅ | ၇.၄ | ၁၀၀.၀ |

လုပ်ငန်းအမျိုးအစားအလိုက် ထိခိုက်ဒဏ်ရာရရှိမှုကို ဇယား ၇၅ တွင် ဖော်ပြထားပါသည်။ ပျမ်းမျှထိခိုက်ဒဏ်ရာရရှိမှုသည် အလုပ်သမားဦးရေ ၁၀,၀၀၀ ဦးတွင် ၄ ဦး ထိခိုက်ဒဏ်ရာရရှိပြီး အဆိုပါထိခိုက် ဒဏ်ရာရရှိမှုအတွက် အလုပ်ပျက်ကွက်ရက်မှာ ပျမ်းမျှအားဖြင့် ၀.၆ ရက် ပျက်ကွက်သည်ကို တွေ့ရှိရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းများတွင် ထိခိုက်ဒဏ်ရာရရှိမှုများမှာ ပြောင်းလဲမှုများစွာမရှိကြောင်း တွေ့ရပါသည်။

ဇယား (၇၅)။ လုပ်ငန်းကဏ္ဍအလိုက် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်သူ ၁၀၀ဦးတွင် ထိခိုက်ဒဏ်ရာရရှိမှု (ရာခိုင်နှုန်း)

| လုပ်ငန်းကဏ္ဍ | အလုပ်လက်ရှိ ဦးရေ ၁၀၀ ဦးလျှင် ပျမ်းမျှထိခိုက် ဒဏ်ရာရမှု | ထိခိုက်ဒဏ်ရာရမှု ကြောင့်ဆုံးရှုံးရသည့် ပျမ်းမျှ (လူ/လုပ်ရက်) |
|---|---|---|
| **ပြည်ထောင်စု** | ၀.၀၄ | ၀.၆၃ |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၀.၀၄ | ၀.၆၆ |
| သတ္တုတူးဖော်ရေးနှင့်ကျောက်မိုင်းလုပ်ငန်း | ၀.၀၄ | ၀.၈၀ |
| ကုန်ထုတ်လုပ်မှု လုပ်ငန်း | ၀.၀၃ | ၀.၈၀ |
| လျှပ်စစ်၊ဓာတ်ငွေ့၊ရေနွေးငွေ့နှင့်လေအေးဖြန့်ဖြူးမှုလုပ်ငန်း | ၀.၀၀ | ၀.၀၁ |
| ရေပေးဝေရေး၊ မိလ္လာနှင့် အမှိုက်သိမ်းဆည်းရေး ပြုပြင် လုပ်ဆောင်မှုများ | ၀.၀၃ | ၀.၁၀ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၀.၁၀ | ၁.၁၉ |
| လက်ကားနှင့် လက်လီရောင်းဝယ်ရေး၊ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ရေး | ၀.၀၂ | ၀.၄၆ |
| သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်း | ၀.၀၂ | ၀.၄၂ |
| တည်းခိုရေးနှင့် အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းများ | ၀.၀၁ | ၀.၄၀ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၀.၀၀ | ၀.၀၀ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်း | ၀.၀၃ | ၀.၆၁ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်း | ၀.၀၀ | ၀.၀၀ |
| သက်မွေးဝမ်းကျောင်းပညာ၊သိပ္ပံပညာနှင့် စက်မှုလက်မှု ပညာ ဆိုင်ရာလုပ်ငန်းများ | ၀.၀၂ | ၀.၃၄ |
| စီမံအုပ်ချုပ်ရေးနှင့် ထောက်ကူမှုဆိုင်ရာ လုပ်ငန်းများ | ၀.၀၃ | ၀.၆၃ |
| ပြည်သူ့အုပ်ချုပ်ရေးနှင့်ကာကွယ်ရေး၊မဝင်မနေရ လူမှုဖူလုံရေး | ၀.၀၁ | ၀.၅၂ |
| ပညာရေး | ၀.၀၁ | ၀.၁၆ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ | ၀.၀၂ | ၀.၂၅ |
| ပန်းချီအနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေးလုပ်ငန်း | ၀.၀၀ | ၀.၀၀ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၀.၀၄ | ၀.၅၄ |
| ကိုယ်တိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများ၏ လုပ်ငန်းများ ခွဲခြားဖော်ပြနိုင်ခြင်းမရှိသည့် အိမ်ထောင်စုများ၏ ထုတ်လုပ် မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ | ၀.၀၂ | ၀.၄၄ |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ | ၀.၀၀ | ၀.၀၀ |

အလုပ်အကိုင်အမျိုးအစားအလိုက် ထိခိုက်ဒဏ်ရာရရှိမှုအမျိုးအစားများကို ခွဲခြား၍ ဖော်ပြထားပါသည်။ သာမန်ထိခိုက်ဒဏ်ရာရရှိမှုမှာ လုပ်ငန်းကဏ္ဍအသီးသီးတွင် (၇၃%) အများဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။ တစ်နိုင်ငံလုံး ပျမ်းမျှသာမန်ထိခိုက်ဒဏ်ရာရရှိမှု ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေး ကဏ္ဍနှင့်တူညီနေသည်ကိုတွေ့ရှိရပါသည်။

ထုတ်လုပ်မှုလုပ်ငန်းတွင်သာမန်ထိခိုက်ဒဏ်ရာရရှိမှုမှာနည်းနေပြီး ပြင်းထန်သောထိခိုက်ဒဏ်ရာရရှိမှုမှာ များပြားနေကြောင်းတွေ့ရှိရပါသည်။ ထုတ်လုပ်မှုလုပ်ငန်းတွင် အရိုးအဆစ်လွှဲခြင်းနှင့် အကြောတင်ခြင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရရှိမှုသည် ၁၇% ခန့်ဖြစ်ပြီး ခွဲစိတ်ကုသခြင်းဆိုင်ရာထိခိုက်ဒဏ်ရာရရှိမှုတွင် ၅.၆% ဖြစ်ပါသည်။ သို့သော်လည်းခွဲစိတ်ကုသခြင်းဆိုင်ရာထိခိုက်ဒဏ်ရာရရှိမှုသည် အများဆုံးဖြစ်နေကြောင်း တွေ့ရှိရပါသည်။

**ဇယား (၇၆)။ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုတွင် အပြင်းထန်ဆုံးသော ထိခိုက်ဒဏ်ရာရရှိမှုအမျိုးအစားအလိုက် လွန်ခဲ့သောတစ်နှစ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူများ၏ ပျံ့နှံ့မှု (ရာခိုင်နှုန်း)**

| လုပ်ငန်းကဏ္ဍ | သာမန်အနာတရဖြစ်မှု | ကျိုးခြင်းအက်ခြင်း | အရိုးအဆစ်လွှဲခြင်း၊ အကြောတင်ခြင်း | ခွဲစိတ်ကုသခြင်း | ဦးနှောက်၌အနည်းငယ်ထိခိုက်ဒဏ်ရာရ၊ ခန္ဓာကိုယ်တွင်း၌ ဒဏ်ရာရ | လောင်သည်၊ အက်စစ်နှင့်ထိ၊ ရေနွေးပူလောင် | အပြင်းအထန်အဆိပ်မိ (သို့) ရောဂါကူးစက်ခံရ | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၇၂.၇** | **၅.၂** | **၈.၈** | **၁.၉** | **၁.၂** | **၀.၄** | **၁.၀** | **၈.၇** | **၁၀၀.၀** |
| လယ်ယာ၊သစ်တောနှင့်ငါးဖမ်းလုပ်ငန်း | ၇၃.၁ | ၃.၀ | ၇.၄ | ၁.၅ | ၀.၈ | ၀.၀ | ၁.၆ | ၁၂.၆ | ၁၀၀.၀ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၆၂.၉ | ၂.၇ | ၁၈.၅ | ၆.၂ | ၁.၆ | ၂.၆ | ၀.၀ | ၅.၅ | ၁၀၀.၀ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၇၆.၇ | ၁၄.၀ | ၅.၃ | ၀.၂ | ၀.၀ | ၀.၀ | ၀.၀ | ၃.၉ | ၁၀၀.၀ |
| လက်လီနှင့်လက်ကားရောင်းဝယ်ရေး၊ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်ပြုပြင်ရေး | ၇၇.၀ | ၅.၁ | ၈.၉ | ၀.၀ | ၂.၆ | ၁.၈ | ၀.၀ | ၄.၇ | ၁၀၀.၀ |
| သယ်ယူပို့ဆောင်ရေးနှင့်ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်း | ၆၂.၁ | ၁၂.၇ | ၁၁.၄ | ၉.၆ | ၄.၂ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၈၉.၃ | ၂.၀ | ၆.၈ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁.၉ | ၁၀၀.၀ |

# အခန်း ၁၃
# ရွှေ့ပြောင်းသွားလာခြင်း

## ၁၃.၁ နိဒါန်း

ဤအခန်းတွင် အိမ်ထောင်စုဝင်များ၏ ပြည်တွင်းရွှေ့ပြောင်းသွားလာမှုနှင့် နိုင်ငံခြားတွင် နေထိုင်လျက်ရှိသော ယခင်အိမ်ထောင်စုဝင်ဟောင်းများ၏ အကြောင်းများကို ဖော်ပြထားပါသည်။

ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ ရေမြေအနေအထားတစ်နေရာမှ အခြားရေမြေအနေအထားတစ်နေရာသို့ ပြောင်းလဲနေထိုင်ခြင်းကို ဆိုလိုပါသည်။ ယခုစစ်တမ်းတွင် ရေမြေအနေအထားနေရာကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဟု ခေါ်ခြင်းဖြစ်ပါသည်။ ပြည်တွင်းရွှေ့ပြောင်းသွားလာမှုကို အသက်ကန့်သတ်ချက်မရှိဘဲ အိမ်ထောင်စုဝင်အားလုံးကို မွေးဖွားရာဒေသတွင် ၆ လနှင့်အထက် တစ်ဆက်တည်း နေထိုင်ခဲ့ဖူးသော ယခင်နေထိုင်ခဲ့သည့်နေရာတို့နှင့် စပ်လျဉ်းသည့် အကြောင်းများကို မေးမြန်းထားပါသည်။

## ၁၃.၂ မွေးဖွားရာဒေသ

မွေးဖွားရာဒေသနှင့် လက်ရှိနေထိုင်ရာဒေသပေါ်အခြေခံ၍ နိုင်ငံအတွင်း ပြောင်းရွှေ့ခြင်းအယူအဆကို ဖော်ပြထားပါသည်။ လူအများစုသည် လက်ရှိနေထိုင်ရာ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်တွင်သာ မွေးဖွားကြောင်း ဖြေဆိုကြပါသည်။ ဇယား ၇၇ တွင်ဖော်ပြထားချက်အရ လူဦးရေ၏ ၂၀% ခန့်သာလျှင် ၎င်းတို့သည် လက်ရှိနေထိုင်ရာ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်တွင် မွေးဖွားခြင်း မဟုတ်ကြောင်း၊ ၅.၇% သည် မြို့နယ်တစ်ခုအတွင်းရှိ အခြားရပ်ကွက်/ကျေးရွာတွင် မွေးဖွားခဲ့ကြောင်းနှင့် ၁၄.၄% သည် အခြားမြို့နယ်တွင် မွေးဖွားခဲ့ကြောင်းတွေ့ရှိရပါသည်။ သို့သော်လည်း ကျေးလက်ဒေသရှိ လူဦးရေ၏ ၈၉%သည် လက်ရှိကျေးရွာအုပ်စု တွင်သာ နေထိုင်လုပ်ကိုင်နေကြကြောင်းတွေ့ရပြီး မြို့ပြဒေသတွင်မူ လူဦးရေ၏ ၅၉% သာလက်ရှိဒေသမှ လူဦးရေဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျား၊ မ မွေးဖွားရာဒေသကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ပါဝင်မှုမှာ အများအားဖြင့်တူညီနေသည်ကို တွေ့ရှိရပါသည်။

မွေးဖွားရာဒေသနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက များသောအားဖြင့် ပျံ့နှံ့မှုမှာ တူညီကြသော်လည်း ရန်ကုန်တိုင်းဒေသကြီးတွင်မူ အခြားမြို့နယ်တွင် မွေးဖွားသည့် ရာခိုင်နှုန်းသည် လွန်စွာမြင့်မားကြောင်း တွေ့ရှိရမည် ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားမြို့နယ်တွင် မွေးဖွားသူပါဝင်မှု အများဆုံးဒေသများမှာ နေပြည်တော် (၂၃.၈%)၊ ကယား(၁၉%)၊ ကချင်(၁၇.၁%)နှင့် ကရင်(၁၇%) တို့ဖြစ်ပါကြောင်း ဇယား ၇၇ တွင် တွေ့ရှိရမည် ဖြစ်ပါသည်။

ဇယား (၇၇)။ မွေးဖွားရာဒေသအလိုက် လူဦးရေ ပျံ့နှံ့မှု (ရာခိုင်နှုန်း)

| နယ်ပယ် | မွေးဖွားရာဒေသအလိုက် လူဦးရေ ပျံ့နှံ့မှု(ရာခိုင်နှုန်း) | | | | |
|---|---|---|---|---|---|
| | ဤကျေးရွာ အုပ်စု/ ရပ်ကွက် | မြို့နယ် အတွင်းရှိ အခြားကျေးရွာ အုပ်စု/ရပ်ကွက် | အခြားမြို့နယ် | အခြားနိုင်ငံ | စုစုပေါင်း |
| **ပြည်ထောင်စု** | **၇၉.၉** | **၅.၇** | **၁၄.၄** | **၀.၀** | **၁၀၀.၀** |
| **ကျား၊မ** | | | | | |
| ကျား | ၇၉.၉ | ၅.၅ | ၁၄.၅ | ၀.၀ | ၁၀၀.၀ |
| မ | ၇၉.၈ | ၅.၈ | ၁၄.၄ | ၀.၀ | ၁၀၀.၀ |
| **မြို့ပြ၊ကျေးလက်** | | | | | |
| မြို့ပြ | ၅၈.၉ | ၇.၄ | ၃၃.၆ | ၀.၀ | ၁၀၀.၀ |
| ကျေးလက် | ၈၉.၁ | ၄.၉ | ၆.၀ | ၀.၀ | ၁၀၀.၀ |
| **တိုင်းဒေသကြီး၊ ပြည်နယ်** | | | | | |
| ကချင် | ၇၇.၅ | ၅.၄ | ၁၇.၁ | ၀.၀ | ၁၀၀.၀ |
| ကယား | ၇၇.၀ | ၄.၀ | ၁၉.၀ | ၀.၀ | ၁၀၀.၀ |
| ကရင် | ၈၀.၄ | ၂.၇ | ၁၆.၉ | ၀.၀ | ၁၀၀.၀ |
| ချင်း | ၉၀.၃ | ၇.၆ | ၂.၁ | ၀.၀ | ၁၀၀.၀ |
| စစ်ကိုင်း | ၈၈.၃ | ၄.၃ | ၇.၄ | ၀.၀ | ၁၀၀.၀ |
| တနင်္သာရီ | ၇၃.၈ | ၁၀.၉ | ၁၅.၂ | ၀.၁ | ၁၀၀.၀ |
| ပဲခူး | ၈၆.၉ | ၆.၄ | ၆.၈ | ၀.၀ | ၁၀၀.၀ |
| မကွေး | ၉၄.၈ | ၃.၁ | ၂.၁ | ၀.၀ | ၁၀၀.၀ |
| မန္တလေး | ၈၅.၇ | ၅.၀ | ၉.၃ | ၀.၀ | ၁၀၀.၀ |
| မွန် | ၈၁.၆ | ၅.၂ | ၁၃.၂ | ၀.၀ | ၁၀၀.၀ |
| ရခိုင် | ၈၆.၅ | ၉.၈ | ၃.၆ | ၀.၀ | ၁၀၀.၀ |
| ရန်ကုန် | ၄၈.၂ | ၃.၆ | ၄၈.၂ | ၀.၀ | ၁၀၀.၀ |
| ရှမ်း | ၈၃.၆ | ၆.၃ | ၁၀.၁ | ၀.၀ | ၁၀၀.၀ |
| ဧရာဝတီ | ၈၈.၄ | ၈.၄ | ၃.၃ | ၀.၀ | ၁၀၀.၀ |
| နေပြည်တော် | ၆၇.၈ | ၈.၅ | ၂၃.၈ | ၀.၀ | ၁၀၀.၀ |

## ၁၃.၃ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အကြားပြည်တွင်းသွားလာမှု ရွှေ့ပြောင်း အခြေအနေ

၂၀၁၁-၂၀၁၄ ခုနှစ်အတွင်းနှင့် ဘဝသက်တမ်းတစ်လျှောက် လက်ရှိနေထိုင်ရာဒေသသို့ ပြောင်းရွှေ့နေထိုင်သူပါဝင်မှု ရာခိုင်နှုန်းကို ဇယား ၇၈ တွင် ဖော်ပြထားပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လွန်ခဲ့သော ၄ နှစ်တာကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ၏ ၃.၃% သည် ရွှေ့ပြောင်းသွားလာ နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ သက်တမ်းတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုကို ကြည့်မည်ဆိုပါက လူဦးရေ၏ ၁၃.၅% သည် မြို့နယ် တစ်မြို့နယ်မှ တစ်မြို့နယ်သို့ ပြောင်းရွှေ့ နေထိုင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ လက်ရှိမြို့ပြဒေသ တွင် နေထိုင်သူများ၏ ရွှေ့ပြောင်းသွားလာနေထိုင်မှုသည် လက်ရှိကျေးလက်ဒေသတွင် နေထိုင် နေသူများထက်မြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မွေးဖွားရာဒေသ၏ ပျံ့နှံ့မှုကို ကြည့်မည်ဆိုပါက ဇယား ၇၇ တွင် ဖော်ပြထားသည်နှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ လက်ရှိ ရန်ကုန် တိုင်းဒေသကြီးတွင် နေထိုင်လျက်ရှိသော လူဦးရေ၏ ၄၂.၃% ကျော်သည် ၎င်းတို့သက်တမ်း တစ်လျှောက်တွင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ ပြောင်းရွှေ့လာကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၇၈)။ ရည်ညွှန်းကာလအတွင်း အခြားမြို့နယ်မှ ရွှေ့ပြောင်းနေထိုင်သည့် လူဦးရေ (ရာခိုင်နှုန်း)

| နယ်ပယ် | ရွှေ့ပြောင်းလူဦးရေ ရာခိုင်နှုန်း | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၁-၂၀၁၄ | | | | | သက်တမ်းကာလ | | | | |
| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
| ပြည်ထောင်စု | ၃.၃ | ၃.၃ | ၇.၉ | ၁.၄ | ၃.၃ | ၁၃.၃ | ၁၃.၇ | ၃၀.၇ | ၆.၅ | ၁၃.၅ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | | | | | | |
| ကချင် | ၂.၇ | ၂.၅ | ၃.၃ | ၂.၂ | ၂.၆ | ၁၃.၈ | ၁၃.၄ | ၁၉.၂ | ၁၀.၃ | ၁၃.၆ |
| ကယား | ၁.၈ | ၁.၇ | ၂.၈ | ၁.၄ | ၁.၇ | ၁၅.၇ | ၁၄.၆ | ၂၃.၈ | ၁၂.၃ | ၁၅.၁ |
| ကရင် | ၂.၁ | ၁.၈ | ၆.၈ | ၀.၆ | ၁.၉ | ၁၃.၁ | ၁၃.၅ | ၃၇.၁ | ၆.၈ | ၁၃.၃ |
| ချင်း | ၁.၄ | ၀.၈ | ၄.၃ | ၀.၂ | ၁.၁ | ၆.၂ | ၆.၁ | ၁၇.၇ | ၃.၃ | ၆.၂ |
| စစ်ကိုင်း | ၁.၄ | ၁.၁ | ၃.၃ | ၀.၈ | ၁.၂ | ၈.၂ | ၈.၂ | ၂၃.၂ | ၅.၁ | ၈.၂ |
| တနင်္သာရီ | ၄.၀ | ၃.၁ | ၆.၀ | ၂.၈ | ၃.၅ | ၂၀.၃ | ၁၇.၀ | ၂၈.၀ | ၁၅.၇ | ၁၈.၆ |
| ပဲခူး | ၁.၂ | ၁.၃ | ၂.၀ | ၁.၁ | ၁.၃ | ၆.၆ | ၇.၄ | ၁၄.၀ | ၅.၁ | ၇.၀ |
| မကွေး | ၀.၇ | ၀.၈ | ၁.၆ | ၀.၆ | ၀.၈ | ၂.၇ | ၃.၃ | ၆.၁ | ၂.၅ | ၃.၀ |
| မန္တလေး | ၃.၄ | ၂.၇ | ၆.၇ | ၁.၁ | ၃.၀ | ၈.၈ | ၈.၄ | ၁၅.၉ | ၄.၈ | ၈.၆ |
| မွန် | ၃.၂ | ၃.၁ | ၇.၄ | ၁.၅ | ၃.၁ | ၁၄.၃ | ၁၄.၄ | ၂၅.၅ | ၁၀.၁ | ၁၄.၃ |
| ရခိုင် | ၀.၆ | ၀.၇ | ၁.၄ | ၀.၅ | ၀.၆ | ၄.၄ | ၄.၈ | ၉.၁ | ၃.၇ | ၄.၆ |
| ရန်ကုန် | ၁၁.၁ | ၁၁.၉ | ၁၄.၀ | ၅.၇ | ၁၁.၅ | ၄၁.၀ | ၄၃.၅ | ၅၂.၅ | ၁၈.၁ | ၄၂.၃ |
| ရှမ်း | ၁.၉ | ၂.၂ | ၃.၂ | ၁.၇ | ၂.၁ | ၁၀.၁ | ၁၀.၇ | ၁၉.၇ | ၇.၆ | ၁၀.၄ |
| ဧရာဝတီ | ၀.၉ | ၀.၇ | ၃.၀ | ၀.၄ | ၀.၈ | ၄.၅ | ၄.၇ | ၁၂.၃ | ၃.၄ | ၄.၆ |
| နေပြည်တော် | ၇.၆ | ၈.၀ | ၁၇.၆ | ၃.၇ | ၇.၈ | ၂၂.၆ | ၂၃.၄ | ၄၄.၂ | ၁၄.၁ | ၂၃.၀ |

နိုင်ငံတွင်း ရွှေ့ပြောင်းသွားလာရခြင်း အကြောင်းအရင်းအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းကို ဇယား ၇၉ တွင် ဖော်ပြထားပါသည်။ ရွှေ့ပြောင်းသွားလာနေထိုင်ကြသူများ၏ ၂၅% သည် အလုပ်အကိုင်အတွက် ပြောင်းရွှေ့နေထိုင်ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။အလုပ်အကိုင်အတွက်ဟုဆိုရာတွင် "အလုပ်အကိုင်သို့မဟုတ် စီးပွားရေးလုပ်ငန်း အခွင့်အလမ်းများရှာဖွေရန်"၊ "အလုပ်သစ်ဝင်ရောက်ရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းအသစ်စတင်ရန်" နှင့် "အလုပ်အပြောင်းအရွှေ့" တို့ကိုဆိုလိုပါသည်။ ရွှေ့ပြောင်းနေထိုင်သူများ၏ ၅၃% သည် ၎င်းတို့၏ မိသားစုရွှေ့ပြောင်းသည့်အတွက် လိုက်ပါ ရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ တတိယမြောက် အဓိကကျသည့် အကြောင်းအရင်းမှာ "လက်ထပ်ခြင်း" ကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အခြားအကြောင်းအရင်းများကြောင့် ရွှေ့ပြောင်းနေထိုင်မှုသည် ၅% ရှိကြောင်းတွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ရွှေ့ပြောင်းနေထိုင်သူ အများစုသည် အလုပ်အကိုင်အတွက် ပြောင်းရွှေ့ နေထိုင်ကြသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၇၉)။ နိုင်ငံတွင်း ရွှေ့ပြောင်းသွားလာရခြင်းအကြောင်းအရင်းအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်သူများ၏ လူဦးရေပုံနှိပ်မှု (ရာခိုင်နှုန်း)

| နယ်ပယ် | အခြားကျေးရွာ/ ရပ်ကွက်မှ ပြောင်းရွှေ့လာသောလူဦးရေ ရာခိုင်နှုန်း | အဓိကအကြောင်းအရင်းအလိုက် ပြောင်းရွှေ့နေထိုင်သူ ရာခိုင်နှုန်း | | | | |
|---|---|---|---|---|---|---|
| | | အလုပ်အကိုင် | လက်ထပ်ခြင်း | မိသားစုပြောင်းရွှေ့ခြင်း | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၁၇.၂ | ၂၅.၄ | ၁၇.၂ | ၅၂.၈ | ၄.၆ | ၁၀၀.၀ |
| **မြို့ပြ၊ ကျေးလက်** | | | | | | |
| မြို့ပြ | ၁၇.၂ | ၃၄.၇ | ၁၄.၈ | ၄၆.၄ | ၄.၂ | ၁၀၀.၀ |
| ကျေးလက် | ၁၇.၂ | ၁၇.၆ | ၁၉.၃ | ၅၈.၂ | ၄.၉ | ၁၀၀.၀ |
| **ကျား၊ မ** | | | | | | |
| ကျား | ၃၆.၉ | ၂၅.၀ | ၁၁.၀ | ၅၉.၂ | ၄.၈ | ၁၀၀.၀ |
| မ | ၈.၅ | ၂၆.၃ | ၂၉.၁ | ၄၀.၄ | ၄.၂ | ၁၀၀.၀ |
| **အသက်အုပ်စု (နှစ်)** | | | | | | |
| ၁၅-၂၄ | ၁၂.၉ | ၂၅.၆ | ၉.၄ | ၅၇.၁ | ၇.၉ | ၁၀၀.၀ |
| ၂၅-၆၄ | ၁၈.၆ | ၂၅.၉ | ၁၇.၉ | ၅၂.၅ | ၃.၆ | ၁၀၀.၀ |
| ၆၅+ | ၂၀.၀ | ၂၁.၅ | ၁၃.၆ | ၅၇.၆ | ၇.၄ | ၁၀၀.၀ |
| **တိုင်းဒေသကြီး၊ ပြည်နယ်** | | | | | | |
| ကချင် | ၁၈.၃ | ၃၆.၈ | ၇.၄ | ၄၇.၈ | ၈.၀ | ၁၀၀.၀ |
| ကယား | ၂၁.၈ | ၃၁.၇ | ၁၆.၆ | ၄၅.၄ | ၆.၂ | ၁၀၀.၀ |
| ကရင် | ၁၈.၃ | ၄၁.၀ | ၁၀.၆ | ၄၇.၆ | ၀.၈ | ၁၀၀.၀ |
| ချင်း | ၈.၆ | ၂၅.၈ | ၁၂.၇ | ၅၄.၄ | ၇.၂ | ၁၀၀.၀ |
| စစ်ကိုင်း | ၁၀.၇ | ၂၄.၇ | ၃၁.၀ | ၄၀.၃ | ၃.၉ | ၁၀၀.၀ |
| တနင်္သာရီ | ၂၄.၇ | ၃၉.၉ | ၁၅.၃ | ၄၀.၃ | ၄.၆ | ၁၀၀.၀ |
| ပဲခူး | ၉.၂ | ၂၂.၁ | ၃၆.၅ | ၃၆.၉ | ၄.၅ | ၁၀၀.၀ |
| မကွေး | ၃.၇ | ၂၁.၄ | ၃၅.၉ | ၃၅.၃ | ၇.၄ | ၁၀၀.၀ |
| မန္တလေး | ၁၀.၆ | ၃၇.၁ | ၁၆.၈ | ၃၆.၃ | ၉.၈ | ၁၀၀.၀ |
| မွန် | ၁၈.၀ | ၂၄.၂ | ၂၁.၆ | ၅၀.၂ | ၃.၉ | ၁၀၀.၀ |
| ရခိုင် | ၆.၃ | ၂၀.၄ | ၃၃.၆ | ၄၀.၆ | ၅.၄ | ၁၀၀.၀ |
| ရန်ကုန် | ၅၀.၂ | ၁၉.၈ | ၉.၅ | ၆၇.၇ | ၃.၀ | ၁၀၀.၀ |
| ရှမ်း | ၁၄.၀ | ၂၈.၈ | ၂၄.၀ | ၄၁.၂ | ၆.၀ | ၁၀၀.၀ |
| ဧရာဝတီ | ၅.၉ | ၁၉.၅ | ၃၆.၃ | ၃၅.၀ | ၉.၁ | ၁၀၀.၀ |
| နေပြည်တော် | ၂၈.၂ | ၄၃.၆ | ၁၆.၅ | ၃၆.၀ | ၃.၈ | ၁၀၀.၀ |

## ၁၃.၄ နိုင်ငံရပ်ခြားတွင် နေထိုင်နေသူများ

ယခင်အိမ်ထောင်စုဝင် အချက်အလက်များနှင့်စပ်လျဉ်း၍ စစ်တမ်းကောက်ယူနေချိန်တွင် နိုင်ငံရပ်ခြား၌ ၆ လထက် ပိုမိုနေထိုင်သူများကို စာရင်းကောက်ယူခြင်းဖြစ်ပါသည်။ ဤအဓိပ္ပာယ်ဖော်ပြချက်အရ အဆိုပါမိသားစုဝင်များသည် လက်ရှိအိမ်ထောင်စုဝင်များမဟုတ်ကြပါ။

နိုင်ငံရပ်ခြားတွင် နေထိုင်သူများ၏ အချို့အင်္ဂါရပ်များကို ဇယား ၈၀ တွင် ဖော်ပြထားပါသည်။ နိုင်ငံရပ်ခြားတွင်နေထိုင်သူများ၏ ပျမ်းမျှအသက် ၂၆ နှစ်ရှိပြီး ၎င်းတို့သည် ကျေးလက်ထက် မြို့ပြတွင်ပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။ နိုင်ငံခြားတွင် နေထိုင်သူအားလုံးနီးပါးသည် အလုပ်အကိုင်အတွက် နေထိုင်သူများ ဖြစ်ကြပါသည်။ နိုင်ငံခြားတွင် နေထိုင်သူအများစု၏ ၈၅% သည် ငွေ (သို့မဟုတ်) ကုန်ပစ္စည်းများကို အိမ်ထောင်စုဝင်များသို့ လွှဲပို့ကြောင်းတွေ့ရှိရပါသည်။ အဆိုပါ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် အနည်းငယ်မြင့်မားကြောင်းတွေ့ရှိရပါသည်။ သို့သော်လည်း ကျေးလက်မှ လူတစ်ယောက်သည် ပျမ်းမျှအားဖြင့် နှစ်စဉ်ငွေ ၂.၁ သန်း ပို့နေစဉ် မြို့ပြမှ လူသည် ၄၃.၃ သန်း ပို့နိုင်ကြောင်းတွေ့ရှိရပါသည်။ နိုင်ငံရပ်ခြားသို့ ထွက်ခွာသူများသည် နိုင်ငံရပ်ခြားတွင် ပျမ်းမျှအားဖြင့် ၄ နှစ်ခန့် နေထိုင်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြဒေသမှ လူများသည် ကျေးလက်ဒေသရှိ လူများထက် ကြာရှည်စွာ နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

ဇယား (၈၀)။ နိုင်ငံခြားတွင် နေထိုင်သူများ၏ အချို့သော ဝိသေသလက္ခဏာများ

| နယ်ပယ် | နိုင်ငံမှ ထွက်ခွာစဉ် ပျမ်းမျှအသက် (နှစ်) | နိုင်ငံခြား နေထိုင်သည့် ပျမ်းမျှနှစ် အရေအတွက် | အလုပ် အကိုင် အတွက် နိုင်ငံခြား တွင်နေထိုင် သည့် လူဦးရေ | နိုင်ငံရပ်ခြား တွင်နေထိုင် သည့် လူ ၁၀၀ ဦးတွင် ငွေ (သို့) ပစ္စည်းပေးပို့ သည့် လူဦးရေ | နိုင်ငံခြားမှ နှစ်စဉ် ပျမ်းမျှလက်ခံ ရရှိသည့် ကျပ် ထောင်ပေါင်း |
|---|---|---|---|---|---|
| ပြည်ထောင်စု | ၂၅.၅ | ၃.၈ | ၉၇.၉ | ၈၅.၁ | ၈,၆၆၉.၄ |
| မြို့ပြ၊ ကျေးလက် | | | | | |
| မြို့ပြ | ၂၇.၁ | ၄.၃ | ၉၆.၆ | ၈၁.၄ | ၄၃,၃၂၉.၄ |
| ကျေးလက် | ၂၅.၂ | ၃.၇ | ၉၈.၂ | ၈၅.၈ | ၂,၁၅၉.၃ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | | |
| ကချင် | ၂၃.၆ | ၄.၂ | ၈၉.၈ | ၆၅.၇ | ၆၂၈.၀ |
| ကယား | ၂၆.၂ | ၃.၁ | ၉၇.၆ | ၉၂.၈ | ၁,၁၆၀.၃ |
| ကရင် | ၂၄.၇ | ၅.၃ | ၉၇.၀ | ၉၀.၉ | ၉၁၇.၃ |
| ချင်း | ၂၂.၃ | ၆.၁ | ၉၀.၀ | ၈၆.၃ | ၉၄၉.၄ |
| စစ်ကိုင်း | ၂၅.၃ | ၃.၀ | ၉၈.၃ | ၈၃.၂ | ၃,၂၃၁.၈ |
| တနင်္သာရီ | ၂၇.၀ | ၂.၈ | ၉၉.၈ | ၇၉.၆ | ၆၁၅.၆ |
| ပဲခူး | ၂၅.၃ | ၂.၉ | ၉၉.၅ | ၉၂.၂ | ၁၇,၆၇၈.၀ |
| မကွေး | ၂၆.၁ | ၂.၄ | ၉၇.၉ | ၉၀.၄ | ၉,၈၁၈.၂ |
| မန္တလေး | ၂၄.၂ | ၃.၇ | ၉၈.၉ | ၉၄.၉ | ၁,၉၈၀.၆ |
| မွန် | ၂၆.၅ | ၃.၀ | ၉၉.၀ | ၇၆.၃ | ၇၆၅.၈ |
| ရခိုင် | ၂၆.၄ | ၄.၀ | ၉၉.၈ | ၈၃.၇ | ၂,၄၉၁.၄ |
| ရန်ကုန် | ၂၇.၆ | ၅.၂ | ၁၀၀.၀ | ၉၂.၁ | ၁၂၆,၇၄၅.၀ |
| ရှမ်း | ၂၂.၃ | ၃.၅ | ၉၅.၈ | ၉၅.၉ | ၈၆၉.၇ |
| ဧရာဝတီ | ၂၅.၉ | ၃.၃ | ၉၅.၇ | ၅၆.၄ | ၆၆,၄၆၂.၃ |
| နေပြည်တော် | ၂၈.၆ | ၃.၁ | ၉၈.၉ | ၉၀.၄ | ၂,၁၁၃.၀ |

နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော ယခင်အိမ်ထောင်စုဝင်ဟောင်းရှိသည့် အိမ်ထောင်စုများနှင့် အဆိုပါအိမ်ထောင်စုတစ်စု[၁၀]ရှိ နိုင်ငံရပ်ခြားတွင် နေထိုင်သော ပျမ်းမျှလူဦးရေ ရာခိုင်နှုန်းကို နိုင်ငံတကာ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ပတ်သက်ပြီး နားလည်စေရန် ဇယား ၈၁ တွင် ဖော်ပြထားပါသည်။ ဖော်ပြထားချက်တွင် နိုင်ငံ၏အိမ်ထောင်စုဝင် ၆ ရာခိုင်နှုန်းတွင် လက်ရှိနိုင်ငံခြားတွင် အနည်းဆုံး ၁ ဦးရှိကြောင်းတွေ့ရှိရပါသည်။ ကျေးလက်ဒေသ၏ ရာခိုင်နှုန်းသည် မြို့ပြဒေသ၏ ရာခိုင်နှုန်းထက် ၂ ဆနီးပါးပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း နိုင်ငံခြားတွင် နေထိုင်နေသူရှိသည့် အိမ်ထောင်စုများတွင် ပျမ်းမျှခြင်းအားဖြင့် ၁.၇ ဦး နေထိုင်ကြောင်းတွေ့ရှိရပါသည်။ ဤအချက်နှင့်ပတ်သက်၍ မြို့ပြနှင့် ကျေးလက်ဒေသကြားတွင် သတ်မှတ်ချက်များ ပြောင်းလဲမှုမရှိပါ။ နိုင်ငံခြားတွင်နေထိုင်သူ အများစုမှာ အမျိုးသမီးထက် အမျိုးသားဦးရေသည် အနည်းငယ်ပိုမိုကြောင်း တွေ့ရှိရပါသည်။

---

[၁၀] ပိုင်းခြေသည် နိုင်ငံခြားတွင် နေထိုင်သော ယခင်အိမ်ထောင်စုဝင် အနည်းဆုံးတစ်ဦးရှိသည့် အိမ်ထောင်စုအရေအတွက်ဖြစ်ပါသည်။

ဇယား (၈၁)။ နိုင်ငံရပ်ခြားတွင် နေထိုင်သူများရှိသည့် အိမ်ထောင်စုရာခိုင်နှုန်း

| နယ်ပယ် | နိုင်ငံရပ်ခြားတွင် နေထိုင်သည့် လူဦးရေ ပျမ်းမျှ အိမ်ထောင်စု | နိုင်ငံရပ်ခြားတွင်နေထိုင်သည့် ပျမ်းမျှလူဦးရေ | | |
|---|---|---|---|---|
| | | ကျား | မ | လူဦးရေ |
| ပြည်ထောင်စု | ၆.၀ | ၁.၀ | ၀.၇ | ၁.၇ |
| မြို့ပြ၊ကျေးလက် | | | | |
| မြို့ပြ | ၃.၆ | ၁.၀ | ၀.၇ | ၁.၆ |
| ကျေးလက် | ၆.၉ | ၁.၀ | ၀.၇ | ၁.၇ |
| တိုင်းဒေသကြီး၊ ပြည်နယ် | | | | |
| ကချင် | ၁.၄ | ၀.၈ | ၀.၆ | ၁.၄ |
| ကယား | ၃.၄ | ၀.၉ | ၀.၁ | ၁.၁ |
| ကရင် | ၃၉.၀ | ၁.၂ | ၀.၉ | ၂.၁ |
| ချင်း | ၂၈.၉ | ၁.၃ | ၀.၅ | ၁.၈ |
| စစ်ကိုင်း | ၂.၇ | ၁.၀ | ၀.၄ | ၁.၃ |
| တနင်္သာရီ | ၁၉.၁ | ၀.၉ | ၀.၉ | ၁.၈ |
| ပဲခူး | ၆.၁ | ၀.၉ | ၀.၆ | ၁.၆ |
| မကွေး | ၄.၂ | ၁.၀ | ၀.၃ | ၁.၃ |
| မန္တလေး | ၃.၁ | ၁.၀ | ၀.၂ | ၁.၂ |
| မွန် | ၃၂.၃ | ၁.၁ | ၀.၉ | ၂.၁ |
| ရခိုင် | ၈.၀ | ၁.၂ | ၀.၃ | ၁.၄ |
| ရန်ကုန် | ၁.၇ | ၀.၈ | ၀.၅ | ၁.၃ |
| ရှမ်း | ၃.၆ | ၀.၅ | ၁.၀ | ၁.၅ |
| ဧရာဝတီ | ၁.၃ | ၀.၈ | ၀.၆ | ၁.၅ |
| နေပြည်တော် | ၁.၉ | ၀.၉ | ၀.၆ | ၁.၅ |

နိုင်ငံရပ်ခြားတွင် နေထိုင်သူများ၏ ပျံ့နှံ့မှုရာခိုင်နှုန်းကို ဇယား ၈၂ တွင် ဖော်ပြထားပါသည်။ နိုင်ငံခြားတွင်နေထိုင်သူ ၉၈%သည် အလုပ်အကိုင်အတွက် နေထိုင်ကြသူများဖြစ်ပါသည်။ အချို့မှာ အလုပ်ရှာသူ (သို့) အလုပ်ရသူ (သို့) အလုပ်ပြောင်းရွှေ့သူများ ဖြစ်ကြပါသည်။ နိုင်ငံခြားတွင် နေထိုင်သူ ၉၈% တွင် ၇၄% သည် အလုပ်ရှာဖွေသူများဖြစ်ပြီး ၂၃.၄% သည် အလုပ်ရရှိရန် ဆက်သွယ် လုပ်ကိုင်နေသူများဖြစ်ပါသည်။ အခြားအရေးကြီးသည့် အကြောင်းပြချက်မှာမိသားစုများနှင့် ရွှေ့ပြောင်းနေထိုင်သူ ဖြစ်ပြီးရာခိုင်နှုန်းအားဖြင့် ၁% ခန့် ရှိကြောင်းတွေ့ရပါသည်။

ဇယား (၈၂)။ နိုင်ငံရပ်ခြားတွင် သွားရောက်နေထိုင်ရခြင်း အကြောင်းအရင်းပုံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | နိုင်ငံရပ်ခြားတွင်သွားရောက်နေထိုင်ရခြင်း အကြောင်းအရင်း ရာခိုင်နှုန်း | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | အလုပ်အကိုင်/ လုပ်ငန်းအခွင့်အလမ်းများရှာဖွေရန် | အလုပ်သစ်ဝင်ရောက်ရန် | အလုပ်အပြောင်းအရွှေ့ | ပညာသင်ရန် | လက်ထပ်ခြင်း | မိသားစုပြောင်းရွှေ့ခြင်း | ကျန်းမာရေး | လက်နက်ကိုင်ပဋိပက္ခ | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၇၄.၀ | ၂၃.၄ | ၀.၅ | ၀.၄ | ၀.၄ | ၁.၂ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | | | |
| မြို့ပြ | ၆၆.၈ | ၂၉.၈ | ၀.၀ | ၀.၉ | ၁.၃ | ၁.၀ | ၀.၂ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ကျေးလက် | ၇၅.၄ | ၂၂.၂ | ၀.၆ | ၀.၃ | ၀.၃ | ၁.၂ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | | | |
| ကျား | ၇၃.၉ | ၂၃.၇ | ၀.၉ | ၀.၃ | ၀.၃ | ၀.၈ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| မ | ၇၄.၂ | ၂၃.၀ | ၀.၀ | ၀.၄ | ၀.၆ | ၁.၇ | ၀.၁ | ၀.၁ | ၀.၀ | ၁၀၀.၀ |
| အသက်အုပ်စု (နှစ်) | | | | | | | | | | |
| ၅-၁၄ | ၂၇.၈ | ၆.၃ | ၀.၀ | ၂၀.၁ | ၀.၀ | ၄၅.၉ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ၁၅-၂၉ | ၇၃.၀ | ၂၅.၄ | ၀.၃ | ၀.၄ | ၀.၂ | ၀.၇ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ၃၀-၄၄ | ၇၅.၇ | ၂၁.၉ | ၀.၈ | ၀.၁ | ၀.၄ | ၁.၀ | ၀.၁ | ၀.၁ | ၀.၀ | ၁၀၀.၀ |
| ၄၅-၆၄ | ၇၈.၅ | ၁၈.၈ | ၀.၀ | ၀.၀ | ၁.၄ | ၁.၂ | ၀.၂ | ၀.၀ | ၀.၀ | ၁၀၀.၀ |
| ၆၅+ | ၁၀၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၁၀၀.၀ |

ဇယား ၈၃ တွင် ပြောင်းရွှေ့သည့် နိုင်ငံများအလိုက် နိုင်ငံရပ်ခြားတွင်နေထိုင်သည့် လူဦးရေပုံ့နှံ့မှုများကို ဖော်ပြထားပါသည်။ ထိုင်းနိုင်ငံတွင် ၇၄.၃%၊ မလေးရှားနိုင်ငံတွင် ၁၄.၅%၊ စင်္ကာပူနိုင်ငံတွင် ၂.၄% ဖြင့် အများဆုံးပြောင်းရွှေ့နေထိုင်သည်ကို တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံတွင် ပြောင်းရွှေ့နေထိုင်သည့်လူများတွင် အမျိုးသမီးဦးရေများပြားပြီး မလေးရှားနိုင်ငံတွင် အမျိုးသားဦးရေ များပြားသည်ကိုတွေ့ရှိရပါသည်။ ကျေးလက်၊ မြို့ပြ နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ဒေသရှိလူများသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ ပိုမိုသွားရောက်သည်ကို တွေ့ရှိရပြီးအခြားနိုင်ငံများသို့ မြို့ပြမှ လူဦးရေသည် ပိုမိုသွားရောက်ကြသည်ကို တွေ့ရှိရပါသည်။

ဇယား (၈၃)။ နိုင်ငံအလိုက် နိုင်ငံရပ်ခြားတွင် နေထိုင်သည့် လူဦးရေပျံ့နှံ့မှုရာခိုင်နှုန်း

| နယ်ပယ် | နိုင်ငံအလိုက်နေထိုင်သည့်လူဦးရေရာခိုင်နှုန်း | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ထိုင်း | မလေးရှား | စင်ကာပူ | ယူအက်စ်အေ | ဘရူနိုင်း | တောင်ကိုရီးယား | ဆွစ်ဇာလန် | ဂျပန် | ဂျာမနီ | အခြား | စုစုပေါင်း |
| ပြည်ထောင်စု | ၇၄.၃ | ၁၄.၅ | ၂.၄ | ၁.၅ | ၁.၁ | ၁.၀ | ၀.၈ | ၀.၄ | ၀.၄ | ၃.၅ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | | | | |
| ကျား | ၆၈.၄ | ၁၉.၇ | ၁.၉ | ၁.၈ | ၀.၇ | ၁.၄ | ၁.၁ | ၀.၃ | ၀.၅ | ၄.၂ | ၁၀၀.၀ |
| မ | ၈၂.၉ | ၆.၉ | ၃.၁ | ၁.၁ | ၁.၈ | ၀.၅ | ၀.၄ | ၀.၅ | ၀.၂ | ၂.၄ | ၁၀၀.၀ |
| မြို့ပြ၊ကျေးလက် | | | | | | | | | | | |
| မြို့ပြ | ၅၇.၂ | ၁၄.၉ | ၇.၇ | ၄.၈ | ၄.၀ | ၃.၁ | ၁.၃ | ၁.၁ | ၁.၃ | ၄.၆ | ၁၀၀.၀ |
| ကျေးလက် | ၇၇.၄ | ၁၄.၄ | ၁.၄ | ၀.၈ | ၀.၆ | ၀.၇ | ၀.၇ | ၀.၃ | ၀.၂ | ၃.၄ | ၁၀၀.၀ |

# အခန်း ၁၄
# ကိုယ်ပိုင်သုံးစွဲရန် ထုတ်လုပ်ခြင်း

## ၁၄.၁ နိဒါန်း

ဤအခန်းတွင် ကိုယ်ပိုင်သုံးစွဲရန် ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ဖော်ပြထားပါသည်။ စစ်တမ်းကောက်ယူသည့်နေ့မတိုင်မီ ကျန်ခဲ့သောရက်ပေါင်း ၃၀အတွင်း အနည်းဆုံး ၁နာရီခန့် မိသားစုစားသုံးရန်/သုံးစွဲရန်အတွက် မည်သည့်ဆောင်ရွက်မှုမျိုးကိုမဆို လုပ်ဆောင်သည့် အသက် ၅ နှစ်နှင့်အထက် အိမ်ထောင်စုဝင်များ (သို့မဟုတ်) အခြားအိမ်ထောင်စုဝင်များ၏ မိသားစုဝင်များကို ရည်ညွှန်းပါသည်။ အဆိုပါဆောင်ရွက်မှုများတွင် အောက်ပါတို့ ပါဝင်ပါသည်-

- စိုက်ပျိုးရရှိသည့် ကုန်ပစ္စည်းများကို တာရှည်ခံအောင် ပြုလုပ်ခြင်း (သို့) ထုတ်လုပ်ခြင်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းနှင့် စားသောက်ကုန်များစုဆောင်းခြင်း
- ထင်းနှင့် အခြားလောင်စာများအပါအဝင် သတ္တုနှင့် သစ်တောထွက်ပစ္စည်းများ စုဆောင်းခြင်းနှင့် ထုတ်လုပ်ခြင်း
- ရေသယ်ခြင်း/ရေစုဆောင်းခြင်း
- အိမ်ထောင်စုသုံးစွဲရန် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း (ပရိဘောဂပြုလုပ်ခြင်း၊ ယက်ကန်းရက်ခြင်း၊ အဝတ်အထည် ချုပ်လုပ်ခြင်း၊ ဖိနပ်ချုပ်ခြင်း၊ အိုးလုပ်ခြင်း၊ လှေနှင့် ကနူးလှေ ပြုလုပ်ခြင်း)
- အဆောက်အဦးဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ အခန်းတိုးချဲ့ခြင်း၊ ခြံစည်းရိုးခတ်ခြင်း စသည်တို့ ဖြစ်ပါသည်။

အသက် ၁၅ နှစ်နှင့်အထက် လူဦးရေအများစုသည် ကိုယ်ပိုင်သုံးစွဲရန် ကုန်ပစ္စည်းများ ထုတ်လုပ်သည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်သုံးစွဲရန်ဆိုသည်မှာ အိမ်ထောင်စုဝင်များ (သို့) အခြားသော အိမ်ထောင်စုဝင်၏ မိသားစုဝင်များမှ စားသုံး/သုံးစွဲခြင်းကို ဆိုလိုပါသည်။

## ၁၄.၂ ကိုယ်တိုင်သုံးစွဲရန် ကုန်ပစ္စည်းထုတ်လုပ်သူ ဦးရေ

လွန်ခဲ့သော ၃၀ ရက်အတွင်း အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်ခြင်း လုပ်ငန်းတွင် လုပ်ကိုင်နေသူများ၏ ရာခိုင်နှုန်းကို ဇယား ၈၄ တွင် လုပ်ဆောင်မှု ၈ မျိုးဖြင့် ဖော်ပြထားပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာတွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ၏ ၂၉.၉% သည် ကိုယ်တိုင်စားသုံးရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်သူများဖြစ်ပါသည်။ အသက် ၅ နှစ်နှင့်အထက် လူဦးရေ၏ ၂၅% သည် ကိုယ်တိုင်သုံးစွဲရန် ကုန်ပစ္စည်းများထုတ်လုပ်သည်ကို တွေ့ရပါသည်။ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းရှိ လူဦးရေတွင် အဓိကအားဖြင့် မိသားစုသုံးစွဲရန် ရေသယ်ခြင်း ၁၉.၈% နှင့် ထင်းစုဆောင်းခြင်း ၁၃.၆% ရှိသည်ကို တွေ့ရှိရပါသည်။ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းနှင့် ဟင်းရွက်စုဆောင်းခြင်း များတွင် လုပ်ကိုင်သည့် လူဦးရေအချိုးမှာ နည်းပါးသည်ကို တွေ့ရှိရပါသည်။ ကိုယ်တိုင်သုံးစွဲရန်

လုပ်ကိုင်သည့် လူဦးရေအချိုးမှာ ကျေးလက်ဒေသသည် မြို့ပြဒေသများထက် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်နှင့်အထက် လူဦးရေများသည် မိသားစုစားသုံးရန်အတွက် ထုတ်လုပ်ရာတွင် အနည်းငယ် မြင့်မားနေကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ပြနှင့် ကျေးလက်ဒေသတွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူများသည် မိသားစုစားသုံးရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်ရန် ဥပမာ- "စိုက်ပျိုးရေးလုပ်ငန်း"၊ "တိရိစ္ဆာန်မွေးမြူရေး"၊ သို့မဟုတ် "ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း၊ အစားအစာစုဆောင်းခြင်း"တို့ကို လုပ်ကိုင်နေကြောင်းကို ပုံ၂၄ တွင်တွေ့ရှိရမည်ဖြစ်ပါသည်။

**ဇယား (၈၄)။ လွန်ခဲ့သောရက် ၃၀ အတွင်း အိမ်ထောင်စုအသုံးပြုရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်သူများ၏ပါဝင်မှု (ရာခိုင်နှုန်း)**

| လုပ်ဆောင်မှုများ | ပြည်ထောင်စု | ကျား | မ | မြို့ပြ | ကျေးလက် |
|---|---|---|---|---|---|
| **အသက် ၅ နှစ်နှင့်အထက်** | | | | | |
| စိုက်ပျိုးရေးလုပ်ငန်း | ၄.၁ | ၄.၅ | ၃.၇ | ၁.၁ | ၅.၃ |
| တိရိစ္ဆာန်မွေးမြူရေး | ၅.၁ | ၅.၁ | ၅.၀ | ၁.၀ | ၆.၈ |
| ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း(သို့) အစားအစာစုဆောင်း ထုတ်လုပ်မှု | ၀.၇ | ၁.၀ | ၀.၅ | ၀.၁ | ၁.၀ |
| သိုလှောင်ထားရှိရန်အတွက် အစားအစာပြုပြင်မှု | ၁.၀ | ၀.၄ | ၁.၅ | ၀.၇ | ၁.၁ |
| အိမ်ထောင်စု(သို့)မိသားစုသုံးစွဲရန်အတွက် ကုန်ပစ္စည်းနှင့် လက်မှုပစ္စည်းများပြုလုပ်မှု | ၁.၂ | ၀.၉ | ၁.၅ | ၀.၈ | ၁.၄ |
| သဘာဝ(သို့)အခြားအများပြည်သူဆိုင်ရာအရင်းအမြစ်မှ ရေသယ်ယူမှု | ၁၇.၀ | ၁၅.၇ | ၁၈.၁ | ၆.၇ | ၂၁.၂ |
| လောင်စာအတွက် ထင်း၊ နွားချေး(သို့) အခြားပစ္စည်းများ စုဆောင်းမှု | ၁၁.၂ | ၁၃.၃ | ၉.၃ | ၂.၂ | ၁၄.၉ |
| အိမ်ဥပစာအတွင်းအကြီးစားဆောက်လုပ်/ပြင်ဆင်မှု | ၁.၁ | ၁.၇ | ၀.၆ | ၀.၆ | ၁.၃ |
| အိမ်ထောင်စုအသုံးပြုရန်အတွက် မည်သည့်ပစ္စည်းမျိုးမဆို ထုတ်လုပ်မှု | ၂၅.၀ | ၂၅.၁ | ၂၅.၀ | ၉.၂ | ၃၁.၆ |

| လုပ်ဆောင်မှုများ | ပြည်ထောင်စု | ကျား | မ | မြို့ပြ | ကျေးလက် |
|---|---|---|---|---|---|
| **အသက် ၁၅ နှစ်နှင့်အထက်** | | | | | |
| စိုက်ပျိုးရေးလုပ်ငန်း | ၅.၁ | ၅.၈ | ၄.၅ | ၁.၃ | ၆.၇ |
| တိရစ္ဆာန်မွေးမြူရေး | ၆.၂ | ၆.၄ | ၆.၁ | ၁.၂ | ၈.၄ |
| ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း(သို့) အစားအစာ စုဆောင်း ထုတ်လုပ်မှု | ၀.၉ | ၁.၃ | ၀.၆ | ၀.၁ | ၁.၃ |
| သိုလှောင်ထားရှိရန်အတွက် အစားအစာပြုပြင်မှု | ၁.၂ | ၀.၅ | ၁.၈ | ၀.၇ | ၁.၄ |
| အိမ်ထောင်စု(သို့)မိသားစုသုံးစွဲရန်အတွက် ကုန်ပစ္စည်းနှင့် လက်မှုပစ္စည်းများပြုလုပ်မှု | ၁.၄ | ၁.၁ | ၁.၇ | ၀.၈ | ၁.၇ |
| သဘာဝ(သို့)အခြားအများပြည်သူဆိုင်ရာ အရင်းအမြစ်မှ ရေသယ်ယူမှု | ၁၉.၈ | ၁၈.၆ | ၂၀.၈ | ၇.၅ | ၂၅.၃ |
| လောင်စာအတွက် ထင်း၊ နွားချေး(သို့) အခြားပစ္စည်းများ စုဆောင်းမှု | ၁၃.၆ | ၁၆.၅ | ၁၁.၁ | ၂.၆ | ၁၈.၅ |
| အိမ်ဥပစာအတွင်းအကြီးစား ဆောက်လုပ်/ပြင်ဆင်မှု | ၁.၃ | ၂.၁ | ၀.၇ | ၀.၇ | ၁.၆ |
| အိမ်ထောင်စုအသုံးပြုရန်အတွက် မည်သည့်ပစ္စည်းမျိုး မဆို ထုတ်လုပ်မှု | ၂၉.၉ | ၃၀.၅ | ၂၉.၄ | ၁၀.၆ | ၃၈.၄ |

မိသားစုသုံးစွဲရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်သူများသည် ကျေးလက်ဒေသထက် မြို့ပြဒေသတွင် နည်းပါးကြောင်း တွေ့ရှိရပါသည်။ ပြောင်းလဲမှုအချိုးမှာ ၀.၄ မှ ၁.၅ အထိ ရှိသည်ကို တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိသူများတွင် ကိုယ်တိုင် အသုံးပြုရန် ထုတ်လုပ်သူရာခိုင်နှုန်းကို မြို့ပြနှင့် ကျေးလက်အလိုက် ပုံ ၂၅ တွင် ဖော်ပြထားပါသည်။

ပုံ (၂၄) - ကိုယ်တိုင်စားသုံးရန် ထုတ်လုပ်သူပါဝင်မှုရာခိုင်နှုန်း (အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ)



ပုံ (၂၅)- ကိုယ်တိုင်အသုံးပြုရန်ထုတ်လုပ်သူပါဝင်မှု ရာခိုင်နှုန်း (အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ)




## ၁၄.၃ လုပ်သားအင်အားအခြေအနေများအလိုက် ကိုယ်ပိုင်သုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း

လုပ်သားအင်အားအခြေအနေအလိုက် ကိုယ်တိုင်သုံးစွဲရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်းကို လုပ်ကိုင်နေသည့်သူများ အခြေအနေကိုဖော်ပြထားပါသည်။ အလုပ်အကိုင်အခြေအနေအလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ၏ပျံ့နှံ့မှုနှုန်းကို ဇယား ၈၅ တွင် ဖော်ပြထားပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် ပုံမှန်အားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စားသုံးရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်းကို ၎င်းတို့၏ အဓိကလုပ်ဆောင်မှုနှင့် တွဲလျက် ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ အလုပ်အကိုင်အခြေအနေအလိုက် ပျံ့နှံ့မှု ရာခိုင်နှုန်းကို ကြည့်မည်ဆိုပါက အလုပ်သမားများနှင့် လုပ်သားအင်အား ပြင်ပရောက်ရှိနေသူများသည် ပုံမှန်အားဖြင့် အိမ်ထောင်စုစားသုံးရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်သူများအဖြစ် ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများနှင့်အလုပ်လက်မဲ့များ၏အချိုးမှာ အလွန်မြင့်မားစွာ ဆန့်ကျင်ဘက်အဖြစ်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ငါးပုံလေးပုံခန့်သည် လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်နေသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် အဆိုပါအချိုးများကို အလုပ်လက်မဲ့များနှင့် နှိုင်းယှဉ်၍ မရပါ ။ အလုပ်သမားများနှင့် နှိုင်းယှဉ်ပါက လုပ်သားအင်အားပြင်ပတွင် ရောက်ရှိနေသောသူများသည် အဆိုပါ လုပ်ဆောင်ချက်များအား ပိုမိုလုပ်ဆောင်သည်ကို တွေ့ရှိရပါသည်။

ဇယား (၈၅)။ လုပ်သားအင်အားအခြေအနေအလိုက် လွန်ခဲ့သော ၃၀ ရက်အတွင်း အိမ်ထောင်စု သုံးစွဲရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်သည့် လူဦးရေ၏ ပျံ့နှံ့မှုရာခိုင်နှုန်း (အသက် ၁၅ နှစ်နှင့်အထက်)

| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်ရန် လုပ်ဆောင်ချက်များ | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်းရှင် | အလုပ်ရှင် | လုပ်သားအင်အား ပြင်ပ | စုစုပေါင်း |
|---|---|---|---|---|---|
| လယ်ယာစိုက်ပျိုးရေးလုပ်ငန်း | ၉.၅ | ၇၈.၃ | ၀.၈ | ၁၁.၅ | ၁၀၀.၀ |
| တိရစ္ဆာန်ထိန်းကျောင်းခြင်း/မွေးမြူခြင်း | ၁၄.၆ | ၅၆.၉ | ၀.၈ | ၂၇.၇ | ၁၀၀.၀ |
| ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်း(သို့) စားသောက်ကုန်များ စုဆောင်းခြင်း | ၁၄.၈ | ၆၇.၅ | ၃.၄ | ၁၄.၃ | ၁၀၀.၀ |
| **စားသောက်ကုန်ထုတ်လုပ်ခြင်း** | | | | | |
| သိုလှောင်ရန်အတွက် စားသောက်ကုန်များပြုပြင်ခြင်း | ၁၂.၂ | ၄၂.၀ | ၀.၉ | ၄၄.၈ | ၁၀၀.၀ |
| အိမ်ထောင်စု(သို့)မိသားစုသုံးစွဲရန်အတွက် ပစ္စည်းများ(သို့)လက်မှုပစ္စည်းများပြုလုပ်ခြင်း | ၁၅.၈ | ၅၃.၁ | ၀.၄ | ၃၀.၇ | ၁၀၀.၀ |
| သဘာဝ(သို့)အများပြည်သူသုံးစွဲရန် အရင်းအမြစ်မှ ရေခပ်/ရေသယ်ခြင်း | ၂၆.၂ | ၄၇.၄ | ၀.၅ | ၂၅.၉ | ၁၀၀.၀ |
| လောင်စာအတွက် ထင်း၊ နွားချေး (သို့) အခြား ပစ္စည်းများ စုဆောင်းခြင်း | ၂၃.၄ | ၅၆.၆ | ၀.၆ | ၁၉.၅ | ၁၀၀.၀ |
| အိမ်ထောင်စုအဆောက်အဦဆောက်လုပ်ခြင်း (သို့) အဓိကပြင်ဆင်မှုပြုလုပ်ခြင်း | ၂၆.၁ | ၅၆.၄ | ၁.၀ | ၁၆.၅ | ၁၀၀.၀ |
| အိမ်ထောင်စုသုံးစွဲရန်အတွက်ကုန်ပစ္စည်း ထုတ်လုပ်သည့်အလုပ်များ | ၂၂.၈ | ၅၂.၂ | ၀.၅ | ၂၄.၅ | ၁၀၀.၀ |

## ၁၄.၄ ကိုယ်တိုင်စားသုံးရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ခြင်းအတွက် လုပ်ကိုင်ခဲ့ရသည့် အလုပ်ချိန်နာရီ

လုပ်သားအင်အားအခြေအနေအလိုက် လွန်ခဲ့သောရက် ၃၀ အတွင်း ကိုယ်တိုင်အသုံးပြုရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုတွင် အသုံးပြုသည့်အချိန်ကို ပျမ်းမျှအားဖြင့် ဇယား ၈၆ တွင် ဖော်ပြထားပါသည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများသည် ယေဘုယျအားဖြင့် ၎င်းကုန်ပစ္စည်းထုတ်လုပ်မှုများနှင့်ပင် အချိန်ကုန်လေ့ရှိပါသည်။ အလုပ်လက်မဲ့သူများအကြားတွင် အစားအသောက်ထုတ်လုပ်မှုကို လုပ်ကိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

## ဇယား (၈၆)။ လွန်ခဲ့သော ၃၀ ရက်အတွင်း အသက် ၁၅ နှစ်နှင့်အထက် အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ပျမ်းမျှကုန်ဆုံးသည့်နာရီ

| အိမ်ထောင်စုသုံးစွဲရန်အတွက်ကုန်ပစ္စည်း ထုတ်လုပ်ရန် လုပ်ဆောင်ချက်များ | မြို့ပြ | | | ကျေးလက် | | | ပြည်ထောင်စု | | |
|---|---|---|---|---|---|---|---|---|---|
| | ကျား | မ | ဦးရေ | ကျား | မ | ဦးရေ | ကျား | မ | ဦးရေ |
| စားသောက်ကုန် ထုတ်လုပ်ခြင်း | ၇၄.၅ | ၅၅.၆ | ၆၅.၄ | ၇၂.၀ | ၅၅.၂ | ၆၃.၅ | ၇၂.၁ | ၅၅.၃ | ၆၃.၆ |
| သိုလှောင်ရန်အတွက် စားသောက်ကုန်များ ပြုပြင်ခြင်း | ၄၅.၂ | ၂၄.၄ | ၃၀.၀ | ၃၃.၄ | ၁၃.၆ | ၁၇.၀ | ၃၆.၅ | ၁၅.၄ | ၁၉.၃ |
| အိမ်ထောင်စု(သို့) မိသားစု သုံးစွဲရန်အတွက် ပစ္စည်းများ (သို့) လက်မှုပစ္စည်းများ ပြုလုပ်ခြင်း | ၂၁.၁ | ၂၁.၆ | ၂၁.၄ | ၃၁.၇ | ၃၇.၈ | ၃၅.၇ | ၂၉.၈ | ၃၅.၁ | ၃၃.၂ |
| သဘာဝ (သို့) အများပြည်သူ သုံးစွဲရန် အရင်းအမြစ်မှ ရေခပ်/ ရေသယ်ခြင်း | ၁၆.၂ | ၁၈.၃ | ၁၇.၄ | ၁၇.၉ | ၁၈.၇ | ၁၈.၄ | ၁၇.၇ | ၁၈.၇ | ၁၈.၃ |
| လောင်စာအတွက် ထင်း၊ နွားချေး (သို့) အခြားပစ္စည်း များစုဆောင်းခြင်း | ၂၉.၁ | ၁၉.၇ | ၂၄.၅ | ၂၄.၈ | ၁၉.၇ | ၂၂.၅ | ၂၅.၀ | ၁၉.၇ | ၂၂.၇ |
| အိမ်ထောင်စု အဆောက်အဦ ဆောက်လုပ်ခြင်း(သို့) အဓိကပြင်ဆင်မှု ပြုလုပ်ခြင်း | ၃၂.၉ | ၁၂.၁ | ၂၅.၇ | ၂၂.၂ | ၁၃.၇ | ၁၉.၈ | ၂၃.၈ | ၁၃.၄ | ၂၀.၈ |
| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်သည့် အလုပ်များ | ၄၃.၈ | ၃၂.၅ | ၃၇.၅ | ၅၃.၀ | ၄၁.၈ | ၄၇.၁ | ၅၂.၀ | ၄၀.၈ | ၄၆.၀ |

ဇယား (၈၇)။ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လွန်ခဲ့သော ၃၀ ရက်အတွင်း ကိုယ်တိုင်သုံးစွဲရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ရန် လုပ်ကိုင်ခဲ့ရသည့် ပျမ်းမျှကုန်ဆုံးသည့်နာရီ

| နယ်ပယ် | လုပ်ကိုင်ခဲ့ရသည့် ပျမ်းမျှကုန်ဆုံးသည့်နာရီရာခိုင်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ၁-၉ | ၁၀-၁၉ | ၂၀-၂၉ | ၃၀-၃၉ | ၄၀-၄၉ | ၅၀-၅၉ | ၆၀+ | စုစုပေါင်း |
| ပြည်ထောင်စု | ၁၉.၄ | ၂၅.၂ | ၈.၉ | ၁၇.၂ | ၄.၉ | ၂.၁ | ၂၂.၂ | ၁၀၀.၀ |
| ကျား၊ မ | | | | | | | | |
| ကျား | ၁၈.၁ | ၂၃.၉ | ၈.၈ | ၁၆.၁ | ၅.၄ | ၂.၅ | ၂၅.၂ | ၁၀၀.၀ |
| မ | ၂၀.၆ | ၂၆.၂ | ၉.၁ | ၁၈.၂ | ၄.၆ | ၁.၇ | ၁၉.၆ | ၁၀၀.၀ |
| မြို့ပြ၊ ကျေးလက် | | | | | | | | |
| မြို့ပြ | ၃၀.၂ | ၂၆.၈ | ၆.၃ | ၁၅.၈ | ၃.၅ | ၁.၀ | ၁၆.၅ | ၁၀၀.၀ |
| ကျေးလက် | ၁၈.၁ | ၂၅.၀ | ၉.၃ | ၁၇.၄ | ၅.၁ | ၂.၂ | ၂၂.၉ | ၁၀၀.၀ |
| လုပ်သားအင်အားအခြေအနေ | | | | | | | | |
| အလုပ်သမား | ၂၀.၈ | ၂၉.၃ | ၁၀.၇ | ၁၈.၄ | ၅.၅ | ၂.၁ | ၁၃.၂ | ၁၀၀.၀ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | ၁၆.၃ | ၂၂.၃ | ၈.၅ | ၁၅.၈ | ၅.၂ | ၂.၂ | ၂၉.၈ | ၁၀၀.၀ |
| အလုပ်လက်မဲ့ | ၁၈.၈ | ၁၈.၀ | ၁၀.၆ | ၁၁.၄ | ၅.၀ | ၁၀.၀ | ၂၆.၁ | ၁၀၀.၀ |
| လုပ်သားအင်အားပြင်ပ | ၂၃.၉ | ၂၇.၀ | ၈.၄ | ၁၈.၈ | ၄.၂ | ၁.၇ | ၁၅.၉ | ၁၀၀.၀ |

လွန်ခဲ့သောရက် ၃၀ အတွင်း ကိုယ်တိုင်သုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် လုပ်ဆောင်ခဲ့သည့် ပျမ်းမျှအလုပ်ချိန်နာရီကို ဇယား ၈၈ တွင် လုပ်သားအင်အား အခြေအနေအလိုက် ဖော်ပြထားပါသည်။ ယေဘူယျအားဖြင့် ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူများသည် ကိုယ်တိုင်သုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်သည့် ပျမ်းမျှအလုပ်ချိန်သည် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် အဆိုပါလုပ်ဆောင်မှုများအတွက် အလုပ်သမားများ လုပ်ကိုင်သည့် ပျမ်းမျှအလုပ်ချိန်နာရီသည် အခြားလုပ်သားအင်အား အခြေအနေများနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်ကို တွေ့ရှိရပါသည်။

ဇယား (၈၈)။ အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ လွန်ခဲ့သော ၃၀ ရက်အတွင်း အိမ်ထောင်စု သုံးစွဲရန်အတွက် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် ပျမ်းမျှကုန်ဆုံးသည့်နာရီ

| အိမ်ထောင်စုသုံးစွဲရန်အတွက်ကုန်ပစ္စည်း ထုတ်လုပ်သည့် လုပ်ဆောင်ချက်များ | အလုပ်သမား | ကိုယ်ပိုင်လုပ်ငန်း | အလုပ်ရှင် | လုပ်သားအင်အား ပြင်ပ | စုစုပေါင်း |
|---|---|---|---|---|---|
| စားသောက်ကုန် ထုတ်လုပ်ခြင်း | ၃၆.၈၉ | ၇၈.၉၅ | ၆၂.၄၅ | ၃၅.၁၇ | ၆၃.၆၀ |
| သိုလှောင်ရန်အတွက် စားသောက်ကုန်များ ပြုပြင်ခြင်း | ၃၁.၅၃ | ၂၄.၄၄ | ၅.၇၂ | ၁၁.၆၀ | ၁၉.၃၅ |
| အိမ်ထောင်စု (သို့) မိသားစုသုံးစွဲရန်အတွက် ပစ္စည်းများ(သို့) လက်မှုပစ္စည်းများပြုလုပ်ခြင်း | ၃၁.၅၅ | ၄၁.၂၃ | ၁၄.၁၃ | ၂၀.၆၂ | ၃၃.၂၄ |
| သဘာဝ (သို့) အများပြည်သူသုံးစွဲရန် အရင်းအမြစ်မှ ရေခပ်/ရေသယ်ခြင်း | ၁၆.၄၆ | ၁၈.၇၇ | ၁၈.၆၀ | ၁၉.၁၆ | ၁၈.၂၆ |
| လောင်စာအတွက် ထင်း၊ နွားချေး (သို့) အခြား ပစ္စည်းများ စုဆောင်းခြင်း | ၁၉.၅၄ | ၂၄.၄၈ | ၂၅.၁၆ | ၂၀.၀၁ | ၂၂.၆၅ |
| အိမ်ထောင်စုအဆောက်အဦ ဆောက်လုပ်ခြင်း (သို့) အမိကပြင်ဆင်မှုပြုလုပ်ခြင်း | ၁၄.၄၃ | ၂၆.၃၉ | ၁၄.၃၂ | ၁၂.၁၄ | ၂၀.၇၇ |
| အိမ်ထောင်စုသုံးစွဲရန်အတွက် ကုန်ပစ္စည်း ထုတ်လုပ်သည့်အလုပ်များ | ၃၀.၉၇ | ၅၈.၅၉ | ၅၀.၆၂ | ၃၃.၂၈ | ၄၆.၀၃ |

## ၁၄.၅ လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှုနှင့် ကိုယ်တိုင်စားသုံးရန်အတွက် အလုပ်လုပ်ခြင်း

အမျိုးမျိုးသောလုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု အုပ်စုများအလိုက် ကိုယ်တိုင်အသုံးပြုရန် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြထားပါသည်။ အဓိကအားဖြင့် အိမ်ထောင်စု (သို့) မိသားစုသီးသန့်သုံးစွဲရန်အတွက် သဘာဝ (သို့) အများပြည်သူပိုင်နေရာမှ ရေခပ်ယူခြင်းကို ပြုလုပ်ကြပြီး၊ ၎င်းနောက်တွင် မိသားစုသုံးစွဲရန်အတွက် ထင်း၊ မီးသွေး (သို့) အခြားပစ္စည်းများ စုဆောင်းခြင်းကို ပြုလုပ်ကြောင်းတွေ့ရှိရသည်။ အဆိုပါ ပုံနှံ့မှုရာခိုင်နှုန်း ပုံစံမျိုးကို အလုပ်ချိန်ဆိုင်ရာတစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ဖြစ်နေသည့် အမျိုးမျိုးသောအလုပ်အမျိုးအစား လုပ်ကိုင်နေသူများတွင် တွေ့ရှိရပါသည်။ အလုပ်လုပ်ကိုင်သူများတွင်လည်း အဆိုပါ ပုံနှံ့မှုရာခိုင်နှုန်းပုံစံအတိုင်း အနည်းငယ်နှင့်အများတူညီမှုရှိသည်ကို တွေ့ရှိရပါသည်။လူဦးရေ၏

သုံးပုံတစ်ပုံသည် လုပ်ဆောင်မှု (၈) မျိုးအနက် တစ်ခုမဟုတ်တစ်ခုကို လုပ်ကိုင်စဉ်တွင် တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့လူဦးရေ၏ တစ်ဝက်ခန့်သည် လုပ်ဆောင်မှု တစ်ခုမဟုတ်တစ်ခုကို လုပ်ကိုင်နေသည်ကို တွေ့ရှိရ ပါသည်။

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ၏ လွန်ခဲ့သော ၃၀ ရက်အတွင်း မိသားစုစားသုံးရန်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ရန် လုပ်ကိုင်ခဲ့သည့် ပျမ်းမျှအလုပ်ချိန်နာရီများကို ဇယား ၈၉ တွင် ဖော်ပြထားပါသည်။ လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်သည့် အုပ်စုအားလုံး၏ ပျမ်းမျှအလုပ်ချိန်နာရီသည် အလုပ်ချိန် ၄၄ နာရီနှင့် ၅၁ နာရီကြားရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးအစားများအားလုံးတွင် တူညီလုနီးပါးရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လက်မဲ့များအတွက်မူ နမူနာအရွယ်အစား သေးငယ်သဖြင့် ခန့်မှန်းတွက်ချက်ရန် မလွယ်ကူသည်ကိုတွေ့ရှိရပါသည်။

